
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မုန်းဆိုး
# နီကိုရဲ

www.burmeseclassic.com

www.burmeseclassic.com

ဒီ့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


**စာမူခွင့်ပြုချက်အမှတ်**

၅၀၁၀၆၀၇၀၈

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၉၈၀၇၀၈

**ထုတ်ဝေသူ**

ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၀၀ကျပ်


**မောင်မျိုး**

(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"chess…!"

ငယ့က f 5 အကွက်မှ သူ့ဘစ်ရှော့အဖြူနှင့် ခင်စိုး၏ e 5 အကွက်မှ ပွန်းတစ်လုံးကို ကောက်စားပြီး chess ခေါ်လိုက်သည်။

အုံကြည့်နေကြသည့် လူကိုးယောက်စလုံး 'ဟာ…'ခနဲ ဖြစ်သွားကြ၏။ ငယ့ကတော့ အေးအေးဆေးဆေးပင် chess ခုံဘေးမှာ ချထားသည့် စာအိတ်ကို ကောက်ယူပြီး သူ့ဂျင်းဘောင်းဘီအိတ်ထဲ ထိုးထည့်ပစ်လိုက်သည်ကို ခင်စိုးက ဒေါသတကြီးနှင့် လှမ်း၍တားသည်။

"ဘာလုပ်တာလဲ… ဒီမှာ မပြီးသေးဘူးလေ မင်းစိတ်ခေတ်စစ်ဆင်ရေးမလုပ်နဲ့ ငယ့…"

"အဲဒါ မင်း chess မထိုးတတ်လို့ ပြောတဲ့စကားပါကွာ၊ အခု မင်းဘုရင် ဘယ်အကွက်ရွှေ့မလဲ… ကြိုက်တဲ့အကွက်ကို ရွှေ့… made နေပြီပဲ…"



www.burmeseclassic.com

www.burmeseclassic.com



"h 8 တစ်ကွက်လွတ်နေသေးတာပဲ..."

"ဒါဆိုရင် ကိုယ်က ဘုရင်မ h 7 ကနေ chess တာပေါ့..."

"တောက်..."

"တောက်မခေါက်နဲ့ ခင်စိုး... ငါ f5 ကနေ မဖမ်းဘဲ မင်းရဲ့ h7 ကို ဘစ်ရှော့နဲ့စားလည်း made တာပဲ... လေ့ကျင့်ထားဦးပေါ့ကွာ..."

"တောက်... နာတယ်ကွာ... မိန်းမကွက်နဲ့ ခံလိုက်ရတာ..."

ခင်စိုးစကားဆုံးသည်နှင့် တစ်ပြိုင်နက် ရှေ့မှာရှိနေသော chess ခုံက 'ဝုန်း' ခနဲ လန်ထွက်သွားသည်။ ကြည့်နေသူတွေ တော်တော်များများ ထိတ်လန့်သွားကြ၏။ ငယုက ခုံကို ခြေထောက်ဖြင့် ပက်ကန်လိုက်သော ကြောင့် ဖြစ်၏။

"ခင်စိုး... မိန်းမဥာဏ်နဲ့လို့တော့ မင်း ငါ့ကိုမပြောနဲ့၊ ကြိုက်တဲ့ နည်းနဲ့ ရှင်းလို့ရတယ်... လာ..."

ငယုက ခက်တစ်ချက်ချိုးရင်း လက်ဖက်ရည်ဆိုင်ရှေ့ ကွက်လပ် ကျယ်ကျယ်တွင် ခင်စိုးကိုကြည့်ပြီး ရပ်နေသည်။ ခင်စိုး ငယုကိုကြည့်ရင်း ဘာလုပ်ရမယ်မှန်း မသိ။

"ဟုတ်တယ် ခင်စိုး... တရားဝင်စိန်ခေါ်ပြီး တရားနည်းလမ်း တကျ ကစားတာပဲ၊ မင်းရှုံးမှ ဟိုစကား ဒီစကားတွေ လျှောက်ပြောမနေနဲ့၊ ငယု sorry ပဲကွာ... ငါတို့တောင်းပန်တယ်"

"ကောင်းပြီ မြတ်ဇော်... အဲဒီခင်စိုး ဆိုတဲ့ ကောင်ကို မင့်နှမ 'မလေး'ရဲ့ထဘီတစ်ထည်လောက် လက်ဆောင်ပေးလိုက်စမ်းပါကွာ... ပြီးတော့ နောက်ထပ်စိန်ခေါ်ချင်တဲ့ ငတိတွေရှိရင်လည်း စီစဉ်ထားလေ... ကြေးကတော့ သူတို့ထွက်သလောက် လက်ခံတယ်၊ ငယုက ကြေးမငြင်းဘူး





နေရာလည်း မရွေးဘူး... ဆိုတာ မှတ်ထားလိုက်... OK ငါသွားပြီ..."

ပြိုင်ဘီးပေါ်ကို ဖျတ်ခနဲခုန်တက်သွားသော ငယုကို အားလုံးက ငိုင်းငေးလိုက်ကြသည်။

"မင်းဘာသာသည့်လို့ ရှုံးတာကို မိန်းမဥာဏ်တွေ ဘာတွေ သွားပြောတော့ ဟိုက တင်းတာပေါ့ကွ... မင်းကလည်း အရှုံးပဲ..."

"ဟ... မိန်းကလေးမို့လို့ မိန်းကလေး ပြောတာပေါ့ကွ..."

"အဲဒါဆိုရင် သူစိန်ခေါ်တုန်းက မင်း ထွက်လိုက်ပါလားကွ..."

"သွားစမ်းပါ နိုင်မကောင်း ရှုံးမကောင်းလေးကို ငါက ထွက်ရမှာလား..."

"အပြောမကြီးနဲ့ ခင်စိုး... မင်းတကယ်သတ္တိရှိရင် ပိုက်ဆံကြေး ထပ်ပြီး ငယုနဲ့ ထိုးမလား၊ ဂူရှူးက State ကျောင်းချန်ပီယံ၊ တိုက်ကွမ်ဒိုက တက္ကသိုလ်လက်ရွေးစင်၊ ကွန်ဖူးက ဝါသနာပါလို့ ခေါ်သင်ထားတာ တဲ့... ကဲ..."

"မလိုပါဘူးကွာ... ကြက်မတွန်လို့ မိုးမလင်းပါဘူး နောက်ဆုံး တော့ မိန်းမက မိန်းမပါပဲ..."

"အေး... အဲဒီစကားလေးကို ငယုရှေ့မှာ ပြောရဲရင် သုံးသောင်းကွာ..."

မြတ်ဇော်စကားကြောင့် ခေါင်းတရမ်းရမ်းဖြစ်နေသော ခင်စိုးကို အားလုံးက ဝိုင်းဟားလိုက်ကြသည်။

ယုယုထွန်းသည် အသက် ၁၉ နှစ်ထဲမှာရှိသော ကောင်မလေးတစ်ယောက်ဖြစ်သည်။ သို့သော် ယုယုထွန်းသည် သူ့ကိုယ်သူ ဘယ်တုန်းကမှ မိန်းကလေးတစ်ယောက်ဟု မထင်ခဲ့။ 'မိန်းကလေး' ဆိုသည့် ဝေါဟာရမှာ



www.burmeseclassic.com

www.burmeseclassic.com



သူကြားဖူးသော်လည်း မမြင်ဖူးသည့်အရာ၊ မြင်ဖူးလျှင်လည်း သူမကြားဖူးသောအရာသာ ဖြစ်သည်။

ငယ်စဉ်ကတည်းက သူ့အနေအထိုင်က လုံးဝပြတ်ပြတ်သားသား ယောကျ်ားလေးလို နေခဲ့သည်။ သူ့အသုံးအဆောင် ... သူ့ကစားစရာ ... သူ့အဝတ်အစား ... အားလုံးက ယောကျ်ားလေးပစ္စည်းတွေသာဖြစ်သည်။ မိန်းကလေးအသုံးအဆောင် ... ပစ္စည်းတွေကို သူက တပ်လည်း မတပ်မက် ... ကိုင်တွယ်အသုံးပြုခြင်းလည်း မရှိခဲ့။

ထို့ကြောင့် စိတ်သည်သာ ဦးဆောင်သော လူ့ဘဝ လူ့ခန္ဓာကိုယ်တွင် စိတ်၏စွမ်းအင်အတိုင်း ကျန်တရားများက ထိုထိုလိုက်ကြသဖြင့် ငယ်သည် ယောကျ်ားလေးတစ်ယောက်လို သန်စွမ်းသည်။ ယောကျ်ားလေးတို့သာ တတ်ကျွမ်းသော အားကစားတော်တော်များများကို သူလုပ်နိုင်သည်။

အထိုးအခုတ်၊ အပြေးအလွှား၊ ရေကူး၊ တောင်တက် အကုန်သင်တန်းတွေ တက်သည်။ ယောကျ်ားလေးတို့လုပ်နေကျ အလုပ်တွေကို ယောကျ်ားလေးစိတ်နှင့်လုပ်နေသော ယုယုထွန်း၏ခန္ဓာကိုယ်သည် ယောကျ်ားလေးလို ဖွံ့စည်းပုံဖြစ်နေတာ မဆန်းတော့။

ဒီလိုဖြစ်ရသည်ကလည်း အမှတ်တမဲ့ဖြစ်ခဲ့တာမျိုးတော့ မဟုတ်ခဲ့။ အခြေအနေပေါင်းများစွာ ... အကြောင်းအရာပေါင်းများစွာ တိတိကျကျ ပေါင်းစပ်ထားသည့် ဖြစ်သင့်သောရလာဒ်သာ ဖြစ်ပါသည်။

ယုယုထွန်း၏ဖခင်သည် စစ်သားတစ်ယောက်ဖြစ်ခဲ့သည်။

စစ်သားမှ တပ်ထဲမှာနေစဉ်က ရဲဆ အကြိမ်ကြိမ်ရခဲ့သော စစ်သားပီပီ စစ်သားကြီးဖြစ်သည်။ ဗိုလ်မှူးတင်ယုဆိုလျှင် ဟိုဘက်က လက်နက်





ကိုင်သည် လိမ္မာသူဆိုလျှင် ရှောင်သွားလေ့ရှိသည်ဟု နာမည်ကြီးသည်။ ထိုစစ်သားကြီး အိမ်ထောင်ကျသောအခါ ... ကလေးရလျှင် ... သားရူးကို ရူးလေသည်။

သူအသိနောက်ကျခဲ့သော ကိုက်ခိုက်ရေးတွေကို သူ့သားကို စောစောသင်ပေးမည်။ ငယ်ငယ်ကတည်းက စည်းကမ်းနှင့် အမိန့်ကို နာခံတတ်သော 'သား' ဖြစ်ရမည်။ အရွယ်ရောက်သည်နှင့် တိုက်ခိုက်နည်းအားလုံးကို တတ်ကျွမ်းနေသော 'သား' ဖြစ်ရမည်။

သို့သော်လည်း သူ့သဘောနှင့်သူ နေတတ်လေ့ရှိသော ကံသည် ဘယ်သူ့အကြိုက်ကိုမှ မလိုက်ခဲ့။ ဦးတင်ယုခေါ် ဗိုလ်မှူးတင်ယုဇနီးက သားကို မမွေး သမီးကိုသာ မွေးပေးခဲ့သည်။

တပ်မတော်စစ်ဆေးရုံမှာ သားမဟုတ် သမီးဆိုတော့ အခန်းထဲကို ဝင်မကြည့်ဟု ဆိုသည်။ အဲဒီနေ့တစ်နေ့လုံး စိတ်မကောင်းဖြစ်ပြီး အမူးသောက်သည်ဟု ဆိုသည်။ နောက်တစ်ယောက်မွေးဖို့ရာ ကံက ဆိုးချင်တော့ သမီးတစ်နှစ်အရွယ်မှာ ဇနီးက ဆုံးသည်။ နောက်တစ်ယောက်အချစ်ကိုလည်း စိတ်မဝင်စားသဖြင့် သမီးကလေးတစ်ယောက်နှင့် အတူနေခဲ့သည်။

ဦးတင်ယုသည် ကံကြမ္မာကမပေးခဲ့သော သားကို သူ့ဘာသာ ဖန်တီးယူသည်။ စကားပြောတတ်စကတည်းက 'သမီး'ဟု မခေါ် 'သား' ဟုသာ ခေါ်ခဲ့သည်။ မိန်းကလေးအင်္ကျီကို မဆင်၊ ယောကျ်ားလေးအသုံးအဆောင်ကိုပင် ဆင်ခဲ့သည်။

မွေးပြီးလို့ လမ်းလျှောက်တတ်ကာစကတည်းက ချော်လဲလျှင် ပြေးမထူ၊ ခေါ်လျှင် 'ဗျာ' လိုက်မှ ကြိုက်တတ်သည်။ ကစားတတ်ကာစ



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကို ရောက်တော့ မိန်းကလေးတွေနှင့် မကစားခိုင်း၊ ယောကျ်ားလေး ကစားစရာတွေ ဝယ်ပေးပြီး ယောကျ်ားလေးတွေနှင့်သာ ယှဉ်ပါးစေခဲ့သည်။ အနီးကပ်သွန်သင်မည့် အမေကလည်း မရှိသဖြင့် မယုယုထွန်းသည် ငယု ဖြစ်လာသည်။

အဖေကိုချစ်ပြီး အဖေတစ်ယောက်တည်းကိုသာ အားကိုးရသော ကလေးသည် အဖေဖြစ်ချင်သလိုသာ ဖြစ်လာခဲ့သည်။ ကလေးဘဝအရွယ် တုန်းက ချစ်ဖို့ကောင်းသည်။ အရွယ်ရောက်လာတော့ ဖြစ်ရိုးဖြစ်စဉ်တွေ မဟုတ်တော့။ ငယ်ငယ်ကတည်းက မွေးခဲ့သော ယောကျ်ားလေးဗီဇ သည် မိန်းကလေးဆိုသည့် ဝေါဟာရကို မမှတ်မိတော့လောက်အောင်ပင် လွှမ်းမိုးသွားခဲ့သည်။

ဒီတော့ ငယုသည် ယောကျ်ားလေးလိုတွေးပြီး ယောကျ်ားလေးလို နေသည်။ သူ့ခန္ဓာကိုယ်ပေါ်မှာ မိန်းကလေးဆန်သည့် အမှတ်အသားတွေ မှန်သမျှကို သူကိုယ်တိုင်က မုန်းမုန်းတီးတီးနှင့် ဖျက်ဆီးပစ်ခဲ့သည်။

ထွေးဥဖူးငုံနေသည့် နှုတ်ခမ်းကလေးတွေကို ကွမ်းသွေးဖြင့် ဖျက် ပစ်သည်။ သွယ်လျပြည့်ဖြိုးသော လက်မောင်းနွယ်ကလေးတွေကို ဂူရှူး ကစားခိုင်းသည်။ ကွန်ဖူးကစားခိုင်းသည်။ တိုက်ကွမ်ဒို ထိုးခိုင်းသည်။ ဖြောင့်စင်းသန်စွမ်းသည့် ဆံပင်တွေကို နားကွင်းကွင်းပစ်လိုက်သည်။

ငယုသည် ယောကျ်ားလေးလိုတွေးပြီး ယောကျ်ားလေးလို ဒေါသ ထွက်သည်။ ယောကျ်ားလေးလို ရင်ခုန်ပြီး ယောကျ်ားလေးလို ချစ်တတ် သည်။ ထို့ကြောင့် ယုယုထွန်းဟုခေါ်သော ငယုသည် သူအမုန်းဆုံးအရာမှာ သူ့ကိုယ်သူပင် ဖြစ်သည်။

'မိန်းမ' ဆိုသော ဝေါဟာရကို သူ့ဆီမှာ လုံးဝမရှိစေချင်တာ





အမှန်ပင်ဖြစ်သည်။ 'မိန်းမ' ဆိုသော ဝေါဟာရကို သူ့အပြင်မှာသာ ရှိ စေချင်သည်။ ထို့ကြောင့် ငယုသည် မိန်းကလေးတွေကို ရည်းစားချစ်သူလို ချစ်ချင်သည်။

အခုလည်း chess ပွဲပြီးတော့ သူ့ချစ်သူကောင်မလေး ကျူရှင် လွှတ်ချိန်မို့ ကောင်မလေး ကျူရှင်ဆင်းမီအောင် စက်ဘီးကို ခပ်ပြင်းပြင်း နင်းလာရသည်။

နွေလမင်းဆိုသည့် ကောင်မလေးသည် သူ့ကို ရင်ခုန်သံတွေမြန် အောင် လုပ်ပေးသည်။ အပြုံးကလေးတစ်ချက်နှင့် အိပ်မက်တွေကို ရက် ဆက်မက်စေသည်။ နွေလမင်း၏ပြည့်ဖောင်းနေသည့် ပါးပြင်ပေါ်က ပါး ချိုင့်တွင်းနက်နက်ထဲကို ဒီနေ့ညနေမှာ ခုန်ချဖို့ ငယု ခပ်သွက်သွက်ကလေး နင်းလာရ၏။

နွေလမင်းသည် တိမ်ကင်းစင်သည်။ ဟိုးအမြင့်ကောင်းကင်မှာ ကင်းကင်းရှင်းရှင်းကြီး ထွန်းသင့်သော်လည်း အနှောင့်အယှက်ကလေးတွေ တော့ နည်းနည်းရှိသည်။ ဒါပေမဲ့ ငယုတို့က အဲဒီလို အနှောင့်အယှက် ကလေးတွေ ပါတာကိုမှ သဘောကျချင်သည်။ လက်ရုံးအားကိုး ထိုးပွဲ ကြိတ်ပွဲလေး တစ်ပွဲလောက် ပါပြီးမှ ချစ်သူကို ပိုင်ဆိုင်ခွင့်ရတာမျိုးကို ငယုက ပို၍ နှစ်သက်လေသည်။

ဒါမှလည်း သူသည် အချစ်စစ်ကို ရသလို ခံစားရလေသည်။

နွေလမင်းတို့ကျူရှင်နားကို ရောက်တော့ ၄ နာရီ ငါးမိနစ်ပဲ ရှိ သေးသည်။ နာရီဝက်လောက်စော၍ နေသည်။ ခင်စိုးကို အထင်ကြီးခဲ့ မိတာ သူတော်တော်မှားသွားသည်။ သူ့တိုက်စစ်ကို ခင်စိုး Ending အထိ ခံနိုင်လိမ့်မည်ဟု ထင်ထားခဲ့သည်။ အခုတော့ ပွဲလယ် Middle မှာပင် ပွဲက ပြီးသွား၏။



www.burmeseclassic.com

www.burmeseclassic.com

ငယု သူ့ခန္ဓာကိုယ်ကို စစ်ဆေးလိုက်တော့ ညနေခင်းဝင်ကာစ ပါးပါးကလေးဆာနေသည်။ ထမင်းဆာတဲ့ဘာမျိုးလည်း မဟုတ် ဒီတော့ ဈေးရှေ့က မုန့်ဟင်းခါးဆိုင်ဘက်ကို စက်ဘီးဦးလှည့်လိုက်၏။ ဈေးရှေ့မှာ ညနေခင်း အရမ်းရောင်းရသည့် မုန့်ဟင်းခါးဆိုင်လေးတစ်ဆိုင် ရှိသည်။ ရုံးအပြန်၊ ကျောင်းအပြန်၊ ညနေဈေးအလာတွေနှင့် တော်တော်လေးရောင်းရသော ဆိုင်တစ်ဆိုင်ဖြစ်သည်။ နွေလမင်းနှင့်လည်း တစ်ခါနှစ်ခါ စားဖူးသည်။ မုန့်ဟင်းခါးက မဆိုးလှပါ။ ဒါပေမဲ့ လူများလွန်းသဖြင့် စောင့်ရတာတော့ စိတ်ညစ်သည်။ ငယုတို့ကတော့ အစားကလေးတစ်လုတ်အတွက် အဲဒီလို တစာစာအော်နေရတာကို စိတ်မဝင်စား။ ပစ္စတိုတစ်လက်လောက်ထည့်သွားပြီး ရောင်းတဲ့လူကို ပစ္စတိုနှင့် ထိုးချိန်ထားပြီးတော့မှ 'မုန့်ဟင်းခါးနှစ်ပွဲထည့်စမ်း' လို့ ခပ်မိုက်မိုက် အော်ပစ်လိုက်ချင်သည်။

ဆိုင်ရှေ့ရောက်တော့ ထုံးစံအတိုင်း လူကအုံနေသည်။ လှည့်ပြန်ပြီး နွေလမင်းပါလာမှပဲ စိတ်ရှည်တတ်သော နွေလမင်း မည်းမည်းမည်းမည်းမျှမှာပေးတာကိုစားရင် ကောင်းမလားဟု စဉ်းစားသေးသော်လည်း မုန့်ဟင်းခါးဟင်းရည်ရနံ့က သူ့ကိုခေါ်နေသဖြင့် သူ့အတင်းနှိပ်ကွပ်လွန်းသဖြင့် ထွက်ပြေးနေသော မိန်းကလေးဗီဇကလေးက ထောင်ထပြီး သူ့ကို မုန့်ဟင်းခါးဆိုင်ထဲ ဆွဲခေါ်ချသွားသည်။

"မုန့်ဟင်းခါးတစ်ပွဲ..."

သူ့နံဘေးက အဒေါ်ကြီးစားနေတာများ အားရချင်စရာ တော်တော်ကောင်းသည်။ မုန့်ဟင်းခါးပန်းကန်ထဲကို နံနံပင်တွေ စိမ်းနေအောင်ထည့်ထားသည်။ ငရုတ်သီးမှုန့်က တစ်ဇွန်းမောက်မောက်လောက်ရှိမည်။ အဲဒီထဲကို ရှောက်သီးစိတ်ကြီးကို အားရပါးရ ညှစ်ချပြီး ဇွန်းနှင့် မွှေလိုက်သော





အခါ နံနံပင်၊ ငရုတ်သီးမှုန့်နှင့် ရှောက်ရည် လတ်လတ်ဆတ်ဆတ်ရနံ့သင်းနေသော မုန့်ဟင်းရည်ရနံ့သည် အမြင်အာရုံအရလည်း စိတ်ကူးကို ရူးသွပ်စေနိုင်သည်။ ရနံ့အာရုံအရလည်း ငြိမ်သက်နေသော သွေးကြောများအားလုံးကို ရှန်းထစေသည်။ ထိုအဒေါ်ကြီးက မုန့်ဟင်းခါးတစ်ဇွန်းမောက်မောက်ကို အားရပါးရကြီး တီးပစ်လိုက်ပြီးနောက် အာရုံငါးပါးထဲသို့ ဝင်ချလာသော အရသာကို သူ့အတ္တ၏စိတ်ကြိုက်နှင့် တိုက်ကြည့်နေသည်မှာ မုန့်ဟင်းခါးစားချင်စိတ်ကို အမြင့်ဆုံးရောက်စေသည်။

ပြီးတော့မှ ငံပြာရည်သုံးလေးချက် ပေါက်ထည့်သည်။ ငရုတ်သီးမှုန့်နည်းနည်းထပ်ထည့်သည်။ ပြီးတော့ ရှောက်သီးနည်းနည်းထပ်ထည့်ပြီးအားရပါးရ တွယ်လေသည်။ ထိုအဒေါ်ကြီးကို ကြည့်ရတာ သူပြင်ဆင်ထားသည့် မုန့်ဟင်းခါးပွဲမှ လွဲ၍ တစ်လောကလုံးမှာ ဘာကိုမှ စိတ်မဝင်စားတော့ ဆိုသည့် စိတ်က ပေါ်လွင်နေသည်။

"မုန့်ဟင်းခါးတစ်ပွဲပေးပါ"

ဒီတစ်ခါ ငယုမှာချက်က နည်းနည်းအားပါလာသည်။ သူလည်း မုန့်ဟင်းခါးတစ်ပွဲရလျှင် သူ့ဘေးနားက အဒေါ်ကြီးလုပ်သလို လုပ်စားမည်ဟု စိတ်ကူးလိုက်သည်။ ဟင်းရည်အိုးနားမှာ မတ်တတ်ရပ်နေသော ကောင်မလေးက မုန့်ဟင်းရည်ကို ဇွန်းနှင့် ခပ်ယူလိုက် အပေါ်က ပြန်လောင်းချလိုက်နှင့် အအေးခံရင်းနှင့် သူ့နှုတ်ခမ်းကလေးကို စုထား၏။ ပြီးတော့ ဇွန်းထဲက မုန့်ဟင်းခါးဟင်းရည်ကို သတိအနေအထားဖြင့် နှုတ်ခမ်းစုစုကလေးကို အားထည့်ပြီးသောက်သည်။

"မုန့်ဟင်းခါးတစ်ပွဲပေးပါ"

"ဟာ... ဟုတ်တယ်မဟုတ်... ဒီညီမလေးကို မုန့်တစ်ပွဲကြာနေပြီ..."



www.burmeseclassic.com

www.burmeseclassic.com

မုန့်ပွဲ အတူတူပြင်ပေးရင်း ပိုက်ဆံအမ်းနေသော ဦးလေးကြီးစကားကြောင့် ငယု တော်တော်ဖီးလ်ငုပ်သွား၏။ သူအရမ်းစားချင်သွားသော မုန့်ဟင်းခါးကို မစားရချင် နေပါစေ 'ညီမလေး' ဆိုသည့် အသုံးအနှုန်းကိုတော့ သူအခေါ်မခံနိုင်ပါ။ ဒါပေမဲ့ လူကြားထဲလည်းဖြစ်နေ ကိုယ်နဲ့ကလည်း မရင်းနှီးသည့်လူလည်း ဖြစ်နေသဖြင့် မကျေနပ်ချက်ကို အသက်ပြင်းပြင်းတစ်ချက်ရှူပြီး သွင်းပြီး မျိုချထားလိုက်၏။

ထိုအချိန်တွင် သူ့နံဘေးမှာ လူတစ်ယောက်ဝင်ထိုင်သည်။ ဝဝ, ဝင်တိုတို အသားညိုညို။ ပူနေသောဗိုက်ပေါ်မှာ စတိုင်လ်ဘောင်းဘီကို ပြတ်ထွက်သွားတော့မလို ဝတ်ထားသည်။ ပြီးတော့ ခါးမှာ Handphone ကို ချိတ်ထားသည်။ ထို Handphone ခါးမှာချိတ်ထားသည် ဟူသော မာနကိုလည်း သူ့မျက်နှာမှာ ချိတ်ထားသည်။ သာမန်လူတစ်ယောက် ပုံမှန်ထိုင်ရဲ ခင်းကျင်းထားသော အခင်းအကျင်းသည် သူ့ခန္ဓာကိုယ်တစ်ခု တိုးဝင်လာသည့်အတွက် အားလုံးပြေလည်အောင် နေရာရွှေ့ပေးကြရ၏။ ငယုအလှည့်ရောက်တော့ ငယုက ရွှေ့မပေးဘဲ ဒီလိုပဲနေလိုက်သည်။ ငတိက သူ့ကို တစ်ချက်လှမ်းကြည့်သည်။ ငယုက ဘာမှမပြောဘဲ ကြည့်လာသောမျက်ဝန်းကို ရဲရဲပင် ပြန်ကြည့်တော့မှ မျက်နှာလွှဲသွား၏။

"မုန့်ဟင်းခါး ငဖယ်နှစ်ခုထည့်…"

"ဟုတ်ကဲ့… ဖူးသီးနဲ့က သုံးရာ ဘဲဥတစ်ခြမ်းက တစ်ရာ့ငါးဆယ်ဆိုတော့… လေးရာ့ငါးဆယ်ဆိုတော့… ထောင့်ခြောက်ရာ့ငါးဆယ် အလွတ်က…"

"နံနံပင် နည်းနည်းပေးပါဦး"

"အစ်မ… အလွတ်က ငှက်ပျောပင်ဖတ် မထည့်ဘူးနော်… ကြက်သွန်ဥပဲ ထည့်မယ်… ငရုတ်သီးမထည့်ဘူး…"





လောကကြီးမှာ စာရင်းဇယားအရှုပ်ဆုံးအလုပ်မှာ မုန့်ဟင်းခါးရောင်းခြင်းပင် ဖြစ်သည်။ နာမည်ကြီးမုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးရောင်းဖူးလျှင် စတော့ရှယ်ယာဈေးကွက်သို့ ခပ်တည်တည်နှင့် ဝင်အလုပ်လျှောက်၍ ရနိုင်သည်။ ရောင်းသည့်လူတော့ မသိ ဘေးနားကကြည့်နေသောသူပင် ခေါင်းတော်တော်ရှုပ်နေပြီ ဖြစ်သည်။

စိတ်ရှုပ်ရှုပ်နှင့် ငေးနေစဉ်မှာပင် မုန့်ဟင်းခါးပြင်ပေးသည့် ဦးလေးကြီးနှင့် ထပ်မျက်ဝန်းချင်းဆုံပြန်သည်။

"ဟာ… ဒီညီမလေးကို ခုထိ မပေးရသေးဘူးလား… ခဏလေးနော် ညီမလေး… ရမယ်…"

ဦးလေးကြီးက မုန့်တစ်ပွဲကို ခပ်သွက်သွက်ပြင်သည်။ ပြီးတော့ ဖူးသီးကြော်ကို ကောက်ကိုင်ပြီး…

"ညီမလေး ဖူးသီးကြော်…"

ငယု စကားမပြောချင်သဖြင့် ခေါင်းကို ခါပြလိုက်သည်။ ဦးလေးကြီးက ဆီချက်ကိုထည့်ပြီး…

"နံနံပင် ငရုတ်သီး ညီမလေး…"

ဒီတစ်ခါတော့ 'ညီမလေး' အတွက် ငယု တော်တော်ဒေါကန်နေပြီ။ နောင်ကို လူများတဲ့ဆိုင်မှာ ဘယ်တော့မှ မုန့်ဟင်းခါး မစားတော့ဟု ဆုံးဖြတ်လိုက်၏။

"ထည့်မယ် အကုန်ထည့်မယ်… အကြော်ကလွဲရင် အကုန်ထည့်…"

"ဟုတ်ပြီ… ဟုတ်ပြီ… အဲဒီက ဟင်းရည်နဲ့ ငဖယ်နှစ်ခုပါတယ်… နော်… ငဖယ်… ငဖယ်…"

ငယု လေသံဆတ်ဆတ်နှင့် ပြောသည်ကိုလည်း ဂရုမစိုက်အား။


www.burmeseclassic.com

www.burmeseclassic.com

ဟိုဘက် ပိုက်ဆံရှင်းတဲ့ဆီက ငါးဖယ်နှစ်ခုကို လှမ်းချိတ်ရသေးသည်။ ပြင်လက်စ ငယုၡ၏ပန်းကန်ကို ခဏချထားပြီး သေတ္တာပုံးကလေးကို ဖွင့်ပြီး ပိုက်ဆံအမ်းရသေးသည်။ သူတို့အစား စိတ်မောလာတာနဲ့ ငယု ကြည့်မနေတော့ဘဲ မျက်နှာလွှဲနေလိုက်၏။

"ဟာ... ဟာ... အဲဒါ အစ်ကို့အတွက်မဟုတ်ဘူး... ဟိုညီမလေး အတွက် ခင်ဗျ..."

"အာ... ကျွန်တော်လည်း မှာထားတာ ကြာပြီဗျာ..."

Handphone ပုဂ္ဂိုလ်က လှမ်းပေးသော မုန့်ဟင်းခါးပန်းကန်ကို ကိုင်လျက်ကနေ ပြောသည်။ ယောကျ်ားစစ်စစ်ဖြစ်ပြီး ဖြောင်လိမ်သည်မို့ ငယုစိတ်ထဲ ထောင်းခနဲဖြစ်သွားသည်။

"ဒီညီမလေးလည်း ရောက်နေတာ ကြာပြီ၊ ပေးလိုက်ပါဗျာ..."

"ဩော်... အင်းလေ... မိန်းကလေးပဲ... ဦးစားပေးရမှာပေါ့... လေဒီဖတ်(စ်)..."

စကားမဆုံးခင် ငယုက ဝုန်းခနဲ မတ်တတ်ထရပ်သည်။ ပြီးတော့ ဝက်သိုးတစ်ကောင်နှင့်တူသော ငတိကြီးလက်ထဲမှာ ကိုင်ထားသည့် မုန့် ဟင်းခါးပန်းကန်ကို ဆွဲယူပြီး 'ပက်' ခနဲ သွန်ပစ်လိုက်သဖြင့် အော်ဟစ် ဆူညံနေသော လူအုပ်ကြီး ရေနဲ့ ငြိမ်းလိုက်သလို တိတ်၍ သွားသည်။

"ဘာမိန်းကလေးမို့ ဦးစားပေးရမှာလဲ၊ ခင်ဗျားရောက်တုန်းက နောက်မှ ရောက်လာပြီးတော့ ဘာလေဒီဖတ်(စ်)လဲ... နောက် ဘယ် တော့မှ ငါ့ကို မိန်းကလေးလို့မခေါ်နဲ့... မှတ်ထား..."

အပြောခံရသည့် ငတိကြီးတင်မဟုတ် မုန့်ဟင်းခါးဆိုင်တစ်ဆိုင်လုံး ကြောင်၍သွားကြသည်။ အံ့ဩနားမလည်စိတ်သည် ငတိကြီးမျက်နှာတွင် အထင်းသားမြင်နေရ၏။





"ဟာ... နင် ရိုင်းလှချည်လား..."

"အေး... ငါမကြိုက်တာကို ပြောရင် ရိုင်းတယ်၊ မကျေနပ်ရင် လာခဲ့လေ... လာ... ကြိုက်သလို လာခဲ့..."

ငယုက ကော်ထိုင်ခုံကို ပစ်ကန်ပြီး ရှေ့ပလက်ဖောင်းသို့ ထွက် လိုက်သည်။ သူ့ပုံစံက ငတိကြီးကို စိုက်ကြည့်ထားပြီး ခန္ဓာကိုယ်ကို အသင့်ပြင်ထားသည်။

ငတိကြီးရပ်နေရင်း ဒေါသကြောင့် ခန္ဓာကိုယ်ကြီး ပိန်လိုက်ဖောင်း လိုက် ဖြစ်နေသည်။ လူတွေက ဝိုင်းကြည့်တာကိုလည်း ခံနေရသည်။ သူ့ နေရာက ကြည့်မည်ဆိုလျှင်လည်း ဘာမှမဟုတ်ဘဲ အစော်ကားခံလိုက်ရ သလို ဖြစ်နေသည်။ ဒီလို အရှက်တကွဲကြုံရလောက်အောင် သူ့ဘက်က ဘာမှ မလွန်ကျူးခဲ့ဟု ထင်သည်။

"တောက်... မိန်းကလေးမို့လို့..."

စကားသံမဆုံးလိုက်ခင် နာကျင်စွာ ဟစ်အော်လိုက်သံနှင့် ငယု ငတိကြီးအနားသို့ ဖျတ်ခနဲရောက်သွားပြီး သန်မာသောလက်များဖြင့် လည်ပင်းကိုညှစ်ပြီး လက်ကို လိမ်ချိုးထားရင်း ငယု ကြုံး၍ အော်သည်။

"ငါ့ကို မိန်းကလေးလို့ မခေါ်နဲ့... ဘယ်တော့မှ ငါ့ကို မိန်းကလေး လို့ မခေါ်နဲ့... သတ္တိရှိရင် ငါ့ကို ရအောင်ထိုးစမ်း... ချစမ်း... ငါ့ကို ရအောင် ထိုးစမ်း... ထိုးစမ်း..."

"ဟဲ့... ဟဲ့... လုပ်ကြပါဦး... ဆွဲကြပါဦး... လုပ်ကြပါဦးဟဲ့..."

ထိုနေ့ညနေက လူအရှမ်းစည်သော မုန့်ဟင်းခါးဆိုင်ကလေးမှာ လူအရှမ်းအုံ၍ သွားလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

“အချစ်ဆိုတာ ဖရဲသီးလိုပဲ... တဲ့...”

“သြော်... လုံးလုံး... လေးလေးကြီးပေါ့ ဟုတ်လား...”

“အရူး... ဖရဲသီးဆိုတာနဲ့ လုံးလုံး လေးလေးကြီးပဲ မှတ်ထားတဲ့ ကောင်... အခု ဂျပန်ဖရဲသီးတွေက ရှည်ရှည်လုံးလုံးကလေးတွေ ဆိုတာ မသိဘူးလား...”

“ဟေ့ကောင်... ဖရဲသီးဆိုရင် အများသိတာ အလုံးပဲ... ထွင်ထားတာတွေ ချို့ယွင်းချက်တွေ မပါရဘူး ငပေါရဲ့...”

ပညာရှိသူငယ်ချင်းနှစ်ယောက်၏ အငြင်းစကားကို နားထောင်ပြီး ‘ကောင်း’ တော်တော်စိတ်ညစ်သွားသည်။ သူ စာအုပ်ထဲမှာ ဖတ်ထားခဲ့သော စကားလေးတစ်ခွန်းကို ဆရာကြီးလုပ်ပြီး ရှင်းပြဖို့ကိစ္စက တစ်ယောက်နှင့် တစ်ယောက် အကြောမခံချင်သော ကိုဦးနှင့် တောက်တဲ့တို့





ကြောင့် ပျက်စီးသွားပြီဖြစ်သည်။ စကားတစ်ခွန်းရသည်နှင့် ထင်ရာ ရမ်းပြောတတ်သည့်အကျင့်က နှစ်ယောက်စလုံးတူသည်။ တစ်ယောက်နှင့် တစ်ယောက် အထင်မကြီးဖို့ကလည်း ဘယ်မြတ်စွာဘုရား ပွင့်တော်မူကတည်းက ဆုပန်ထားခဲ့ကြသည် မသိ။ ဘဝအဆက်ဆက် အဓိဋ္ဌာန်ကို ထိန်းသိမ်းခဲ့ကြဟန်တူသည်။

“တော်ပါတော့ကွာ... ငါပြောချင်တာက မင်းတို့ပြောတာနဲ့ ဘာမှ မဆိုင်ဘူးကွာ၊ ဖရဲသီးဆိုတာ လုံးလုံးရှည်ရှည်ကွာ ငါလိုချင်တာက အခွံစိမ်းတာကို လိုချင်တာ၊ အပြင်မှာ အခွံစိမ်းနေတဲ့ ဖရဲသီးက ခွဲချလိုက် ရင် အထဲမှာ နီရဲပြီး မှည့်နေသလိုပဲတဲ့... မိန်းကလေးတွေကလည်း...”

“ဟာ... မဟုတ်သေးဘူး... မဟုတ်သေးဘူး... ဟေ့ကောင်... အထဲမှာဝါတဲ့ ဖရဲသီးလည်းရှိတယ်၊ ဖရဲသီးတိုင်း မနီဘူးကွာ...”

“ကျွတ်... ပြဿနာပဲကွာ...... ငါပြောချင်တာက သူ့ဘာသာ နီနီဝါဝါကွာ... ဖရဲသီးက အပြင်မှာ စိမ်းနေပေမယ့် အထဲမှာ...”

“ငါသဘောပေါက်ပြီ... သိပြီ... ရှယ်လေးကလည်း အပြင်မှာ စိမ်းနေပေမယ့် ခွဲချလိုက်ရင်... အထဲမှာ နီ...”

“ဟေ့ကောင်... တော်တော့ကွာ... တော်ပြီ... ငါ မင်းတို့ကို ဘာမှ မပြောတော့ဘူး... ခွီးပဲ... ငါ လုလုပပလေး တွေးထားတာတွေက မင်းတို့ဆီရောက်ရင် သွားတာပဲ၊ မင်းတို့ကို ဘာမှ မပြောတာ အကောင်းဆုံးပဲ...”

ကောင်းမင်းက ထွန်းကိုနှင့် တောက်တဲ့တို့ စကားဝိုင်းမှ ထွက်လိုက်သည်။ ဗီဒီယိုကားတွေထဲကလို... သူငယ်ချင်းနှစ်ယောက်က ကောင်းမင်းကိုချည်းပဲ ဝိုင်းဂရုစိုက်တာတွေ ဘာတွေမရှိ။ သူတို့ဘာသာ ဆက်ငြင်းနေကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေ ဂိမ်းကစားနေတာကို ဖြတ်ပြီး ခေါ်လာလို့ သူ့ကို မကြည်တာလည်း ပါလိမ့်မည်ထင်သည်။ ဘာပဲဖြစ်ဖြစ် ရွှယ့်ကို စကား တစ်ခွန်းနှစ်ခွန်းပြောရဖို့က ဒီကောင်တွေပါမှကို ဖြစ်မည်။ ဒါမှမဟုတ် လျှင် ရွှယ့်ဘေးနား ကောင်မလေးတွေနှင့်ပဲ ပေါက်ကရတွေပြောပြီး ပြန် ခဲ့ရတာ များသည်။ ရွှယ်ကလည်း သူ ကို့ရို့ကားရားဖြစ်နေတာကို ရယ် နေတာနှင့်ပဲ သူ့နှလုံးသားစက်ဝိုင်းထဲကို ရောက်မလာဘဲရှိသည်။

ရွှယ်က သူ့ကိုရှောင်ပုံက ပျော်စရာကောင်းသည်။ ရိုင်းရိုင်းစိုင်း စိုင်းတွေမရှိ၊ ယဉ်ယဉ်ကျေးကျေးနှင့် ထိရောက်မှုရှိသည်။ လိုက်ခါစတုန်းက ခံနေရလို့ ခံနေရမှန်းပင် မသိ။ ဒီလိုပညာပေးပုံမျိုးကို တစ်ခြားအဖွဲ့တွေ မှာလည်း မတွေ့ဖူးခဲ့၊ ကြားလည်း မကြားဖူးခဲ့။ သူတို့နည်းက စကား လိုက်ပြောသူကို သူပြောမည့်ကောင်မလေးနှင့် စကားမပြောဖြစ်အောင် ကျန်တဲ့လူတွေက ဝိုင်းစကားပြောခြင်းပင် ဖြစ်၏။

ကောင်းမင်းနံဘေးက သူငယ်ချင်းနှစ်ယောက်နှင့် စကားမပြော တော့ဘဲ ရွှယ့်အကြောင်း ပြန်စဉ်းစားနေမိသည်။ မိန်းကလေးတစ်ယောက် နှင့် ယောကျ်ားလေးတစ်ယောက် ဆုံစည်းဖို့အတွက် စတင်ဆုံတွေ့သော ဖြစ်ရပ်ကလေးတွေ များစွာရှိသည်။ အချို့လည်း အလှူမင်္ဂလာဆောင်၊ မွေးနေ့ စသော ပွဲမျိုးမှ တွေ့ကြတတ်သည်။

တစ်ချို့လည်း ခရီးသွားရင်း... တစ်ချို့လည်း မိတ်ဆက်ပေးရင်း... Plaza သွားကြရင်း... စသည်ဖြင့် အစုံရှိကြသည်။ ဒါပေမဲ့ သူနှင့် ရွှယ် တွေ့ပုံမျိုးကတော့ ရှိလိမ့်မည် မထင်။ အဲဒီလိုမျိုးတွေ့မလား ဆိုရင်လည်း တွေ့ချင်တဲ့သူ ရှိလိမ့်မည် မထင်။

အဲဒီနေ့က သူ... သူ့သူငယ်ချင်းတောက်တဲ့ အိမ်ပြောင်းတာကို





ကူညီရန်အတွက် ထွက်လာခဲ့သည်။ သူ့သူငယ်ချင်းပြောင်းသည့် အိမ်က သူတို့ရပ်ကွက်ကလေးနှင့် တစ်ရပ်ကွက်သာခြားသော်လည်း နေထိုင်သူ များနှင့် အိမ်ဈေးနှုန်းကွာဟမှုကတော့ အဆ လေးငါးသောင်းလောက် ရှိမှာ သေချာသည်။ ကောင်းမင်း အခုလာသောရပ်ကွက်သည် သူတို့ မြို့နယ်၏ တစ်ခုတည်းသော ဆိတ်ငြိမ်ရပ်ကွက်လေးတစ်ခုလည်း ဖြစ်ပါ သည်၊

ဆိတ်ငြိမ်ရပ်ကွက်တို့၏ ထုံးစံအတိုင်း လမ်းကလေးတွေက ငြိမ် သည်၊ တိတ်သည်။ ဖြတ်သွားဖြတ်လာ လူတွေ သိပ်မရှိတတ်။ သူ့သူငယ် ချင်းက ဆိတ်ငြိမ်ရပ်ကွက်ကလေး၏ နေရာကောင်းများမှာတော့ မနေနိုင် ပါ။ ဆိတ်ငြိမ်ရပ်ကွက်ကလေး၏ တစ်ဖက်စွန်းမှာနေဖို့ ပြောင်းလာမည် ဖြစ်သောကြောင့် ကောင်းမင်း ဆိတ်ငြိမ်ရပ်ကွက်ကလေးကို ဖြတ်လျှောက် လာခဲ့ခြင်း ဖြစ်သည်။

လျှောက်လာရင်း ဘေးဘီဝဲယာက အိမ်တွေကို ငေးမိတော့ ဆိတ် ငြိမ်ရပ်ကွက်က အိမ်တွေကို ငေးရတာ ပင်လယ်ကမ်းစပ်မှာ ခရုကောက်ရ တာနှင့် တူသည်ဟု သွားတွေးမိသည်။ နယူတန်သာ အခုခေတ်မှာ လူ ဖြစ်လျှင် နယူတန်၏အဘိဓမ္မာစကားမှာ ပြောင်းသွားနိုင်သည်။ အိမ်တစ် အိမ် လှပြီဆိုလို့ သဘောမကျလိုက်နှင့်ဦး ရှေ့မှာတွေ့ရသည့် အိမ်က ပိုလှနေသည် ပိုနေချင်စရာ ကောင်းနေတတ်သည်။

ပန်းခြံကလေးနှင့် တစ်ထပ်တိုက်ကလေးကို သဘောကျနေတုန်း ငြိမ်ငြိမ် ရိုးရိုး ထုထည်ကောင်းကောင်းနှင့် အိမ်ကလေးကို တွေ့ရပြန် တော့လည်း သဘောမကျဘဲ မနေနိုင်။ အလင်းရောင်အားကောင်းကောင်း ကို အသုံးချထားပြီး သစ်သားတွေနှင့်ချည်းပဲ ဆောက်ထားသော ဂျပန် စတိုင်အိမ်ကလေးကို တွေ့ရပြန်တော့လည်း သက်ပြင်းပဲ ချမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် ကုန်းအတက်ကလေးဆီကို လျှောက်လာရင်း 'အိမ်ငေးသူ' လုပ်နေတုန်း ရုတ်တရက် ခန္ဓာကိုယ်နှင့် စိတ်ဖြစ်စဉ် ပြတ်တောက်သွား၏။ ရင်ထဲ အေးခနဲဖြစ်သွားခြင်းနှင့် နာကျင်ခြင်းနှစ်ခုတို့က အသိဉာဏ်ထဲ စူးရဲစွာဝင်ရောက်လာသည်။ ပြီးတော့ တိုးတိုက်ထိခိုက် အစီအစဉ်မဲ့ ခြေလွတ်လက်လွတ် ခံစားမှုများကိုသာ သူရခဲ့သည်။ သူ့တစ်ကိုယ်လုံး အေးစက်သွားတာကိုလည်း ခံစားလိုက်ရ၏။

သူ ရေမြောင်းထဲကို ရောက်နေသည်။ သူ့ခန္ဓာကိုယ်တစ်ခြမ်းက ရွံ့ဗွက်ထဲမှာ နစ်နေသည်။ ခြေထောက်၊ ပခုံးနှင့် ဦးခေါင်းစွန်းတို့ နာကျင်နေသည်။ ပါးတစ်ခြမ်းလည်း ပွန်းခြစ်ပြီး နာနေသည်။ သူ ဘာဖြစ်သွားမှန်းမသိ၊ မြောင်းထဲက ထရပ်တော့ နာကျင်မှုတွေက အသီးသီး သူ့အသိစိတ်ထဲကို အားအင်ကောင်းကောင်းဖြင့် တိုးဝင်လာကြသည်။ သူလျှောက်ကြည့်တော့ သူနှင့် ခပ်လှမ်းလှမ်းမှာ ကောင်မလေးတစ်ယောက် မှောက်လျက်ကလေးဖြစ်နေသည်။ ပြီးတော့ ခပ်ဝေးဝေးမှာ ငြိမ်သက်နေသည့် စကိတ်ကလေးတစ်ခု။ ပြီးတော့ အရာအားလုံးက တိတ်ဆိတ်နေသည်။

သူ စကိတ်နှင့် အတိုက်ခံလိုက်ရသည် ဆိုတာကို ကောင်းမင်း သိလိုက်ပြီ။

သူ့ကိုဝင်တိုက်တာ မှောက်နေသည့်ကောင်မလေးပဲ ဖြစ်ရမည် ဆိုတာကို သိရတော့ ကောင်းမင်း ဒေါသထွက်သည်။ ပြီးတော့ ကောင်မလေးကို မြင်ချင်သည်။ လုံးဝမလှုပ်မယှက်ဖြစ်နေသော အခြေအနေကို တွေးကာ စိုးရိမ်သွားသည်။

နာကျင်ပူကျွမ်းနေသော ခန္ဓာကိုယ်ကို စစ်ဆေးတော့ ကျိုးတာ ကွဲတာမရှိ ပွန်းတာ သွေးစို့တာ ပြဲသွားတာလောက်ပဲ ရှိသည်။ ပြီးတော့





သူ့ညာဘက်တစ်ခြမ်းလုံး ရွှံ့ရေတွေစိုနေသည်။ ကောင်းမင်း မြောင်းနှုတ်ခမ်းကို အားပြုပြီး လမ်းလေးပေါ်တက်ရသည်။ လမ်းတော့လျှောက်လို့မရ တော်တော်လေးနာနေသည်။ ဒရွတ်တိုက်ပင် လမ်းမပေါ်မှာ မှောက်လျက်လဲနေသော ကောင်မလေးနားသို့ လာခဲ့သည်။

"ဟေ့… မင်း ဘယ်လိုလုပ်လိုက်တာလဲကွ၊ ဟေ့ သတိရသေးရဲ့လား… ဟေ့… သတိရလား… ငါပြောတာ ကြားရဲ့လား…"

တုံ့ပြန်မှုမရ။ ပြဿနာပဲ… တစ်ခုခုများဖြစ်သွားပြီလား… အခုနေ တစ်ယောက်ယောက်ကမြင်လျှင် သူက လက်လွန်ထားလို့ ကောင်မလေး မှောက်နေတာဟု ထင်ချင်စရာဖြစ်နေသည်။ ပြီးတော့ လမ်းက ကောင်မလေးတွေလမ်း ဖြစ်ဖို့များသည်။ ကောင်းမင်း အနားကို ပိုင်ပိုင်နိုင်နိုင် တိုးပြီး ပခုံးကို ကိုင်ခါနိုးကျတော့မှ အတွေးကဝင်သည်။ ကိုင်လို့ သင့်တော်ပါ့မလား။ ကောင်မလေး၏ဘယ်ဘက်လက်က တံတောင်ဆစ်ရိုးကွေးကာ နဖူးအောက်မှာ ရောက်နေသည်မို့ မသိလျှင် အင်္ဂတေလမ်းမပေါ်မှာ စိတ်ချလက်ချအိပ်နေသလို ထင်ရ၏။

"ဟေ့… ဟေ့… သတိရရဲ့လား…"

ကောင်းမင်း မရဲတရဲနှင့် မေးသည်။ အဖြေက မရ။ ဒါနဲ့ ပခုံးပေါ် လက်အသာတင်ပြီး လှုပ်ဖို့လုပ်တော့မှ အသံက ထွက်လာသည်။ ဒီတော့မှ ဂျင်းဘောင်းဘီနှင့် တီရှပ်ဝတ်ထားသော ခန္ဓာကိုယ်လေး လှုပ်နေမှန်း သိရသည်။

"မကိုင်ပါနဲ့…"

ပုံမှန်လေသံကို ကြားရတော့ ဘာကြောင့်မှန်းမသိ ဒေါသက ပြန်းခနဲထ,ထွက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ… မကိုင်နဲ့ ဟုတ်လား… မင်းဝင်တိုက်တုန်းက တိုက်ပြီး အခုမှ ဘာမကိုင်ပါနဲ့လဲ၊ ကိုင်ချင်လို့ ကိုင်တာ မဟုတ်ဘူးကွ၊ မင်း အသက်မှရှိသေးရဲ့လားလို့ ကိုင်ကြည့်တာ… ငါမေးတာကို မင်းက ဘာ ဖြစ်လို့ မဖြေတာလဲ…"

"နာနေလို့ပေါ့… လေသံကိုက ဟုတ်တယ်…"

"အောင်မာ… လေသံက ဘာဖြစ်လဲ… ဒါ ရွှေမန်းတင်မောင် က,နေတာ မဟုတ်ဘူးကွ… ထစမ်း…"

"မထဘူး နာတယ်…"

ကောင်မလေးက လက်၊ ပေါင်၊ နဖူးတို့မလှုပ် ငြိမ်ရင်း ကျောကုန်း ကလေးဖြင့် ရန်တွေ့သည်။ ကြည့်စမ်း… ဘယ်လောက်ပေသည့် တေမ လေးလဲ… အင်္ဂတေလမ်းပေါ် မှောက်ရက်ကြီးကနေ မထဘဲ အော်နေသည်။

"ဟ… ထမှ ဖြစ်မှာပေါ့ကွ၊ ငါလည်း မင်းကို မထူနိုင်ဘူး…"

ကောင်းမင်းက ခတ်ဆတ်ဆတ်ပြောရင်း ကောင်မလေးနံဘေးနားမှ နေရာကိုရွှေ့ရသည်။ နေရာရွှေ့တော့ ဒဏ်ရာတွေက ပြန်နာလာသည်။ ခြေသလုံးမျက်နှာစာအရိုးက အဆိုးဆုံးဖြစ်၏။ ခုနက ကောင်မလေးနဲ့ စကားပြောနေတုန်းက ဘာမှနာကျင်တာ မရှိတာကို သတိထားမိသွား သည်။ စိတ်ဆိုတာ တစ်မျိုးပါလား…။

လမ်းပေါ်က သွယ်လျသည့် ခန္ဓာကိုယ်လေးက လှုပ်လာသည်။ လက်နှင့် ခါးကို စမ်းသည်။ ပြီးတော့မှ ဂျင်းဘောင်းဘီကလေး ကွေးသွားပြီး သူ့ကို ကျောပေးလျက် ကောင်မလေး ငုတ်တုတ်ကလေး ထ,ထိုင်သည်။ ပြီးတော့ တံတောင်ဆစ်ကိုကွေးပြီး မြှောက်ကြည့်သည်။

"ဟင်… ပွန်းကုန်ပြီ…"





"နည်းတောင် နည်းသေးတယ်…"

"ဘာပြော… ဟင်…"

ကောင်မလေးက သူ့ကို ရန်တွေ့ရင်း လှည့်ကြည့်သည်။ ပြီးတော့ ပြောလက်စ စကား ရပ်သွားပြီး သူ့ကို တအံ့တသြနှင့် ငေးလေသည်။ ကောင်းမင်းကလည်း အချိုးအစားကျနသည့် ကောင်မလေး၏မျက်နှာလေး ကို ငေးပြီး ရင်ထဲမှာ ကျေနပ်သွားသည်။ ထိုတဒင်္ဂ… ရင်ထဲမှ ကျေနပ် လိုက်ရသောခံစားမှုကို ကောင်းမင်း သေသေချာချာ သတိထားမိလိုက် သည်။ သေချာတာက အဲဒီခံစားမှုမျိုးကို ဘယ်သူ့ဆီကမှ ဘယ်တုန်းကမှ မရခဲ့ဖူးခြင်း ဖြစ်ပါသည်။ အခုထိ အဲဒီတဒင်္ဂကို ပြန်တွေးမိတိုင်း တပ်မက် မူးယစ်တုန်းပင် ဖြစ်သည်။

"ရှင်… ရှင်… ဘယ်လိုဖြစ်တာလဲ…"

ကောင်မလေးက ထိတ်လန့်တကြီးမေးသည်။ ကောင်းမင်း တော် တော်စိတ်ညစ်သွား၏။

"ဘာဖြစ်ရမှာလဲ… မင်း ဝင်တိုက်ထားတာလေ…"

"ဟာ… ဟုတ်လို့လား…"

"မဟုတ်ဘဲနဲ့ ငါက ပြောမလားကွ…"

"ဟယ်… စိတ်ညစ်လိုက်တာ…"

ကောင်မလေး ရှုံ့မဲ့သွားသည်။ တောင်းပန်တာတွေ ဘာတွေလည်း မရှိ။ အထိတ်တလန့်ဖြစ်သွားပုံရသော်လည်း အဲဒီလိုဖြစ်သွားသည့်အတွက် သူ့ကို သနားတာတွေ အားနာတာတွေ ရှိပုံမရ စိတ်ညစ်သွားတာပဲ ဖြစ်ပုံ ရသည်။

ကောင်းမင်းပုံစံကလည်း ပါးရိုးနှင့် နှုတ်ခမ်းနှစ်ခုက ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com

ဖူးရောင်လာသည်။ တံတောင်ဆစ်မှာ လက်ကောက်ဝတ်အထိ အထစ်ထစ်တွေဖြစ်အောင် ပွန်းရှသွားပြီး သွေးစို့နေသည်။ ဂျိုစောင်းက ဒဏ်ရာကတော့ ကွဲသွားတာ မဟုတ်သဖြင့် ဆံပင်တွေအောက်မှာ ဖုနေလိမ့်မည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ…"

"ကုန်းကလေးမှာ ကိုယ့်ဘာသာစီးနေတဲ့ဥစ္စာ ဘာဖြစ်လို့ အသံမပေးဘဲ တက်လာရတာလဲ…"

"အံမယ် ဒေါ်ရွှေချော ကျုပ်ဘာသာ လမ်းလျှောက်လာတာလေ၊ ဒီကုန်းက ခင်ဗျားလေးအိမ်ထဲက ကုန်းလည်း မဟုတ်ဘဲနဲ့… အပြစ်က ဘယ်သူ့မှာ ရှိတာလဲ …"

"မသိဘူး… မသိဘူး… သွား… ဒီမှာ နာတာပဲ သိတယ်…"

"ငါ မင်းကို တရားစွဲမယ်…"

ကောင်းမင်း ဒေါသဖြစ်ပြီး စိတ်ထဲရှိတာ ပြောလိုက်ခြင်း ဖြစ်သည်။ ကောင်းမင်းစကားဆုံးတော့ ကောင်မလေး မျက်လုံးပြူး၍ သွား၏။ ပြီးတော့ ချက်ချင်းမေးသည်။

"အဲဒါ… အဲဒါ… တရားစွဲလို့ ရလားဟင်…"

"ရတာပေါ့ကွ… လုပ်ပြီးမှ ကြောက်နေပြီလား…"

သူ့စကားဆုံးတော့ ကောင်မလေးက မျက်မှောင်ကျုတ်၍ စဉ်းစားပြန်သည်။ ပြီးတော့…

"ဟိုလေ… ကျက်တော့ ကျက်ထားတာပဲ … သိလား တရားစွဲရင် ဘာပုဒ်မလဲဟင်…"

ကောင်မလေးစကားကြောင့် ကောင်းမင်း တော်တော်လေး စိတ်ညစ်သွားသည်။ ကောင်မလေးက ဥပဒေမေဂျာက ထင်သည်။ ဘာဆက်





ပြောရမှန်းမသိ ဖြစ်သွား၏။ ပြီးတော့… သူတို့ပြောနေ ဆိုနေကြတာတွေက ဖြစ်နေတာနှင့် သိပ်မလိုက်ဖက်ဟု ထင်သည်။ အဲဒီအချိန်မှာပင်…

"ဟယ်… ရွှယ်… ရွှယ်… ဘယ်လိုဖြစ်တာလဲ၊ မြေကြီးမှာ နှစ်ယောက်ထိုင်လို့… ဘာလုပ်နေတာလဲ… ရွှယ်တို့ ဘာတွေဖြစ်နေကြတာလဲ…"

"တီလေး… ရွှယ်က သူ့ကို စက်ဘီးစီးရင်း ဝင်တိုက်ထားတာ…"

"ဟုဒ္ဓေါ…!! မင်း ဘယ်သူလဲ…! မင်း ဘယ်ကလဲ…!"

ပြူးတူးပြဲတဲနှင့် ရောက်လာပြီး အော်ကြီးဟစ်ကျယ်တွေပြောကာ မိုက်တိမိုက်ကန်းတွေ မေးလာသော မမတစ်ယောက်ကို ကောင်းမင်း ဘုကြည့်ကြည့်ပစ်လိုက်သည်။ ဒါပေမဲ့ သူပြောတာတစ်ခုတော့ မှန်သည်။ ကောင်းမင်းတို့နှစ်ယောက် မြေကြီးပေါ် ထိုင်ရက်နှင့် စကားတွေပြောနေခဲ့ကြခြင်းပင် ဖြစ်သည်။

"ကျွန်တော်က လမ်းသွားပါ… အဲဒါ သူက စက်ဘီးစီးရင်း ဝင်တိုက်တယ်၊ ကျွန်တော် မြောင်းထဲထိုးကျသွားတာ မြင်တဲ့အတိုင်းပဲ…"

"တော်တော်နာသွားလားဟင်…"

မမက ကောင်းမင်းစကားကို ကြား မကြားပင် မသိ။ ကောင်မလေးကို တွဲထူပေးရင်းက မေးခြင်းဖြစ်သည်။

"ခြေထောက်ကြီးနာသွားပြီ တီလေးရဲ့ ရွှယ့်ကို တွဲပြီးပို့ပေး…"

"ကဲ… လာ… လာ… မမသိရင်တော့ နားညည်းဦးတော့မှာပါပဲ…"

"ဟာ… ဟာ… အဲဒီလို လုပ်မသွားနဲ့လေ… ကျွန်တော်က ဒီမှာ ဘယ်လိုလုပ်ရမှာလဲ၊ ခင်ဗျားတို့ ကိုယ်ချင်းစာတရားလေးတော့ ထားဦးမှပေါ့ဗျာ…"



www.burmeseclassic.com

www.burmeseclassic.com

“ကျွန်မတို့က ဘာလုပ်ပေးရမှာလဲ… ဘာမှမှ မလုပ်တတ်တဲ့ဟာကို…”

“အဲဒီလောက်တော့ အကြင်နာတရား မခေါင်းပါးနဲ့လေဗျာ… ကျွန်တော်လည်း လမ်းမလျှောက်နိုင်ဘူးဗျ”

“အမလေး… အဲဒါတော့ တွဲမပေးနိုင်ပါဘူး”

ကောင်းမင်း ကြိုးစားပြီး ထရပ်ပါသေးသည်။ သို့သော် လုံးဝ ထ၍ မရခြင်း စစ်စစ်ဖြစ်ပါသည်။ သွေးအေးသွား၍လား မသိ… ဒဏ်ရာရသည့် နေရာတွေအားလုံးက နာတာ နင့်နေကြပြီ ဖြစ်သည်။

ထိုအချိန်မှာပင် ကားဟွန်းသံပေးပြီး ကားကြီးတစ်စင်း ဝင်လာသည်။ T.E ကားကြီးတစ်စင်းဖြစ်ပြီး ကားပေါ်မှာ ဗီရိုတွေ၊ ကြောင်အိမ်တွေ… ကုလားထိုင်တွေ… အိမ်အသုံးအဆောင်ပစ္စည်းတွေ အပြည့်နှင့်…

ကောင်းမင်း တအံ့တဩ ငေးကြည့်နေစဉ်မှာပင် ကားရှေ့ခန်းမှ သူငယ်ချင်းဖြစ်သူ တောက်တဲ့က ဆင်း၍ လာသည်။

“ဟေ့ကောင်… အကောင်း ဘာဖြစ်တာလဲ…”

“ငါ မင်းတို့အိမ်ကိုလာတာ တောက်တဲ့… မင်းတို့က ဘာဖြစ်လို့ ဒီဘက်က ဝင်တာလဲ… ဟိုဘက်ကဆို ပိုမနီးဘူးလား…”

“နဂါးလှည့် မသင့်လို့တဲ့ကွ… ငါ့ဟာ ထားစမ်းပါဦး၊ မင်းက ဘယ်လိုတွေဖြစ်နေတာလဲ…”

“ဟာ… မရှိတော့ဘူးကွ… မရှိတော့ဘူး…”

“ဘာ မရှိတော့တာလဲကွ… ဘာလဲ…”

“အမျိုးသမီးနှစ်ယောက်… ခုနက အမျိုးသမီးနှစ်ယောက်… အဲဒါ ငါ့ကို စကိတ်နဲ့ တိုက်ချသွားတဲ့ အမျိုးသမီးနှစ်ယောက်…”





ကောင်းမင်းကို တောက်တဲ့က ဖေး၍ ထူပေးရသည်။ ကောင်းမင်း တစ်ကိုယ်လုံး တော်တော်လေးနာနေသည်။ ရှယ်ဆိုသည့် ကောင်မလေး နှင့် သူ့အစ်မတို့ တကယ်ကို မရှိကြတော့။ ဘယ်ခြံထဲဝင်သွားလိုက်မှန်း ပင် သေသေချာချာ မသိလိုက်။ ခြံကလေးတွေအားလုံးမှာ ပုဏ္ဏရိတ်ပင် ခြံစည်းရိုးတွေချည်းနဲ့မို့ အိမ်ထဲကို ကောင်းကောင်းမမြင်ရပါ။

အဲဒီနေ့က သူ တောက်တဲ့တို့အိမ်ပြောင်းကို ဝိုင်းသယ်ပေးသူ မဖြစ်ဘဲ၊ သူ့ကို တောက်တဲ့တို့အိမ်က ဝိုင်းပြုစုပေးလိုက်ကြ၏။ တောက်တဲ့ နှင့်က ငယ်သူငယ်ချင်းလည်းဖြစ် စားအိမ်သောက်အိမ်လည်းဖြစ်မို့ တော် ရော့သည်။

“အကောင်း… ငါလိုက်ပို့ပေးပါ့မယ်ကွာ ခဏလေးစောင့်စမ်းပါ…”

“နေပါစေကွာ… မင်းတို့အိမ်က ပစ္စည်းတွေပဲ သဘာဝကျအောင် အထာကျကျအောင် နေရာချစမ်းပါဦး၊ ငါ့ဘာသာ အေးဆေး လမ်းလျှောက် ပြန်ပါ့မယ်၊ ဖြည်းဖြည်းလျှောက်ရင် ရပါတယ်ကွ…”

အိမ်ထဲအိမ်ပြင် ပစ္စည်းတွေတပုံတခေါင်းကြီးနှင့် ရှုပ်ပွနေသော သူငယ်ချင်းကို ဘာမှမကူညီနိုင်ဘဲ လူပိုဧည့်သည်အပြင် သူလုပ်နေတာကို ရှောင်ရ ပြုရနှင့် ဒုက္ခများနေသည့်အတွက် ညနေစောင်းရောက်တာနှင့် ကိုယ့်ဘာသာကိုယ် ဖြည်းဖြည်းလျှောက်ရင်း အလာတုန်းကလမ်းအတိုင်း ပင် ပြန်လာခဲ့သည်။

သူတို့ ပြဿနာတက်ကြသည့် ကုန်းကလေးနားကိုရောက်တော့ ကောင်းမင်း ဟိုဒီ လျှောက်ရှာမိသေးသည်။ ဘယ်အိမ်ထဲကိုများ ကောင်မ လေး ဝင်သွားတာပါလိမ့်။ အတွေးလေးမဆုံးခင် ရိပ်ခနဲ တစ်ချက် မြင် လိုက်သည်။ ခန္ဓာကိုယ်မြောက်တက်သွား၏။ သွားပြီ ဆိုလောက် အသိကို

www.burmeseclassic.com


နောက်ဆုံးခံစားမှုနှင့် သိလိုက်ရလေသည်။

ဆေးရုံတက်ရသည့် (၁၀) ရက်စလုံး ကောင်မလေး ဆေးရုံကို တစ်ရက်မှ မလာခဲ့ပါ။ ကောင်မလေးအဒေါ်နှင့် ဦးလေးဖြစ်သူသာ လာကြ၏။ ကောင်မလေးအဒေါ်ကို မေးလို့ သိရသမျှက ကောင်မလေးအဖေဖြစ်သူက ဩစတြေးလျမှာဟု ဆိုသည်။ ဓာတုဗေဒပညာရှင်ဟု ဆိုသည်။ ကောင်မလေးနာမည်က 'ရည်ရွှယ်ဦး' ဖြစ်ပြီး သူ့အဖေရှိသော နိုင်ငံခြားကို လိုက်သွားလျှင် ဟိုမှာစီးရန် စကိတ်စီးသင်နေခြင်း ဖြစ်လေသည်။ စကိတ်စီးသင်တုန်းက ကောင်မလေးဝင်တိုက်တာကို နှစ်ကြိမ်ဆက်တိုက်ခံရသူမှာ သူတစ်ဦးတည်းသာ ရှိသည်ဟု ဆိုသည်။

သူ့ဆီကို ဘာဖြစ်လို့ လာမမေးတာလဲ ဆိုတော့ ကြောက်လို့ဟု ဆိုလေသည်။ မြန်မာဗီဒီယိုကားတွေထဲမှာဆိုရင် ဇာတ်လမ်းက OK နေလောက်ပြီ... ခုတော့ ဆေးရုံ (၁၀) ရက် ကိုယ်ချည်းသက်သက်ဖြစ်၏။

ဒါနှင့် ဆေးရုံကဆင်းတော့ ကောင်းမင်းက မကျေနပ်ချက်တွေကို လိုက်ပြောတာ တစ်လရှိသွားပြီ။ အခုပြောနေရတာတွေက အဲဒီလို မကျေနပ်ကြောင်း လိုက်ပြောနေတာတွေဟာ သူမှားကြောင်းနှင့် သူ့ကို ခွင့်လွှတ်ပေးပါရန်တို့သာ ဖြစ်သည်။ ကိုယ်ချစ်သွားတဲ့ မိန်းကလေးကို မကျေနပ်ကြောင်း လိုက်ပြောနေရလောက်အောင်အထိတော့ ကောင်းမင်းတို့ မအသေးကြောင်း ကောင်မလေးကလည်း သိပါသည်။ သို့သော် ကောင်မလေးက ကောင်းမင်းကို 'ရွှယ်'လို့ အခေါ်မခံသေးသောကြောင့် ကောင်းမင်းတစ်ယောက် တရွှယ်တည်း ရွှယ်နေတုန်းအဆင့်သာ ရှိပါသေးသည်။

ဒီနေ့လည်း ကောင်းမင်း 'ရွှယ်'ဖို့ စောင့်နေပါသည်။



နံဘေးက ဒေစီနှင့် သီရိ ဆိုသော ဝတီနှစ်ကောင် ငြိမ်ငြိမ်လေးနေကြရင်တော့ ချစ်ရသူတစ်ယောက်၏ဒုက္ခအချို့ကို အိုက်တင်ကလေးနည်းနည်းနှင့် ပြောလို့ရမည်ဟု ထင်သည်။

"ဒေစီတို့လာပြီ"

ထွန်းကို၏အော်သံကြောင့် လှမ်းကြည့်လိုက်တော့ သူတို့စောင့်နေသည့်လမ်းကလေးထဲသို့ ဝင်လာသော ရွှယ်တို့အုပ်စုကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဘယ်တော့မှ မလစ်ဟင်းသော နှလုံးသားစည်တိုနက်သမားက ရင်ခုန်သံကို အားရပါးရကြီး တီးပစ်လိုက်လေသည်။

သူတို့အုပ်စု ရှေ့ကဖြတ်သွားတော့ ရွှယ်နှင့် မျက်ဝန်းချင်းတစ်ချက်ဆုံသည်။ ရွှယ့်မျက်ဝန်းထဲမှာ ပျော်ရွှင်နေသောအရိပ်ကလေး ရွှင်ရွှင်မြူးမြူးရှိနေသည်ကို တွေ့ရသည်။ ရွှယ်သည် နောက်ကနေ သူလိုက်သည့်အတွက် စိတ်တိုခြင်း၊ မျက်စိမျက်နှာပျက်ခြင်း၊ ဒေါသဖြစ်ခြင်း စသည့် မလိုလားသော ငြင်းဆန်သောအမူအရာမျိုး မရှိပါ။ သူ့ဘာသာ လိုက်ချင်ရင်လိုက် ဂရုမစိုက်... ဆိုသည့် ဥပက္ခာမျက်နှာမျိုးလည်း မရှိပါ။

ရွှယ်သည် သူ့ကိုတွေ့သည်နှင့် ပြုံးတတ်သည်။ တောက်တဲ့နှင့် ဒေစီတို့ ရန်ဖြစ်ကြလျှင် တခစ်ခစ်ရယ်တတ်သည်။ ဒါပေမယ့် ခက်နေတာက ရွှယ်သည် ကောင်းမင်းကိုလည်း ချစ်ဖွယ်သောစကား... နှစ်လိုဖွယ်သောစကားတို့ကို မဆိုပါ။ ရွှယ့်ကိုလိုက်တိုင်း ဒေစီနှင့် သီရိတို့နှစ်ယောက်နှင့် ရန်ဖြစ်စကားများပြီး ပြန်ရချင် ပြန်ရ၊ စိတ်ကောက်ပြီး ပြန်ချင် ပြန်ရတာက များလေသည်။ အခုအချိန်သည် ရွှယ်တို့အဖွဲ့ ပညာပေးသမျှကို ကောင်းမင်းတို့ ခါးစည်းပြီး ခံနေရချိန်ဖြစ်သည်။

ကောင်းမင်းတို့အုပ်စု အနားကပ်သွားသည်နှင့် ရွှယ်တို့သုံးယောက်


www.burmeseclassic.com

www.burmeseclassic.com



စလုံးထံမှ ရယ်သံလွင်လွင်ကလေးတွေ ထွက်လာကြသည်။ ထိုရယ်သံသည် ရည်းစားစကားပြောရန် နောက်မှလိုက်ရသော... မဟာပုရိသတို့အတွက် ကြောက်မက်ဖွယ်ရာအကောင်းဆုံးသော ရယ်သံလည်း ဖြစ်ပါသည်။

မိန်းကလေး ဆိုသည်မှာ အကြောင်းအရာမရှိဘဲ ရယ်လေ့မရှိတတ်ကြ။ နည်းနည်းသာရယ်ရမည့်ကိစ္စကို အချိန်ကြာကြာ ရယ်မိလျှင်ပင် အပြောအဆို ခံရတတ်လေ့ရှိသဖြင့် မိန်းကလေးများအားလုံးနီးပါးသည် ရယ်စရာ၏အတိုင်းအရှည်ကို သိကြရသည်။ ရယ်စရာ၏အကြောင်းအရာကိုလည်း သိကြရသည်။ ရယ်သည်ဟူသော အဓိပ္ပာယ်သည် မိန်းကလေးတို့အတွက် သာမန်အချိန်မျိုးတွင် နှစ်မျိုးသာရှိသည်။ တစ်မျိုးမှာ ချစ်ခင်ရင်းနှီးခြင်းဖြစ်ပြီး တစ်မျိုးမှာ ထိုသဘောနှင့် ဆန့်ကျင်ဘက်ဖြစ်သော လှောင်ပြောင်ရှုံ့ချခြင်း ဖြစ်သည်။

ထို့ကြောင့် ရယ်သံသည် ချစ်ခြင်းမေတ္တာအတွက် မိန်းကလေးများအနီးသို့ ချဉ်းကပ်ကြရသော မဟာပုရိသတို့မှာ အနားရောက်သည်နှင့် မခိုင်သောစိတ်အပေါ်တွင် တင်ထားခဲ့သမျှ ယိုင်ထွက်သွားအောင်ပင် ကြောက်မက်ဖွယ်ရာကောင်းပါသည်။ ထိုအချိန်တွင် သူငယ်ချင်း တစ်ခေါ်ပဏ္ဍိလောက် ကိုယ့်နောက်မှာ ပါလာလည်း ကြောက်ရွံ့အားငယ်ခြင်းကို ခံစားရမြဲသာ ဖြစ်လေသည်။ မိန်းကလေးတို့၏ရယ်သံသည် ထိုမျှ အင်အားကောင်းလှပါသည်။

ထိုရယ်သံကြားရပြီးကတည်းက ကောင်းမင်းစိတ်ထဲတွင် ရှိသမျှသောအံ့ရာအားလုံးသည် အဓိပ္ပာယ်မရှိဖြစ်သွားပြီး တစ်လောကလုံးတွင် ရွှယ်တစ်ယောက်တည်းသာ အင်အားအကောင်းဆုံး ဖြစ်သွားလေသည်။ ထို့ကြောင့် ကောင်းမင်းသည် ရွှယ့်အနားကို ကပ်၍ မရ။ တစ်စုံတစ်ခု





သော အားအင်တစ်မျိုးမျိုးက ရွှယ့်ပတ်ပတ်လည်တွင် စက်ဝိုင်းသဖွယ် ဝန်းရံနေသလို ခံစားရလေသည်။

"ဟေ့ကောင် သီ... ဒီနေ့ မင်းရှုံးပြီ တွေ့လား အအေးတိုက်တော့"

"အေးကွာ... မမိုက်ပါဘူး ဒီနေ့ကျမှကွာ သီကတော့ သူ့ဘက်ကနေ အထင်တကြီး လောင်းထားတာ တိုက်မယ်ကွာ... တိုက်မယ်... သူရက်စက်မှတော့ တိုက်ရတော့မှာပေါ့..."

သီရိက တောက်တဲ့ကို ကြည့်လိုက် ပြုံးလိုက်လုပ်ရင်း ပြောသဖြင့် တောက်တဲ့ ဒုက္ခရောက်နေသည်။ တောက်တဲ့နှင့် ထွန်းကိုတို့မှာ ကာယကံရှင် ကောင်းမင်းထက် ပြောရဲဆိုရဲ ရှိသော်လည်း သူတို့ထက် ပိုအခွင့်အရေးရထားသော စီနှင့် သီကိုတော့ မမီချေ။ အခုလည်း သီ၏ ကွက်ကြည့် ကွက်ကြည့်အပြုံးကြောင့် တောက်တဲ့ ဒုက္ခရောက်နေသည်။ ဒီတော့ တောက်တဲ့က ထိုဘေးဒုက္ခမှ ရုန်းထွက်သည့်အနေနှင့် စကားလမ်းကြောင်းကို ပြောင်းရသည်။

"အကောင်း... ပြောလေကွာ ပြော... ပြော..."

စကားသံနှင့်အတူ တောက်တဲ့က ပခုံးဖြင့်တိုက်သည်။ ထွန်းကိုက နောက်မှ တွန်းသည်။ ဒီတော့ ကောင်းမင်း ရွှယ့်အနားသို့ ခြေတစ်လှမ်းလောက်တိုး၍ ရောက်သွားသည်ကို ကြောက်မက်ဖွယ်ရာ ပြစ်မှုကြီးတစ်ခုဟု ယူဆပြီး ကောင်းမင်းက ခြေတစ်လှမ်း အတင်းပြန်ရုတ်သည်။

"ဟုတ်တယ်... အကောင်းပဲပြော... အဆိုးမပြောနဲ့..."

စကားဆုံးတော့ ဘာရယ်မဟုတ်ဘဲ သုံးယောက်စလုံး ရယ်ကြသည်။

ထိုစည်လွင်သော ရယ်သံသည် သူတို့သုံးယောက်စလုံးကို အားနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဖိတွန်းလိုက်သလို ဖြစ်သွားပြီး နောက်သို့ ခြေလှမ်းသုံးလေးလှမ်းလောက် ပြန်ရောက်သွားကြ၏။ ထိုခြေလှမ်းသုံးလေးလှမ်းကို ပြန်ရရန်မှာ တော်တော်ကြီးကို ကြိုးစားကြရမည် ဖြစ်သည်။

တောက်တဲ့ကို ကောင်းမင်းက နှုတ်ခမ်းကိုကိုက် လက်သီးကို ထောင်ပြရင်း အသံတိတ်ကျိန်းရသည်။ တောက်တဲ့တို့ တစ်မိသားစုလုံးသည် ဘာကြောင့်မှန်းမသိ။ သူတို့နှင့်ရင်းနှီးသော လူတိုင်း၏နာမည်များကို ရှေ့တွင် 'အ' အက္ခရာထည့်ပြီး ခေါ်လေ့ရှိကြသည်။ ထွန်းကိုကိုလည်း 'အထွန်း' ဟု ခေါ်သည်။ ကောင်းမင်းကိုလည်း 'အကောင်း' ဟု ခေါ်ကြသည်။ ကာရာအိုကေမှာ 'ငယ်ကျွမ်းဆွေ' သီချင်းကို ကြားရတော့ 'မှတ်မိပါတယ် x x အတူးရေ' စာသားကြောင့်သာလျှင် သူတို့မိသားစု ခေါ်ဟန်ရှိခဲ့ကြောင်း လက်ခံ၍ရခြင်း ဖြစ်၏။ ဒါပေမဲ့ တောက်တဲ့နာမည်ကိုကျတော့ ရှေ့မှာ 'အ' ထည့်၍ သူတို့အိမ်က မခေါ်ကြ။ ဒီကောင့်နာမည်ရင်းက 'ချစ်အောင်' ဖြစ်၏။ 'အချစ်' ဆိုတော့ လူရှေ့သူရှေ့မှာ ခေါ်၍မသင့်သဖြင့် 'တောက်တဲ့' ဖြစ်သွားခြင်း ဖြစ်သည်။

"အကောင်းမဟုတ်တာတော့ သေချာတယ် စီရယ်... ဒီနေ့ကျမှ အဆိုးလုပ်လာတယ် ကြည့်ပါလား..."

သီရိစကားဆုံးတော့ ဒေစီက တောက်တဲ့ကို လှည့်ကြည့်သည်။ ပြီးတော့...

"သူတို့အိမ်မှာ ရွာက ကျောင်းထိုင်ဘုန်းကြီးတွေ ဘာတွေများ ရောက်နေလားမှ မသိတာဟ..."

ဒေစီစကားဆုံးတော့ သုံးယောက်စလုံးက တောက်တဲ့ကိုလှည့်ကြည့်ပြီး ရယ်ကြပြန်သည်။ ထိုရယ်သံက ခုနကရယ်သံထက် ပို၍ ကျယ်သည်။





တောက်တဲ့လည်း မွန်ထူနေပြီဖြစ်၏။ ခက်တာက ဘာကိုပြော၍ ဘာကိုရယ်နေကြသည်ဆိုတာကို မသိရခြင်းဖြစ်သည်။

"သိပါဘူးဟာ... ဆရာတော်ဘုရားပဲ ကြွသလား... ဘကြီးပဲရောက်သလားတော့ မသိဘူး... ငါကတော့ သူ့ကို ယုံကြည်လိုက်ရတာ၊ သတင်းတွေ ဘာတွေပေါက်သွားပြီးတော့... တမင်တကာ ငါရှုံးအောင်လုပ်တာ ဖြစ်ချင်လည်း ဖြစ်မှာ..."

"အမလေး... ဘုရားပေးပေး ကျမ်းပေးပေးပါတော် ဒီသတင်းမပြန့်စေရပါဘူး၊ စ,တာကလည်း မ,ဖုရားပဲ စ,တာပါ"

"ဒီလောက်ရက်စက်မယ်မှ မထင်တာဟ... နေဦး... နေဦး... သိပြီ... သိပြီ... အဲဒါကို ငါမေးကြည့်ရဦးမယ်..."

"ဘာကိုမေးမှာတုန်းဟ..."

"ဩော်... သူတို့ ဒီနေ့ အလှူတွေ ဘာတွေများ ဝင်ခဲ့ကြသလားလို့ပါ..."

တောက်တဲ့ကိုကြည့်ပြီး သုံးယောက်ရယ်ကြပြန်သည်။ တောက်တဲ့လည်း ဘလိုင်းကြီးအဆော်ခံနေရသဖြင့် မျက်နှာကြီးနီရဲ၍ နေသည်။ ရွယ်တို့အဖွဲ့၏ ရည်ရွယ်ချက်က ရိုးရိုးကလေးပင် ဖြစ်သည်။ သူတို့နောက်ကို လိုက်နေသော ကောင်းမင်းတို့အဖွဲ့၏ အချိန်ကို ခိုးယူကြခြင်းပင် ဖြစ်သည်။

ကောင်းမင်း အခုလိုက်စကားပြောဖို့ ရွေးချယ်ထားသော စောင်စက်ရုံဘေးလမ်းက လူရှင်းသည်။ အနှောင့်အယှက်နည်းသည်။ ဒီလမ်းကလေးထဲကလွတ်လျှင် ကားလမ်းမကို ရောက်သွားပြီး ကားတွေ... လူတွေ... လက်ဖက်ရည်ဆိုင်... လမ်းဘေးစားစရာဆိုင်တွေနှင့် စည်ကားနေသောကြောင့် ကောင်းမင်းတို့ အခွင့်မသာတော့။ ရွယ်တို့နောက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြရုံသက်သက်သာဖြစ်သည်။ ထိုစောင်စက်ရုံလမ်းကလေးကို ဖြတ်ချိန်တွင် ကောင်းမင်းစကားပြောခွင့်မရအောင် အချိန်ခိုးကြခြင်းဖြစ်သည်။

မနေ့က ထွန်းကို ခံရသည်။ ဒီနေ့ တောက်တဲ့အလှည့် ဖြစ်သွား၏။ သူ့ကိုတော့ သီနဲ့ စီတို့က စ,ခဲပါသည်။ ကောင်းမင်းနှင့် ရွယ်က အဓိက လူတွေမို့ ရှောင်ခြင်းဖြစ်လိမ့်မည်။

"ဟာ... အဲဒါဆိုရင်တော့ မှားကုန်ပြီဗျာ... ဒီကိစ္စကို ရှင်းမှကို ဖြစ်တော့မယ်..."

"အမလေး... လန့်လိုက်တာ... ရုတ်တရက်ကြီးဆိုတော့ ဘာဖြစ်တာလဲဟင်..."

ထွန်းကို ထပြောသည့် စကားသံကြောင့် သီက လန့်သွားသလို ရင်ဘတ်ကို ဖိ၍ ပြောသည်။

"ငါလည်းမသိဘူး သီ... အမေရွှေနသော ဝင်လာတာလား မသိဘူး၊ ချက်ချင်းကြီးနော်... ဟဲ့... ယပ်တောင်လေး... ဘာလေးသွင်းစမ်း... သွင်း..."

ဟန်ပါပါလုပ်ရင်း ပြောသည့် ဒေစီ့စကားကြောင့် သူတို့ ရယ်ကြပြန်သည်။ ကောင်းမင်းတို့ပင် နည်းနည်းပြုံးမိသွားသည်။

"မှားကုန်ကြတာပါဗျာ... မှားကုန်ကြတာပါ"

"မိန့်တော်မူပါ အမေ... သမီးတို့က အမိုက်အမဲကလေးတွေပါ..."

ဒေစီက လက်အုပ်ကလေးချီရင်း ပြောသဖြင့် တစ်အုပ်စုလုံး ရယ်ဖြစ်ကြသည်။ ထွန်းကို ဘာပြောပြော သိပ်ထိရောက်ဖို့က မလွယ်လှပါ။

"မင်းတို့က ဒီနေ့ တောက်တဲ့ တီရှပ်အင်္ကျီ ပြောင်းပြန်ဝတ်လာမလာ လောင်းထားကြတယ် မဟုတ်လား"





"ဘုရား... ဘုရား... ဟဲ့... သီရယ်... ကြည့်စမ်း... အမေက တို့လုပ်တာ တွေအားလုံးကို သိနေပါလား... အမေရယ်... သမီးတော်တို့ကို ခွင့်လွှတ်ပေးပါ... အမေရယ်..."

ရယ်သံက တဝေါဝေါဖြစ်၍ သွားသည်။ ဒေစီက လက်အုပ်ကို ရင်အစပ်မှာချီထားရင် ရင်ဘတ်ကို ရိုက်၍ရိုက်၍ ပြောသောကြောင့် ဖြစ်၏။ လူရှင်းသည့်လမ်းကလေးထဲမှာမို့ ပြဇာတ်တိုကလေးတစ်ခု က, နေသလို ဖြစ်နေသည်။

ဒေစီ၏လက်အုပ်ချီဟန်နှင့် နတ်သံအနေ့ာတွင် ပိတ်မိနေသော ထွန်းကိုက အကြံရသွားသလို မျက်နှာတစ်ချက် ဝင်းခနဲဖြစ်သွား၏။

"အေး... အမေက ခွင့်လွှတ်ပါတယ်... ခွင့်လွှတ်တယ်... အဲဒါ ဘာကြောင့်လဲ... ဆိုတော့ ဟောဒီက နှမတော်လေးကို မောင်တော်က ချစ်လို့..."

"အာ..."

ထွန်းကိုစကားဆုံးတော့ ဒေစီ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ကောင်းမင်းတို့ကလည်း တိတ်ပေးထားကြ၏။

"အခုဝင်တာက အမေမဟုတ်ပါဘူး မင်းကြီးမင်းလေးက အစ်ကို အကြီးပါ... နှမကလေးနဲ့ ဘဝပေါင်းသုံးရာကျော် ချစ်သူတော်ခဲ့တဲ့ ကိုယ်တော်ပါ နှမရဲ့..."

"အာ... ဘာတွေလာပြောနေတာလဲ..."

"အမလေး... လေး... ပြောရက်လိုက်တာ နှမတော်ရဲ့၊ ဘဝတွေခြားလို့များ စကားတွေ စိမ်းတော်မူလိုက်သလား... ဟင်... စကားတွေ စိမ်းတော်မူလိုက်သလား နှမရေ... နှမရဲ့..."


www.burmeseclassic.com

www.burmeseclassic.com

ထွန်းကို၏ နတ်သံနှောသော ငိုချင်းချသံအဆုံးမှာ ဒေစီကလွဲ၍ အားလုံး ရယ်ကြလေသည်။ ဒေစီကတော့ ရယ်လည်းရယ်ချင် ရယ်ခွင့်ကလည်း မရသဖြင့် ရယ်ချင်နေသည့်နှုတ်ခမ်းကို အတင်းလိုက်ကိုက်ထားရင်း ခြေကို ဆောင့်လေသည်။

"လမ်းမပေါ်မှာ မရှက်မကြောက်... သွားသွား... လာမပြောနဲ့..."

"နမတော်ရယ်... ဘ၀ပေါင်းများစွာက ချစ်ခဲ့ရဖူးတဲ့ မေတ္တာအဟုန်နဲ့ ဘယ်သူ့ကို ကြောက်ရဦးမှာလဲ... နမတော်ရဲ့... နမတော်စကားက စိမ်းကားတော်မူလှချည်လား..."

"ပ... ပေ... ပတ်ဖေ... ဂျိ... ဂျိ..."

တောက်တဲ့က ပါးစပ်ဆိုင်းလိုက်ပြီး ထွန်းကိုအော်သံကို ဖြည့်ပေးလိုက်တော့ ရယ်ကြပြန်သည်။

"နင်တို့ကလည်းဟာ... ဘာဖြစ်လို့ လိုက်ရယ်နေရတာလဲ... ဟုတ်တယ်..."

ဒေစီက စိတ်ညစ်ညစ်နှင့် သူ့အဖွဲ့ကို ခြေဆောင့်၍ အော်သည်။ ရွှယ်က လှမ်းကြည့်တော့ အကြည့်ချင်းဆုံကြသည်။ ရွှယ့်နှုတ်ခမ်းဖူးဖူးကလေးပေါ်တွင် ဖူးပွင့်နေသောအပြုံးနှင့် မျက်ဝန်းတို့တွင် တောက်ပနေသော ပျော်ရွှင်မှုအရောင်တို့သည် ကောင်းမင်းရင်ထဲကို ရင်းနှီးစွာဝင်ရောက်လာသည်။ ကောင်းမင်း ရွှယ့်အနားသို့ ကပ်လိုက်၏။

"ရွှယ်..."

တိုးညင်းသော ကောင်းမင်း၏ခေါ်သံက ရွှယ့်ကို တုန်လှုပ်စေသည်။

"ရွှယ့်ကို ကောင်းချစ်တာ သိတယ်နော်..."

ခေါင်းကိုငုံ့ပြီး လမ်းလျှောက်နေသဖြင့် ရွှယ့်ခေါင်းက ညိတ်တာလား ဘာလားဆိုတာကို ကောင်းမင်း မကွဲပြားပါ။ ဘာကြောင့်မှန်းတော့မသိ ကောင်းမင်းနှင့် ရွှယ်တို့ ပြိုင်တူခြေလှမ်းတွေ နှေးသွားကြသည်။ သူတို့ခံလာကတွင် အခြားအသံတွေ တိတ်သွားကြသည်။ လမ်းလျှောက်နေတာ ကိုယ်လက်လှုပ်ရှားနေကြတာတွေ အားလုံးကို မေ့သွားကြသည်။

"ရွှယ့်စကိတ်ကလေးကို အရမ်းကျေးဇူးတင်တယ် သိလား..."

"ဘာဆိုင်လို့လဲ..."

"ရွှယ့်ချစ်သူကို တိတိကျကျရွေးချယ်ပြီး ဝင်တိုက်ပေးလို့လေ..."

"ဘာမှမဆိုင်ဘူး..."

"ဟုတ်တယ်လေ... အဲဒီလို ဘာအကျိုးအကြောင်းမှ မပါဘဲ ဘာမှမဆိုင်ဘဲ ဖြစ်လာလို့လည်း ဒီလောက်အထိ လှသွားတာပေါ့... ပြန်တွေးမိတိုင်း ရင်ခုန်တယ်..."

"စိတ်ညစ်ပါတယ်..."

"မညစ်ပါဘူး ရွှယ်က ပြုံးနေတဲ့ဟာကို..."

"မပြုံးပါဘူးနော်... သူ့ဘာသူ ပြုံးတာပါ..."

"ဒါဆို ရွှယ့်နှလုံးသားက နားမလည်သေးခင် နှုတ်ခမ်းကလေးက အရင်နားလည်ပေးတာပေါ့... ဟုတ်လား... ဒါဆို နှုတ်ခမ်းကလေးကို အရမ်းချစ်သွားပြီ..."

"အာ..."

"ရွှယ် ရင်ခုန်နေလားဟင်..."

"ခုန်တာပေါ့... ရင်မခုန်ရင် သေသွားမှာပေါ့..."

"အသက်ရှင်ဖို့လောက်ပဲ သာမန်ရင်ခုန်တယ်... ဆိုရင် ရွှယ့်မျက်ခန်းလေးတွေက အဲဒီလောက် မတောက်ပါဘူး... ရွှယ်ရယ်... ရွှယ်ရင်ခုန်တာက သွေးသားအလိုအရ ခုန်တာမှ မဟုတ်ဘဲ... ခံစားချက်ကြောင့် ခုန်တာပါ... ဟုတ်တယ်နော်..."




www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး..."

"ဒါပေါ့... သူက ရွှယ့်ကိုတော့ ဘယ်အသိပေးဦးမလဲ... ကြောက်နေတာပေါ့... ရွှယ်ရင်ခုန်တာကို ကိုယ်တို့ကပဲ မြင်နေရတာ..."

"အာ... စိတ်ညစ်တယ်ကွာ..."

"မညာပါနဲ့ ရွှယ်ရာ... နှုတ်ခမ်းလေးက ပြုံးနေတဲ့ဟာ..."

"ရွှယ်... ကိုယ့်ကို ချစ်တယ် မဟုတ်လားဟင်..."

"............"

ထိုတဒင်္ဂသည် လောကကြီးတွင် ဘာမှမရှိတော့သလို တိတ်ဆိတ်၍ သွား၏။ ကောင်းမင်းနှင့် ရည်ရွှယ်ဦးတို့နှစ်ယောက်ပင် မရှိတော့သလို ဖြစ်သွားသည်။ တစ်ခုတည်းသောခံစားမှုမှာ နှစ်ခု ခဏပူးပေါင်းလိုက်ရသလို ရင်ခုန်သံတွေ ထိုးတက်သွားကြ၏။ တစ်လောကလုံး 'လင်း' ခနဲ တစ်ချက်ဖြစ်သွားသလိုလည်း ခံစားလိုက်ရ၏။

နှလုံးသားနှစ်ခုထဲတွင် အချစ်ဆိုသော အဏုမြူဗုံးသည် တစ်ပြိုင်နက်ထဲ ထ၍ ပေါက်ကွဲသွားလေသည်။ ထိုတဒင်္ဂသည် သူတို့နှစ်ယောက် ဘဝအသီးသီးတွင် အချိန်နှင့် ကာလကို လွန်ဆန်ခဲ့သော တဒင်္ဂလည်း ဖြစ်သည်။

"လာ... ရွှယ်... လာ... လာ..."

သီရိက ရွှယ့်လက်ကိုဆွဲ၍ ဘေးဘက်သို့ ထွက်သွားသည်။ တဒင်္ဂ ဟင်းလင်းဖြစ်နေသော အရာထဲသို့ တစ်လောကလုံးကို အရှိန်ထိုးထည့်လိုက်တာ ခံလိုက်ရသဖြင့် ကောင်းမင်း၏စိတ်အာရုံသည် လွင့်ထွက်သွားသည်။ ကောင်းမင်းနှင့် ခဏတာကင်းလွတ်သွားသော ပစ္စုပ္ပန်သည် အမော တကောပြန်ဝင်လာခြင်း ဖြစ်၏။





"အအေးဆိုင်ထဲဝင်တာ... လိုက်ဝင်မယ်ကွာ... အကောင်း... လာလေ... ဝင်မှာ မဟုတ်လား"

"ဟင်... အေး..."

ကောင်းမင်း ခုထိ ပစ္စုပ္ပန်နှင့် အသားမကျသေး။ ထွန်းကိုတို့ ခေါ်သောဆိုင်လေးထဲသို့ ဝင်ခဲ့သည်။

"ဟော့ကောင်... ဝိုင်းချင်း ကပ်မထိုင်နဲ့... သူတို့ကို ခပ်လှမ်းလှမ်းက မြင်ရတဲ့နေရာက ထိုင်..."

ကောင်းမင်း အခုမှ ပစ္စုပ္ပန်နှင့် ပြန်ရင်းနှီးအောင် လုပ်နေရသည်။ ကေတ္တ သိနှင့် စီ ထွန်းကိုတို့ဒဏ်ကို မခံနိုင်တော့ဘဲ ဆိုင်ထဲ ဝင်ပြေးကြ ဟန်တူသည်။ ကောင်းမင်းလှမ်းကြည့်တော့ သူ့လိုပဲ အူတူတူဖြစ်နေသော ရွှယ့်ကိုလည်း တွေ့ရလေသည်။ ရွှယ်သည် အအေးဆိုင်ထိုင်သည့်တစ်ချိန်လုံး ကောင်းမင်းကို မျက်ဝန်းချင်းမဆုံအောင် နေ၍သွားသည်။

ရွှယ်တို့ ထသွားတော့ ကောင်းမင်းဘဝသည် ဘာအဓိပ္ပာယ်မှ မရှိတော့သလို ဖြစ်၍ ကျန်ခဲ့လေသည်။

ပြန်လှည့်မကြည့်မှန်း သိရက်နှင့် လိုက်ကြည့်နေရသော အကြည့်ကလေးတွေ ဝမ်းနည်းနေကြသည်။ မကြားရမှန်းသိရက်နှင့် လှမ်းပြောနေကြသော စိတ်ကူးထဲက စကားလေးတွေ ဆွေးမြည့်နေကြသည်။ တစ်ဖက်သတ် သတိရနေရတာလောက် အရာမထင်တာ လောကတွင် ဘာမှမရှိ။ သူသာ သိပ္ပံပညာရှင်ဆိုလျှင် တစ်ဖက်သတ် သတိရနေရသော ခံစားမှုကို ဖမ်းယူပြီး ပြန်လည်လွှင့်ထုတ်ပြပေးသော စက်ကို တီထွင်ချင်သည်။

'အချစ်'သည် ပိုင်ဆိုင်ခွင့်မရသေးခင်တွင် တန်ဖိုးထားချင် ထားသလောက် 'ဒုက္ခ'အဖြစ် အယောင်ဆောင်နေလေ့ ရှိတတ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

တိတ်ဆိတ်ငြိမ်သက်နေသော ပန်းခြံကလေးထဲက သစ်ပင်ကလေး တွေပေါ်ကို ညနေခင်း နေရောင်ခြည်ကျနေပုံက ကြည့်၍ကောင်းနေသည်။ အစိမ်းရောင်အားကောင်းသော သစ်ရွက်တွေပေါ်မှာ နေရောင်ခြည်က လေးလေးနက်နက် ဝင်းပနေပြီး အစိမ်းရောင်ဖျော့သော သစ်ရွက်တွေပေါ် မှာကျတော့ လွတ်လပ်ရွှင်မြူးစွာ ဝင်းပနေသည်။

ဖေဖေ ခုနကပင် ရေလောင်းပြီးကာစမို့ ပန်းခြံကလေးသည် ရေစို နေသော သစ်ရွက်ရနံ့နှင့် မွှေး၍နေသည်။ အရင်တုန်းက ပန်းခြံကလေး ထဲမှာ အခုလို သစ်ရွက်ရေစိုရနံ့ရလျှင် တစ်ခုခုကို ငယု တက်ကြွလာတတ် စမြဲ အခုတော့ အဲဒီလိုမဟုတ် ငယုစိတ်တွေ လေးလံထိုင်းမှိုင်း၍နေသည်။ ဘာကိုမှန်းမသိ အလိုမကျဖြစ်နေသည်။ ဘာလုပ်ရလျှင် ကောင်းမလဲ ဆိုတာ ကို ရေရေရာရာမရှာနိုင်သော စိတ်ကိုပင် ပြန်စိတ်တိုနေမိသည်။ ဒီလိုမျိုး





တစ်လတစ်ကြိမ် စိတ်တိုရသည့်ဒုက္ခကို ငယု မလိုချင်ခဲ့ပါ။

အဲဒီလိုအချိန်မျိုးတွေမှာ ငယုသည် သူ့ကိုယ်သူ အကြီးအကျယ် မုန်းနေသော လူတစ်ယောက် ဖြစ်နေခဲ့သည်။ ခရုတစ်ကောင်လို သူ့အပေါ်ခွံ ကို ချွတ်ပြီး ထားခဲ့လို့ရလျှင် ထားခဲ့ချင်သည်။ ဒီလိုနေ့တွေမှာ ငယုသည် တစ်ခုခုကို ဆုံးရှုံးပြီး ဝမ်းနည်းနာကျင်နေသည့် ဝေဒနာကို တိတ်တိတ် ကလေး ခံစားနေခဲ့ရသည်။ သူ့ကိုယ်သူ ယုံကြည်ခဲ့ရသမျှ ဘာတစ်ခုမှ ပြန်မရအောင် ဟန်ဆောင်ကောင်းသူတစ်ယောက် ဖြစ်နေခဲ့သည်။ ပြီးတော့ ဒီလိုနေ့မျိုးမှာ ဘယ်သူနဲ့မှ မတွေ့ရအောင် သူ့အိမ်ထဲမှာပဲ နေလေ့ရှိသည်။

ဒါပေမဲ့ ငယု အခု အိမ်ထဲမှာ နေချင်စိတ်မရှိ။ အပြင်ဆိုလို့လည်း အဝေးကြီးကို သူမသွားချင်။ တစ်ယောက်ယောက်နဲ့ စကားပြောလိုက်ရလျှင် စိတ်ပြေကျေနပ်သွားမှာလား...! TV Game တစ်ပွဲလောက် သွား ကစားလိုက်ရမှာလား...! ဘီလိယက်တစ်ပွဲလောက် သွားကစားရရင် ကောင်းမလား...!

ငယုသည် သူလုပ်နိုင်သော မေးခွန်းပေါင်းများစွာနှင့် လေးလံ ထိုင်းမှိုင်းနေသော ဝမ်းနည်းငြိမ်သက်နေသော သူ့စိတ်ကို အမျိုးမျိုးလတ် ဆတ်အောင် လုပ်ကြည့်နေသည်။ ငယုစဉ်းစားလို့ရသမျှ အရာတွေအားလုံး က ငယုကို အဲဒီစိတ်ကြီးပျောက်သွားအောင် လုပ်ပေးနိုင်စွမ်း မရှိ။ ဒီတော့ ငယု ရေစိုပြီးကာစ ပန်းခြံကလေးထဲက ထွက်လိုက်သည်။ အိမ်ထဲ ပြန် ဝင်ပြီး အင်္ကျီအဝတ်အစားလဲပြီး တစ်နေရာရာကိုသွားဖို့ ဆုံးဖြတ်လိုက် သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုပြန်ရောက်တော့ ရွှယ် ရင်တွေဘာတွေ တုန်နေသည်။

သူတို့ခုခံစစ်သည် တဖြည်းဖြည်းချင်း ကျဆုံးလာနေပြီ ဆိုတာကို ရွှယ်သိခဲ့တာ ကြာပြီဖြစ်သည်။ ရွှယ့်ကို သူစ,လိုက်တုန်းကတော့ ပျော်စရာ ကောင်းခဲ့သည်။ သူငယ်ချင်းတွေတွေ့ပြီး အားလပ်နေသည့်အချိန်တွေမှာ သူ့အကြောင်းကို နေကြာစေ့ဖြင့် မြည်းကြသည်။ ကိုရီးယားကင်နှင့် မြည်းကြသည်။ ကောင်းမင်းအကြောင်းသည် ကိုရီးယားဇာတ်လမ်းတွဲအကြောင်းပြီးလျှင် အကောင်းဆုံး ဒုတိယဦးစားပေး ပြောစရာ ဖြစ်လာသည်။

ကောင်းမင်းအကြောင်း ပြောရသည်က တခြားလိုက်ပြောကြသည့် လူတွေနှင့် မတူဘဲ အားလုံးက စိတ်ဝင်တစားပြောကြရခြင်းမှာ ကောင်းမင်းက ရွှယ့်ကို လိုက်ခြင်းဖြစ်သော်လည်း အားလုံးနှင့် ပတ်သက်နေသောကြောင့် ဖြစ်သည်။

ခုခံရေး၊ စကားလမ်းကြောင်းပြောင်းရေး၊ ဦးတည်ချက်မှ သွေဖည်သွားအောင် ဝင်ရှုပ်ရေးတို့ကို တာဝန်ယူထားကြသော သီရိနှင့် ဒေစီတို့ကလည်း ကောင်းမင်းအကြောင်းကို ပြောရတာ ဝမ်းသာအားရရှိကြသည် မဟုတ်လား။





အဲဒီအချိန်တုန်းကတော့ သူတို့အုပ်စုသည် ကောင်းမင်းတို့ကို တိုက်တိုင်းနိုင် ဖြစ်ခဲ့သည်။ သီရိနှင့် ဒေစီနှစ်ယောက် နှိပ်ကွပ်မှုက တော်ရုံလူဆိုလျှင် လစ်လောက်ပြီဖြစ်သော်လည်း ကောင်းမင်းတို့အုပ်စုကတော့ စက်ရုံလမ်းကလေးကို ကွေ့လိုက်သည်နှင့် စောင့်နေကျနေရာမှာ တွေ့ရမြဲဖြစ်သည်။

အဲဒီလို တွေ့လိုက်ကြရလျှင် နှိပ်ကွပ်ရေးတာဝန်ကို ယူကြရသော သီနှင့် စီတို့ကလည်း နှုတ်ခမ်းတပြင်ပြင် စကားလုံးတဆင်ဆင်နှင့် ရှိနေတတ်ကြသည်။ ဒီနေ့ ဘာကိစ္စကို ပြောပြီး ဘယ်လိုနှိပ်ကွပ်လိုက်မည် ဆိုတာကို စကားဆင်ရင်း သီနှင့် စီသည် တစ်ခါတရံ ရန်တွေ ဘာတွေ ဖြစ်ချင်ဖြစ်လိုက်သေးသည်။

ဒါ့ကြောင့် သူတို့ကိုယ်တိုင် ပါဝင်ခွင့်ရသော သူတို့ကိုယ်တိုင်အရေးတကြီး တိုက်စစ်မှူးနေရာက နေကြရသော ကောင်းမင်းတို့လိုက်သည့်ကိစ္စကို ပြောကြသည့်အခါ တက်တက်ကြွကြွ ရှိကြခြင်းပင် ဖြစ်သည်။

အခုတော့ အခြေအနေက အဲဒီလိုမဟုတ်တော့။

ကောင်းမင်းတို့က ဗျူဟာကို ပြောင်းလာသည်။ ထွန်းကိုနှင့် ကောက်တဲ့တို့က ကောင်းမင်းအတွက် လိုက်ကူညီပေးသည့်နေရာတွင် မနေတော့ဘဲ သူတို့ကိုယ်တိုင်က သီနှင့် စီကို ရည်းစားစကားလိုက်ပြောဖို့ ကြိုးစားလာကြသဖြင့် ဟိုနှစ်ကောင်လည်း ဒုက္ခတွေရောက်ကာ ကိုယ့်ကိုယ်ကိုယ်ကျတော့ ခုခံကာကွယ်ရေးစနစ်တွေ ဖရိုဖရဲဖြစ်လာ၏။ ဒီတော့ သီနှင့် စီသည် သူ့ကို မကူညီနိုင်တော့။

ဒီနေ့တော့ ဂျပန်သင်တန်းကျောင်းမှာ သီရိက ပွင့်ပွင့်လင်းလင်း ဖွင့်မေးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်တို့ ပညာပေးတာ များနေပြီကွာ… ပြီးတော့… အဟဲ… နိုက်တာလည်း နိုက်နေပြီကွ…"

"ဟယ်… ကြည့်စမ်း… ခွေးမလေး… ငါတို့ကို အလကားနေရင်း ဘောင်ချာဖြတ်နေတာပေါ့… ကြည့်စမ်း…စီ… ကြည့်စမ်း… တေမ ပြောတာ ကြားရဲ့လား…"

"ကြားပါ့… ကြားပါ့… ဒါ့ကြောင့် ချိုင်းကြားထဲ မဝင်နဲ့လို့ ရှေး လူကြီးတွေက ပြောတာပေါ့…"

"ချိုင်းကြား မဟုတ်ပါဘူးဟာ… ကြားသုံးကြားပါ… နင်က လည်း…"

"ချိုင်းကြားလည်း ကြားပဲဟာ… မင်း အဲဒီလို သဘောထားဖောက် ပြန်နေတာ ဘယ်လောက်ကြာပြီလဲ ရွှယ်… အဲဒါကိုပြောစမ်း… ငါတို့ ဘယ်လောက်မိုက်တီးကျခဲ့သလဲ ဆိုတာကို သိရအောင်…"

ဒေစီက ယမမင်းဒီဇိုင်းမျိုးလုပ်ပြီး မေးသည်။ ရွှယ်က မညာတတ် ပါ။ အမှန်အတိုင်းပဲ ဖြေပါသည်။

"မင်းတို့က အရမ်းနှိပ်ကွပ်တော့ ခံရတဲ့သူကို သနားတာပေါ့ကွ၊ အဲဒီသနားစိတ်ကလေးနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ဆိုပါတော့…"

"နားလည်ပြီကွာ… ဒါပေမဲ့ မိန်းကလေးဆိုတာက ဒီလိုကိစ္စတွေမှာ အခြေအနေက ပေးတော့မှ လိုက်လျောသလို ပေးရတာနော်… မင်း… ပေါ့ပေါ့ကလေးနဲ့တော့ အဖြေမပေးလိုက်နဲ့နော်… အဲဒါတော့ ကတိပေး…"

"အာ… အေးပေါ့ကွ… ငါနားလည်ပါတယ်၊ ဒါ့ကြောင့်မို့ ဒီ လောက် ကြာနေတာပေါ့၊ စိတ်ချပါ… သိက္ခာကိုတော့ ကိုယ် အမြဲတမ်း လေးစားပါတယ်… လိုက်ပြောတဲ့ လမ်းပေါ်မှာတော့ ကိုယ် ဘယ်တော့မှ





အဖြေမပေးဘူးဆိုတာ ကတိပေးတယ်ကွာ…"

ဒီတော့မှ ဝေါ်တွေ ကျေနပ်သွားသည်။ ဒါပေမဲ့ ခက်နေတာက သူတို့ နေ့တိုင်းတွေ့သည့်နေရာက လမ်းပေါ်မှာချည်းပဲ ဖြစ်နေသည်။

ဒီနေ့တော့ သူတို့ဘက်က တစ်စစယိုယွင်းနေသောခံစစ်ကို သူတို့က ကောင်းကောင်း အသုံးချသွားခဲ့သည်။ အအေးဆိုင်ထဲမှာ တောက်တဲ့က အရင် ဒေစီဘေးနားကို ဝင်ထိုင်သည်။ အဲဒါကို ဒေစီက ထိထိရောက်ရောက် မဖြေနိုင်တော့ ထွန်းကိုပါ ရောက်လာသည်။ နောက်ဆုံးကျမှ သူရောက် လာပြီး အဖြေအတင်းတောင်းသည်။

နောက်ဆုံးရင်ခုန်သံကို လိမ်ရတာ ရက်လာတာနဲ့ အဖြေပေးလိုက် မယ် စိတ်ကူးနေတုန်း မီးသတ်ကားဥသြသံတွေကြောင့် စကားလမ်း ကြောင်းတွေ ပြောင်းကုန်ပြီး ဒေစီတို့က အတင်းစကားဖြတ်၍ နှုတ်ဆက် ထွက်လာခဲ့သဖြင့် ဒီနေ့ ပြီးခဲ့ခြင်းဖြစ်၏။ နောက်တစ်နေ့ကျရင်တော့ မျက်နှာတွေ့မိတာနဲ့ ဘာပြောရမှန်း မသိတော့။ 'ပြေးဖို့သာရှိတော့သည်' ဟု စဉ်းစားရင်း ရင်မောရသည်။

ရေခဲသေတ္တာထဲက ရေတစ်ပုလင်းထုတ်သောက်ရင်း ဖေဖေ့အတွက် မုန်လာဥချဉ်ဖတ်ထည့်ဖို့ မုန်လာဥကလေးတွေကို သန့်ရှင်းနေသော မေမေ့ ကို ကြည့်ရင်း အလိုလို မလုံမလဲဖြစ်နေမိသည်။ အမေနှင့် အဖေကတော့ ဘာမှသိမည်မဟုတ်။ သူတို့သမီးကို ရိုးရိုးကလေးဟုပဲ ထင်ကြလိမ့်မည်။ ဒါပေမဲ့ သူတို့သမီးလေးကတော့ ဥယျာဉ်ထဲက ထွက်ပြေးဖို့ စောင့်နေ တဲ့ ပန်းပွင့်ကလေးတစ်ပွင့် ဖြစ်နေပြီ။ လေပြည်ညင်းထဲမှာ သူ့ဝတ်ဆံ ရနံ့လေးတွေကို အသာအယာ ခိုးခိုးထည့်ပေးတတ်နေပြီ။

ရွှယ်သည် ဘာမပြော ညာမပြော မေ့နံဘေးနားတွင် ဝင်ထိုင်ပြီး


www.burmeseclassic.com

www.burmeseclassic.com



မေ့လိုပဲ မုန်လာဥကလေးတွေကို ဝိုင်းပြီး သန့်စင်ပေးနေမိသည်။

"ဟဲ့... အခုမှ ကျောင်းကပြန်လာတာမဟုတ်လား... သမီး သွား နားချည်လေ... သွားသွား... ဒါ မေ့ဘာသာလုပ်လည်း ရတာပဲ..."

မေ့စကားကြောင့် မိဘမေတ္တာသည် ပိုလို့လေးနက် လှပသွားခဲ့သည်။

"ရပါတယ် မေရဲ့... ရွှယ်လည်း အားနေတာပဲ၊ ပြီးတော့... မေ လုပ်နေတာကို မြင်ပြီး ဝိုင်းလုပ်ပေးချင်တဲ့စိတ် ဝင်လာလို့..."

"အေး... သာဓုပါ... သာဓုပါကွယ်... သမီးဖေဖေ ကိုဂျီးများ အတွက်ဆိုတော့ သမီးလေး ကုသိုလ်ရတာပေါ့..."

"မေမေ..."

"ဘာလဲ... ဒီကလေးမလေး ဒီနေ့ ဘာဖြစ်နေလဲ..."

"မေကလည်း သမီးက မေးစရာရှိလို့... ဟိုလေ... မေက ဖေဖေ့ ကို သိပ်ချစ်တာပဲလားဟင်..."

ရွှယ့်စကားကြောင့် မေမေသည် ရွှယ့်ကို တအံ့တဩကြည့်လေ သည်။

မေ့မျက်နှာပေါ်မှာ ရှက်ရွံ့အံ့ဩနေပုံကို အထင်းသားမြင်လိုက်ရ ကတည်းက သူ ပါးစပ်ထဲရှိတဲ့ စကားလုံးတွေနဲ့ စိတ်ထဲရှိတာကို မေး လိုက်မိတာ မှားပြီဟု စိတ်ထဲက သိလိုက်မိသည်။

"သမီး... ဘာဖြစ်လို့ အဲဒီလိုကိစ္စမျိုးတွေကို မေမေ့ကို လာမေး တာလဲ သမီး..."

"အာ... ဒုက္ခပါပဲ... သမီးလေ ဘယ်လိုဖြစ်ပြီးတော့ စိတ်ထဲ ပေါ်လာတာကြီးကို သွားပြောလိုက်မိတာလဲ မသိဘူး မေ..."

"မရည်ရွယ်ဦးဆိုတာ ရှိလားဟင်..."





အိမ်ပေါက်ဝလှေကားက မေးသံကြောင့် သားအမိနှစ်ယောက် စလုံး လှည့်ကြည့်လိုက်ကြတော့ ဆယ့်သုံးလေးနှစ်အရွယ် ကောင်လေး တစ်ယောက်ကို တွေ့ရသည်။

"ဘာကိစ္စရှိလို့လဲဟင်..."

"ကျွန်တော်တို့ နွေဦးအအေးဆိုင်မှာ အစ်မတို့ ထိုင်သွားတယ် မဟုတ်လား... အစ်မတို့ထိုင်သွားတဲ့ ထိုင်ခုံမှာ စိန်နားကပ်တစ်ဖက် တွေ့လို့ အစ်မတို့ပစ္စည်းလားလို့ လာမေးတာပါ..."

"စိန်... နား... ကပ်..."

သားအမိနှစ်ယောက် ပြိုင်တူရွှတ်လိုက်မိရင်း ရွှယ်က သူ့နားကို သူကိုင်မိသည်။ မေမေက ရွှယ့်ကို လှမ်း၍ကြည့်သည်။ ရွှယ့်စိန်နားကပ် ကလေးကတော့ ရှိသားပဲ...။

"မေ... ဒါဆို ဟိုကောင် ဒေစီ... ဒေစီ့နားကပ်ဖြစ်မယ် ထင်တယ်၊ မီးသတ်ဥဩသံကြားတော့ သမီးတို့ဆိုင်က ကမန်းကတမ်းထွက်လာခဲ့ ကြတာ... ဟိုကောင့်ပစ္စည်းလား မသိဘူး..."

"ဟဲ့... မီး... မီး... ဟုတ်လား... မီးက ဘယ်မှာလောင်တာလဲ ငါလည်း ဥဩသံ မကြားလိုက်ရပါလား..."

"အာ... မေကလည်း ရွှယ်တို့ ပြန်မလာခင်တုန်းကပါ၊ ကြာပါပြီ ကဲ... မေက ဒေစီတို့အိမ်ကို ဖုန်းဆက်ပေးထား၊ သမီးက လိုက်သွားပြီး ဟုတ်ရင် ပြန်ယူလာခဲ့မယ်... ကဲ... မောင်လေး လာ..."

ရွှယ်နှင့် စားပွဲထိုးကလေး အတူလျှောက်လာရင်း စက်ရုံလမ်းထိပ် ရောက်တော့ ကောင်လေးက ဈေးဘက်ကို ထွက်သည့် လမ်းကြားကလေး ထဲကို ချိုးကွေ့ရင်း...



www.burmeseclassic.com

www.burmeseclassic.com

"မမ သွားနှင့်လေ... ကျွန်တော့်ကို ဈေးထဲမှာ ကျောက်ဖရုံယိုနဲ့ မြေပဲမှာလိုက်လို့ ဟိုမှာ ဆိုင်ရှင်က စောင့်နေတာ..."

ရွှယ် ဘာမှပြောမနေတော့ဘဲ စက်ရုံလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ ဒေစီ ငတိမ... တောက်တဲ့ကို ရင်တွေဘာတွေ တော်တော် ခုန်သွားပုံရသည်။ နားက နားကပ်တစ်ရံလုံး ကျွတ်ကျခဲ့တာကိုတောင်မှ မသိတော့ဘူးပေါ့လေ...။ အင်း... သူကရော ဘာထူးလို့လဲ... ကောင်းမင်း အနားကပ်လာတော့ ကမ္ဘာကြီးသည် ရုတ်တရက် ကျဉ်းကျဉ်းကလေးဖြစ်သွားပြီး သူနေစရာမရှိ ဖြစ်သွားရော မဟုတ်လား...။

ပြီးတော့... ကောင်းမင်း၏ရေမွှေးရနံ့နှင့် ရောနေသော ကိုယ်ရနံ့ သင်းသင်းကလေး...။ သူ့လက်ဖျားတွေ အေးစက်ပြီး ရင်ခုန်သံတွေ တဒိုင်းဒိုင်းဖြစ်လာခဲ့သည် မဟုတ်လား...။ ကောင်းမင်းက ဘာမှမပြောဘဲ နေလေ ရင်ခုန်သံဆူညံနေတာကို ပြန်ပြီး ကြားရလေလေမို့ ကြာရင် မိုက်ခနဲ မူးလဲသွားတော့မလား ထင်ရသည်။

"ဟိတ် ဒီတစ်ခါတော့ မပြေးနဲ့တော့..."

"အား..."

ရွှယ် ရင်တွေဆတ်ခနဲတုန်ပြီး ကြောက်လန့်တကြီးအော်ဟစ်ရင်း နောက်ဘက်သို့ ဆုတ်လိုက်မိသည်။ ကိုယ့်အတွေးနဲ့ကိုယ် လာနေတုန်း စက်ရုံအကွေ့ကလေးအရောက်မှာ ကောင်းမင်းက ရုတ်တရက်ထွက်လာခြင်းဖြစ်၏။ ရွှယ့်တစ်ကိုယ်လုံး တုန်ယင်သွားပြီး ကောင်းမင်း... ကောင်းမင်းပါ... ဟု သူ့အသိစိတ်ကို အတင်းအားပေး နားလည်ခိုင်းသည့်တိုင် ကြောက်လန့်စိတ်ကိုမူ ထိန်း၍ မရခဲ့။

"ဟာ... ရွှယ်... ရွှယ်... အရမ်းကြောက်သွားလားဟင် ကျွန်..."





"အား... မလာနဲ့... အား..."

"မဟုတ်ဘူးလေ... ရွှယ်... ကျွန်တော်က..."

"မလာနဲ့ ကြောက်တယ်... သွား... သွား... မလုပ်နဲ့ သွား..."

"ပွဲက ကြည့်ရတာ တော်တော်အကျည်းတန်ပါတယ်ကွာ..."

ရုတ်တရက်အသံကြောင့် လှမ်းကြည့်လိုက်တော့ ရွှယ့်နောက် ခပ်လှမ်းလှမ်းတွင် ဂျင်းဘောင်းဘီဝတ်ထားသော ဖြူဖြူနွဲ့နွဲ့လူတစ်ယောက်ကို တွေ့ရသည်။ ဂျင်းလွယ်အိတ်ကို စလွယ်သိုင်းထားပြီး ပြိုင်ဘီးတစ်စီးကို မှီကာ ရပ်နေသည်။ မျက်ဝန်းတွေက သူ့ကို မခွာတမ်း စိုက်ကြည့်ထား၏။

ကောင်းမင်း ထိုပုဂ္ဂိုလ်ကို ဂရုမစိုက်နိုင်အား။ သူ့ကြောင့် အရမ်းလန့်သွားသော ရွှယ့်ကိုသာ စိုးရိမ်စိတ်ကြီးနေခဲ့သည်။

"ရွှယ် မလန့်နဲ့တော့လေ... ရွှယ်... ကျွန်တော်ပါ... ကောင်းမင်းလေ... ရွှယ် အဲဒီလောက် မလန့်တတ်ဘူးထင်လို့ စလိုက်မိတာပါ... ရွှယ်... ရွှယ်..."

ကောင်းမင်းရှင်းပြတာကို နားထောင်ရင်း ခုနက ထိတ်လန့်သွားစဉ် ရင်ထဲမှာ ချက်ချင်း အားနှင့် အင့်နှင့်ရောက်လာသော ဆို့ကြပ်မှုက တဖြည်းဖြည်းလျော့ကျလာပြီး ရွှယ့်မျက်ဝန်းမှ မျက်ရည်တွေ အလိုလိုကျ၍ လာလေသည်။ ရွှယ် တစ်ခုခုကို အားရပါးရဖက်ထားချင်လာသည်။

"ဟာ... ရွှယ်... ရွှယ်... ကျွ... ကျွန်တော်..."

မျက်ရည်တွေကျပြီး ရုတ်တရက် ညွှန့်ခနဲ ခွေကျတော့မည့် ရွှယ့် ထံသို့ ပြေးအထွက်တွင် ရွှယ့်ထံသို့မရောက်ဘဲ ရင်ဘတ်ကို ဖြတ်အတွန်းခံလိုက်ရသည်။

"မင်း... လွန်လွန်းပြီလို့ ငါထင်တယ်..."



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်... မင်းနဲ့ ဘာဆိုင်..."

ဒေါသနှင့် အော်ပြောလိုက်မိပြီး မျက်ဝန်းချင်း ဒေါသတကြီးအဆုံ တွင် တစ်ခုခုမှားနေတာကို သိလိုက်ရသဖြင့် ကောင်းမင်းစကားက ရှေ့ မဆက်နိုင်တော့ဘဲ ရပ်သွားသည်။ ရွှယ့်ကို ဝင်ဖက်ထားတာက သူထင် ထားသလို ကောင်လေးတစ်ယောက်မဟုတ်ဘဲ ယောကျ်ားလေးနှင့် တော် တော်လေးကိုဆင်သည့် ယောကျ်ားလျာကလေးတစ်ယောက် ဖြစ်နေသည်။ ဒါ့ကြောင့် ကောင်းမင်းဒေါသနှင့် စကားက လေထဲမှာ တန်းလန်းကြီးဖြစ် သွားခြင်း ဖြစ်သည်။ ဒေါသလည်း လျော့ကျသွား၏။

"သက်သာလားဟင်... မှီထား... ရတယ်... အဲဒီအကောင်စုတ်ကို ကြောက်မနေနဲ့ ကိုယ်ရှိတယ် ဟုတ်ပြီလား..."

ယောကျ်ားလျာကလေးက ရွှယ့်ကိုငုံ့ကြည့်ကာ ကြင်နာစွာမေးရင်း ထွေးပွေ့ထားရင်းက သူ့ကို မျက်ဝန်းချင်းရင်ဆိုင်သည်။ ယောကျ်ားလျာ ဆိုသော်လည်း မျက်ဝန်းအကြည့်တွေကတော့ ရဲရင့်မာကြောနေသည်ကို တွေ့ရ၏။ ကောင်းမင်းစိတ်ထဲမှာ အခြေအနေကို ဝင်ရောက်ထိန်းသိမ်း ကူညီပေးသူဟု သဘောထားလိုက်သည်။

"ကျွန်တော်လည်း ဒီလောက်တော့ သူလန့်သွားလိမ့်မယ်လို့ မထင် ဘူးဗျ... ဒါတောင် သိပ်အော်တာမဟုတ်ဘူး ပုံမှန်ပဲ... ရွှယ်... ရွှယ်... သိပ်..."

"ဟော့ကောင်... စကားရော ဖောရောတွေ လာလုပ်မနေနဲ့... မင်း လမ်း မင်းသွားတော့... မင်းအတွက် လမ်းတွေ အကျယ်ကြီးကွာ..."

ရွှယ်အပေါ် စိတ်ပူနေသည့်စိတ်ကို ခါးလည်က တက်ကြိတ်တာ





ခံလိုက်ရသလို ဖြစ်သွားသဖြင့် ကောင်းမင်းစိတ်ထဲ နည်းနည်း ဒေါသဖြစ် သွားသည်။

"ဟား... ဘယ်လိုဖြစ်တာလဲဗျာ... ဒီမှာ ကျွန်တော်က ကောင်မ လေးနဲ့..."

"ဟော့ကောင် ငတုံး... ငါ မင်းကို ရှင်းရှင်းပြောနေတာ၊ ဒီထက် ရှင်းတဲ့ကိစ္စလည်း မရှိတော့ဘူး၊ မင်း သူနဲ့ လာမပတ်သက်နဲ့တော့... မင်းလမ်း မင်းသွားတော့... ဟုတ်ပြီလား..."

ဒီကိစ္စက ပေါ့သေးသေးကိစ္စမဟုတ် ဆိုတာကို ကောင်းမင်း သဘော ပေါက်သွားသည်။

"မဟုတ်ပါဘူးဗျာ... ကျွန်တော်ရှင်းပြပါရစေ ရွှယ်က ကျွန်တော် လိုက်နေတဲ့ ကောင်မလေးပါ၊ သူ့ကို ကျွန်တော်ကပဲ အပြင်ကို ရအောင် ခေါ်ထုတ်ခဲ့တာ၊ အခု ရွှယ့်ကို ကျွန်တော်က စ,လိုက်မိတာလေးတစ်ခုပဲ ရှိ..."

"ဟော့ကောင်... မင်း လူလိုပြောနေတာ နားမလည်ဘူးလား..."

"ဟာ... မင်းက လူပါးဝလှချည်လားကွ... ငါ မိန်းကလေးမို့ ကြည့်နေတာ..."

"ဘာ..."

ရုတ်တရက် သူ့ရင်ဘတ်ကို စုံအတွန်းခံလိုက်ရပြီး ရိပ်ခနဲဝင်လာ သော တစ်စုံတစ်ခုကို မျက်စိမှိတ်ပြီး ရှောင်လိုက်တော့ သူ့နားထင်နံဘေးမှ အရှိန်ပြင်းပြင်း တစ်ခုခု အားနှင့် ဖြတ်သွားသည်ဟု ခံစားလိုက်ရသည်။ မျက်စိဖွင့်ကြည့်လိုက်တော့မှ သူ့ကို ဒေါ်ရွှေယောကျ်ားလျာက ခြေဖြင့် ပတ်ကန်လိုက်မှန်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားမာနနှင့် ယောကျ်ားဒေါသက တားမရတော့အောင် ခန္ဓာကိုယ်ထဲအနှံ့ စီးဝင် တွန်းထိုးလာသည်။

"အောင်မာ… မင်းကများ…"

ရှေ့တွင်တွေ့ရသော ပမာမခန့်မျက်နှာကို လက်ဖြင့် ရွယ်လိုက်ပြီးမှ တစ်ချက် စဉ်းစားမိသည်က ရိုက်ချပစ်လိုက်ရမှာလား၊ ဆွဲထိုးပစ်ရမှာလား၊ ပါးကို ဖျစ်ညှစ်ပြီး ဆွဲခါရမ်းပစ်လိုက်ရင်း သတိပေးရမှာလား။

သို့သော် သတိလက်လွတ်ဖြစ်သွားသူက သူဖြစ်နေသဖြင့် အရှိုက်တော်တော်လေးနာကျင်သွားပြီး အောက်ခြေကို ဖြတ်အသိမ်းခံလိုက်ရသဖြင့် ပစ်လဲကျသွားသည်။ နာသောဗိုက်ကို ဖိကာ အံ့သြသောမျက်ဝန်းနှင့် မော့ကြည့်တော့ သူနှင့် ခပ်လှမ်းလှမ်းမှာ ခန္ဓာကိုယ်ကို တစောင်းအနေအထားဖြင့် ဘရုစလီပုံစံအတိုင်းထားကာ သူ့ကို တိုက်ခိုက်ဖို့ ဟန်တပြင်ပြင်ရှိနေသော ယောကျ်ားလျာလေးကို တွေ့ရတော့ ရယ်လည်း ရယ်ချင်သည်။ နာလည်း နာသည်။ သူ ဗိုက်ကိုဖိပြီး ထရပ်လိုက်သည်။

"လာလေ… လာ… ခုနက မိတ်ဆက်ပဲ ရှိသေးတာ…"

"တော်ပြီ… တော်တော့… ကောင်း ပြန်တော့နော်…"

"ဒီကောင့်ကို တောင်းပန်မနေနဲ့ လွှတ်ပေးလိုက်…"

"အောင်မာ… ငါ…"

"လာပါ… လာစမ်းပါ… အော်မနေစမ်းပါနဲ့…"

"တော်ပါတော့ဆိုနေ… ကောင်း ပြောနေတယ်နော်၊ နားကပ်ကိစ္စက လိမ်တာမဟုတ်လား…"

"ကျွတ်… တကယ့်ငရှုပ်နဲ့ လာတွေ့တာပဲ၊ ဟုတ်တယ်… လိမ်ခေါ်တာ တစ်ခုခုပြော…"





"ပြန်ပါတော့ဆို… အဲဒါပဲ ကောင်းမပြန်ရင်…"

"ပြောမနေနဲ့တော့… ဟော့ကောင်… မင်းမကျေနပ်ရင် လိုက်ခဲ့သွားမယ် လာ…"

ရွယ့်လက်ကိုဆွဲ စက်ဘီးကို ကောက်ထောင်ပြီး ထွက်သွားသော ယောကျ်ားလျာလေးကို ငေး၍ 'ကောင်း' ကျန်ခဲ့သည်။

စက်ဘီးကို လက်တစ်ဖက်တည်းနှင့်တွန်းရင်း ကျန်သည့်လက်တစ်ဖက်က ဆုပ်ကိုင်ထားရသော လက်တို့၏ အထိအတွေ့ကြောင့် ရင်ခုန်ချင်နေသည်။ ဒီလောက်လှသည့် ကောင်မလေးမျိုးကို အရင်က ငယ် တစ်ခါမှ မတွေ့ဖူးပါ။ မျက်ဝန်းကလေးတွေက အထိတ်အလန့် မပြေသေးဟန်ဖြင့် ရှိနေသည်။ အဲဒီလိုဖြစ်နေတာလေးကိုက ချစ်ဖို့ကောင်း၍ နေသည်။ နှုတ်ခမ်းက ပြည့်ပြည့်တင်းတင်း။ နှုတ်ခမ်းသားဖူးဖူးကလေးက အပြင်ကို ရင်ခုန်ချင်စရာကောင်းလောက်အောင် ဖော့ဖော့ကလေးထွက်နေသည်။ မျက်ဝန်းကတော့ ပြောမနေနှင့်တော့ သူ့ဘာသာသူ တစ်နေရာရာကို ငေးနေတာကိုက အဓိပ္ပာယ်ရှိနေသည်။ ဒီလိုမျက်ဝန်းမျိုးက ခိုးကြည့်မိတဲ့လူကို ယစ်မူးအောင် လုပ်ပစ်မယ့် မျက်ဝန်းမျိုးဟု ငယ်ထင်သည်။

ခုနက ဘာရယ်မဟုတ် စိတ်ရှုပ်နေတာတွေ ပျောက်သွားသဖြင့် ဝမ်းသာရသည့်အပြင် ရင်ခုန်ဖို့ကောင်းသော သူကလေးကိုပင် အဆစ်ရလိုက်သည့်အတွက် ငယ်ရင်ထဲမှာ ပြောမရနိုင်လောက်အောင် ကြည်နူးနေမိသည်။ ထိုကြည်နူးမှု၊ ပိုင်ဆိုင်မှု၊ ရင်ခုန်မှုတို့ကို သေချာစေရန် သူ့လက်ထဲတွင်ရှိသော လက်ကလေးကို ဖိညှစ်ဆုပ်ကိုင်လိုက်သည်။

"ငယ်လည်း အရင် ဒီလမ်းတွေ စက်ဘီးစီးနေကျပါ၊ တစ်ခါမှ မဆုံဖူးဘူးနော်…"



www.burmeseclassic.com

www.burmeseclassic.com



"ဆုံရင်လည်း ဆုံမှာပေါ့ … ရွှယ်တို့က မသိကြသေးတော့ မခေါ်ဖြစ်ကြတာ နေမှာပေါ့ …"

"ဟာ … အဲဒီလိုတော့ မဟုတ်ဘူး၊ ဆုံဖူးရင် ဒီလောက်စိတ်ဝင်စားဖို့ကောင်းတဲ့ မျက်နှာကို မှတ်ကို မှတ်မိတယ်၊ ရွှယ့်မျက်နှာက တစ်ခါမြင်ဖူးတာနဲ့ တန်းပြီး ရင်ခုန်သွားနိုင်တဲ့ မျက်နှာမျိုး၊ ခုနက ငတိလည်း ဒီလိုဖြစ်သွားတာနဲ့ တူပါရဲ့ …"

ငယုတို့ ပြိုင်တူရယ်လိုက်ကြသည်။

ရွှယ့်ကို လှတဲ့အကြောင်းပြောတာ ရွှယ်က မကန့်ကွက်ဘဲ ကြည်နူးရုံကလေး ရယ်ပေးသည့်အတွက် ငယုပျော်နေသည်။ အခု ရွှယ့်အိမ်လိုက်သွားမည်။ ရွှယ်နှင့် ခပ်ကြာကြာ စကားပြောရမည်။ ရွှယ့်အိမ်သားတွေအကြောင်းကို လေ့လာရဦးမည်။ နောက်နေ့တွေမှာ ရွှယ့်ဆီလာမည်။ ရွှယ်က ဘာကိုချစ်တတ်သလဲ … သူလိုက်ချစ်မည်။ ရွှယ်က ဘာကိုကြောက်တတ်သလဲ … သူကာကွယ်ပေးမည်။ ရွှယ်က ဘာတွေကို မုန်းသလဲ … သူလိုက်မုန်းပစ်မည်။ အို … ရွှယ့်စိတ်ထဲမှာ ဘယ်လိုဆန္ဒမျိုးရှိသလဲ … အဲဒါတွေကို သူ ရအောင် လိုက်လုပ်ပေးချင်နေသည်။ ငယုသည် ရွှယ့်ကို ချစ်သွားပြီဖြစ်၏။

ပျင်းရိဖို့ကောင်းသော အဝေးရှုမျှော်ခင်းတစ်ခုကို မှန်ပြောင်းဖြင့်ကြည့်နေစဉ် လှုပ်ရှားလှပသော အရာတစ်ခုကို မြင်ရသည့်အခါ မလွှတ်တမ်းလိုက်ကြည့်မိသလိုပင် တိတ်ဆိတ်ခြောက်သွေ့နေသော သူ့ဘဝထဲကို သူ့မြင်ကွင်းထဲကို ရောက်ရှိလာသော ရွှယ့်ကို တရံမလပ် လိုက်ကြည့်နေချင်သည်။

ခုနကကောင်ကိုတော့ စိတ်ထဲက ထုတ်ပစ်လိုက်ပြီ ဖြစ်သည်။





ကျေးဇူးတင်ရမည့် စာရင်းထဲတွင်တော့ နောက်နားခပ်ကျကျက ထည့်ထားရမည်။ သူက ရွှယ်နှင့်တွေ့အောင် နည်းတစ်မျိုးနှင့် ကူညီခဲ့သူ မဟုတ်လား။

"အရင်တုန်းက ကတည်းက ဒီကောင် လိုက်နေတာလား …"

"ဟုတ်တယ် … အပြန်ကျရင် ဒီစောင်စက်ရုံလမ်းကနေ လိုက်နေကျပေါ့ … ဒီနေရာက သိတယ်မဟုတ်လား …"

"တောက် … ရွှယ်ကလည်း ခပ်ပြတ်ပြတ် ပြောလွှတ်ရောပေါ့ … ကိစ္စမရှိဘူး မနက်ဖြန် တို့လာကြိုမှာပဲ …"

"ဟာ … မလုပ်ပါနဲ့ နေပါစေ … ခု ကူညီတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ဟိုလေ … ပြီးတော့ … ဒီကောင် လိုက်ရဲတော့မှာ မဟုတ် …"

"ငြင်းမနေပါနဲ့ ရွှယ်ရာ … ငယုလာခဲ့မှာပါဆို ဟုတ်ပြီလား …"

"ဒါ ရွှယ်တို့ခြံလေ … နောက် ဝင်လည်နော် … စနေ တနင်္ဂနွေဆို ရွှယ် တစ်နေကုန်ရှိတယ်"

"ဘာဖြစ်လို့ နောက်မှ ဝင်လည်ရမှာလဲ၊ ခု ဝင်လည်မှာပေါ့ … ဘာလဲ မဖိတ်ခေါ်ချင်ဘူးလား …"

သူ့စကားကြောင့် ရွှယ် မျက်မှောင်တွေ ဘာတွေကျုံ့သွားတာကို မြင်ရတော့ ငယုရယ်ချင်သွားသည်။

"အာ … မဟုတ်ပါဘူး ခေါ်မယ်လေ … ဒါပေမဲ့ ရန်ဖြစ်တဲ့ အကြောင်းတော့ မေမေ့ကို မပြောပါနဲ့နော်၊ ရွှယ် … နောင် ထွက်ရင် မေမေက စိတ်ပူနေမှာစိုးလို့ …"

"အင်းပါ … မမေးရင် မပြောပါဘူး … ကိုယ့်ကိုဖိတ်ခေါ်တာ စိတ် ထဲကရော ပါရဲ့လား …"



www.burmeseclassic.com

www.burmeseclassic.com



“အာ… ပါပါတယ် လာလေ ခြံထဲဝင်လေ…”

ငယ ခြံထဲကို မဝင်သေးဘဲ သူ့ကိုဖိတ်ခေါ်သော ရွှယ်ဆိုသည့် ကောင်မလေးကို စိုက်ကြည့်လိုက်သည်။ မျက်ဆံက နက်လွန်းပြီး မျက်သားက ဖွေးလွန်းသော ရွှယ်… ဆိုသည့် ကောင်မလေးရဲ့ မျက်ဝန်းအလှထဲမှာ သူ့အပေါ် စိတ်ဝင်စားမှု ရှိသည်ဟု လုံးဝ ယုံကြည်လိုက်သည်။

“အမလေး… မိရွှယ်… ရန်ဖြစ်လို့ဆို… ရန်ဖြစ်တယ်ဆို… ဟုတ်လား… မေမေ ရင်တွေတုန်လိုက်တာ မိရွှယ်ရယ်…”

အိမ်အဝမှာတင် တုန်လှုပ်ချောက်ချားနေသော မေးသံ ဟန်အမူအရာတို့ကြောင့် ငယ တော်တော်စိတ်ညစ်သွားသည်။ ထိတ်လန့်နေသော အန်တီကြီးက ရွှယ့်မေမေဖြစ်လိမ့်မည် ထင်သည်။ ထိုအန်တီကြီးရှေ့မှာများ ရန်ဖြစ်တာဆိုလျှင် နှလုံးရောဂါနှင့် ဆေးရုံတွေ ဘာတွေပို့ရမှာ ကျိန်းသေသည်ဟု… ငယ တွေးလိုက်မိ၏။

“ဟင်… မေမေက ဘယ်လိုလုပ်ပြီး သိနေတာလဲ…”

“ဒေါ်ခင်ဝင်း လှမ်းဖုန်းဆက်တာ၊ သူတို့ခြံရှေ့မှာဆို ဘာတွေဖြစ်သွားသေးလဲ… ဘယ်သူတွေနဲ့ ဘယ်လိုဖြစ်…”

“ရွှယ့်ကို လိုက်နှောင့်ယှက်တဲ့ကိစ္စပါ အန်တီ၊ ရှည်းစားစကားပြောတာ ဆိုပါတော့… အန်တီတို့အိမ်ကို လာခေါ်တဲ့ စိန်နားကပ်တွေ တယ်ဆိုတာ အလကား လိမ်တာ…”

“အမလေး… ဘယ်… ဘယ်ကကောင်တွေလဲဟင်… အိမ်ကို လာခေါ်တာ လိမ်တာ ဟုတ်လား…”

ငယက မျက်လုံးကလေး ကလယ်ကလယ်ဖြစ်နေသော ရွှယ့်ကို မျက်စိမှိတ်ပြလိုက်သည်။ ဒီလိုအခြေအနေမျိုးမှာ ငယက သူ့အခန်းကဏ္ဍကို





နေရာယူရတော့မယ်ဆိုတာ နားလည်လိုက်သည်။

“သူတို့က ရွှယ့်ကို အိမ်ထဲကနေ ခေါ်ထုတ်တဲ့သဘောပါ၊ ဘယ်ကကောင်တွေလဲ ဆိုတော့ လမ်းပေါ်က ကောင်တွေပေါ့… အန်တီရယ်… အလကား သတ္တိမရှိတဲ့ကောင်တွေပါ… ရွှယ်က ဝင်တားလို့… နို့မို့ဆို…”

“အမလေး… ဒုက္ခပါပဲ… ပြဿနာက တော်တော်ကြီးကြီးကျယ်ကျယ် တက်ခဲ့တာလား… ဒီလို ရန်စကျန်နေရင်တော့…”

“ပြဿနာက ဘာမှမဟုတ်ပါဘူး မေမေ… ဘာမှ မစိုးရိမ်ပါနဲ့…”

“ဟဲ့… မစိုးရိမ်လို့ ရမလားဟဲ့… အိမ်မှာက မိန်းမသားချည်းပဲ ရှိတာ… ရှေ့လျှောက် ဒီထက်ကြမ်းလာ ရမ်းလာရင်…”

“အဲဒီလောက်လည်း မစိုးရိမ်ပါနဲ့ အန်တီ… ဒီကောင်တွေက ဟိုဘက်ရပ်ကွက်ကပါ၊ အဲဒီမှာ ကျွန်တော်နဲ့သိတဲ့ အဖွဲ့တွေ ရှိပါတယ်၊ သူတို့ချင်း တားခိုင်းရင် ရပါတယ်၊ ပြီးတော့… ကျွန်တော် အခုတလော ရွှယ့်အတွက် ကြိုပို့လုပ်ပေးပါ့မယ်…”

ငယပြောပုံက မာန်ပါသည်။ ပြီးတော့ ရဲရဲတင်းတင်း ပြတ်ပြတ်သားသားလည်း ရှိလွန်းလှသည်။ ရွှယ်တို့မေမေ ဒေါ်ခင်မိုးကပင် ငယကို မျက်မှောင်ကျုတ်၍ ကြည့်ရသည်။ ပြီးတော့ ဒေါ်ခင်မိုး စဉ်းစားနေမိသည်။ ဟိုကောင်တွေရန်က ကြောက်လို့ ဒီကောင့်လက်ထဲ ထည့်ရတယ်ဆိုတာမျိုးကလည်း သိပ်တော့ မဟုတ်သေးဟု သူထင်သည်။ ဒါပေမဲ့ ဒီကောင်လေးက အခု ရွှယ့်ကို ကယ်လာတာဆိုတော့ တင်းတင်းမာမာကလည်း မကောင်းသေး။ ဒီကောင်လေးနှင့် သူ့သမီးက ဘယ်တုန်းက သူငယ်ချင်းတွေမှန်းလည်း သူက မသိ။ ဒီတော့ မယုတ်မလွန်တော့ စကားစ,ပြီး မေးထားရမည်… ဟု ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"အေးပေါ့ကွယ်... ဒါထက် သားက ဘယ်မှာနေတာလဲ... ရွှယ့်သူငယ်ချင်းပဲလား..."

"ကျွန်တော့်နာမည်က ဇော်ယုထွန်းပါ... စ,လုံးရပ်ကွက်ထဲမှာ နေတယ်၊ ယုနဲ့ သူငယ်ချင်းဖြစ်တာတော့ ကြာပြီ အန်တီ... အိမ်ကိုတော့ ဒီနေ့မှ တမင်လိုက်လာတာ၊ ကျွန်တော်ရှိရင် ဒီကောင်တွေ ရွှယ့်အသားကို တစ်မီလီမီတာတောင် မထိစေရဘူး အန်တီ... စိတ်ချ... အခု ဒီကောင်တွေလုပ်ရပ်ကလည်း ကလေးကလားပါ..."

"အေး... အေး... ဟုတ်ပါတယ် သားရယ်... ဒီလိုကူညီတာလည်း ကျေးဇူးတင်ပါတယ်ကွယ်..."

ရွှယ့်မေမေက ရွှယ့်ကိုကြည့်ပြီး သူ့အကြောင်းမေးတော့ ရွှယ်က ဖြေမလို ပါးစပ်အဟတွင် ယုက ဝင်ဖြေလိုက်ခြင်းဖြစ်ပြီး အခုလည်း ရွှယ့်မေမေ စကားဆုံးတော့ ရွှယ်က ဘာပြောမလို့လဲ မသိ ပါးစပ်အဟတွင် ယုက...

"အာ... ကျေးဇူးဆိုတဲ့ စကားကို သုံးရင် ကျွန်တော်နဲ့ ရွှယ်နဲ့ကြားမှာရှိတဲ့ ခင်မင်မှုက အရမ်း သူစိမ်းဆန်သွားမှာပေါ့... မလိုပါဘူး အန်တီ... ကျွန်တော်က ရွှယ့်ကို အရမ်းခင်တယ်ဆိုတာ ရွှယ်သိပါတယ်၊ အခုလိုအဖြစ်မျိုးကိုလည်း နောက်ထပ် ဘယ်တော့မှ အဖြစ်မခံတော့ဘူးဆိုတာ အန်တီ ယုံပါ..."

"အေး... အေး... ယုံပါတယ်ကွယ်..."

"ကဲ... ရွှယ်... ကိုယ်ပြန်မယ်၊ စိတ်ထဲမှာ ဘာမှ အနှောင့်အယှက်လို့ သဘောထားမနေနဲ့ ရွှယ်... နားစရာရှိတာ နားလိုက်... ဟုတ်ပြီလား... မနက်ဖြန် ၈ နာရီ ကိုယ်အရောက်လာခဲ့မယ်... အန်တီ သွားပြီနော်..."





"ဪ... အေးအေး... ကျေးဇူးပါကွယ်... ကျေးဇူးပါ..."

ယု စက်ဘီးကို အရှိန်နှင့်တွန်းပြီး ကျွမ်းကျင်စွာ ခုန်တက်သွားသည်ကို ရွှယ် ငေးကြည့်နေမိသည်။ ခြံတံခါးဝကနေ ကွေ့ခါနီးကျတော့ ယုက ချာခနဲလှည့်ကြည့်ရင်း လက်ကို ထောင်ပြသွားသေးသည်။ ဒါကို မေမေကလည်း မြင်လေသည်။

"ကဲ... မိရွှေရွှယ်... ဘယ်ကကောင်တွေက ဘယ်လိုနှောင့်ယှက်လို့ ဘယ်ကကောင်က ဝင်ကယ်ရတာလဲ၊ ပြောစမ်းပါဦး... ပြောပြစမ်းပါဦး..."

"မေကလည်း... အခုပြောတာ မေလည်း ကြားရဲ့သားနဲ့..."

"ဟိုကောင်တွေက ထားပါတော့... ဒီကောင်လေးကရော ဘာလဲ... နင်နဲ့က ဘယ်အခြေအနေလဲ... ပြောသွားလိုက်တာတော့ ကော့နေတာပဲ၊ ဟိုကောင်တွေအန္တရာယ်က ကာကွယ်ဖို့ သူ့လက်ထဲ ထည့်ရမယ်ဆိုတာကတော့ လုံးလုံးမဖြစ်နိုင်ဘူး... ဘယ်နဲ့တော်..."

မေမေ၏ ဒေါသတကြီးရန်တွေ့စကားကို ကြားရတော့ ရွှယ် နှုတ်ခမ်းကို ဆွဲဆန့်ပြီး ပြုံးတယ်ဆိုရုံ ပြုံးလိုက်သော်လည်း စိတ်ရှုပ်ထွေးပြီး ဒေါသတကြီးဖြစ်နေသော မေမေ့ကို တွေ့ရတော့ စိတ်က ထိန်း၍မရဘဲ အားရပါးရကြီးကို ရယ်ဖြစ်သွားသည်။

"မေကလည်း ခက်တာပဲ... သူနဲ့သွားတော့ ဘာဖြစ်မှာမို့လို့လဲ... ယုက မိန်းကလေးပဲဟာ..."

"ဘာ..."

"သူက မိန်းကလေးလေ မေရဲ့ မေကလည်း ဒီလောက်တောင်မှ မသိဘူးလား..."


www.burmeseclassic.com

www.burmeseclassic.com

မေမေက ရွှယ့်ကို သေသေချာချာကြည့်ရင်းက…

"မိရွှေရွှယ်… ဟုတ်ရောဟုတ်ရဲ့လား… ငါတော့ ဘယ်လိုမှကို မိန်းကလေးလို့ မထင်ဘူး… ဟုတ်ရဲ့လားဟယ်…"

"အာ… မေမေကလည်း မနက် ရွှယ့်ဆီလာရင် မေမေ သေသေချာချာကြည့်ပါလား… တစ်ခုတော့ရှိတယ်နော် မေမေ… သူ့ကိုတော့ မိန်းကလေးလို သွားစကားမပြောနဲ့… သူက အရမ်းစိတ်ဆိုးတာ…"

ရွှယ်က ဖြစ်ပုံကို သေသေချာချာရှင်းပြလိုက်တော့မှ သဘောပေါက်သွား၏။

"သြော်… ငါ့နှယ်… အထီးမှန်းမသိ… အမမှန်းမသိ… ဆိုတာ တကယ်ပါလား… မေမေက တကယ့်ကို ယောက်ျားလေးပဲ ထင်နေတာ၊ မနက်ဖြန် အိမ်ကိုလာတော့မှ သေသေချာချာ ကြည့်ရဦးမယ်…"

"ကြည့်ပါ… ကြည့်ပါ… သူ့ကိုတော့ မိန်းကလေးလို သွားမဆက်ဆံနဲ့နော် မေ…"

မေမေလည်း ကျေနပ်သွားပြီး ဘာစကားမှ ထပ်မပြောဖြစ်တော့။ ည (၇) နာရီလောက်ကျတော့မှ သီနှင့် စီတို့ဆီ ဖုန်းဆက်ပြီး ဖြစ်ခဲ့တဲ့ ကိစ္စကို ပြောပြရသည်။ သီနှင့် စီတို့နှစ်ယောက်စလုံး အံ့သြ၍ မဆုံးကြ။ သူတို့နှစ်ယောက်စလုံး စိတ်အဝင်စားဆုံးလူမှာ ကောင်းမင်းကို ဖိုက်ပစ်လိုက်သော ငယ်ဆိုသည့် ကောင်မလေးကိုပင် ဖြစ်သည်။

"စီတော့ အရမ်းစိတ်ဝင်စားသွားပြီ၊ မနက်ဖြန် အဲဒီငယ်နဲ့ တွေ့ဖို့ ကိုယ် ရွှယ့်ဆီကို (၉) နာရီမထိုးခင် လာမှကို ဖြစ်မှာ…"

"လာခဲ့လေ စီရဲ့… သူက ရွှယ့်အိမ်ကို ၈ နာရီမထိုးခင်ကတည်းက လာမယ်လို့ ပြောထားတာ…"





"OK … ဒါဆို ကိုယ်ရောက်အောင်လာခဲ့မယ် စိတ်ချ…"

ရွှယ် ဖုန်းချလိုက်ရင်း ဖြစ်ခဲ့သောအရာတွေအားလုံးကို အဆင်ပြေတယ်လို့ပဲ ယူဆကြရတော့မည်။ ငယ့်ကြောင့် ရင်ထဲမချိအောင် ခံစားသွားရသော ကောင်းကို မျက်စိထဲ ဖျတ်ခနဲပြန်မြင်သည်။ ကောင်း၏မျက်နှာသည် ထိတ်လန့်ရင်း စိတ်ညစ်သွားပုံရသည်။ ရွှယ့်ကို မျက်နှာငယ်ကလေးနှင့် ကြည့်ငေးရင်း ထွက်သွားသောအကြည့်ကို ဘယ်လိုအမည်တပ်ရမလဲ။

အဲဒီအကြည့်ကလေးကို ရွှယ် အရမ်းစိတ်မကောင်းဖြစ်သွားသည်။

သို့သော်… ရွှယ် ပျော်လည်း ပျော်နေပါသည်။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"မင်း ခံရပုံကြီးကလည်း မသက်မသာရှိလိုက်တာ အကောင်းရာ၊ ဘယ်ကနေ အဲဒီယောကျ်ားလျာက ပါလာရတာလဲ၊ ရွှယ်နဲ့ရော ရင်းရင်းနှီးနှီးပဲလား..."

"ငါ့စိတ်ထင်တော့ ရွှယ်နဲ့ သိပ်မရင်းနှီးသေးဘူးထင်တာပဲ၊ သူ ငါ့ကို ချတဲ့ပုံစံက မဖြစ်ညစ်ကျယ်တော့ မဟုတ်ဘူးနော်၊ သေသေချာချာကို လေ့ကျင့်ထားတဲ့ ပုံစံမျိုးကွ..."

တောက်တဲ့က နှာခေါင်းကိုရှုံ့ပြီး ခေါင်းကိုရမ်းသည်။ ထွန်းကိုက ခိခနဲ တစ်ချက်ရယ်သည်။ ထွန်းကိုသည် ကောင်းမင်း၏ဖြစ်ရပ်ကို မျက်စိထဲ ပြန်မြင်ကြည့်ရာမှ ထွက်လာသော 'ခိ...' ဆိုသည့် ရယ်သံဆိုတာ ဖြစ်လိမ့်မည်ထင်သည်။ ဒါပေမဲ့ ထွန်းကိုစိတ်ထဲမှာ မကျေနပ်တာ တစ်ခုက ထိုယောကျ်ားလျာကလေး၏ပုံကို မမြင်ဖူးသောကြောင့်သာ ဖြစ်ပါသည်။





"အဲဒီ ငယုဆိုတာကို တွေ့ချင်တယ်ကွာ..."

"ငါ့စိတ်ထင်တော့ နောက်နေ့တွေမှာ တွေ့ရလိမ့်မယ် ထင်တာပဲ"

တောက်တဲ့စကားကြောင့် ကောင်းမင်းက လှည့်ကြည့်သည်။

"မင်းက ဘယ်လိုလုပ် သိရတာလဲ..."

"ယောကျ်ားလျာတွေဆိုတာ ခပ်ချောချော ကောင်မလေးတွေနဲ့ တွဲတတ်တယ်ကွ... ဒီကောင် ရွှယ့်ကို ဝင်တွဲမှာ သေချာတယ်..."

"ဟား... ပြဿနာပါလားကွာ... ဒီနေ့ပါလာရင် ဒုက္ခ..."

ကောင်းမင်း ရွှယ်တို့လာနေကျ စက်ရုံလမ်းကလေးကို လှမ်း၍ ငေးသည်။ လမ်းကလေးသည် တစ်ခုခုကို စောင့်နေသလို တိတ်ဆိတ်ငြိမ်သက်၍ နေလေသည်။

မနေ့က သူ့ကို 'သွားတော့...' ဟု ပြောသည့် မျက်နှာမှာ အပြုံးကို တွေ့ရသည်။ အဲဒီတုန်းကတော့ ထိုအပြုံးသည် လှောင်ပြုံးပဲဟု ကောင်းမင်း ထင်ခဲ့သည်။ သူကြုံလာရသည့်အကြောင်းကို သူငယ်ချင်းတွေကို ပြန်ပြောပြတော့ ထိုအပြုံးမျိုးကို တောက်တဲ့၏မျက်နှာမှာလည်း တွေ့ရသည်။ ထွန်းကို၊ ခင်မောင်ဝင်း၊ သက်ဦး၊ အေးအေးမြင့်၊ သီတာစိုး၊ လှဌေး၊ ဇင်ကို... လူတွေ... သူငယ်ချင်းတွေအားလုံး မျက်နှာပေါ်မှာ တွေ့လာရတော့မှ ထိုအပြုံးသည် လှောင်ပြောင်သည့် အပြုံးမျိုးမဟုတ်ဘဲ လောကကြီးကို အမြဲတမ်းအတည်တကျ အလေးအနက်ထားပြီး ဆက်ဆံတတ်သော ကောင်းမင်းဆိုသည့် သူနှင့်ကျမှ ကိုရို့ကားရားဖြစ်ရလေတယ်... ဟူသော 'ဟာသပြုံး' ကလေးသာ ဖြစ်သည်... ဆိုတာကို ကောင်းမင်း သဘောပေါက်လာသည်။

သူ့ကို 'ပြန်တော့...' ဟု ပြောသောစကားမှာ မောင်းထုတ်တာ ဟုတ် မဟုတ် ဆိုတာကလည်း ထိုအပြုံး၏အဓိပ္ပာယ်နှင့် ပတ်သက်


www.burmeseclassic.com

www.burmeseclassic.com

နေပြန်သည်။ ထိုအပြုံးသည် လှောင်ပြုံးမဟုတ်ဘူး ဆိုလျှင် 'ပြန်တော့' ဆိုသည့် စကားမှာလည်း မောင်းထုတ်တာ မဟုတ်နိုင်တော့ပါ။ သတိပေးတာ ရွှယ်ဖြစ်စေချင်တာကို ပြောတာလောက်ပဲ ဖြစ်နိုင်ပါသည်။

သို့သော် ကိုယ်ကချစ်နေရသူမို့ ထိုကောက်ချက်တွေကို တစ်ဖက်သတ်ချပြီး ကျေနပ်မနေနိုင်ပါ။ ကျေနပ်ခွင့်လည်း မရှိပါ။ ဒီအတွေးတွေအားလုံးကို ရွှယ့်ကိုမေးပြီး အတည်ပြုချက်ကလေး ယူပြီးမှ ရွှယ့်စေတနာကို ခံစားရမည်။ ထိုစေတနာနှင့် ဆက်စပ်နေသော ကောင်းမွန်သည့် မျှော်လင့်ခြင်းတွေကို မျှော်လင့်၍ ရမည်။

ထို့ကြောင့် ကောင်းမင်းတစ်ယောက် ရွှယ်အလာကို စောင့်နေခြင်း ဖြစ်ပါသည်။

ငယုသည် ရွှယ်တို့ခြံကလေးရှေ့ကို လှမ်းမိုက်ပေါ်သည့်နေရာကို လက်နက်အပြည့်အစုံနှင့် ဝင်လာသော ဓာတ်လိုက်မင်းသားတစ်ယောက်၏ အိုက်တင်မျိုးနှင့် ရောက်လာခဲ့သည်။ ချစ်စရာကောင်းသည့် တစ်ထပ်တိုက် အလျားရှည်ကလေးမှာ ငြိမ်၍ နေသည်။ လူရိပ်လူယောင်မမြင်ရ။ ရွှယ်တို့ ခုချိန်ထိ အိပ်ရာက မထကြသေးဘူးလား... ဟု တွေးမိရင်း ငယုပခုံးကို တစ်ချက်တွန့်ပစ်လိုက်၏။

"အဲဒီလို အပျင်းကြီးတာမျိုးကို မကြိုက်ပါဘူး..."

ရှေ့မှာရှိသည့် ခိုင်ခံ့သောသံပန်းတံခါးကြီးကို မျက်စောင်းထိုးပြီး အသံထွက်အောင်ပင် ပြောလိုက်မိသည်။ ပြီးတော့မှ သူ့ကိုယ်သူ တော်တော်ပေါတာပဲဟု သဘောထားပြီး တစ်ချက်ရယ်လိုက်သည်။ ရယ်သံကို ပြန်ကြားရတော့မှ ရပ်ပစ်လိုက်သည်။ ပြီးတော့ ချက်ချင်း ဒေါသထွက်လာသည်။ ဘာဖြစ်လို့ သွားရယ်မိတာလဲဟု သူ့ကိုယ်သူလည်း ဒေါသဖြစ်၍ သွားသည်။





ငယုဘဝတွင် ဘယ်တော့မှမလုပ်သော အရာတွေထဲမှာ ရယ်မောခြင်းကိစ္စလည်း ပါသည်။ ရယ်လိုက်လျှင် ထွက်လာသော မိန်းကလေးအသံကို သူမုန်းသည်။ သူ့ရယ်သံသည် ခွန်အားရှိသော ညို့ငင်အားကောင်းသော လေးနက်တည်ကြည်သော ရယ်သံသြသြမျိုးဖြစ်နေဖို့ သင့်သည်။ အခုလို နွဲ့လျညင်သာသော ရယ်သံမျိုးကို ငယုက သိပ်မုန်းသည်။ ဖြူဖွေးသွယ်လျသော သူ့လက်တွေကို သူမုန်းသည်။ ကြာစွယ်ကြာရိုးလို ရိုးလိုက်လျှင် ကြိုးတော့မည့် သူ့လည်တိုင်ကို သူမုန်းသည်။ ဝင်းဖန့်ဖန့်နှင့် ရှင်းသန့်နေသော သူ့အသားအရေကို သူမုန်းသည်။ ရှည်လျားပြီး ဆံလုံးအားကောင်းသော သူ့ဆံပင်ကို သူမုန်းသည်။ သူ့မျက်နှာပေါ်မှာ ပါးချိုင့်တစ်ခုရှိနေတာ... ပါးပေါ်မှာ မှဲ့စိမ်းစိမ်းကလေးတစ်စက် ရှိနေတာ... မျက်နှာပြင်တစ်ခုလုံး ဝက်ခြံတွေ ဘာတွေမရှိဘဲ ပြောင်ချောနုဖပ်နေတာ... အရာအားလုံးကို သူမုန်းသည်။

နုဖပ်သွယ်လျသော လက်ဖဝါးနှင့် လက်ချောင်းတွေကို ကွန်ဖူးသဲပွပွတွေ အုပ်ကြွပ်ပြားတွေ ကွန်ဖူးတုတ်တွေနှင့် ပညာပေးလိုက်သည်။ ပျော့ပျောင်းသည့်လည်တိုင်နှင့် ပခုံးသားတွေကိုတော့ အလေးပြားတွေ လက်ဖွေ့အိတ်တွေနှင့် ကျွေးပစ်လိုက်သည်။ ငယုသည် Million Dollar Baby ထဲက လက်ဝှေ့ထိုးသည့်မင်းသမီး၏ ခန္ဓာကိုယ်ကို သိပ်သဘောကျ သည်။ Resident evil ကားထဲက မင်းသမီး၏ တိကျလျှင်မြန်သော တိုက်ခိုက်မှုများနှင့် ရန်သူအပေါ် တစ်ချက်မှ ထီမထင်သောမျက်နှာပေး ကို အရမ်းသဘောကျသည်။

ငယုသည် သူ့ရင်ထဲမှာရှိနေသည့် တပ်မက်တောင့်တနေသည့် ယောကျ်ားတစ်ယောက်ဖြစ်ရေးအတွက် သူ့ခန္ဓာကိုယ်ကို ပြုပြင်မတာ



www.burmeseclassic.com

www.burmeseclassic.com

ခိုင်းသည်။ တစ်ခါ တစ်ခါ ပင်ပန်းလွန်းသဖြင့် လဲကျသွားသည်။ သို့သော် အားတင်းပြီး ပြန်ထသည်။ သူ့အသားတွေ နေလောင်ကုန်အောင် လုပ်သည်။ သူ့ခန္ဓာကိုယ်ကို မသယ်ချင်လောက်အောင် အလေးတွေကို မ,ပစ်သည်။ ဝက်ခြံဆို၍ တစ်လုံးမှ မထွက်သော သူ့မျက်နှာကို သူ ကုတ်ဖွဲ့ပစ်လိုက်ချင်သည်။ သို့သော် သဘာဝတရားသည် လုပ်ယူဖန်တီးယူ၍ မရစကောင်း ဆိုတာကို ငယုမသိသော်လည်း သဘာဝတရားက သိသည်။

ငယုသည် တခြားယောကျ်ားလေးတွေထက် အမောခံနိုင်သည်။ တော်ရုံမိန်းကလေး အပင်ပန်းမခံနိုင်တာလောက်ကို လေကလေးချွန်ပြီး လုပ်နိုင်သည်။ ကွန်ဖူး club မှာ ဆရာကတွဲပေးသော တစ်ဖက်ပြိုင်ဘက်ကို မညှာမတာ တိုက်ခိုက်ခဲ့တတ်သဖြင့် ပထမ သတိပေးခံရသည်။ ဒုတိယ ဒဏ်ကျသည်။ နောက်ဆုံးအချိန်တွင် တစ်ဖက်ပြိုင်ဘက်မှာ လက်ကျိုးပြီး ဆေးရုံပါရောက်သွားသဖြင့် ငယုကို club မှ ထုတ်ပစ်လိုက်သည့်အပြင် တရားဥပဒေအရပါ အနည်းအကျဉ်း ရင်ဆိုင်ခဲ့ရသည်။ သို့သော် ငယုဖခင်က ကျေနပ်လောက်အောင် တောင်းပန်ခဲ့သဖြင့် ငယု ဘာမှမထိခိုက်ခဲ့သော်လည်း ငယုလက်စွမ်းပြခဲ့သော အန်နာဆိုသည့် ကောင်မလေး၏ အစ်ကိုဂျက်ဖရီနှင့်တော့ ရန်ငြိုးကလေးတစ်ခု ရခဲ့သည်။

ရန်ငြိုးဆိုလျှင် အကြွေးမထားချင်သော ငယုက ဂျက်ဖရီနှင့် စာရင်း သွားရှင်းခဲ့ဖူးသည်။ ဂျက်ဖရီကလည်း ကွန်ဖူးကလပ်မှာ နာမည်ရှိ player တစ်ယောက်ဆိုတော့ ပွဲက တော်တော်လေး နာမည်ကြီးသွားသည်။ ငယုစိန်ခေါ်ပုံက သူသေကိုယ်သေ ဆို၍လည်း ဒီလောက်ဖြစ်သွားခြင်း ဖြစ်သည်။ ဒါပေမဲ့ အချိန်မီ လူကြီးတွေက သတင်းရသွားသည့်အတွက် ပွဲက မဖြစ်လိုက်ပါ။ အားလုံးက ဝိုင်းတားလိုက်ကြ၏။





ဒါပေမဲ့ ငယုက ဂျက်ဖရီ့ကို ရန်သူတစ်ယောက်လို ဒီနေ့အထိ သဘောထားတုန်းပင် ဖြစ်သည်။ ဂျက်ဖရီ ကွန်ဖူးကျင့်သလောက် သူလိုက်ကျင့်သည်။ ဂျက်ဖရီ၏ကောင်းကွက်တွေကို သူ အကုန်လိုက်လေ့လာသည်။ ဂျက်ဖရီသည် ကွန်ဖူးအပြင် ဝူရှူးကိုပါ လေ့ကျင့်ထားသည်ဆိုသဖြင့် ဝူရှူးသွားသင်သည်။

ငယု ဝူရှူးကို သင်ပြီးတော့မှ တိုက်ခိုက်ရေးပညာ၏ အဓိက အားသာချက်နှင့် အားနည်းချက်တွေကို သွားတွေ့ရသည်။ သူ့ကို ဝူရှူးသင်ပေးသောဆရာမ မေရင်ချွမ်၏ဆုံးမမှုအောက်မှာ ငယုသဘောထား ပျော့ပျောင်းသွားခဲ့သည်။ ဝူရှူးပညာကို တပ်တပ်မက်မက် လိုက်စားမိတော့မှ ဝူရှူးပညာမှာ တော်သည်ဟု သတင်းထွက်နေသော ဂျက်ဖရီကို ရင်မဆိုင်ခဲ့ရတာ ကံကောင်းမှန်း ငယု သိလာသည်။ ထို့ကြောင့် ငယု ဝူရှူးကို သဲသဲမဲမဲကို လေ့ကျင့်ခဲ့ရာ နောက်ဆုံးအဆင့်ကို ရောက်သွားသည်။ ငယု ဝူရှူးကို ၃ နှစ်တိတိ အသည်းအသန် တစ်နေ့မပြတ်ကျင့်ခဲ့သည်။

အခုတော့ ငယုသည် တောင့်တင်းသန်မာသည့် ယောကျ်ားကြီးတစ်ယောက် ဖြစ်မလာဘဲ သွယ်လျကျစ်လျစ်ခိုင်မာသည့် မာရေကြောရေ သွက်သွက်လက်လက် မိန်းကလေးတစ်ယောက် ဖြစ်လာသည်။ ဝူရှူးပြိုင်ပွဲဝင်ရန် ဆရာမမေရင်ချွမ်က အားတက်သရော စီစဉ်ပေးခဲ့သော်လည်း မိန်းကလေးလို ဝတ်ပြိုင်ရမည် ဆိုသဖြင့် ငယု ပြိုင်ပွဲသို့ မဝင်ခဲ့။ ထိုနှစ်က ပထမရရှိသော မိန်းကလေးနှင့် ယောကျ်ားလေးနှစ်ဦးစလုံးသည် ငယု အောက် အဆင့်ငါးဆင့်လောက် နိမ့်ကျလေသည်။ သူ့ဆရာမ မေရင်ချွမ်း၏ နိုင်ငံ့လက်ရွေးစင်ဖြစ်ရေး ဆိုသော အိပ်မက်လည်း ပျက်၍ သွားသည်။ ဆရာမက ငိုသည်။ ငယုက မငိုပါ။ ဝူရှူးလေ့ကျင့်ရေးကျောင်းကို ကျောခိုင်းပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ဂူရှုးကျောင်းကို မသွားတော့သော်လည်း ယုသည် မနက်တိုင်း ငါးနာရီထပြီး အားကစားကွင်းဘက်ကို ပြေးသည်။ အခြေခံဂူရှုးကို မငြီးမငြူလေ့ကျင့်သည်။ သူ့ဆရာမ မေရင်ချွမ်း ဆုံးမခဲ့သလိုပင် အခြေခံမှာ ပညာရဲ့အဆီအနှစ်တွေအားလုံးပါတယ် ဆိုတာ အမှန်ပင် ဖြစ်သည်။

မနေ့က ရွှယ့်ကို နှောင့်ယှက်သည့် ငတိကို ခြေထောက်လွတ်ပြီးမှ ဘာရယ်ကြောင့်မသိ ကပ်သီကလေး ခတ်ပြရုံလောက်ပဲဟု စိတ်ကူးလိုက်မိသော်လည်း နောက်ကျသွားပြီဟု ထင်လိုက်သည်။ သို့သော် သူ့ခြေထောက်သည် သူ့စိတ်က ဖြစ်စေချင်သလို ကပ်သီကလေး နေရာအတိအကျရောက်သွားသည်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရတော့ သူ့ကိုယ်သူ အံ့ဩသွားခဲ့သည်။ ဟိုငတိလည်း ကံကောင်းသွားခဲ့သည်။

ထိုစဉ်မှာပင် ရွှယ်တို့အိမ်ရှေ့ ပန်းခြံကလေးထဲက ရိပ်ခနဲဖြစ်သွားသောလှုပ်ရှားမှုက သူ့အတွေးတွေကို ရပ်ပစ်လိုက်သည်။ ရွှယ်... များလားဟု တွေးမိတော့ ရင်ခုန်၍ သွားသည်။ သေသေချာချာ ကြည့်တော့မှ ရွှယ့်မေမေ... အန်တီ 'ဒေါ်ခင်မိုး'...။

ရှိခနဲမြည်အောင် လက်ခေါက်မှုတ်လိုက်ပြီးတော့မှ မသင့်တော်ဘူးဆိုတာကို သတိရသည်။ သို့သော် နောက်ကျသွားပြီ။ အန်တီက ယုကို တွေ့သွားပြီဖြစ်သည်။ သို့သော် အန်တီဒေါ်ခင်မိုးဆီမှာ လက်ခေါက်မှုတ်သံအတွက် ဒေါသကို မတွေ့ရပါ။ မျက်နှာပင် ဝင်းခနဲဖြစ်သွားသေးသည်ဟု ယုထင်သည်။

"ဟယ်... သား လာလေ... စောလှချည်လား လာ... လာ... အန်တီလည်း ခုနကမှ နိုးတာ၊ ပန်းကလေးတွေ ပွင့်နေတာနဲ့ ဘုရားစင်အတွက် ချူးနေတာ... လာ... လာ..."





လှိုက်လှဲဝမ်းသာသော ကြိုဆိုမှု၊ လိုလားပျော်ရွှင်သော ဖိတ်ခေါ်မှုတို့အတွက် ယု ကျေနပ်သွားသည်။ ရွှယ့်မေမေ ဒေါ်ခင်မိုးသည် ရွှယ့်ကို ကယ်တင်ခဲ့သော ယုကို ညတုန်းကလို မဟုတ်တော့ဘဲ ကျေးဇူးရှင်တစ်ယောက်လို ဆက်ဆံလာခြင်းသည် ညက သူပြန်အသွားမှာ သူ့အကြောင်းကို သေသေချာချာပြောကြမှန်း သိသာစေပါသည်။

"ရွှယ်က အိပ်တုန်းပဲလား အန်တီ..."

"အမလေး... မိရွှေရွှယ်တို့က ဘယ်တုန်းကမှ ၈ နာရီမထိုးခင်မနိုးဖူးဘူး မောင်... အဲ... မောင်... မောင်ယုရဲ့..."

ယု ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ဒေါ်ခင်မိုး၏ 'မောင်ယု' ဆိုတာကိုလည်း သဘောကျသွား၏။

"မောင်ယု ဆိုတာ ကောင်းတယ် အန်တီ... အဲဒီအတိုင်းပဲခေါ်... ကျွန်တော် ရွှယ့်ကို သွားနှိုးလိုက်ဦးမယ်နော် အန်တီ..."

ယုက ဒေါ်ခင်မိုးကို ခွင့်တောင်းခြင်းမဟုတ် အသိပေးသွားခြင်းသာ ဖြစ်သည်။ ဒေါ်ခင်မိုး လှမ်းကြည့်တော့ တော်တော်ဝေးဝေးကို ရောက်နေပြီဖြစ်သည်။ ပထမ ဒေါ်ခင်မိုး ယောင်ပြီး လှမ်းတားမလို ဖြစ်သွားသေးသည်။ နောက်တော့မှ ဩော်... ဒီကောင်လေးက မိန်းကလေးပါလား... ဟု သူ့ကိုယ်သူ ပြန်သတိပေးရသည်။

ဒေါ်ခင်မိုးကတော့ ယုကို တော်တော်လေး သဘောကျသည်။ သူ့ပုံစံက သွက်သွက်လက်လက် ရွှယ်နှင့်ပတ်သက်လျှင် ဘာကိုမှ မကြောက်သည့်ပုံစံမျိုး... လင်သားက နိုင်ငံခြားမှာဆိုတော့ ရွှယ့်ကို နေရာတကာ ဒေါ်ခင်မိုး လိုက်ပြီး မစောင့်ရှောက်နိုင်ပါ။ အိမ်မှာနေ၊ ချက်ပြုတ်၊ ဘာသာရေးအလုပ်ကလေးလုပ်ပြီး နေတတ်သည့် မိခင်မျိုးမို့ ရွှယ်သွားသည့်



www.burmeseclassic.com

www.burmeseclassic.com

နေရာမျိုးတွေကို လိုက်သွားဖို့ကလည်း ဘယ်လိုမှ အဆင်မပြေပါ။

အခုလို ရွှယ့်ကို နီးနီးကပ်ကပ်စောင့်ရှောက်ပေးမည့် လူတစ်ယောက်ရှိလာတာ သူ့အတွက်ရော သမီးအတွက်ပါ ကံကောင်းသည်ဟု သဘောထားခဲ့သည်။ ရွှယ်နှင့် အတူသွား အတူနေ ဆိုတော့လည်း မိန်းကလေးချင်းမို့ ဘာပြဿနာမှ မရှိနိုင်။ စိတ်ချရသည်။ ထို့ကြောင့် စောစောစီးစီး အဲဒီအကြောင်းကို တွေးနေတုန်း အဲဒီကောင်မလေးကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားခြင်းဖြစ်သည်။

"အင်း... ဘာပဲဖြစ်ဖြစ် ရွှယ့်အတွက် အဖော်ရအောင် သူ့ကို ခင်ခင်မင်မင် ပေါင်းရမယ်..."

ဒေါ်ခင်မိုးသည် သူ့မှတ်ချက်ကို သူသဘောကျပြီး ပန်းဆက်ရွေးနေလေသည်။ စိတ်ထဲမှာလည်း သမီးအတွက် ကျေနပ်နေမိသည်။

တိတ်ဆိတ်နေသောအိမ်ကလေးထဲကို ဝင်လာခဲ့ပြီး အောက်ထပ်မှ အသံကို ခဏနားထောင်သည်။ ပတ်ဝန်းကျင်ကို တစ်ချက် လှည့်၍ ကြည့်သည်။ သူ့ကျွမ်းကျင်မှုအရဆိုလျှင် ဝင်ဝင်ချင်း ဧည့်ခန်းနံဘေးတွင် ရှိနေသော အိပ်ခန်းနှစ်ခန်းသည် ရွှယ့်အတွက် မဖြစ်နိုင်။ ဒါကြောင့် အပေါ်ထပ်ခိုးကလေးပေါ်သို့ နံဘေးလှေကားမှ တက်လာခဲ့သည်။ ထပ်ခိုးကလေးမှာ စားပွဲတစ်လုံးနှင့် ခုံသုံးလေးလုံးဖြင့် ဧည့်ထိုင်ကလေးရှိသည်။ ထိုခုံကလေးတွေပေါ်မှာ ဝက်ဝံရုပ်တစ်ရုပ်... ယုန်ရုပ်ကလေးတစ်ရုပ်... ပြီးတော့ Sony လက်ကိုင် TV ဂိမ်းကလေး ငယု တစ်ချက်ပြုံးလိုက်သည်။

ဟနေသည့် တံခါးကို အသာကလေး တွန်းဖွင့်လိုက်တော့ ညမီးလုံးကလေးအောက်တွင် ခန္ဓာကိုယ်တစ်စောင်းကလေးနှင့် စောင်ပါးပါးလေးကို





ခြုံပြီး အိပ်နေသော ရွှယ့်ကို တွေ့ရသည်။ ရွှယ့်အတွက်တော့ မနက်ခင်းမည် ရောက်မလာသေး။ အိပ်မက်ထဲမှာ 'ည' ပဲ ရှိလိမ့်ဦးမည် ထင်မိသည်။ ငယု ရွှယ့်အနားကို တိုးတိုးကလေးကပ်လာခဲ့သည်။ ရွှယ်သည် ငြိမ်သာစွာ အိပ်စက်ခြင်းထဲတွင် နစ်ဝင်နေသည်မှာ သိသာသည်။ ရွှယ့် နှုတ်ခမ်းကလေး စေ့ထားရာက နှုတ်ခမ်းသားကလေးတွေ ထိကပ်နေပုံ ဟနေသည့်နေရာကလေးက ဟ,နေပုံ၊ ပါးပြင်အောက်မှာ ညင်ညင်သာသာ ငြိမ်သက်နေသည့် လက်ချောင်းကလေးတွေ... သဘာဝအတိုင်း ဝဲကျနေသည့် ကပိုကရိုဆံနွယ်စကလေးတွေ... ပြီးတော့ လျော့လျော့ရဲရဲခြုံထားသည့် စောင်ကလေးအောက်က ငွေ့ငွေ့ကလေး အသက်ရှူနေသည့် လှုပ်ရှားမှု...။

ရွှယ်သည် အိပ်မက် မက်မနေဘူးဆိုလျှင် လောဘ... ဒေါသ... မောဟ...တို့နှင့် တော်တော်ကလေးဝေးနေသဖြင့် နိုးနေသည်ထက် ပို၍ အပြစ်ကင်းစင်နေသည်။ အိပ်နေချိန်တွင် လူတစ်ယောက်သည် ဘယ်လောက် ဖြူစင်ခွင့်ရသည့်အချိန်လဲ။ ထို့ကြောင့် ကလေးတွေအိပ်နေချိန်သည် ကောက်နမ်းချင်လောက်အောင်ကို ချစ်ဖို့ကောင်းနေခြင်း ဖြစ်သည်။ အခုလည်း ငယု ခေါင်းကလေးငုံ့လိုက်သည်။

"ဟင်... အမေ့..."

"ရွှယ်... ကိုယ်ပါ ငယုလေ... ရွှယ်..."

"အား... အမလေး... အား..."

ရုတ်တရက် ထိတ်လန့်သွားသည့် ရွှယ့်အတွက် ငယု တော်တော်လေးတုန်လှုပ်သွားသည်။ ရုတ်တရက် စိတ်လွတ်ပြီး မဆင်မခြင်လုပ်လိုက်မိသော အပြုအမူအတွက်လည်း သူ့ကိုယ်သူ တော်တော်ဒေါကန်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com

ရွှယ်က ခေါင်းအုံးကိုဖက်ပြီး မျက်စိတွေကို စုံမှိတ်ကာ ကြောက်စိတ်ကို အတင်းခုခံနေရသည်။

အိပ်ရာက နိုးနိုးချင်းမို့ ဒေါသလည်း တော်တော်ထွက်သွားသည်။ ဘယ့်နဲ့ သူအိပ်နေတဲ့ အိပ်ခန်းထဲအထိ ဒီမိန်းမက ဘာကြောင့် ရောက်လာရတာတဲ့လဲ...။

ရွှယ် သူ့ကိုကြည့်သည့် အကြည့်က ဒေါသအကြည့်ဆိုတာကို ငယု ချက်ချင်းသိလိုက်သည်။ မည်သူမဆို အိပ်ရာက ထ,ထချင်း အဆင်မပြေဖြစ်လျှင် ဒေါသဖြစ်တတ်ကြတာပဲ မဟုတ်လား။

"Sorry ရွှယ်ရယ်... ရွှယ့်မေမေနဲ့ အောက်မှာတွေ့တော့ အန်တီက ရွှယ် မနိုးသေးဘူး... ဆိုတာနဲ့ အိပ်ခန်းထဲ ဝင်လာမိတာ... ရွှယ် စိတ်ဆိုးသွားလားဟင်..."

အမှန်ဆိုလျှင်တော့ သူနှင့် ရွှယ်သည် မနေ့ကမှ သိခဲ့ကြခြင်းဖြစ်သည်။ သူက ရွှယ့်ကို ကူညီခဲ့သည်ပင် ထားဦး။ ခင်စရှိသွားပြီပင် ထားဦး။ အခုလို အိပ်ခန်းထဲအထိ ဝင်လာလောက်အောင် အခွင့်အရေးမျိုးတော့ မယူသင့်ပါ။

အခုမှ ရွှယ့်ကို စိုးရိမ်တကြီးနှင့် တောင်းပန်နေပြန်တော့ ရွှယ် စိတ်ဆိုးရမှာလည်း ခက်နေသည်။ စိတ်ထဲ ခုသွားသဖြင့် မျက်နှာပေါ်မှာ ရှိနေသော မကျေနပ်မှုကိုလည်း ဖြုတ်ချ၍ မရနှင့် ရွှယ် ဒုက္ခရောက်နေသည်။ အိပ်ရာမှ နိုးနိုးချင်း တော်တော်ကြီးကို အဆင်မပြေသော ခံစားမှုတွေနှင့် လာတွေ့နေရသဖြင့် ရွှယ် တော်တော်စိတ်ညစ်၍ သွားသည်။ ခုတင်ပေါ်ကဆင်းပြီး ငယုကို ကျောခိုင်းရင်း စောင်ကို ခေါက်နေလိုက်သည်။





"ကိုယ့်ကို စိတ်ဆိုးသွားတယ်မဟုတ်လား ရွှယ်..."

"ရပါတယ်..."

"မရပါဘူး... စိတ်မဆိုးဘူးဆိုရင်... ရွှယ် ဒီဘက်လှည့်ပြီး ပြုံးပြ လေ..."

အင်း... အဲဒီလိုလုပ်လို့ မရနိုင်တာတော့ အမှန်ပင်ဖြစ်သည်။ ငယုသည် မျက်နှာအရိပ်အကဲကို ဖမ်းတတ်သည့် နေရာမှာတော့ ထူးချွန်သားပဲဟု ရွှယ်တွေးလိုက်သည်။

"ရုတ်တရက်ဆိုတော့ လန့်သွားတာပေါ့..."

"ဒါပေါ့... ဒါ သဘာဝကျတာပေါ့၊ အဲဒီလို လန့်သွားအောင် လုပ်တဲ့လူကိုလည်း စိတ်ဆိုးသင့်တာပေါ့၊ ကဲ... အဲဒီတော့ ရွှယ်က မျက်နှာသစ် သွားတိုက်လိုက် ဟုတ်ပြီလား... ပြီးရင် ရွှယ် စိတ်ဆိုးပြေသွားအောင် ကိုယ်ကချော့မယ် ဟုတ်ပြီလား..."

ငယုက စောင်တွေဝိုင်းခေါက်ရင်းနှင့် ပြောသည်။ မျက်နှာသစ်ပြီးတော့ ကြာကြာစိတ်မကောက်တတ်တာရော... မျက်နှာပေါ်မှာ ရေနွေးရဲ့ အပြောင်းအလဲကြောင့်ရော... နှင်းစပါးပါးလေးနှင့် ချစ်စရာကောင်းနေသော မနက်ခင်းကြောင့်ရော... စောစောစီးစီးရောက်လာကြသည့် သီရိနှင့် ဒေစီတို့ကြောင့်ရော... သီရိနှင့် ဒေစီတို့ဝယ်လာကြသည့် မလိုင်နှင့် နံပြားကြောင့်ရော... ရွှယ် စိတ်ဆိုးမှုနုနုလေး အဆုံးသတ်သွားလေသည်။

သီရိနှင့် ဒေစီတို့ကို မိတ်ဆက်ပေးတော့ ယုက ယောကျ်ားလေး တစ်ယောက်လိုပင် လက်ဆွဲနှုတ်ဆက်ပြီး လက်ခံသည်။ သီနှင့် စီကလည်း ရွှယ့်ကို ပြောထားသည့်အတိုင်း ယုကို စိတ်ဝင်တစား လေ့လာနေခဲ့သည်။

"မလိုင်နဲ့ နံပြား တို့စားရင်း ကော်ဖီသောက်မှာဆိုရင် ခြံထဲမှာ ဆင်းပြီး စားကြ သောက်ကြပါလား..."


www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ယုရဲ့..."

"ကိုယ်က ခုနက စိတ်ဆိုးအောင် လုပ်ထားတယ်လေ အဲဒါ ချော့မှာပေါ့..."

"အာ... ရပါတယ် ယုကလည်း..."

"ကိုယ်က ဆုံးဖြတ်ထားပြီးလို့ပါ... လာပါ ကော်ဖီသောက်ရင်း ကြည့်ပေါ့၊ ဒီက သူငယ်ချင်းတွေကတော့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့..."

"ဘာဖြစ်လို့လဲ ယုရဲ့..."

ယုက ပခုံးကို တစ်ချက်တွန့်ပြီး မဲ့ပြုံးပြုံးရင်း...

"အဲဒီချော့နည်းမျိုးက ဘယ်သူ့ကိုမှ မချော့ဖူးဘူး၊ နောင်လည်း ချော့ဖြစ်ဖို့ မလွယ်ဘူး... ဒါကြောင့်ပါ..."

"OK ဒါဆိုလည်း ယုပြောတဲ့အတိုင်းပေါ့..."

"ဖြစ်နိုင်ရင် ကိုယ့်ကို ယုလို့မခေါ်ဘဲ ငယုလို့ပဲ ခေါ်ပါလား..."

ငယုက ရွှယ့်ကို ကြင်ကြင်နာနာလေးကြည့်ပြီးတော့ တောင်းဆိုသည်။

"အာ... ငယုဆိုတာကြီးကတော့ မကောင်းပါဘူး... ကိုယုလို့ ခေါ်မယ်..."

"ဟယ်... ကိုယုဆိုတော့လည်း ဒီလိုလေ ယုကိုလို့ ခေါ်ပါလား..."

"ယုကို... OK... သဘောကျတယ် ယုကိုလို့ပဲခေါ်..."

နာမည်ရွေးတည့်သွားပြီးတော့ အားလုံး ပျော်ပျော်ရွှင်ရွှင်ပင် အိမ်ရှေ့သို့ ထွက်ခဲ့ကြသည်။ အန်တီလေးလည်း အိပ်ရာကနိုးပြီမို့ စောစောစီးစီး ပန်းခြံထဲ ခုံတွေခင်းနေသော ရွှယ်တို့ထံ ရောက်လာသည်။ ခုံတွေ ခင်းပြီး





တော့ ငယုက သူ့ကျောပိုးအိတ်ကလေးထဲက ပိုးသားဝတ်စုံကလေးတစ်ထည်ကို ထုတ်၍ ဝတ်သည်။ ငယု၏ အဆီပိုမရှိဘဲ ကျစ်လျစ်သောခန္ဓာကိုယ်သည် ဝတ်စုံဖြူလေးအောက်တွင် ချစ်ဖို့ကောင်းနေသည်။ ငယု ဘာလုပ်မှာလဲဆိုတာ မသိသဖြင့် ရွှယ်တို့ ငေးနေမိ၏။

ငယုက ခန္ဓာကိုယ်ကို ဖြေလျှော့ထားပြီးနောက် မျက်ဝန်းတွေကို မှေးမှိတ်ထားလိုက်သည်။ ပြီးတော့မှ ညင်သာစွာ လက်ကလေးတွေကို လှုပ်ရှားသည်။ ထို့နောက် တစ်စုံတစ်ရာ စည်းချက်ကျနေသော သွက်လက်သည့် လှုပ်ရှားမှုသည် ငယုထံမှ ထင်မှတ်မထားလောက်အောင်ပင် လှပသေသပ်စွာ ထွက်ပေါ်လာသဖြင့် အားလုံး ငေး၍ ကြည့်ရလေသည်။

ကြည့်နေရင်းနှင့်ပင် ငယု၏မျက်ဝန်းတွေက အရောင်တစ်မျိုးဖြင့် တောက်ပ၍ လာသည်။ လှုပ်ရှားမှုက ပိုမြန်ဆန်လာပြီး အားပါလာသည်။ အရှိန်နှင့် ကစားနေရင်းက အရှိန်နှင့် ပြေးကာ လေထဲမှာ နှစ်ဆင့်ကန်ကန်သွားသည်။ ခန္ဓာကိုယ်က လိပ်ပြာလေးဝဲနေသလို ထင်ရသော်လည်း ကန်ချက်က အားပါသည်။

ခြေထောက်ချတာ၊ လက်ချောင်း လက်မောင်း အကွေးအဆန့် သေသပ်လှပတာ၊ ခါး၊ ခြေနှင့် ခေါင်းအတိမ်းအစောင်း အဆုတ်အတက် ပီရိသေသပ်တာ မှန်ပါသည်။ အော်သံ၊ ကန်ချက်၊ သစ်ရွက်ကလေးလို ဝဲနေသည်။ လေထဲက ကျွမ်းများ...။

ကစားကွက်စုံ၍ စုထားသည့်အားကို ဖြေချလိုက်သောအခါ ငေးကြည့်နေသော ရွှယ်တို့ငါးယောက်စလုံး မင်တက်နေမိသည်။ ပထမဦးဆုံး သတိဝင်လာသူက အန်တီလေးဖြစ်၏။ အန်တီလေးထံမှ လက်ခုပ်သံတဖြောင်းဖြောင်း ထွက်လာတော့မှ ရွှယ်တို့လည်း ဆူညံစွာ အော်ဟစ်ရင်း လက်ခုပ်တွေ တီးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ယုကိုရယ် တော်လိုက်တာ… လှလိုက်တာ… ဘယ်တုန်းက သင်ထားတာလဲဟင်… လှလိုက်တာ တကယ်ပဲ…"

ချွေးတွေရွှဲနေသော ငယုကို ရွှယ်က ဖက်ထားရင်း ဝမ်းသာအားရ ချီးကျူးသည်။ ငယု နည်းနည်းကလေးမောနေသဖြင့် စကား ရုတ်တရက် ပြန်မပြောနိုင်သေးဘဲ ဝမ်းသာသည့်မျက်နှာနှင့်သာ ကြည့်နေခဲ့သည်။

"ဝူရှူးဆိုတာ အဲဒါလားဟင်… လှလိုက်တာနော်… အဲဒီလောက် ကြည့်ရတာ အံ့သြဖို့ကောင်းမှန်း အစက မသိခဲ့ဘူး…"

"အန်တီလေးတော့ မင်းကို အရမ်းချီးကျူးသွားပြီကွာ… တကယ်ပါ တကယ်… တကယ်…"

"ယုကိုသင်တာ ဘယ်လောက်ကြာပြီလဲဟင်…"

ငယုက စားပွဲပေါ်မှာတင်ထားသည့် ရေတစ်ခွက်ကို အားရပါးရ သောက်ပစ်လိုက်သည်။

"ကိုးတန်းကတည်းက သင်တာ ဆယ့်လေးနှစ်ကဆိုပါတော့ အခု သင်သက် ၅ နှစ်ကျော်ပြီ…"

"ထပ်မသင်တော့ဘူးလားဟင်…"

"အင်း… ဝူရှူးက အကွက်သင်စရာ အများကြီး မရှိပါဘူး၊ ဝူရှူး ရဲ့အသက်ကိုက လေ့ကျင့်တာလေ… သူက လူ့ဘဝကို သင်ယူတာ၊ ဝူရှူးဟာ တိုက်ခိုက်ဖို့တင် မဟုတ်ဘူး၊ လူ့ဘဝကို ရင်ဆိုင်ဖို့ အသိဉာဏ် ပါ ပါတာလေ…"

"ဒီလို အရမ်းကြည့်လို့ကောင်းအောင် ယုကို အရမ်းကျင့်ရမှာပဲ နော်…"

ငယုက တစ်ချက်ပြုံးသည်။ ပြီးတော့မှ ပေါ့ပေါ့ကလေးပြန်ဖြေသည်။





"သုံးနှစ်ကျော်ကျော် လေးနှစ်နီးပါး တစ်ရက်မှ မပျက်ဘဲ ကျင့်ခဲ့တာ၊ အခုတော့ နေ့စဉ် မမှန်တော့ပေမယ့် တစ်ပတ်ကို အနည်းဆုံး လေးရက်လောက်တော့ ကစားဖြစ်ပါတယ်"

ရွှယ် ယုကိုကို ငေး၍ ကြည့်မိသည်။

အခု ယုကိုက သူတတ်ထားသည့် ပညာကို စနစ်တကျ ကစားပြလိုက်တော့ ယုကိုကို ကြည့်ရတာ မနေ့ကနှင့် မတူတော့သလို ဖြစ်နေသည်။ ပိုပြီး ခင်မင်လာသလိုလို ပိုစိတ်ဝင်စားလာသလို ခံစားရသည်။

"သားရယ် သားက ကစားတာ တော်တော်လှတာပဲ၊ ကြည့်ရင်း ကြည့်ရင်း သားက သိုင်းကစားနေတာနဲ့ မတူတော့ဘဲ ကနေသလိုကို အန်တီထင်လာတာ… တကယ်ကို ကြည့်လို့ကောင်းတယ်…"

"ဝူရှူးက အကကိုပဲ အခြေခံထားတာပါ…"

"ကဲ… သားကို ဂုဏ်ပြုတဲ့အနေနဲ့ ဘရိတ်ဖတ်(စ်)ကို မြက်ခင်းမှာပဲ စီစဉ်လိုက်တော့… မေမေနဲ့ အန်တီလေးတို့ မင်းတို့အတွက် စီစဉ်ပေးမယ် ဟုတ်ပြီလား…"

အဲဒီနေ့က မြက်ခင်းပေါ်မှာ မနက်ခင်းစာစားရင်း သီနှင့် စီတို့ကို မနေ့ကအကြောင်းတွေကို ရွှယ်က ပြန်ပြောပြသည်။ သီနဲ့ စီက စိတ်ဝင်တစားမေးသည်။

"ဒါဆို ကောင်း တော်တော်ညစ်သွားမှာပေါ့ ဟုတ်လား…"

"အေးပေါ့… ပုံစံကတော့ အဲဒီလိုပဲပေါ့… သူ့မျက်နှာကို မင်းတို့ မြင်ရင် ရယ်ချင်မှာပဲ သိလား၊ ရွှယ်တောင် မနည်းထိန်းထားရတာ…"

"စီကတော့ သူတစ်ယောက်တည်းကြံတယ် မထင်ဘူး၊ ဟိုကောင် နှစ်ကောင် ပါကိုပါရမယ်… ကောင်းပုံစံက အဲဒီလို ကလိမ်ကကျစ်ဉာဏ် မျိုး မထွက်ဘူးကွ…"


www.burmeseclassic.com

www.burmeseclassic.com



“အဲဒီကောင်တွေက အကြံပေးပြီးတော့မှ နှစ်ယောက်တည်း လွှတ်ပေးတာ ထင်တယ်ကွ၊ ကျန်တဲ့လူတွေပါတော့ အားပျော့သွားမှာ စိုးလို့လေ...”

“အမလေး... ရွှယ်လန့်တာတော့ တကယ်ကို လန့်သွားတာ အကွေ့လေးနားဆိုတော့ ပိုဆိုးတာပေါ့... ရွှယ်က ကိုယ့်အတွေးနဲ့ ကိုယ်လေ... မျက်စိတွေပြာပြီး ပစ်လဲတော့မလို့ တော်သေးတာပေါ့... ယုကိုက ပြေးပွေ့လို့...”

သီနဲ့ စီတို့က ငယုကို ငဲ့ကြည့်လိုက်ကြသည်။

ဘာစကားမှ ဝင်မပြောဘဲ ငြိမ်နေသော ငယုက စားပွဲပေါ်မှာ တင်ထားသည့် ရွှယ့်လက်ကလေးကို ကောက်ကိုင်ပြီး ဆုပ်ထားလိုက်သည်။ ရုတ်တရက်မို့ ရွှယ် ကြောင်သွားသလို သီနှင့် စီလည်း ကြောင်၍သွားသည်။

“ရွှယ်က အဲဒီကောင်းဆိုတဲ့လူကို နည်းနည်းကလေးမှ စိတ်မဝင်စားဘူး မဟုတ်လား...”

ရွှယ်က ထင်မှတ်မထားသော မေးခွန်းမို့ ဘာပြောရရင် ကောင်းမလဲ စဉ်းစားနေချိန်မှာ အန်တီလေးက စားစရာတွေ လာချပေးနေသဖြင့် ရွှယ် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ အန်တီလေးက ကောင်းကို တိတိကျကျကို သိထားသည်။ ကောင်းကို ရွှယ် စကိတ်နှင့် စတိုက်မိတဲ့နေ့ကတည်းကိုက သိသည်။ ကောင်း ရွှယ့်ကို လိုက်တာကိုလည်း သိထားသည်။

“ပြောလေ ရွှယ်ရဲ့... အဲဒီကောင်းဆိုတဲ့ ကောင်ကို ရွှယ်က...”

အန်တီလေးက တစ်ချက်လှည့်ကြည့်သည်။

“ဘာလို့ ရွှယ်က ဒီကောင့်ကို စိတ်ဝင်စားရမှာလဲ၊ ဒီလောက်ဒုက္ခပေးနေတာ အမြင်တောင် ကတ်သေးတယ်...”





“အဲဒီ... အဲဒီကောင်ကို သေသေချာချာကို ပြောထားရမယ်...ယ်ရဲ့...”

ငယုက ပြုံးပြီး ရွှယ့်လက်ကလေးကို ဖျစ်ညှစ်ထားလိုက်သည်။ ဘာကြောင့်မှန်းတော့မသိ ရွှယ့်စိတ်ထဲမှာ ကျဉ်းကျပ်သွားသလို စားလိုက်ရ၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

တကယ်လို့ ရွယ်က အရင်နေ့တွေတုန်းကလိုပဲ ကွေ့ပတ်ရှောင်နေသည်ဆိုလျှင်တော့ ရွယ့်ကွယ်ရာမှာ သီနှင့် စီတို့ကို အညှံ့ခံပြီး ဝင်ရတော့မည်။ ဒီတာဝန်ကိုတော့ တောက်တဲ့နှင့် ထွန်းကိုတို့က ယူမည်ဟု သူ့ကို ကတိပေးထားသည်။ တောက်တဲ့က ဒေစီ့ကို ကပ်ပြီး ကြိုးစားနေတာ အခြေအနေသိပ်မဆိုး။ သူငယ်ချင်းလိုပဲဆိုသည့် အခြေအနေတော့ ရောက်နေပြီ ဖြစ်သည်။

သူကတော့ ရွယ့်ကို သူငယ်ချင်းလိုပဲ ဆိုသည့် အခြေအနေကို ကြားဝင်ခုလို့ မဖြစ်။ ရွယ့်ကိုလိုက်နေတာက သူတစ်ယောက်တည်းမဟုတ် ဂျက်ဖရီတို့အုပ်စုက ရှိသေးသည်။ ဂျက်ဖရီ၏ညီမလေး အန်နာက ရွယ်တို့နှင့် company တစ်ခုတည်းမှာဖြစ်သည်။ ဂျက်နှင့် သူက ကျောင်းတုန်းက တစ်ခန်းတည်း တစ်ကြိမ် ကျခဲ့ဖူးသော်လည်း အုပ်စုတူမပေါင်းခဲ့ရသဖြင့်





သူချင်းသိသည်ဆိုရုံ မေးထူးခေါ်ပြောအဆင့် ဖြစ်သည်။ ရွယ့်ကိစ္စနှင့် ပတ်သက်၍ ဆန္ဒတူနေကြပြန်တော့လည်း တစ်ယောက်နှင့် တစ်ယောက် ရန်သူလို သဘောမထားပေမယ့် သူ့စည်း ကိုယ့်စည်းကလေးနှင့်တော့ နေကြသည်။

ဘာပဲဖြစ်ဖြစ် ရွယ်သည် ဂျက်ဖရီထက်စာလျှင် သူ့ကို ဦးစားပေးဆက်ဆံတာကိုတော့ အားလုံးက အသိအမှတ်ပြုကြသည်။ ဒါပေမဲ့ ချစ်သူဆိုတာ ဒီလောက်နှင့် ဘယ်သူက စိတ်ချထားနိုင်မှာလဲ။

ချစ်သူအပေါ်တွင် အချစ်နှင့်ပတ်သက်၍ ထားသော သဘောထားသည် ဘဏ်ကို ဓားပြတိုက်နေသော ဘဏ်ဓားပြတစ်ယောက်နှင့် အတူတူပင်ဖြစ်သည်။ ယူချင်သည်။ ရနိုင်သမျှ ယူချင်သည်။ ကားတစ်စင်းလုံးပြည့်၊ ကျောကုန်းမှာ လက်နှစ်ဖက်မှာ အိတ်တွေအပြည့် ထည့်ပြီးသွားလည်း ရလျှင် ယူချင်သေးသည် မဟုတ်လား...။

"ဟော့ကောင်... အကောင်း..."

ထွန်းကိုက လက်မောင်းကို စာအုပ်နှင့် ပိတ်ရိုက်လိုက်တော့မှ အသိက ဝင်သည်။ ထွန်းကို မေးငေါ့ပြရာကို ကြည့်လိုက်တော့ 'ရွယ်'...။

လောကကြီးသည် ဖလက်(ရှ်)ဂမ်း တစ်ချက်ပွင့်လိုက်သလို ဖြစ်၍သွား၏။ ရွယ်သည် မရမ်းစေ့ရောင်ဝမ်းဆက်ကလေး ဝတ်၍ ထားသည်။ ပြီးတော့ သူ့ထံသို့ မျက်ဝန်းရိပ်ကလေးတစ်ချက် 'လှစ်' ခနဲရောက်၍လာသည်။ သူ့နှလုံးသားကို အချိုရည်ကန်ထဲ 'ဆတ်ခနဲ' ဆွဲနှစ်လိုက်သလို ခံစားရသည်။ မြတ်နိုးစုံမက်စွာ ရွယ့်ကို ရင်ထဲက ဆန္ဒအတိုင်း လိုက်ငေးနေမိသည်။ ရွယ်တို့အုပ်စု သူတို့ကိုကျော်သွားတော့မှ ကောင်းမင်း ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုက်မလို့လား အကောင်း…"

"အေးလေ… ဘာဖြစ်လို့လဲ…"

"မင်းပြောတဲ့ ဖိုက်တာငတိလေး ပါတယ်နော်…"

တောက်တဲ့စကားဆုံးတော့မှ သူ ကမန်းကတန်း လှမ်းကြည့်တော့ ရှယ့်ဘေးနားမှာ ဟိုတစ်နေ့က ယောကျ်ားလျာမကလေးကို တွေ့ရသည်။ ထိုအချိန်တွင် ရှယ့်ထံမှ အသာငဲ့ကြည့်သော အကြည့်တစ်ချက်ကို ထပ်၍ ရသည်။ သူ ဘယ်လိုနေခဲ့လို့ ရတော့မည်နည်း။

"ဟာ… အဲဒါ အရေးမကြီးပါဘူး လာ…"

ကောင်းမင်း လမ်းမပေါ်တက်ပြီး ရှယ်တို့နောက်သို့ လိုက်ခဲ့သည်။ ဒီနေ့ ရှယ်တို့လမ်းလျှောက်တာ နည်းနည်းမြန်နေသလို ထင်ရသည်။ သီနှင့် စီကလည်း သူတို့တစ်တွေကို ထုံးစံအတိုင်း စ,တာ နောက်တာလေးများပင် မလုပ်တော့။ ဘာတွေ အရေးကြီးနေကြသနည်း။ ဖယ်ရီရောက်ရန် နာရီဝက်တောင်မှ လိုသေးသည် မဟုတ်လား။

ရှယ် နည်းနည်း စိတ်လှုပ်ရှားနေတာကို ငယုသိပါသည်။

အဲဒီလိုဖြစ်နေသည့်အတွက် ငယုရင်ထဲမှာ မကျေမနပ်ဖြစ်နေသည်။ ဒီကောင့်ကို တွေ့ပြီးမှ ရှယ်တို့အုပ်စုအခြေအနေ မကောင်းတော့ဘဲ ပုံစံပြောင်းတာကိုက အဲဒီကောင်၏ ထိရောက်မှုတစ်ခု ဖြစ်နေသည်။

"ရှယ် ဘာဖြစ်လို့ အတင်းလျှောက်နေတာလဲ၊ ပုံမှန်ပဲ လျှောက်စမ်းပါ ဘယ်လိုဖြစ်တာလဲ…"

ငယုက ရှယ့်လက်ကို ဆွဲပြီး သတိပေးရင်း ခြေလှမ်းကို လျှော့ချလိုက်သည်။ ရှယ့်လက်ကို ဆွဲထားသဖြင့် ရှယ်လည်း တုံ့ခနဲတစ်ချက်တော့ ဖြစ်သွားသည်။ ငယုတို့နှစ်ယောက်က ထင်မှတ်မထားဘဲ အရှိန်လျှော့





လိုက်သည့်အတွက် နောက်မှာ ကျန်ခဲ့ပြီး ကောင်းမင်းတို့နှင့် နီး၍ သွားသည်။

"ရှယ်… ရှယ်… ဟိုနေ့က ကိစ္စကို ကိုယ်တောင်းပန်တာကို ရှယ်ကျေနပ်တယ်နော် ရှယ်…"

ရှယ့်ထံမှာ အရင်နေ့တွေတုန်းကလို ကြည်လင်သော နောက်ပြောင်မှု ဒါမှမဟုတ် တစ်နေ့ကကိစ္စအတွက် ဟန်လုပ်ထားသော ဒေါသ ဘာတစ်ခုကိုမှ မတွေ့ရပါ…။ ရှယ်သည် ခေါင်းကို အတင်းငုံ့ပြီး လမ်းကိုသာ စီလျှောက်နေ၏။

"ရှယ့်ကို နှစ်ယောက်တည်း တွေ့ချင်လို့ ကြိုးစားမိတာ ကိုယ့်အမှားပါ ရှယ်… ကိုယ်တောင်းပန်ပါတယ်…"

ငယုလက်ထဲမှာ ဆုပ်ကိုင်ထားသော ရှယ့်လက်သည် တုန်ယင်နေသည်ဟု ငယုထင်သည်။ ခေါင်းအတင်းငုံ့ပြီး ခုခံကာကွယ်နေသော ရှယ့်ခုခံနည်းကိုလည်း ငယုမကြိုက်ပါ။ အဲဒီကောင် နောက်ကနေ တတွတ်တွတ်လိုက်ပြီး တောင်းပန်နေတာကို နားထောင်ရင်း ငယု ဒေါသ တော်တော်ဖြစ်လာပြီ ဖြစ်၏။

"ရှယ် ကိုယ့်ကို စကားတစ်ခွန်းလောက်ဖြစ်ဖြစ် ရှင်း…"

"ကဲ… ကိုယ့်လူ နည်းနည်းကလေး အလိုက်သိဖို့တော့ ကောင်းပြီကွာ… ရှယ်က မင်းကို စကားမပြောချင်ဘူးဆိုတာက ထင်ရှားနေတာပဲဟာ…"

"အာ… မဟုတ်ပါဘူးဗျာ… ကျွန်တော် မနေ့က ကိစ္စကို ရှင်းပြချင်လို့ပါ…"

ငယုက ရှယ့်လက်ကို ဆုပ်ကိုင်ထားရင်းက ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ တပ်ထားသည့် နေကာမျက်မှန်ကို ချွတ်သည်။ ဟက်… ခနဲ တစ်ချက်ရယ်ရင်း ကောင်းမင်းမျက်နှာကို အပြုံးနှင့် ကြည့်သည်။

"ငါတို့ မနေ့က တစ်ကြိမ် တွေ့ကြပြီးပြီပဲ… မင်းနာမည် ကောင်း ဆိုတာထင်တယ် ဟုတ်လား…"

"ယု… ကို…"

"ရွှယ် စိတ်မပူပါနဲ့… ကိုယ် စကား ကောင်းကောင်းပြောမှာပါ၊ ဒီမှာ မင်းနဲ့ ငါ ရန်မဖြစ်ချင်ဘူးကွာ…"

ရွှယ် စိုးရိမ်တကြီးအသံကြောင့် ကောင်းမင်း လှမ်းကြည့်တော့ ရွှယ့် မျက်ဝန်းတွေထဲမှာ စဉ်းစားရကြပ်သော အဓိပ္ပာယ်တစ်မျိုးကို ကောင်းမင်း တွေ့ရသည်။ ဒါပေမဲ့ ဟိုဆရာလေးက စကားဆက်ပြောနေသဖြင့် ထို ဆရာလေးကို ပြန်ကြည့်လိုက်ရ၏။

"ကျွန်တော်တို့က ရွှယ်တို့ ဒေစီတို့နဲ့ သူငယ်ချင်းတွေ ဖြစ်နေပါပြီ၊ မနေ့က ဒီကောင်နောက်တာကို ရွှယ်က စိတ်ဆိုးနေတော့ ဒီကောင်က အဲဒီကိစ္စကို လိုက်ရှင်းတာပါ…"

တောက်တဲ့၏ ပြေပြေလည်လည် ရှင်းပြသံဆုံးတော့ ရွှယ့်လက်ကို ကိုင်ထားသော ဆရာလေးက 'ဟက်' ခနဲ တစ်ချက်ရယ်ပြီး မျက်လွှာချ ကာ ခေါင်းကို ဘယ်ညာရမ်း၍ နေ၏။

"မဟုတ်သေးဘူးကွာ… ကိုယ်ဆိုလိုတာက ရွှယ်က အဲဒီကိစ္စကို စိတ်ဆိုးနေတာ မဟုတ်ဘူး၊ မင်းတို့အုပ်စု လိုက်လာလို့ စိတ်အနှောင့် အယှက်ဖြစ်နေတာ… ဒီမှာ မင်းတို့ကို ငါပြောပြမယ်… ရွှယ်က မင်း တို့ကို…"

"ဒီမှာ တောက်တဲ့… နင်တို့ပြန်တော့… သောကြာနေ့ကလို





မစွည်းအကြောင်းပြပြီး လိမ်ခေါ်တာမျိုးကို ငါတို့ စိတ်ဆိုးတယ်၊ အခု နင်တို့ တောင်းပန်မနေနဲ့… ပြန်ကြတော့ ဒါပဲ…"

ဒေစီက ခပ်ပြတ်ပြတ်အသံနှင့် ဝင်ပြောသည့် စကားဆုံးတော့ 'ဖျတ်' ခနဲမိတ်ပြလိုက်သည့် မျက်စိတစ်ချက်ကို ကောင်းမင်း အသေအချာ မြင်လိုက်ရ၏။ တစ်ခုခုတော့ ထူးခြားနေပြီဆိုတာ သေချာသွားပြီ။

"ပြန်ကြတော့လေ…"

"တောက်တဲ့ လာ… ပြန်မယ်…"

"ဟော့ကောင်တွေ… ခဏနေဦး… ငါ မင်းတို့ကို ပြောစရာရှိတယ်၊ ရွှယ်က မင်းတို့ကို…"

"ကျွန်တော်တို့ တောင်းပန်ပါတယ်ဗျာ… ကျွန်တော်တို့ မှားသွား တာပါ၊ နောက်မှပဲ တွေ့ပါတော့မယ်…"

ကောင်းမင်းတို့ ချက်ချင်း လှည့်ထွက်သွားကြသည်။

ငယုက မကျေမနပ်ဖြင့် ငေး၍ ကျန်ခဲ့သည်။ ရွှယ်တို့ သူတို့လမ်းကို ဆက်သွားဖို့ ပြင်တော့ ငယုက လက်ကို အားနှင့် ဆွဲထားသဖြင့် ရွှယ် တအံ့တသြလှည့်ကြည့်သည်။ ငယုက နေရာမှမရွေ့ဘဲ ဒေစီတို့ကို ရှူးရှူး ဝါးဝါးကြည့်ရင်း အော်ခေါ်လိုက်သည်။

"ဒေစီ…"

ငယုခေါ်သံကြောင့် ဒေစီက ဆတ်ခနဲ လှည့်၍ ကြည့်သည်။ ငယု ခေါ်သံက တော်တော်ကြီးကို ခက်ထန်မာကျော၍ နေသည်။

"ဘာလဲ… ယုကို…"

ဒေစီကလည်း တုန်လှုပ်မှုကင်းစွာဖြင့် ဆိုသည်။

"ကိုယ်ပြောနေတဲ့ စကား မဆုံးခင်မှာ နောက် အဲဒီလိုဖြတ်ပြီး ဝင်မပြောပါနဲ့ မကြိုက်ဘူး…"



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ ယုကို… ဒီကိစ္စတွေက ယုကို ရောက်မလာခင်ကတည်းက ဖြစ်ခဲ့တဲ့ ကိစ္စတွေပါ၊ ဒီကိစ္စနဲ့ ပတ်သက်လို့ ဒေစီတို့က ရွှယ့်အတွက် အကြိမ်ပေါင်းများစွာ ကာကွယ်လာခဲ့ရတဲ့သူတွေပါ၊ ဒီကိစ္စတွေကို ယုကို ထက် ဒေစီက ပိုသိပါတယ်၊ အဲဒီအတွက် ဒေစီဝင်ပြောတာ ဘာဖြစ်လဲ…"

တိကျပြတ်သားသော ဒေစီ့စကားကြောင့် အခြေအနေက တင်းမာသွားသည်။ ဒေစီသည် မည်သည့်ကိစ္စကို မဆို မဟုတ်လျှင် နည်းနည်းမှ ခံတတ်သူ မဟုတ်ပါ။ အခုကိစ္စမှာ ဒေစီ့ရပ်တည်မှုက ရှင်းနေသည်။

"ဒေစီပြောလိုက်တဲ့ စကားက တစ်ခါတည်း ပြတ်သွားတဲ့ စကား မဟုတ်ဘူး ဒေစီ၊ နောက်နေ့တွေအတွက် ဖိတ်ခေါ်နေသလို ဖြစ်နေတယ်၊ ကိုယ်က တစ်ခါတည်း စကားကို အပြတ်ပြောမလို့… အဲဒါကို ဒေစီက ဝင်ပြီး နှောင့်ယှက်ပစ်လိုက်သလို ဖြစ်နေတယ်၊ ကိုယ် ဒီကောင်တွေကို တစ်ယောက်မှ ဂရုမစိုက်ဘူး၊ အချိန်ဆွဲနေတာ အလကားပဲ… စာရင်း ရှင်းချင်ရင် တစ်ခါတည်းရှင်းလို့ရတယ် ဒေစီ…"

"ဒီမှာ ယုကို တို့မိန်းကလေးတွေမှာ ဒီလိုကိစ္စမျိုးတွေအတွက် တုတ်တစ်ပွဲ ဓားတစ်ပွဲဖြစ်တာ သိက္ခာတက်မလာတဲ့အပြင် သိက္ခာကျဖို့… ပတ်ဝန်းကျင်က ပြဿနာရှုပ်တဲ့ မိန်းကလေးတွေပဲလို့ ထင်ဖို့ပဲရှိတယ်၊ ရည်းစားစကားလိုက်ပြောတိုင်း ရန်ဖြစ်လွှတ်စရာ မလိုဘူး ယုကို… ရန်ဖြစ်တယ်ဆိုတိုင်းလည်း ပြဿနာက ပြေလည်သွားတာ မဟုတ်ပါဘူး…"

"ဒါဆို သူတို့ လာလာနှောင့်ယှက်နေတာကို ဒီအတိုင်း ခံနေရမှာလား…"

"မလိုပါဘူး ယုကို… သဘာဝတရားက ဒေစီတို့ကို ပေးထားတဲ့





လက်နက်တွေ အများကြီးပါ… ဘယ်မိန်းကလေးမှာပဲဖြစ်ဖြစ်… အဲဒီ လက်နက်တွေ ရှိပါတယ်၊ အဲဒီလက်နက်တွေနဲ့ တို့ဟာ ပတ်ဝန်းကျင်မှာ နာမည်ဆိုးမရအောင်… အရှက်ကို ကောင်းကောင်းကာကွယ်လို့ ရပါတယ်၊ အခု သူတို့ ပြန်သွားရတာပဲ မဟုတ်လား…"

ယုကိုပုံစံက ခံပြင်းနေပုံရသည်။

ဒီတော့မှ ရွှယ်က ဝင်ရသည်။

"ယုကိုရယ်… ဒေစီက အလကား ရန်ဖြစ်နေရမှာစိုးလို့ ကြားဝင်ပြောလိုက်တာပါ၊ ဟိုတစ်နေ့ကလည်း ဖြစ်… ဒီနေ့လည်း ထပ်ဖြစ်ဆိုတော့ ရွှယ် ဘယ်ကောင်းတော့မှာလဲ၊ ဒီနည်းနဲ့ပဲ ကောင်းပါတယ်၊ သွားကြရအောင်နော်… တော်ကြာ ဖယ်ရီကားလာသွားရင် ဒုက္ခဖြစ်နေဦးမယ်…"

ရွှယ်က သူ့ကိုဆုပ်ထားသော လက်ကလေးကို ညင်ညင်သာသာ ကလေးရုန်းတော့မှ ငယု အလိုက်သင့်လိုက်လာသည်။ ရွှယ် သက်ပြင်းကို ချလိုက်သည်။ ရွှယ်နှင့် ဒေစီ မျက်ဝန်းချင်း ဆုံလိုက်ကြသည်။

စောင့်နေကျနေရာရောက်တော့ အားလုံး နှုတ်ဆိတ်နေကြ၏။ ဖယ်ရီကားက ခဏအတွင်း ရောက်လာသဖြင့် တော်သေးသည်။ ငယုက ရွှယ့်လက်ကို မလွှတ်ချင် လွှတ်ချင်နှင့် လွှတ်ရင်း…

"ကိုယ် ညနေ ဒီနေရာမှာပဲ စောင့်နေမယ်၊ Aircon ထဲ ဝင်လိုက်နေပူထဲ ထွက်လိုက် သိပ်မလုပ်နဲ့နော်…"

"စိတ်ချပါ ယုကိုရဲ့ သွားပြီနော်…"

တဖြည်းဖြည်းချင်း ဝေးသွားသော ဖယ်ရီကားကို ငေးရင်း ငယု


www.burmeseclassic.com

www.burmeseclassic.com


ရင်ထဲမှာ တစ်ခုခုဟာသွားသလို ခံစားရသည်။ ပြီးတော့ ရင်ထဲမှာ တစ်ခုခု မောနေသလိုပဲ ခံစားရ၏။ တစ်ကိုယ်လုံး နုံးခွေပြီး စိတ်ထဲမှာ ရှုပ်ထွေးနေသည်။

အိမ်ကိုပြန်ပြီး တစ်ကိုယ်လုံး ပစ်လှဲနားပစ်လိုက်ချင်နေပြီ ဖြစ်သည်။

❑



ဖယ်ရီကားပေါ်ရောက်တော့ ရွှယ်တို့ အသီးသီး စကားသံ တိတ်နေကြသည်။

မနက်ခင်းဖြစ်ခဲ့သည့် မပြေလည်မှုကလေးများအပေါ်တွင် ရွှယ်က သူ့အပြစ်မကင်းသလို ခံစားနေရသည်။ ဒီနေ့မနက်ခင်း ပြဿနာတွင် သူ့မပြတ်သားမှုက ပြဿနာ၏နောက်ခံအကြောင်းအရာ ဖြစ်နေသည်။ သူ ယုယန္တွေးကို စိတ်ထဲမှာ ခပ်ပေါ့ပေါ့သဘောထားခဲ့တာလည်း ပါသည်။ စ,ဆုံတွေ့ကတည်းက ကောင်းကို ဒေါသဖြစ်၍ အော်မိသော်လည်း စိတ်ဝင်စားနေသူဟု ငယုကို ပြောထားသင့်သည်။

သို့သော် ငယုက မိန်းကလေးပဲဆိုတော့ စိတ်ထဲမှာ အဲဒီကိစ္စကို ကြိုပြောထားစရာ မလိုဟု သဘောထားခဲ့သည်။ တွေးပင် မတွေးမိခဲ့။ ပြီးတော့ ငယုနှင့် စတွေ့ပြီး နောက်တစ်နေ့မနက် ငယုက သူ့အိပ်ရာထဲအထိ ရောက်လာခဲ့စဉ်က...

ထိုကိစ္စကို တွေးလိုက်လျှင် ရွှယ် စိတ်ရှုပ်သွားလေ့ရှိသည်။

ထိုကိစ္စမှာ 'အနမ်း' ပင် ဖြစ်သည်။

အိပ်ပျော်နေသော ရွှယ့်ကို ငယုက နမ်းခဲ့သည်။ အမှန်ဆိုလျှင် အဲဒီအချိန်ကတည်းက ရွှယ့်အနေနှင့် ငယုကို ထိထိရောက်ရောက်ဆန့်ကျင်


www.burmeseclassic.com

www.burmeseclassic.com

သင့်သည်။ အရေးတယူသဘောထားပြီး နောင်မလုပ်ဖို့ ပြတ်ပြတ်သားသား ပြောသင့်သည်။ သို့သော် ရွှယ်မလုပ်ခဲ့... ပြောရမှာ ရှက်တာရော... ငယုက မိန်းကလေးပဲ ဘာမှမဖြစ်ပါဘူး... ဆိုသည့် ခပ်ပေါ့ပေါ့ အတွေးရောက ငယုကို အခုလိုအခြေအနေ ဖြစ်သည်အထိ တွန်းပို့ပေးနေသလို ဖြစ်ခဲ့သည်။ မနက်က မပြေလည်မှုမှာ သေသေချာချာတွေးမည်ဆိုလျှင် ငယုက ရွှယ့်ကိုယ်ရေးကိုယ်တာအထိ ဝင်ရောက်စွက်ဖက်ခြင်း ဖြစ်ပြီး၊ ဒေစီက ထိုစွက်ဖက်မှုကို ကာကွယ်ပေးခြင်းပင် ဖြစ်သည်။

"ရွှယ်... မင်း ယုကိုအကြောင်းကို စဉ်းစားနေတာလား... မစဉ်းစားဘူးဆိုရင်တောင် စဉ်းစားဖို့ မင်းကို စီက အကြံပေးချင်တယ် ရွှယ်..."

"စဉ်းစားနေပါတယ်... ရွှယ့်မှာ အပြစ်ရှိတယ်..."

"ဟုတ်တယ် ရွှယ်... ဝူရှူးကစားပြပြီးတော့ ရွှယ့်လက်ကို ကောက်ကိုင်တာ... ရွှယ့်ကို ကောင်းအကြောင်း စိတ်မဝင်စားဘူး မဟုတ်လားလို့ မေးတာတွေဟာ ရုတ်တရက်ဖြစ်တာတွေ မဟုတ်ဘူး၊ သူ့မှာ ခံစားချက်ရှိနေတယ်... ခံစားချက်တစ်ခုနဲ့ သေသေချာချာလုပ်နေတာ သေချာတယ်..."

ရွှယ် သက်ပြင်းကို ချလိုက်ရသည်။ သီနှင့် စီသည် ငယ်ပေါင်းတွေမို့ ပွင့်ပွင့်လင်းလင်းတိုင်ပင်တာ အကောင်းဆုံးဟု ရွှယ် ဆုံးဖြတ်လိုက်သည်။

"ဟုတ်တယ် သီ... ယုကိုကို ရွှယ်က မိန်းကလေးလို သဘောထားနေပေမယ့် သူက ရွှယ့်ကို ယောကျ်ားလေးတစ်ယောက်လို ခံစားနေတာ သေချာတယ်၊ သူ... သူကလေ... ဟို... ရွှယ့်ကို နမ်းဖူးတယ်..."

"ဟယ်..."





"ဘယ်လို... ဘယ်လို... ရွှယ်..."

ရွှယ် အဲဒီနေ့မနက်အကြောင်းကို သေသေချာချာ ရှင်းပြလိုက်တော့ သီနှင့် စီတို့ တော်တော်လေး တုန်လှုပ်သွားကြသည်။ ဒီလို ယောကျ်ားလေး စိတ်ဝင်နေသည့် မိန်းကလေးတွေရဲ့အဖြစ်အပျက်တွေ... ကြားဖူးခဲ့တဲ့ အကြောင်းအရာတွေ စုံ၍ သွားသည်။ နောက်ဆုံးကောက်ချက်က ထို မိန်းကလေးများ၏စိတ်သည် တစ်ခုခု ထူးခြားနေတတ်သည် ဆိုတာပဲ ဖြစ်သည်။ အားလုံးကို ကောက်ချက်ချလိုက်တော့ ရွှယ် တော်တော်လေးကို တုန်လှုပ်နေပြီ။

"ရွှယ် ဘာလုပ်ရမလဲဟင်..."

သီနှင့် စီ ဟိုငေး ဒီငေးတွေ ဖြစ်ကုန်သည်။ အကောင်းဆုံးကို စဉ်းစား၍ မရကြ။ မလာပါနဲ့တော့ဟု ပြောလွှတ်လိုက်ရဖို့ကလည်း နင့်နင့်သီးသီးကြီး ဖြစ်နေသည်။ အမြဲတမ်း အကြံဉာဏ်ထွက်လေ့ရှိသော ဒေစီပင် ဘာအကြံမှ ရုတ်တရက်မထွက်။

"ဒီလိုရှိတယ် ရွှယ်... အခုအချိန်မှာ ယုကိုကို ဘာမှ လုပ်လို့ မရသေးဘူး၊ သူ့ကို သတိထားဆက်ဆံရမယ်၊ သူ ရွှယ့်အပေါ်မှာ ဆက်ဆံတာတွေဟာ ယောကျ်ားလေးစိတ်နဲ့ ဆိုရင်... လိမ္မာသလို ကြည့်ရှောင်ရမယ်၊ အရင်လို သတိလက်လွတ်မနေဖို့ပဲ လိုတယ် ဟုတ်ပြီလား..."

"ရွှယ်တစ်ယောက်တည်းဆိုရင်တော့ ပြဿနာပဲ စီရာ..."

"သိပ်ကြောက်စရာမဟုတ်ပါဘူး ရွှယ်ရဲ့... ယုကိုက ရွှယ့် control အောက်မှာ ရှိနေတာပဲ၊ ယုကိုဟာ သတိထားရမယ်လို့ ရွှယ် သိထားရင် လုံလောက်ပါပြီ..."

"အေးလေ... သီတို့လည်း ရှိနေမှာပဲဟာ..."


www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေရဲ့ အားပေးမှုကြောင့် ရွယ် နည်းနည်းစိတ်ပေါ့သွားသည်။ လုံခြုံနွေးထွေးမှုကိုလည်း ခံစားလိုက်ရ၏။ ပြီးတော့ ကောင်းကို သတိရသည်။ သူသာ ကောင်း နားကပ်ကို ပြဿနာရှာပြီး အပြင်ခေါ်ထုတ်သည့်နေ့က သိပ်မလန့်သွားဘူးဆိုလျှင် ကောင်းကို ချစ်တယ်လို့ အဖြေပေးမိမှာလား… ဟု စဉ်းစားကြည့်မိတော့ ရင်တွေ ဘာတွေ ခုန်သွားသည်။

ဟုတ်သည်။ ဒါဆိုလျှင် သူ ကောင်းကို အဖြေပေးမိမှာ သေချာသည်။ အဲဒီလိုသာဆိုလျှင် သူ့ဆီကို ယုကိုလည်း ရောက်မလာတော့။ သူ အခုလို စိတ်ညစ်နေရမှာလည်း မဟုတ်တော့။ စောစောစီးစီး အဖြေပေးလို့ ရတာကို နိုင်နေကျအတိုင်း အနိုင်ယူလိုက်တာ များသွားသည်။ တစ်နေ့ထက် တစ်နေ့ အခြေအနေသည် အမြဲတူမနေတတ် ဆိုတာကို ရည်ရွယ်ဦး ကောင်းကောင်းကြီး နားလည်သွားလေသည်။

၅





ပင်ပန်းနွမ်းနယ်နေသည့်စိတ်နှင့် အိပ်မည်ဟု အိပ်ရာပေါ် လှဲလိုက်သော်လည်း တစ်ကယ်တမ်းကျတော့ ဟိုပြေးဒီပြေးနှင့် မငြိမ်သက်လွန်းသောစိတ်တွေကြောင့် အိပ်၍ မရခဲ့။

"ဘယ်မိန်းကလေးမှာဖြစ်ဖြစ် သဘာဝတရားက ပေးထားတဲ့ လက်နက်တွေ ရှိပါတယ်၊ အဲဒီလက်နက်တွေနဲ့ ဂုဏ်သိက္ခာကို အရှက်ကို ကာကွယ်လို့ ရပါတယ်"

ငယ့ ခေါင်းကို သွက်သွက်ခါအောင် ရမ်းပစ်လိုက်သည်။ မဟုတ်ဘူး… အလကားပြောနေတာ… မိန်းကလေးမှာ ဘာခွန်အားတွေ ရှိလို့လဲ… မိန်းကလေးဆိုတာ ပျော့ညံ့တယ်… အရာရာကို ဖုံးကွယ်ထားရတယ်… မိန်းကလေးတစ်ယောက်အဖို့ လောကကြီးတစ်ခုလုံးဟာ ကြောက်စရာကြီးချည်းပဲ… ပြီးတော့ အဲဒီမိန်းကလေးဟာ သူ့ခန္ဓာကိုယ်ကိုလည်း သူပြန်ကြောက်နေရသေးတယ်။ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုလို ထိန်းနေရသေးတယ်။ ရှုံစရာ… ရက်စရာ… ထိတ်လန့်စရာဖြစ်နေတဲ့ ခန္ဓာကိုယ်ပေါ်ကို ကြောက်ကြောက်လန့်လန့်နဲ့ မိတ်ကပ်တွေ တင်နေရတယ်။ အဝတ်အစားတွေ ဆင်နေရတယ်…။ ရွှေတွေ… စိန်တွေ… ကျောက်သံပတ္တမြားတွေ ဆင်နေရတယ်။ ကဲ… အဲဒါတွေဟာ လှချင်လို့



www.burmeseclassic.com

www.burmeseclassic.com

ထက် ကြောက်လို့ဆင်နေတာ မဟုတ်ဘူးလား… ပြောစမ်းပါ… ပြောကြစမ်းပါ… ရွှေဆွဲကြိုးလေးတစ်ကုံးမှ မရှိရင် အနိမ့်ခံရမှာ ကြောက်ကြတယ်။ ပတ်ဝန်းကျင်က စော်ကားမှာ ကြောက်ကြရတယ်။ ဘာသဘာဝတရားကြီးက အားတွေပေးထားတာလဲ!… ဘာသဘာဝတရားက ကာကွယ်ပေးထားတာလဲ!… မိန်းမဆိုတဲ့ ရပိုင်ခွင့်မှာ ဘာခွန်အားမှ မရှိဘူး။ ဘာလက်နက်မှ မရှိဘူး။ စာတွေ သိပ်တော်နေတော့ရော ဘာဖြစ်လဲ… မိန်းမက မိန်းမပဲ မဟုတ်ဘူးလား…။

မိန်းမပါ… မိန်းမပါ… လို့ အမြဲသတိပေးတာ ခံနေရတဲ့ဘဝမှာ အဲဒီမိန်းမဟာ ဘာတွေများ ဆန့်ကျင်နိုင်ခဲ့လို့လဲ။ အေး… မိန်းမဆိုတာ ကိုယ့်ကို အချစ်ခံရအောင်လုပ်ပြီး အချစ်ကို မျှော်နေရတာ မိန်းမပဲ။ အဲဒီ မိန်းမမှာ ဘာမှ ရပိုင်ခွင့် မရှိဘူး။ အေး… ငါကတော့ ဘယ်တော့မှ မိန်းမမဟုတ်ဘူး။ ငါဟာ ဘယ်တုန်းကမှ အချစ်ခံဖို့ စောင့်မနေဘူး… ငါက ချစ်ဖို့ပဲ လုပ်နေတာ…။

ငါဟာ ဘယ်တုန်းကမှ ပန်းပွင့်မဟုတ်ဘူး… ငါဟာ တခြားဘာမှလည်း မဟုတ်တော့ဘူး။ ငါ့မှာရှိတဲ့ အဓိပ္ပာယ်ဟာ ငါ့အတွက်ပဲ၊ ငါ့မှာရှိတဲ့ ဥပဒေဟာ ငါ့ဥပဒေပဲ၊ ကြင်နာမှု၊ နားလည်မှု၊ တပ်မက်မှု၊ လက်ခံတာ၊ ငြင်းဆန်တာ အရာအားလုံးဟာ အားလုံးနဲ့ သီးခြားပဲ။ ငါနဲ့ လိုက်ဖက်တဲ့ ထောင့်တွေ ထောင့်တွေတိုင်းမှာ ငါ့အဓိပ္ပာယ်နဲ့ ငါနေတယ် အဲဒါ ဘာဖြစ်သလဲ။

အခု ငါ ရွှယ့်ကိုချစ်တယ်…။

ဆိုလိုတာက ငါ့အချစ်ရဲ့ လိုက်ဖက်ထောင့်မှာ ရွှယ်ရှိနေတယ် ဆိုတဲ့ အဓိပ္ပာယ်ပဲလေ။ ငါ့အချစ်ရဲ့လိုက်ဖက်ထောင့်က ရွှယ့်ကို ဘယ်သူက





ရွှေ့ပစ်လို့ ရမှာလဲ။ ဟုတ်တယ် ရွှေ့လို့ မရဘူး။ ငါ့အဓိပ္ပာယ်မှာ ငါ့လိုက်ဖက်ထောင့်မှာ ဖြစ်လာတဲ့ ရွှယ့်ကို ဘယ်သူက နေရာရွှေ့ပစ်လို့ ရမှာလဲ။

နွေလမင်းလား!…။

ဟင့်အင်း… နွေလမင်းကို ငါက ချစ်တာမှ မဟုတ်ဘဲ။ အပျော်တွဲတွဲခဲ့တာပဲ။ ဒါပေမဲ့… သူ့ကိုလည်း တရားဝင်တော့ သွားအသိပေးပြီး ဖြတ်ပစ်ရမှာပဲ။ ငါ့မှာ အချစ်စစ်တွေ့သွားပြီလို့ သူ့ကို ပြောပြရမယ်။ ဟုတ်တယ်… ငါနဲ့ ရွှယ်ကို ဘယ်သူကမှ ခွဲလို့ မရဘူး။ နွေလမင်းကို ဖြတ်ပြီးရင် ရွှယ့်ကို ဖွင့်ပြောရမယ်။ ရွှယ် ငါ့ကို ဘယ်လိုသဘောထားမှာလဲ။ ဘယ်သူတွေက ကန့်ကွက်ကြမှာလဲ…။ အေး ငါနဲ့ ရွှယ့်ကို ဝေးအောင်လုပ်တဲ့လူဟာ ငါ့ရန်သူပဲ… ရန်သူပဲ…။

ငယ်နှုတ်က စူးစူးဝါးဝါး တစ်ချက်အော်ရင်း စားပွဲပေါ်တင်ထားသော မြေပန်းအိုးကလေးကို ခြေဖြင့် ပတ်ကန်ပစ်လိုက်သည်။ တိတ်ဆိတ်နေသော ဆောင်းနေ့လည်ခင်းတွင် မြေအလုပန်းအိုးကလေးကွဲသံက အကျည်းတန်စွာ ထွက်လာသည်။ တစ်စစီဖြစ်သွားသော ပန်းအိုးကလေးက ငယ့်ကို နားမလည်သလို ငေးနေလေသည်။ ဒီပန်းအိုးကလေးကို သူကိုယ်တိုင် ဗိုလ်ချုပ်ဈေးက တယုတယဝယ်ခဲ့ခြင်း ဖြစ်သည် မဟုတ်လား။ အခုတော့ ပန်းအိုးကလေးသည်…

"သား ငယ…"

ဖေဖေခေါ်သံကြောင့် ငယ စိတ်ကို လျှော့လိုက်သည်။

"သား… ဖေဖေခေါ်နေတယ်လေ…"

"ဟုတ်ကဲ့ ဖေဖေ… ပန်းအိုးလေး ကျကွဲတာပါ"


www.burmeseclassic.com

www.burmeseclassic.com

“ခြေထောက်တစ်ချောင်းလုံး လေထဲမှာ ဖြတ်သွားတာကို ဖေဖေ မကြားဘူးလို့ သားထင်လို့လား…”

ငယ ခေါင်းကို တစ်ချက်ခါလိုက်ရင်း ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

ဖေဖေသည် အခေါက်ကင်တစ်ပွဲနှင့် မုန့်ညင်းကြော်ကို ပန်းကန်ထဲသို့ ထည့်နေသည်။ ဟင်းတွေကို ဂရုတစိုက်ထည့်နေသော ဖေဖေ့ကို ကြည့်ရင်း ငယ တစ်ချက်တော့ စိတ်မကောင်းဖြစ်သွားသည်။

ဖေဖေသည် အသက် ၆၀ နားနီးနေပြီ ဆိုသည့်တိုင် တောင့်တင်း သန်မာသော ကိုယ်လုံးကိုယ်ထည်ကို ပိုင်ဆိုင်ထားဆဲ ဖြစ်သော်လည်း မေးရိုး၊ ပါးနှင့် မျက်ဝန်းထောင့်နားက ဇရာ၏စုတ်ချက်ကိုတော့ ကာကွယ် မထားနိုင်ပါ။ ဖေဖေသည် ဟင်းဖတ်တွေကို ပန်းကန်ထဲသို့ ဂရုတစိုက် ထည့်နေတုန်းပင် ဖြစ်ပါသည်။

စစ်သားဘဝတစ်လျှောက်လုံး ဖေဖေသည် တပ်ထဲမှာ ထမင်းကို ဖြစ်သလိုစားခဲ့သည်။ ရှေ့တန်းမှာ ကြုံသလိုစားခဲ့သည်။ သူ့ကိုမွေးပြီး တစ်နှစ်မှာ မေမေဆုံးသွားတော့လည်း ဖေဖေသည် နောက်အိမ်ထောင်မပြုဘဲ ထမင်းကို ဆိုင်နှင့် တပ်ထဲမှာ ဖြစ်သလို စားခဲ့သည်။

သူကြီးလာတော့လည်း သူက အိမ်အလုပ်ဆို သခွားသီးတောင် နွှာတတ်တာ မဟုတ်တော့ သူတို့နှစ်ယောက်စလုံး ဆိုင်ထမင်း ဆိုင်ဟင်း နှင့်သာ ပြီးခဲ့သည်။ ဖေဖေသည် သူ့ကို အရွယ်ရောက်ကတည်းက ယောကျ်ားလေးလို ထားခဲ့သည့်အတွက် ဘယ်တုန်းကမှ ဘာကိုမှ နှောင်တ မရခဲ့။ မငြီးငြူခဲ့။ ဖေဖေသည် အိမ်ဟင်း အိမ်ထမင်းကို အိမ်သွားလည် လျှင်မှ လွဲ၍ ဘယ်တော့မှ မစားရ။ တစ်ခါတလေတော့ ဖေဖေသည် အမဲ သားငါးဆယ်သားလောက်ကို ဝယ်ပြီး ပြုတ်ထားတတ်သည်။ ဆာသည့်





အခါ ထိုအမဲသားပြုတ်တုံးကြီးကို သင့်တော်သလောက် လှီးပြီး ကြော်မည်။ ပြီးလျှင် ထမင်း အချဉ်တို့နှင့် တို့၍ ရော၍ စားတတ်သည်။ ငယကလည်း အရွယ်ရောက်လာကတည်းက ဖေဖေနှင့်အတူဆိုတော့ အစားအသောက်ကို သိပ်မငြီးငြူတတ်ခဲ့။ ကြုံသလို စားတတ်ပါသည်။ သူတို့သားအဖနှစ် ယောက် တစ်ယောက်နှင့် တစ်ယောက် မမေးသော စကားမှာ ‘ထမင်း စားပြီးပြီလား’ ဟူသော စကားသာ ဖြစ်လေသည်။

ဒါပေမဲ့ အခုတော့ ငယ ဖေဖေ့ကိုကြည့်ပြီး ဘာကြောင့်မှန်းမသိ စိတ်မကောင်းဖြစ်နေခဲ့သည်။ ဖေဖေက အခေါက်ကင်တစ်တုံးကို ပါးစပ်ထဲ ပစ်ထည့်လိုက်ရင်း အရသာခံရင်းက…

“ဘာဖြစ်တာလဲ သားရဲ့…”

“စိတ်နည်းနည်းတိုလို့ ဖေဖေ…”

ဖေဖေက ‘ဟက်’ ခနဲ တစ်ချက်ရယ်သည်။

“အေးပေါ့ကွ… မင်းတို့အရွယ်ဆိုတာ လောကကြီးနဲ့ ရန်သူဖြစ် ကာစအရွယ်ပဲ၊ အေး… ဒါပေမဲ့ ငါ့သား မင်း လောကကြီးကို နိုင်အောင် ချဖို့တော့ မလွယ်ဘူးကွ၊ လောကကြီးက မင်းတို့လိုအရွယ်တွေနဲ့လည်း နေ့တိုင်း ချနေတာ၊ ဖေဖေတို့လိုအရွယ်တွေနဲ့လည်း နေ့တိုင်း ချနေတာ၊ တခြားအရွယ်တွေနဲ့လည်း နေ့တိုင်း ချနေတာကွ… ဒီတော့ သူ့မှာက အတွေ့အကြုံ အများကြီးရှိတယ်၊ ရင့်ကျက်မှု အများကြီးရှိတယ်၊ နောက်ဆုံး ကျတော့ ဒီကောင်ပဲ နိုင်တာကွ… ဟား… ဟား… ဟား… ဖေဖေ့လို ရွှတ်ကိုတောင် နောက်ဆုံးကျတော့ ဒီကောင်ပဲ နိုင်တာကွ…”

“ဟင်… ဖေဖေက ရှုံးသွားပြီလား…”

“ရှုံးစပြုပြီပေါ့ကွ… ဒါပေမဲ့ ဖေဖေနိုင်တဲ့အခါတွေလည်း ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် သားရ... အဲဒီနိုင်ပွဲတွေကို နိုင်ငံတော်က မှတ်တမ်းတင်ပေးထားတယ်လေ... သား လာလေ... လှည်းတန်းက အခေါက်ကင်ကွ... မင်းကြိုက်တယ်ဆို..."

ဖေဖေက အခေါက်ကင် နောက်တစ်တွဲကို ပါးစပ်ထဲ ပစ်ထည့်လိုက်ပြန်သည်။ ဖေဖေ Golf ရိုက်က ပြန်လာဟန် တူပါသည်။ ပြီးတော့ ဖေဖေ Golf လည်း ရှုံးခဲ့တာ သေချာသည်။

"သူက ဘာဖြစ်လို့ အမြဲတမ်းနိုင်တာလဲ ဖေဖေ..."

သူ့အမေးကြောင့် ဖေဖေက တစ်ချက်ပြုံးသည်။ ပြီးတော့ သူ့ကို မကြည့်ဘဲ ဖြေသည်။

"သူက မင်းကို သိနေလို့ပေါ့ကွ၊ သားလိုကောင်မျိုးတွေ အများကြီးနဲ့ ချထားတာ ဆိုတော့ အတွေ့အကြုံရှိနေလို့ပေါ့ကွ၊ သား ဘယ်အချိန်မှာ ဘာဖြစ်မယ်၊ အဲဒီလိုဖြစ်လာရင် သား ဘာလုပ်မယ် ဆိုတာကို သူက သိနေလို့ပေါ့ သားရ..."

"ဒါဆိုရင် အဲဒီငတိကို မနိုင်တော့ဘူးလား..."

"ဟာ... နိုင်နိုင်တာပေါ့ကွ၊ သူ့ကို နိုင်တဲ့နည်းက သူ့ကို သွားတိုက်တာထက် သူတိုက်တာကို ခံနိုင်အောင်လုပ်တဲ့ နည်းပဲ... ကိုယ်က သူ့ကို ပေးတိုက်ပြီး ခံနိုင်ရည်ရှိအောင် လုပ်ရမယ်၊ အေး... သူတိုက်တဲ့ နည်းကို သူကလည်း ကြိုပြောထားတယ်၊ လောကစံတဲ့... ခံနိုင်အောင် လုပ်ရင် သားနိုင်တယ်..."

"ဟင့်အင်း... သားကတော့ တိုက်ချင်းတိုက်ရင် သားကပဲ တိုက်ချင်တာ"





"အေး... သားက ငယ်တာကိုးကွ... အင်း ဖေဖေက ဘာဖြစ်လို့ အဲဒီစကားတွေပြောလဲ သိလား..."

"ဖေဖေ ဘီယာနည်းနည်းသောက်လာလို့ နေမှာပေါ့..."

"ဟား... ဟား... ဟား... မဟုတ်ဘူးကွ... ဖေဖေ အသက်ကြီးလာလို့... ပြီးတော့ အဲဒီငတိကို ဖေဖေ ရှုံးစပြုလာလို့ကွ... ဟော့ကောင် အသားကင် လာစားဆို..."

ဖေဖေက နောက်ထပ်အသားကင်ကို ထပ်ဝါးပြန်သည်။

ဟုတ်တယ်... သူ နွေလမင်းကို ဖြတ်ပစ်ရမယ်။ ပြီးတော့ ရွှယ့်ကို ရည်းစားစကားပြောရမယ်။ အို... ရည်းစားစကား မဟုတ်ပါဘူး...။ ချစ်သူတို့ကသာ ဆိုလေ့ရှိသော စကား...။ အင်အားမဲ့နေတဲ့ စကားလုံးတွေနဲ့... ကြောက်ရွံ့နေတဲ့ မျှော်လင့်ချက်တွေနဲ့... တုန်လှုပ်နေတဲ့ စကားလုံးတွေနဲ့... အရှုံးပေးနေတဲ့ ရည်ရွယ်ချက်တွေနဲ့...။

အတွေးနှင့် ကျေနပ်သွားသော သူ့ကို ဖေဖေက တစ်ချက်လှမ်းကြည့်သည်။ ဖေဖေ့အကြည့်ကို သူသိပါသည်။ ဖေဖေ့အနားသွားပြီး အသားကင်တစ်ခုကို ကောက်ဝါးလိုက်သည်။

"ဖေဖေ သား အပြင်သွားဦးမယ်..."

"မင်း ပုလင်းကွဲတွေရှင်းပြီးရင် သွားလေ..."

ဖေဖေက သန်မာသောလက်များနှင့် သူ့ခေါင်းကို တစ်ချက်ထိုးဖွရင်းပြောသည်။ သူက ဖေဖေ့ရင်အုပ်ကျယ်ကြီးကို လက်သီးနှင့် တစ်ချက်ထိုးပစ်လိုက်၏။ ဖေဖေသည် သူ ထမင်းဟင်း မချက်တာကို ဘယ်တုန်းကမှ အပြစ်မပြောခဲ့။ သို့သော် သူ့အိပ်ခန်းကိုတော့ အမြဲဝင်စစ်လေ့ရှိသည်။ သူ့အိပ်ယာ၊ စားပွဲ၊ ဗီရိုနှင့် အသုံးအဆောင်တွေ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



စနစ်တကျရှိနေမှ ဖေဖေက ကြိုက်သည်။ ထိုစည်းကမ်းမှာ ဖေဖေနှင့် သူ့အကြား တစ်ခုတည်းသောစည်းကမ်းသာ ဖြစ်၏။ ဖေဖေသည် သူ့ကို ဘားတိုက်က လူပျိုစစ်သားကလေးတစ်ယောက်ဟု ထင်ပုံရလေသည်။

သူ ပုလင်းကွဲတွေရှင်းဖို့ တက်တက်ကြွကြွပင် အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။

■





## အခန်း (၆)

တိတ်ဆိတ်ငြိမ်သက်နေသည့် ပန်းခြံကလေးထဲမှာ ရွှယ်တစ်ယောက်တည်း မကျေမနပ်ဖြစ်နေသည်။ ရွှယ်သည် မကျေမနပ်ဖြစ်နေသည့် စိတ်ကို အစွန်းထိရောက်အောင် ပေါက်ကွဲ၍ မရသောကြောင့် နေရထိုင်ရတာ ပို၍ ခိုးလို့ခုလုဖြစ်၍ နေသည်။

ရွှယ် မကျေမနပ်ဖြစ်နေသည့်လူက မေမေဖြစ်နေသောကြောင့် ဖြစ်၏။ ဒီတော့ ရွှယ် မကျေမနပ်ဖြစ်နေသည့် ခံစားမှုကို မပြောင်းဘဲ မကျေမနပ်ဖြစ်ရမည့်လူကိုသာ ပြောင်းလိုက်သည်။

"ဟုတ်တယ် မေမေ့ကို ဘာဖြစ်လို့ မကျေမနပ်ဖြစ်ရမှာလဲ၊ မေမေ အဲဒီလိုဖြစ်အောင် သူက လုပ်ထားတာ၊ တရားခံက သူပဲ မေမေ မဟုတ်ဘူး..."

အဲဒီအတွေးနှင့် ရွှယ်က ငယ့်ကို ဒေါသထွက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရွှယ့်ရင်ထဲမှာရှိနေသည့် ဒေါသက ရွှယ်ဖြစ်စေချင်သလို ဒေါသတကြီးပေါက်ကွဲ၍ ထွက်မလာခဲ့ပါ။ ယုသည် ရွှယ့်ကို ကူညီသည်... အလိုလိုက်သည်... နေရာတကာ ဦးစားပေးသည်... စောင့်ရှောက်သည်... ဆိုတာတွေကို လုပ်ခဲ့သလို မေမေ့ကိုလည်း သဘောကျအောင် အပိုင်ပေါင်းထားသည်။ ဘယ်သူနှင့်မှ သိပ်မတည့်ချင်သော အန်တီလေးကလည်း အခုဆို ယုမှ ယုဖြစ်နေသည်။

ဒီနေ့မနက်ပဲ ကြည့်... ဖုန်းလာ၍ မေမေကိုင်တော့ ထုံးစံအတိုင်း ယု...။ ယုက ရွှယ့်ကို မနက်ခင်း မလာနိုင်ကြောင်း၊ နေ့လည်မှ လာခဲ့မည်ဟု လှမ်းချိန်းသော ဖုန်းဖြစ်သည်။ သူငယ်ချင်းတွေ နှစ်ဦးစလုံး ကရော ကောင်းတို့ကပါ အခုချိန်မှာ ယုနဲ့တွေ့ချိန်ကို တတ်နိုင်သမျှ နည်းအောင်နေဖို့ တိုက်တွန်းထားကြသည်။

ကောင်းနှင့် ရွှယ်သည် ယုကြောင့် အရင်တုန်းကလို ပေါ်ပေါ်တင်တင် မတွေ့ကြရတော့ဘဲ ဒေစီမမ ဆံပင်ညှပ်ဆိုင်မှာသာ တွေ့ကြရသည်။ ယုနှင့် ပတ်သက်ပြီး ဘာမှမဟုတ်ဘဲ ဒုက္ခရောက်နေသော ရွှယ့်ကို နားလည်သည့်အနေနှင့် ကောင်းတို့က နေပေးသဖြင့် ရွှယ် အသက်ရှူပေါက်တစ်ပေါက်ရထား တော်ပါသေးသည်။ ကောင်းတို့က ဒေစီတို့ ညီသည်ကို လက်မခံဘဲ လိုက်မြဲလိုက်နေလျှင် ယုက သူ့အပေါ် ပို၍ အရှိန်မြင့်လာမှာ စိုးရသည်။ အခု ကောင်းတို့ မလိုက်တော့သဖြင့် ယုက ရွှယ့်အပေါ်မှာ ပုံမှန်ဆက်ဆံရေးထက် ပို၍ တိုးမလာခဲ့။ ဒါပေမဲ့ ယုကို နှစ်ဦးတည်း သိပ်နီးနီးကပ်ကပ် မနေသင့်ကြောင်း အားလုံးက ဆုံးဖြတ်ထားသဖြင့် ယုလာမယ်မှန်း သိသောအခါ ရွှယ်က ရှောင်ရန်အတွက် ဒေစီတို့ဆိုင်ကို သွားရန် မေမေ့ကို ပြောတော့ မေမေက ဒေစီတို့ဆိုင်ကို





ယုလာမှ သွားရမည် ဆိုသည့်အတွက် ရွှယ် ဒေါသဖြစ်နေရခြင်း ဖြစ်သည်။

“သမီးကို မေမေက ယုလာမှ သွားလို့ ပြောထားတယ် မဟုတ်လား၊ ဖေဖေက နိုင်ငံခြားမှာဆိုတော့ သမီးကို မေမေတို့က နေရာတကာ လိုက်စောင့်ကြည့်နိုင်တာ မဟုတ်ဘူး၊ ယုကိုရှိတာ သမီးအတွက် မေမေ အရမ်းစိတ်အေးရတယ်၊ ကိုယ့်အပေါ်မှာ ဒီလို ကူညီစောင့်ရှောက်တဲ့သူ ရဖို့ဆိုတာ လွယ်သလား၊ ပြီးတော့ မိန်းကလေးချင်းဆိုတော့ ဘာမှ စိတ်ပူစရာလည်း မရှိဘူး၊ မေမေကတော့ ယုကို သဘောကျတယ်၊ အပြင်တွေ ဘာတွေသွားရင် မေမေတို့က ဘယ်မှ လိုက်ပို့ပေးနိုင်တာ မဟုတ်ဘူး၊ ဒီတော့ ယုကိုနဲ့ပဲ သွား၊ သူနဲ့ဆို မေမေ စိတ်ချတယ် ဒါပဲ...”

မေမေသည် ထိုစကားကို ရွှယ့်ကိုသာ ဆုံးမသည့်အနေဖြင့် ပြောခြင်းမဟုတ်။ ယုရှေ့မှာလည်း ယုကို အပ်သည့်အနေနှင့် ပြောလေ့ရှိသည်။ ထို့ကြောင့် ယုကလည်း မေမေပြောသမျှ မေမေခိုင်းသမျှအားလုံး စိတ်တိုင်းကျလုပ်ပေးနေသဖြင့် ရွှယ်သည် ယုနှင့် ပတ်သက်လာလျှင် ဘာကိုမှပြော၍ မရ။ ပြီးတော့ ယုမှာက ရွှယ်နှင့် ပတ်သက်၍ ချပြောပြ၍ရအောင် ဘာအပြစ်မှလည်း မရှိလေ။ ယောကျ်ားလေးတစ်ယောက်လို ယုကိုက ရွှယ့်ကို ကာကွယ်နိုင်ပြီး မိန်းကလေးစစ်စစ် ဖြစ်နေခြင်းက မေမေ၏စိတ်ချမှုကို အပြည့်အဝရရှိထားသဖြင့် ရွှယ်သည် တဖြည်းဖြည်း ယုနှင့် ပတ်သက်လျှင် ဘာကိုမှ ငြင်းဆန်၍မရ ဖြစ်နေသည်။

အခုလည်း ဒေစီတို့ဆိုင်ကို တစ်ယောက်တည်းမို့ မသွားရဟု ဆိုပြီး ယုအလာကို စောင့်ခိုင်းနေခြင်းဖြစ်သည်။ ဒါကြောင့် ရွှယ် စိတ်ညစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟိတ်… ရှယ်…"

"ဟယ်… သီ… အတော်ပဲ သီရိရာ… ဒီမှာ ရှယ် စိတ်ညစ်နေတာ အတော်ပဲ၊ သီရိအားတယ် မဟုတ်လား… ဒေစီတို့ဆိုင် သွားမလို့ သွားမယ်နော်…"

"သွားလေ… ကောင်းသားပဲ… သီ ဆံပင်နည်းနည်းတိမယ်… တိမယ်နဲ့ သွားမယ်…"

"ဒါဆို မေမေ့ကို သွားပြောလိုက်ဦးမယ်နော်…"

"စိတ်ညစ်နေတာဆို ဘာလဲ… ယုကိစ္စလား…"

"တိုက်ရိုက်ကြီးတော့ မဟုတ်ပါဘူး… လမ်းကျမှ ပြောပြမယ် မေမေ့ဆီ လိုက်ခဲ့ဦးလေ… လာ…"

မေမေသည် နှစ်သက်ရှည်ပေါင်းခဲ့သော သီရိရှေ့မှာ 'ယုကိုလာမှ သွားရမယ်' ဆိုသော စကားမျိုးကို မပြောခဲ့သည့်အတွက် ရှယ် မေမေ့ကို ခုနက စိတ်ဆိုးနေတာတွေကို မေ့ပစ်လိုက်ပြီး ချစ်တောင် ချစ်သွားသေးသည်။

"ရှယ်က စီဆီကို ကိစ္စရှိလို့ သွားမှာလားဟင်…"

"မရှိပါဘူး ယုကို ရှောင်တဲ့သဘောပါ၊ လာမယ်ဆိုလို့…"

"ယုကိုက ရှယ့်ကို ပြဿနာရှာလို့လား…"

"မရှာပါဘူး… ကောင်းတို့က သူ့ကိုတွေ့တဲ့အချိန်နဲ့ အကြိမ်ရေ နည်းနည်းလျှော့ ဆိုလို့လေ…"

"ရှယ်က ကောင်းရဲ့စကားတွေကို တော်တော်လိုက်နာနေပြီနော်၊ ရှယ် ကောင်းကို ရွေးလိုက်ပြီလား…"

"အာ… သီကလည်း အရင်အတိုင်းပါပဲ… ရှယ် ကောင်းကို





အဖြေမပေးရသေးပါဘူး၊ ပေးရင် သီတို့ကို ပြောမှာပေါ့…"

ရှယ့်စကားကြောင့် သီက လှလှကလေး ပြုံးလေသည်။ သီသည် သူတို့သုံးယောက်ထဲမှာ ပြုံးလိုက်လျှင် အရမ်းလှသည်။ သီ့အပြုံးသည် ငြိမ်းချမ်းပြီး ထိရောက်မှုရှိသည်။ သူတို့သုံးယောက်ကို Company မှာတော့ Charli's Angles (ချာလိစ်အိန်ဂျ်) တွေဟု နာမည်ရသည်။ သုံးယောက်စလုံး တစ်ယောက်တစ်မျိုး ချောကြသောကြောင့် ဖြစ်၏။ သီပြုံးတာတွေ့ရတိုင်း အဲဒီလိုအပြုံးမျိုးကို သိပ်လိုချင်တာပဲ… ဟု ရှယ် တွေးမိတတ်သည်။ အခုလည်း တွေးနေမိသည်။

"သီကလည်း အဖြေပေးပြီးပြီလားလို့ မမေးပါဘူး… ရွေးပြီးပြီလားလို့ပဲ မေးတာပါ… ဘာတွေကြားနေတာလဲ ရှယ်ရဲ့…"

ရှယ်တို့နှစ်ယောက် ပြိုင်တူရယ်လိုက်ကြသည်။

"ရှယ်က promotion အတွက် မဖြေတော့ဘူး ဆိုတာ တကယ်ပဲလား ရှယ်ရယ်… ဖြေပါလားဟင်…"

"ဖေဖေလှမ်းခေါ်ရင် ရှယ်က သွားရမှာ… ဆိုတော့ ဘာထူးမှာလဲ သီရယ်… အဟိ… ရှယ် စာမကျက်ချင်တော့တာလည်း ပါတာပေါ့…"

ရှယ်က နှာခေါင်းကလေးကိုရှုံ့ပြီး လျှာကလေးထုတ် ပြောင်ပြရင်း ဖြေသည်။

"သွားမှ-သွားပေါ့ ရှယ်ရယ်… နို့မို့ဆို သီတို့သုံးယောက် တကွဲတပြားစီတွေ ဖြစ်ကုန်မှာ ဖြေနော်… ရှယ်… ပြီးတော့လေ ဆရာက သီတို့ promotion ဖြေတာကို သိပ်မကြိုက်ချင်ဘူး… သိလား ရှယ်… သီကိုလေ တော်တော် ဌာနပြောင်းချင်နေလား… လခက ဘယ်လောက် တိုးမှာမို့လို့လဲနဲ့ ပြောပြောနေတာ ကြာပြီ… သိလား ရှယ်…"



www.burmeseclassic.com

www.burmeseclassic.com

“ဆရာက သီ့ကို သံယောဇဉ် တော်တော်ဖြစ်နေပြီနဲ့ တူတယ်…”

ရွှယ့်စကားဆုံးတော့ သီ စကားဆက်မပြောတော့ဘဲ တိတ်၍သွားသည်။ Company မှာ ရွှယ်တို့ကို အုပ်ချုပ်ရသည့် ဆရာကျော်လင်းက သီ့ကို စိတ်ဝင်စားနေတာ အားလုံးက သိကြသည်။ သို့သော် ဆရာသည် သိက္ခာနှင့် ဣန္ဒြေကို အလေးထားသူတစ်ယောက် ဖြစ်သည်။ ဆရာက အိမ်ထောင်ကျခဲ့ဖူးပြီး ကလေးတစ်ယောက်ရှိသည်။ ထို့အတွက် ဆရာသည် သီ့ကို ဖွင့်မပြောဘဲ သူ့ကိုယ်သူ အားနည်းချက်ရှိထားသူတစ်ယောက်လို နေတတ်သည်။ ဆရာသည် ပြည့်စုံကြွယ်ဝသူတစ်ယောက်ဖြစ်ပြီး သီကတော့ သူတို့သုံးယောက်ထဲမှာ ငွေကြေးချို့တဲ့သူသည်ဟု ပြောလျှင် ရသည်။ ဆရာဖွင့်ပြောလာရင် သီ ဘယ်လိုဆုံးဖြတ်မလဲ… ဆိုတာ ရွှယ်နဲ့ စိ အရမ်း အရမ်းသိချင်သည်။ ဒါပေမဲ့ ရွှယ်တို့ သီ့ကိုတော့ ဖွင့်မမေးရက်ပါ။

“ရွှယ်တို့ ဘယ်သွားကြမလို့လဲ…”

စကားသံကြောင့် ရုတ်တရက် တွေးနေသော အတွေးတွေ အဝေးရောက်သွားသည်။ ဂျက်ဖရီ…။ တိတိကျကျ ဆိုရလျှင် ဂျက်ဖရီနှင့် သူ့သူငယ်ချင်းနှစ်ယောက်…။ ရွှယ်တို့နောက်ကို ဘယ်အချိန်က လိုက်လာခဲ့မှန်း သတိပင် မထားမိခဲ့။ ရွှယ် သီ့ကို ပို၍ ကပ်ပစ်လိုက်သည်။ ဂျက်ကို ဘာမှ ပြန်မပြောဖြစ်။

“ကိုယ်တို့ မဆုံဖြစ်တာ ကြာပြီနော် ရွှယ်…”

“ရွှယ် ဂျက်ကို နောက်ဆုံး ပြောခဲ့ပြီးပြီပဲ… ရွှယ်က ဂျက် နားလည်သွားပြီတောင် ထင်နေတာ…”

“ကိုယ် ငါးမွေးတဲ့ကိစ္စနဲ့ တောင်ငူမှာ ခြောက်လလောက် သွားနေ





တာ၊ ရွှယ့်ကို (Anna) အန်နာနဲ့ နှုတ်ဆက်လိုက်တာ အန်နာ မပြောဘူးလား…”

ရွှယ်က ခေါင်းကို အသာရမ်းလိုက်သည်။

ဂျက်သည် ရွှယ့်ကို လွန်ခဲ့သည့် တစ်နှစ်ခွဲလောက်တုန်းက တော်တော် အသည်းအသန်လိုက်ခဲ့သည်။ ဂျက်၏ညီမ အန်နာက ရွှယ်နှင့် ကျောင်းနေဖက်သူငယ်ချင်း ဖြစ်သည်။ အခုလည်း Company တစ်ခုတည်း ဖြစ်သည်။ ဂျက်သည် တခြားယောကျ်ားလေးတွေလို မဟုတ်ဘဲ စကားလိုက်ပြောလျှင် နည်းနည်းကြမ်းချင်သည်။

“ဂျက်… ရွှယ့်ကို မနှောင့်ယှက်ဖို့တော့ ရွှယ်ပြောချင်တယ်၊ ရွှယ့်မှာ ချစ်သူရှိနေပြီ ဂျက်… အရင်တုန်းကလို မဟုတ်တော့ဘူး…”

ရွှယ်က ‘ချစ်သူ’ ဟု ပြောလိုက်သည့်အခါ စိတ်ထဲမှာ ကောင်း၏ မျက်နှာက ပေါ်လာသည်။ ရွှယ် ကောင်းကို ချစ်နေတာ သေချာပါသည်။ ဒါပေမဲ့ ဂျက်ကတော့ သူနှင့်အတူပါလာသည့် အဖော်နှစ်ယောက်ဘက်ကို လှည့်ကြည့်ပြီး ခေါင်းကိုညိတ်ရင်း အားရပါးရ ရယ်သည်။

“အင်း… အင်း… ဒါကြောင့် ရွှယ်က ပိုလှလာတာကိုး… ရွှယ်ရာ… ရည်းစားထားရင်လည်း ယောကျ်ားစစ်စစ်တွေကို ထားစမ်းပါ၊ ဒါမှ မင်းရင်ခုန်သံက ပိုမွှေးမှာပေါ့… ယောကျ်ားတစ်ယောက်က နမ်းတဲ့ အနမ်းနဲ့… ယောကျ်ားလျာတစ်ယောက်က နမ်းတဲ့ အနမ်း… ဘယ်တူပါ့မလဲ…”

“ဘာတွေလာပြောနေတာလဲ ဂျက်ဖရီ ရွှယ့်ချစ်သူက…”

“ဂျက်ဖရီရေ… ငါတို့ပွဲကို သီးသန့်လုပ်ကြရင် မကောင်းဘူးလား…”



www.burmeseclassic.com

www.burmeseclassic.com

ရွှယ်တို့နောက်မှ အရှိန်တစ်ခုဖြတ်သွားပြီး ရွှယ်တို့ကို ကျော်တက် ရင်း ရှေ့မှာ ပိတ်ရပ်လိုက်သော စက်ဘီးတစ်စီးနှင့် ငယု…

"ဩော်…"

"ရွှယ်က နည်းနည်းလန့်တတ်တဲ့ ရောဂါလေးရှိလို့ ဂျက်ဖရီ…"

"သူနဲ့ ရင်းနှီးတဲ့လူတွေ သွေးထွက်သံယိုဖြစ်ရင် ပိုပြီး လန့်တတ် တာလား…"

"မဟုတ်ဘူးကွ… ကိုယ့်စိတ်ထဲမှာ ဖြစ်စေချင်သလို ဖြစ်သွား တော့ ဝမ်းသာသွားတာရယ်… ပြီးတော့ သွေးကို မြင်လိုက်ရလို့ စိတ် လှုပ်ရှားတာရယ်… ဆိုရင် ရွှယ့်နှလုံးက တအားပင်ပန်းသွားမှာ စိုးလို့… ဒီတော့ မင်း ငါနဲ့ ဘယ်မှာ ဆုံချင်တယ်ဆိုတာကို စာရေးပြီး ချိန်းလိုက်၊ ငါတို့ကို အခု သွားခွင့်ပြု…"

ငယုစကားဆုံးတော့ ဂျက်က အားရပါးရ ရယ်သည်။ ဂျက်နှင့် ငယုတို့က ဘယ်တုန်းက သိနေကြတာလည်း ဆိုတာကိုတော့ ရွှယ် စဉ်းစား မနေတော့။ ဒီနေရာက မြန်မြန်ထွက်ကြဖို့ကိုပဲ ရွှယ်တွေးတော့သည်။ ထို့ကြောင့် ရွှယ်က သို့လက်ကို ဆွဲပြီး ဂျက်တို့ရှေ့မှ ဖြတ်ထွက်လိုက် သည်။

ဒါပေမဲ့ ဂျက်၏လက်တစ်ဖက်က ရွှယ့်ပခုံးပေါ်သို့ ရောက်လာ ၏။ သို့သော် ထိုလက်သည် ဖျတ်ခနဲ အပုတ်ခံလိုက်ရပြီး လွင့်ထွက်သွား သည်။ ထိုလက် လွင့်ထွက်သွားသည်နှင့် လျှင်မြန်သောပြောင်းလဲမှုတစ်ခု ဖြစ်သွားသည်။ ရွှယ့်ပတ်ပတ်လည်တွင် နေရာပြောင်းလဲမှုတွေ ဖြစ်သွား ခြင်း ဖြစ်သည်။

ငယုက ရွှယ့်ရှေ့သို့ မည်သို့ရောက်လာသည် မသိ။ ငယုသည်





ရွှယ်နှင့် သီကို လက်တစ်ဖက်ဖြင့် ကာ၍ထားသည်။

"ငယု… မင်း အခုထိ မင်း ဘာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် မသိ သေးဘဲ လိမ်နေတုန်းပဲလား၊ ရွှယ်က မိန်းကလေးကွ… ကြွက်သေနား က ကျီးကန်းနေသလို… မိန်းကလေးနားမှာလည်း ယောကျ်ားလေးပဲ နေတယ်… ရှိသင့်တယ်… မင်း… မင်းကိစ္စ မင်းလုပ်စမ်းပါကွာ…"

"မင်း ယောကျ်ားဆိုရင် ယောကျ်ားလို စကားပြောလေ… မင်း… ဒါကို ရွှယ့်ရှေ့က ရအောင် ဖယ်လေ…"

"ယုကို မလုပ်နဲ့… ကဲ… ဂျက် သွားပါတော့… ရွှယ်တောင်းပန် ပါတယ်၊ ရွှယ် ဘာပြဿနာမှ မတက်ချင်ဘူး… ဂျက်…"

"မင်းထားတဲ့ ရည်းစားက ယောကျ်ားအစစ်မှ မဟုတ်တာ ရွှယ် ရဲ… ရည်းစားရှိတယ် ပြောရင်လည်း ယောကျ်ားလေးရည်းစားဆို တော် သေးတယ်… အခုတော့ ဘဲကွဲကိုမှ ရည်းစားလို့…"

ရုတ်တရက် ဂျက်ဖရီ လွင့်ထွက်သွားသည်။ သို့သော် လဲတော့ မလဲ။ ဂျက်ဖရီနှင့်ပါလာသည့် နှစ်ယောက်က ချက်ချင်း နေရာယူလိုက် ကြသည်။ ဂျက်ဖရီက မီးဝင်းဝင်းတောက်နေသည့် မျက်ဝန်းဖြင့် လှမ်း၍ ကြည့်သည်။

"ယုယုထွန်း နင်က အရင်ပွဲဟောင်းကလေးကို ပြန်အသက်သွင်း ချင်လို့လား…"

"မင်း သတိရသေးသားပဲ မဆိုးပါဘူး… ဂျက်…"

"ငါ… ငါ့ညီမလေးရဲ့ လက်သန်းကလေးကို အဲဒီတုန်းက တစ်နေ့ သုံးခါကြည့်တာ ယုယုထွန်း…"

"မင်း အခု မကြည့်ဖြစ်တာ ကြာပြီ မဟုတ်လား…"



www.burmeseclassic.com

www.burmeseclassic.com

"ဝမ်တီး... မင်းတို့လက်ရည် ငါကြည့်ချင်တယ်... နင့်ကို မတရား မလုပ်ဘူး ယုယုထွန်း... မင်းတို့ သုံးကြော့ခင်းကြည့်... ဝမ်တီး ယုယုထွန်း ကျေနပ်တယ် မဟုတ်လား..."

"ငါ အပိုစကားမပြောချင်ဘူး၊ ငါ့ကို စော်ကားတဲ့လူ ဘယ်သူ့မှ မညှာဘူးဆိုတာတော့ ကြိုသတိပေးတယ်နော်၊ ရွှယ်နဲ့ သီ နောက်ဆုတ်..."

"ယုကို မလုပ်နဲ့... ယုကို... ယုကို..."

"ရွှယ် နောက်ကို လွတ်အောင်ဆုတ်စမ်း၊ ကိုယ့်ကို ဝင်မဆွဲနဲ့ နော် အဲဒါ အရမ်းအရေးကြီးတယ် နောက်ကိုဆုတ်..."

ယု ရင်ထဲက အသံဖြင့် အော်ဟစ်ပစ်လိုက်သည်။ ယု လေ့ကျင့်သည့်အားတော့ နည်းနည်းကလေးပျက်နေသည်။ ရှေ့ထွက်ပြီး ပထမလူ ခင်းပုံကို ကြည့်တော့ ကွန်ဖူးခင်း ဖြစ်နေသဖြင့် သိပ်မစိုးရိမ်တော့။ အချိန်မဆွဲဖို့သာ သူ့ကိုယ်သူ သတိပေးလိုက်သည်။ ပုံမှန်အဝင်ကို သူ ခပ်ကြမ်းကြမ်းခံပေးရင်း ချိုင်းအောက်လွတ်ကွက်ကို သိအိုရိအရ ကန်သည့် ကန်ချက်ထိပြီး လွင့်ထွက်သွား၏။ ဒီလောက်ဆိုလျှင် ဒီငတိတွေ ပွဲသိပ်မတိုးသေးတာ သေချာပြီ ဖြစ်သည်။

ရွှယ်ကတော့ သီ့လက်ကို ဆုပ်ကိုင်ထားပြီး ရင်တွေ တဆတ်ဆတ် တုန်၍ နေသည်။ ယုနှင့် လုံးခန်ဲ့ဖြစ်သွားတော့ မကြည့်ရဲတော့ဘဲ သီ့ကိုပဲ ဖက်ထားရသည်။ ယုသည် လုံးဝကြောက်ရွံ့ခြင်း မရှိဘဲ ပထမ တစ်ယောက်နှင့် ချနေရင်းမှ နှစ်ယောက်ဖြစ်သွားပြီး လုံးထွေးသွားသည်။ သုံးယောက်စလုံး လန်ထွက်လာပြီး ယုမျက်နှာမှာ သွေးတွေကို မြင်လိုက်ရတော့ ရွှယ် သီ့ကိုဖက်ပြီး ကြုံးအော်မိလေသည်။

နောက်တစ်ကြိမ် သုံးယောက်လုံး သွားပြန်တော့ နာနာကြည်းကြည်း





စူးစူးဝါးဝါးအော်လိုက်သံကြောင့် ကြောက်လန့်တကြား ကြည့်မိတော့ တစ်ယောက်က ဝေါထွက်နေသော လက်တစ်ဖက်ကို ကိုင်ရင်း ထိုင်လျက် ကြုံးအော်နေသည်။ ယုက နောက်တစ်ယောက်ကို ပတ်ကန်ပစ်လိုက် သည်။ ဂျက်ဖရီက ယုကို နောက်ဖက်ကနေ ဝင်ကန်သည်။ ယု ဟပ်ထိုးလဲကျသွားတော့ ရှေ့ကတစ်ယောက်က ကြုံးကန်လိုက်သဖြင့် ယု လွင့်ထွက်သွား၏။

"သေပါပြီ..."

ရွှယ် မျက်စိကိုမှိတ်ရင်း စူးစူးဝါးဝါးအော်မိပြန်သည်။ သီကလည်း ကြောက်၍ ထင်သည်။ ရွှယ့်ကို ပြန်၍ဖက်ထား၏။ ယုနှင့် ဂျက်ဖရီ သည် လက်တွေရော တံတောင်တွေရော ခေါင်းတွေရော ခြေထောက်တွေပါ မျိုးစုံသုံးပြီး ချနေကြသည်။ ယုမျက်နှာမှာ သွေးတွေရွှဲနေပြီ။ ယုနှင့် ချနေတုန်း ဂျက် တစ်ချက်လန်ထွက်သွားသည်။ ကြောက်လန့်ပြီး သူ့ မျက်နှာကို အတင်းအုပ်ထားသည်။ ယု အားနှင့် ဂျက်ထံ ပြေးဝင်မယ် လုပ်တုန်း ခုနကတစ်ယောက်က ယုကို နောက်မှ ဝင်ချုပ်ပေးလိုက် သည်။ ဂျက်က ယုအချုပ်ခံနေရမှန်း သိတော့မှ ပြေးဝင်လာပြီး ယု မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်သည်။

"မတရားမလုပ်နဲ့ မယုတ်မာနဲ့..."

အရာရာကို ကြောက်တတ်သော ရွှယ်သည် ဘာလုပ်လိုက်မှန်းကို မသိတော့ ယု့ကို ချုပ်ပေးထားသောလူကို ပြေးဝင်ပြီး မျက်နှာတွေ ကျောကုန်းတွေကို ကုတ်ဆွဲပစ်လိုက်သည်။ ဟန်ချက်ပျက်ပြီး ယုရှေ့ ထိုးကောင်ရော လဲကျသွားပြီးနောက် 'အား' ခနဲ အော်သံကြီးကို ကြားရပြီး ယုကို ချုပ်ထားသည့်လူ မျက်နှာကို လက်ဖြင့်အုပ်ပြီး ကြုံးထသည်။


www.burmeseclassic.com

www.burmeseclassic.com



ငယုက ထိုလူ၏ခြေထောက် ညှို့သကျည်းကို ဖြတ်ရိုက်ချလိုက်ပြန်သည်။ ထိုလူ ဒုတိယအသံနက်ကြီးဖြင့် အော်ရင်း ပစ်လဲကျသွားသည်။ ငယုလက်ထဲမှာ အုတ်ခဲကျိုးတစ်လုံးကို တွေ့ရ၏။

ငယုထံသို့ ဂျက်က ခုန်ဝင်သွားပြီး ငယုကို ကြုံးကန်သည်။ ငယုလမ်းဘေးက မြက်ခင်းထဲ ထွေးခနဲကျသွား၏။ နောက်တစ်ချက် အကန်ခံရပြန်သည်။

"ကယ်ကြပါ... ကယ်ကြပါ... မတရားလုပ်နေတာ ကယ်ကြပါ..."

ရွှယ်နှင့် သီ နောက်ဆုံးအားကိုးအသံနှင့်သာ ကူညီရသည်။ ငယုသည် မြက်ခင်းထဲမှာ လိမ့်အကန်ခံနေရသည်။ အနီးနားကလူတွေ ပြေးထွက်လာကြသည်။ 'အား' ခနဲအော်သံနက်ကြီးဖြင့် ဂျက် လဲကျသွားပြီး သူ့ဒူးခေါင်းကိုသူ လက်ဖြင့်အုပ်ပြီး ထိုင်လျက် ချာလပတ်ရမ်းနေသည်။

ငယု ကြုံးထလာသည်။ မျက်နှာတစ်ခုလုံး သွေးတွေရွှဲနေတာမြင်၍ မကောင်း။ ငယုသည် စိုးရိမ်တကြီး ရွှယ့်ဆီ ရောက်လာသည်။

"ရွှယ်... ရွှယ်... ရွှယ် ဘာမှမဖြစ်ဘူးနော်... ရွှယ် ထိသွားသေးလား၊ သတ်မယ်... ဒီကောင်တွေကို သတ်မယ်..."

"ရွှယ် ဘာမှမဖြစ်ဘူး... ယုကို... ယုကို... သွေးတွေနဲ့..."

"ရတယ်... ဟား... ရတယ်... ရွှယ်... ရွှယ့်ကို အရမ်းချစ်တယ်... ချစ်တယ်... ရွှယ်... ရွှယ် ကိုယ့်ကို ချစ်တယ် မဟုတ်လားဟင်... ရွှယ် ချစ်တယ်မဟုတ်လား..."

ငယုက ရွှယ့်မျက်နှာကို လက်နှစ်ဖက်ဖြင့် အားရပါးရကိုင်ပြီး သူ့မျက်နှာနားကပ်၍ ပေးသည်။ ရွှယ် ဘာလုပ်ရမှန်း မသိ။ ငယု တစ်မျက်နှာလုံး သွေးတွေရွှဲနေပြီ။ ငယုတစ်ကိုယ်လုံးလည်း တုန်ယင်၍ နေသည်။

"ရွှယ်... ချစ်တယ်... ကိုယ့်ကိုချစ်တယ်မဟုတ်လားဟင်..."

ငယုက အကျယ်ကြီးအော်သည်။ ငယုမျက်နှာမှာ မျက်ရည်နှင့်သွေးတွေရောနေသည်။

ရွှယ် ခေါင်းကို လေးငါးခြောက်ခါ ဆက်တိုက် ညိတ်ပစ်လိုက်သည်။ ငယုက 'အား' ခနဲ အကျယ်ကြီးအော်ရင်း ရွှယ့်ကို ဆွဲဖက်ချပစ်လိုက်သည်။ ရွှယ် အသက်ရှူကြပ်လာတုန်းမှာ ရွှယ့်ကို ဖက်ထားသောငယုလက်တွေ ဖျော့ကျသွားသည်။ သွေးတွေရွှဲနေသော ငယုမျက်နှာသည် ရွှယ့်ရင်ခွင်ထဲသို့ လျှောကျသွားလေသည်။

■





www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၇)

မျက်ဝန်းတွေက အားနည်းနေမှန်း အားလုံးသိကြသည်။ ဘာစကားမှ မဆိုဘဲ ငယုကို အားလုံးက ငေးကြည့်နေကြသည်။ ငယု နှုတ်ခမ်းကလေးတွေက ယွဲ့ယွဲ့ကလေးပြုံးပြီး မျက်ဝန်းတွေကို ပြန်မှိတ်လိုက်သည်။

"ဒဏ်ရာက စိုးရိမ်စရာ ဘာမှ သိပ်မရှိပါဘူး၊ သွေးထွက်လွန်တာ တစ်ခုပါပဲ... ခေါင်းဒဏ်ရာကလည်း ကွဲပြဲဖူးရောင်တွေအတွက်တော့ အကိုက်အခဲသက်သာအောင် ဆေးထိုးပေးထားတယ်၊ အဲဒီဆေးက အိပ်ချင်လိမ့်မယ်... သူ နားပါစေ..."

"ဟုတ်ကဲ့ ဒေါက်တာ..."

ယုဖေဖေ ဦးတင်ယုက သမီးဖြစ်သူကို တစ်ချက်ကြည့်ပြီး ပခုံးကို တွန့်၍ ဆရာဝန်ကို ထောက်ခံသည်။ သမီးဖြစ်သူ ဒီလောက်ဖြစ်နေတာကို မျက်နှာတစ်ချက်မှ မပျက် တုန်တုန်လှုပ်လှုပ်မရှိ ဒေါသဖြစ်တာ သောက ဖြစ်တာလည်း မတွေ့ရ။



ဖြစ်ချင်တာ ဖြစ်ပစေ... ဟူသော ပစ်ထားသည့်သဘော မဟုတ်မှန်းလည်း မျက်ဝန်းတွေကို ကြည့်လျှင်တော့ သိသာပါသည်။ ဒီလိုအခြေအနေမျိုးရှိသည့်အတွက် ယု၏ဖခင် ဦးတင်ယုကို ဒေါ်ခင်မိုး ချီးကျူးရလို သြချရမလို ရှိနေခဲ့သည်။

ကိုယ့်သမီးကို ဝင်ကူရင်း ဖြစ်ရတာမို့ မိဘကသာ သည်းသည်းလှုပ်ထကဆိုလျှင် ဒေါ်ခင်မိုး နေရထိုင်ရ တော်တော်ခက်ဦးမည်။ အခုတော့ နေရထိုင်ရတာတော့ သက်သာပါသည်။ ဒါပေမဲ့ ကျေးဇူးကို နားလည်တတ်သူဆိုတော့ တစ်မျိုးပြောင်း၍ အားနာရပြန်ပါသည်။

"ကျွန်တော့်ကို ဒီလိုမြင်ရတော့ တစ်ချို့က အကြင်နာနည်းတဲ့အဖေ သားသမီးအပေါ် သိပ်ဂရုမစိုက်တဲ့အဖေလို့ ထင်ကြလိမ့်မယ်... မဟုတ်ပါဘူးဗျာ... ကျွန်တော့်ရင်ထဲမှာ မီးလောင်နေတဲ့အတိုင်းပါပဲ၊ ဒါပေမဲ့ ကျွန်တော်က အဲဒီမီးကို အပြင်ကို မထုတ်ပြဘူး၊ ကျွန်တော့်ဘာသာ ရအောင် ငြိမ်းတယ်၊ ငြိမ်းလို့ မရတာတွေကို ကျွန်တော် ကြိတ်ခံတယ်..."

"ဦးတင်ယုရဲ့မျက်ဝန်းတွေကို ကြည့်ရင် သိသာပါတယ်၊ ကျွန်မကတော့ မိဘချင်း ကိုယ်ချင်းစာမိတိုင်း ဦးတင်ယုရဲ့စိတ်ခိုင်မာမှုကို ချီးကျူးပါတယ် ကျွန်မဆို ရူးသွားနိုင်တယ်..."

ဦးတင်ယုက ပြုံးသည်။ ပြီးတော့ ဆေးရုံဧည့်ခန်းမှ ခုံတွင် ဝင်ထိုင်သည်။

"ကျွန်တော့်မှာ ဘယ်သူ့ကိုမှ ဖွင့်မပြောပြတဲ့ စိတ်မကောင်းဆုံးခံစားချက်တစ်ခုတော့ ရှိတယ်ဗျာ၊ အခုတော့ ကျွန်တော် ထုတ်ပြီး ဝန်ခံရတော့မယ်... အဲဒါက ကျွန်တော့်သား အဲ... ဒီကောင်ပေါ့ဗျာ...


www.burmeseclassic.com

www.burmeseclassic.com



ကျွတ်… မဟုတ်သေးပါဘူး… ကျွန်တော်ကိုယ်တိုင်ကိုက အဲဒါကို ဖျောက်လို့မရတာဘဲ… ကျွန်တော် သူ့ကို ယောကျ်ားလေးလို သဘောထားခဲ့တာ ပုံသွင်းခဲ့တာ အဲဒီလိုဖြစ်အောင် ပုံသွင်းခဲ့တာ…”

ဦးတင်ယု၏အသံက ကြေကွဲနေသည်။ ထိန်းချုပ်ထားရသည့်အသံ ဆိုတာ သိသာနေသည်။ ဦးတင်ယုသည် သူ့ရှေ့က လူတွေကို အပြစ်ရှိနေသူတစ်ဦးလို မကြည့်ဘဲ ဆေးရုံပြတင်းပေါက်မှ အဝေးကို ငေးရင်း ပြောသည်။

“ကျွန်တော် မဖြစ်နိုင်မှန်းသိရက်နဲ့ အတ္တကြီးပြီး သူ့ကို ကိုယ်လိုချင်သလို ပုံသွင်းခဲ့တာဟာ သူ့ရဲ့ဘဝကို ဖျက်ဆီးပစ်လိုက်တာပဲ၊ ကျွန်တော် အရမ်းမှားခဲ့တယ်၊ သူ အခု ခံစားနေရတာတွေအားလုံးဟာ ကျွန်တော့်အပြစ်တွေချည်းပဲ၊ ကျွန်တော်ဟာ လုံးဝ မဖြစ်သင့်တာ တစ်ခုကို လုပ်ခဲ့တယ်… သိရတဲ့အချိန်မှာ နောက်ကျနေပြီ… ကျွန်တော် သူ့ကို သမီး ကလေး ပြန်ဖြစ်ချင်ပါပြီဗျာ…”

BURMESE CLASSIC .com

ဆေးရုံဧည့်ခန်းသည် တိတ်ဆိတ်၍ သွားသည်။

ဦးတင်ယုကတော့ ဟိုးအဝေးကို ငေး၍နေဆဲ ဖြစ်သည်။ ဒေါ်ခင်မိုးက ရုတ်တရက် စိတ်ထဲမှာ တာဝန်ယူရမှာတွေကို တွက်လိုက်သည်။ သူတို့က သားအဖနှစ်ယောက်တည်းဆိုတော့ လူနာကို စောင့်ကြည့်ဖို့၊ စားရေးသောက်ရေး စီစဉ်ဖို့ ပြဿနာရှိနိုင်သည်။ ကိုယ့်သမီးအတွက် ဖြစ်ထားသည့်အတွက် ဒီလောက်တော့ တာဝန်ယူရလိမ့်မည်။ ဒေါ်ခင်မိုးက ပြောပြတော့ ပထမ ဦးတင်ယုက ငြင်းသေးသည်။ နပ်(စ်)မ ငှားမည်… ဟု ဆိုသည်။ ဒါပေမဲ့ ဒေါ်ခင်မိုး တစ်ချက်ချင်းထောက်ပြတာတွေကို မငြင်းနိုင်တော့သဖြင့် သဘောတူလိုက်ရသည်။





“အင်း… ကျွန်တော်ကသာ ကိုယ့်ကိုယ်ကိုယ် တော်တော်ထင်နေတာ… တကယ်တော့ ကျွန်တော်ဟာ ဘာမှ မဟုတ်တော့တဲ့လူဆိုတာကို လက်ခံရမလို ဖြစ်နေပြီ…”

ဦးတင်ယုက သူ့စကားကို သူသဘောကျပြီး ရယ်သည်။ ငွေရေးကြေးရေးအကူအညီကိုတော့ ဦးတင်ယုက ပြတ်ပြတ်သားသား ငြင်းခဲ့သည်။ ထိုသို့ဖြင့် ဦးတင်ယုသည် သူ့လုပ်ငန်းများဖြစ်သည့် ပုဇွန်ကန်၊ ငါးကန်နှင့် ကြက်ခြံမွေးမြူရေးလုပ်ငန်းများကို မပျက်ကွက်စေရဘဲ ဆေးရုံသို့ မနက်ညတစ်ကြိမ်စီ ဝင်နိုင်သည်ဟု သဘောတူကြသည်။

ဒေါ်ခင်မိုးတာဝန်ယူလိုက်သော ငယုအတွက် အစစအရာရာ တာဝန်ကို အကောင်အထည်ဖော်သူက ရွှယ်နှင့် အလုည့်ကျ သူငယ်ချင်းတစ်ယောက်ဖြစ်လေသည်။ အန်တီလေးနှင့် ဒေါ်ခင်မိုးတို့ကတော့ နောက်ချန်ထောက်ပံ့ရေးသမားများ ဖြစ်သွားကြ၏။ ရန်ဖြစ်သည့်အမှုကို နှစ်ဖက်ပေါင်းပြီး ဖြေရှင်းကား ကျေအေးလိုက်ကြလေသည်။

“ဒီမှာ သမီး… ငယု ဒီလိုဖြစ်တာဟာ ကိုယ့်ကြောင့်ဆိုတာကို သမီး မမေ့နဲ့၊ သူတို့က ဘာအခွင့်အရေးမှ တောင်းဆိုတာ မဟုတ်ဘူး၊ အဲဒီအတွက် မေမေတို့က ပိုပြီး အလိုက်သိရမယ်၊ ငါ့သမီးက ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက် ဖြစ်သင့်တာပေါ့ သမီးရယ်… မဟုတ်ဘူးလား…”

မျက်နှာတစ်ခုလုံး သွေးသံတရဲရဲနှင့် သူ့ကို ချစ်တယ်… ဟု အော်ပြောခဲ့သည့်ကိစ္စကို ပြန်တွေးပြီး နည်းနည်းရှံ့မိသည်က လွဲ၍ ရွှယ်သည် မေမေပြောသည့်ကိစ္စတွေအားလုံးကို လက်ခံပါသည်။ ရွှယ်နှင့် ပတ်သက်လာလျှင် ငယုသည် ဘာကိုမဆို ရင်ဆိုင်ရဲသည် ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com

မျက်မြင်ကိုယ်တွေ့မို့ ငယုကို မြတ်မြတ်နိုးနိုး ခင်မင်ခဲ့ပါသည်။ စေတနာ ရှိရှိနှင့် ပြုစုနိုင်ပါသည်။

အဲဒီနေ့ညနေက ငယု အိပ်ရာက နိုးလာတော့ သူတို့နှင့် တွေ့ချိန် တွင် နည်းနည်း လန်းလန်းဆန်းဆန်းရှိနေသည်။ ဆရာဝန်ညွှန်ကြားချက် အရ အစာနည်းနည်းစားဖို့ ပြောတော့ Code နည်းနည်းနှင့် ပါမုန့်တို့ကို စားသည်။ ငယု သူ့ဖေဖေနှင့် စကားပြောသည်က သူတို့သားအဖ၏ ဆက်ဆံရေးကို သိသာစေသည်။

"ဖေဖေ ဂျက်တို့ ဘာဖြစ်သွားသေးလဲ..."

"ဘယ်သက်သာမှာတုန်း သားရ... တစ်ယောက်က ဂျိုင်းထောက် နဲ့ တစ်ယောက်က ဗိုးချဲနဲ့... တစ်ယောက်က ကွဲ... မင်းလည်း နည်း တာမှ မဟုတ်တာ..."

"ကျွန်တော်က ရွှယ့်ကို စိုးရိမ်နေတာ မှားသွားတယ် ဖေဖေ... ဆရာပြောသလို တိုက်ခိုက်ရေးထဲမှာပဲ အာရုံကို မထားမိဘူး... အဲဒါ ကြောင့် ခံရတာ..."

"ရွှယ်က သာမန်မိန်းကလေးပဲကွ သူတို့ ဘယ်ထိရဲမှာလဲ..."

"သိတယ် ဖေဖေရ... ဒါပေမဲ့ စိုးရိမ်တာပဲ၊ ကျွန်တော် အုတ်ခဲနဲ့ ထုခဲ့တာ ဖေဖေ ရှက်ဖို့တော့ ကောင်းတာပေါ့..."

"မင်းကလည်းကွာ... ရန်ဖြစ်ပါတယ်ဆိုမှ... ခု ဘယ်လိုနေ သေးလဲ..."

"ခေါင်းကတော့ အုံနေတာပေါ့... ကျောတွေအောင့်နေတယ်၊ ဒီကောင်တွေ ဘယ်လောက်ကိုင်လိုက်ကြလဲ မသိဘူး..."

"မျက်နှာကရော..."





"ကျွန်တော့်စိတ်ထဲမှာ မျက်နှာကြီးက တော်တော်ကြီးနေတယ် ဟဲ... ဟဲ... နေရတာ တစ်မျိုးကြီးပေါ့... ခေါင်းက ဘယ်နှစ်ချက်ချုပ် ရလဲ ဖေဖေ..."

"ငါးချက်တဲ့... အသက်ရှူရင် အဆုတ်ထဲတို့ ရင်ခေါင်းထဲကတို့ အောင့်လား... အသက်ရော အားရပါးရ ရှူလို့ ရလား..."

"OK တယ် ဖေဖေ... အပြင်ဒဏ်ရာတွေပဲ ရတာပါ ဖေဖေ... အများဆုံး သုံးလေးရက်ပေါ့... တစ်ပတ်... ဖေဖေရာ... ရွှယ်... ရွှယ် မပြန်သေးတာလား..."

ငယုက ရွှယ့်ကိုမေးရင်း လက်ကမ်းပေးသဖြင့် ရွှယ် လက်ကို လှမ်းပေးလိုက်ရသည်။

"အင်း... ယုကိုကို စောင့်နေတာ သက်သာတယ်နော် ယုကို..."

"ခုနက ပြောသလောက်ပါပဲ ရွှယ်ရှိနေတော့ ဒဏ်ရာက အလကား ဖြစ်သွားတယ်၊ သီရိတို့ရော လာသေးလား..."

"ရှိတယ် သီရိ အပြင်မှာ..."

"ကဲ... သား မင်းကို ဆေးရုံမှာ ရွှယ်က အတူစောင့်အိပ်ပေးမှာ"

"ဟာ... ဟုတ်ရဲ့လား... ဟုတ်လားဟင်... ရွှယ်..."

ငယုမျက်နှာက ဝင်းလက်သွားသည်။ ဝမ်းသာအားရဖြစ်သွားသော မျက်နှာကို ဒဏ်ရာတွေက ဘာမှ မလုပ်နိုင်။ ရွှယ့်ကို ကိုင်ထားသော လက်ကို ငယုက တိုး၍ ဖျစ်ညှစ်လိုက်၏။

"ဟုတ်တယ်... ရွှယ်နဲ့ သီနဲ့ စောင့်အိပ်ပေးမှာ၊ ယုကိုက ရွှယ့် စကားကို နားထောင်ရမှာနော်..."

"ဟာ... ပျော်စရာကြီး နားထောင်မှာပေါ့... နားထောင်မယ်...



www.burmeseclassic.com

www.burmeseclassic.com

ချစ်… အဲ… အဟီး… ချစ်ပြီးသားလူတွေပဲဟာ ဖေဖေကရော…”

“မနက်တစ်ခါ ညတစ်ခါ လာမှာပေါ့ကွ…”

“ယုကို စားချင်တာရှိရင် အန်တီ့ကိုပြော… အန်တီ အားလုံး ချက်ပေးမယ်ဟုတ်ပြီလား… ဘာမှအားမနာနဲ့ ဟုတ်ပြီလား…”

“အာ… ရွှယ်ရှိရင် ပြီးပြီ… ရွှယ်ကျွေးရင် ပြီးပြီပဲဟာ…”

ယုသည် ပြောသည့်အတိုင်းပင် ရွှယ်ပြောသမျှကို အားလုံး နားထောင်သည်။ ညဆိုလျှင် ရွှယ့်လက်ကို ဆုပ်ကိုင်ပြီး စကားတွေပြောပြီး တော်တော်နှင့် မအိပ်တာတစ်ခုပဲ ရှိသည်။ ရွှယ် ရေမိုးချိုး ခဏနားဖို့အတွက် အိမ်ပြန်သွားလျှင် ယုက စောင်ကို ခေါင်းမြီးခြုံပြီး အိပ်နေတတ်သည်။ အရောက်နောက်ကျလျှင် စိတ်ကောက်တတ်သည်။ အတူတူ ၁၀ ရက်တိတိ နေလိုက်ရတော့မှ ယုသည် အထီးကျန်နေသော ကောင်မလေးတစ်ယောက် ဆိုတာကို ရွှယ်သိလိုက်ရသည်။

“ဒါကြောင့်မို့ သူ တဖွတ်ထိုးဖြစ်နေတာ ဒေဇီရဲ့… သူ့မှာရင်း စိတ်ဓာတ်က မဆိုးဘူး၊ ပြီးတော့ အတူနေရင်း သတိထားမိတာက ယုက မိန်းကလေးလိုနေရင် တော်တော်လှမှာကွ…”

“သူက မင်းကို ရည်းစားလို ဆက်ဆံတာလား…”

“အဲဒါကတော့ အတိအကျပဲ၊ ဒါပေမဲ့ ရွှယ့်ပြောစကားကိုတော့ နားထောင်ပါတယ်၊ ရွှယ်ကဆူရင် သူ ပိုသဘောကျသလိုပဲ…”

“အဲဒါတွေက သဘာဝမကျတာတွေပေါ့ ရွှယ်ရာ… သူက ရွှယ့်ကို ရည်းစားလို နေနေတာတွေကို ရွှယ်က အန်တီတို့ကို ပြောမပြဘူးလား…”

“ပြောတာပေါ့ ဒေဇီရဲ့ သိတောင်မှ ဝင်ပြောသေးတယ်၊ ဒါပေမဲ့ မေမေတို့က အဲဒါကို ပြဿနာလို့ မထင်ကြဘူး၊ ယုက မိန်းကလေးပဲတဲ့





တ်ပူစရာ ဘာလိုလို့လဲ… တဲ့… ခက်တာက ဒီကိစ္စကို ဘယ်သူကမှ ပြဿနာတစ်ခုအနေနဲ့ အလေးမထားကြတာပဲ…”

ရွှယ်ပြောသည့် စကားကို ဒေဇီက သဘောပေါက်သလို ခေါင်းကို ညိတ်သည်။

“ရွှယ်ကရော… ယုကို ဒီလိုဖြစ်နေတာ သဘာဝမကျဘူး ဆိုတာကို နည်းနည်းပါးပါး ပြောမပြဘူးလား…”

“အာ… အဲဒါတော့ ရွှယ် လုံးဝပြောလို့မရဘူး ဒေဇီရဲ့ သို့ရှေ့မှာ ရွှယ် တစ်ခါ နှစ်ခါကြိုးစားဖူးတယ်၊ အဲဒီစကားနားကို ရောက်တာနဲ့ ယုက ပူးပူးဝါးဝါးဖြစ်လာရော… လုံးဝမရဘူး…”

BURMESE CLASSIC .com

“အဲဒီအနားကို အရောက်မခံဘူးဆိုတာ ကောင်းတဲ့လက္ခဏာပဲလို့ ဒေဇီကတော့ ထင်တယ်၊ သူကြောက်နေသေးတယ်ဆိုရင် သူမဟုတ်တာ သူသိနေလို့ပေါ့၊ ယုကို သူ့ခံစားချက်အမှန်ရအောင် ကြိုးစားဖို့တော့ ကောင်းတယ် ရွှယ်…”

“ရွှယ်တစ်ယောက်တည်းနဲ့တော့ ရမှာမဟုတ်ဘူး ဒေဇီ… ရွှယ်တို့ အားလုံး ကြိုးစားရင်တော့ တစ်မျိုးပေါ့လေ…”

❑



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတက်နေရသည့် နေ့များကို စိတ်ချမ်းသာသည်ဟု ပြောရမှာကတော့ တော်တော်လေး ကိုးရိုးကားရားနိုင်သည်ဟု ငယု ထင်သည်။ သို့သော် တကယ်ကို ငယု စိတ်ချမ်းသာခဲ့ပါသည်။ ကိုယ်မြတ်နိုးသည့် ချစ်သူက ကိုယ့်အနားမှာရှိနေတာ စိတ်မချမ်းသာပဲ နေပါ့မလား... ဟု ငယု အမြဲတမ်းတွေးနေမိသည်။

BURMESE CLASSIC .com

ပြီးတော့ အားလုံးက ဝိုင်းဂရုစိုက်နေတာကို ခံနေရတာ တော်တော်လေးကျေနပ်ဖို့ ကောင်းပါသည်။ အရင်တုန်းက အိမ်မှာ တစ်ယောက်တည်း ဘာလိုနေမှန်း မသိဘဲ ထင်ရာတွေ လျှောက်လုပ်နေသော်လည်း ထိုတစ်ခုခု လိုနေသောစိတ်က ပျောက်မသွားတာကို အမြဲလိုလို ကြုံရဖူးသည်။ အဲဒီတုန်းက ဘာမှန်းမသိခဲ့... အခုတော့ သိပြီ...။ သူလိုချင်သောအရာ မှာ စိတ်ခံစားမှုတစ်ခုဖြစ်ပြီး ထိုစိတ်ခံစားမှုမှာ 'ဂရုစိုက်ခံလိုခြင်း' ပင် ဖြစ်သည်။

ဂရုစိုက်ခံရသည့်အခါ လူသည် ယဉ်ကျေး၍ လာသည်။ ကိုယ်ချင်းစာစိတ်လည်း ရှိလာသည်။ အရာရာကို သည်းခံချင်သည့်စိတ်လည်း ဖြစ်လာသည်။ ဒါ့ကြောင့်မို့ ဆေးရုံတက်နေရသောရက်များတွင် ငယုသည်





အရင်တုန်းကထက် စိတ်ပို၍ ရှည်လာသည်။ ပျော်ပျော်ရွှင်ရွှင်လည်း ဖြစ်လာသည်။

နောက်... ပြောင်းလဲလာသည့်စိတ်က ရွှယ့်အပေါ်မှာ ထားသော သဘောထားဖြစ်သည်။ ရွှယ့်ကို အရင်တုန်းကတော့ သွားတွေ့သည့်အခါမျိုး... ရွှယ်အားသည့်နေ့မျိုးတွေကျမှ တွေ့ခွင့်ရသည့်အတွက် ရွှယ်သည် သူ့အတွက် ကြီးကျယ်နေခဲ့သည်။ စိတ်ကူးနှင့်သာ အတွေ့များရသဖြင့် ရွှယ်သည် သူ့စိတ်ကူးထဲမှာ အရာရာ ပြည့်စုံ၍နေသည်။ အခု နေ့တိုင်း တွေ့ကြသည့်အခါကျတော့ အချို့စိတ်ကူးနေရာတွေမှာဆိုလျှင် ရွှယ့်လုပ်ဆောင်ချက်အစစ်တွေ ရောက်လာသည်။ ရွှယ့်စိတ်ထားကို ရိပ်မိလာသဖြင့် တစ်ချို့စိတ်ကူးတွေက မဖြစ်နိုင်မှန်း သိလာသည်။ ရွှယ်သည် အချို့နေရာတွေမှာ သိမ်ရိလောက် သဘောထားမပြည့်စုံတာတွေကို တွေ့လာရသည်။ ငယု အရင်တုန်းက ရွှယ့်လက်ကို ကိုင်ရလျှင် ရင်တွေဘာတွေ ခုန်လာတတ်သည်။ အခုတော့ အဲဒီလို ရင်တွေဘာတွေ မခုန်တော့။ ဒါ ချစ်သူဖြစ်တဲ့ရက် ကြာလာလို့ဟု ငယုက ထင်သည်။

ပြီးတော့ ရွှယ့်အတွက်နှင့် ရန်ဖြစ်လိုက်ရသည့်အကျိုးက တော်ရုံလူတွေက ငယုကို နားလည်နိုင်ကြခြင်းဖြစ်သည်။ ဥပမာ ရွှယ့်မေမေ၊ အန်တီလေး၊ သီရိနှင့် ဒေစီ... ပြီးတော့ ကောင်းမင်းတို့အုပ်စု။

ကောင်းမင်းတို့အုပ်စု ဆိုလို့ ပြောရဦးမည်။ အဲဒီနေ့က နေ့ခင်းဘက် ရွှယ်အိမ်ပြန်ပြီး နားနေစဉ်ဖြစ်သည်။ သူက ဆရာမြသန်းတင့်၏ လေရှူးသုန်သုန်နှင့် ဓိမ်ကျနေခဲ့သည်။ သူသည် ဆရာမြသန်းတင့် ပုံဖော်ထားသော ဘာကိုမှ အကြောက်အလန့်မရှိ အစဉ်အလာတွေ ဘာတွေကို နားမလည်၊ စိတ်ထဲရှိရာ လုပ်ပစ်တတ်သော မင်းသမီးလေး စကားလက်



www.burmeseclassic.com

www.burmeseclassic.com

အိုဟာရာကို ရွှယ်နှင့် တူသည်ဟု သဘောထားကာ ဖတ်သည်။ သီရိက မိလာနီ။ သို့သော်... ဖတ်ရင်း ဖတ်ရင်းက စကားလက်အိုဟာရာသည် ရွှယ်နှင့် မတူတော့ဘဲ သူနှင့် ပို၍ တူတူလာသည်။ ဆရာသည် စကား လက်အကြောင်းရေးတာ မဟုတ်ဘဲ သူ့ကိုကြည့်ပြီး ရေးသလို ဖြစ်နေ သည်။ ထို့ကြောင့် သူ ထိုစာအုပ်ကို ကြောက်ကြောက်နှင့် ဖတ်နေတုန်း သူ ယဉ်ကျေးစွာနှုတ်ဆက်ခြင်းကို ခံလိုက်ရ၏။

"Hi... ယုရေ... မင်းကိုတော့ ငါတို့အဖွဲ့က ဂုဏ်ယူပါတယ် ကွာ၊ အဲဒီစိတ်ကလေးနဲ့ မင်းကို လာမေးတာ ငါတို့ကို မေးခွင့်ပြုတယ် မဟုတ်လား..."

ရင်းရင်းနှီးနှီးပြောရင်း လက်ကမ်းပေးလာသော ကောင်းမင်းနှင့် အဖွဲ့ကို တွေ့ရတော့ သူ့စိတ်ကို စာအုပ်ထဲက အတင်းဆွဲထုတ်ရသည်။ လက်ကို ကမန်းကတမ်း ထိုးပေးရသည်။ ပြီးတော့မှ တစ်ခုခုကို သတိရပြီး စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။

"မင်း နေရထိုင်ရတာ OK ရဲ့လား ယု..."

"ကောင်းပါတယ်... နေပါဦး မင်းက ဘာကိစ္စ ဒီကို ရောက်လာ ရတာလဲ"

"ခုနကပဲ ပြောပြီးပြီကွာ..."

"ငါ ဂျက်တို့ကို ဆော်လွှတ်လိုက်တာကို ကြည့်ပြီး... လန့်လို့ ရွှယ့်ကို လိုက်ဖို့ ငါ့ကို ဘော်ဒါလုပ်ဖို့ လာပေါင်းတာဆိုရင်တော့ Sorry ပဲ... ကောင်းမင်း..."

"အာ... ယုက ပြဿနာပဲကွာ၊ ငါတို့ ဘာကြောင့် လာတယ် ဆိုတာကို ပြောပြီးပြီပဲ၊ ရွှယ့်ကိစ္စ မပါပါဘူးကွာ... ရွှယ်က အခု ငါ





တို့ကို ဆက်ဆံတာ တစ်မျိုးပဲကွ၊ ကောကောလွှတ်တယ်... သူလည်း မင်းနဲ့အတူ ရန်ဖြစ်ပြီးကတည်းက သတ္တိတော်တော်ရှိသွားပုံ ရတယ်"

"အင်း... ဟုတ်မှာပေါ့... နောက်ပြီး ဖြစ်နိုင်တာ တစ်ခုက သူနဲ့ ငါက ချစ်သူတွေ ဖြစ်သွားကြပြီကွ..."

"ဘာ... ဘာ... ဘယ်လို... ဘာပြောတယ်..."

အထိတ်တလန့်ဖြစ်သွားသော ကောင်းမင်းကိုကြည့်ရင်း ယုက အားရပါးရ ရယ်သည်။ ယုရယ်နေပုံက ပွင့်ပွင့်လင်းလင်းလည်း ရှိသည်။ ကျေနပ်အားရမှုလည်း ရှိသည်။ ကောင်းမင်းကို အားနာနေပုံလည်း ရသည်။ ကောင်းမင်းက သူ့ကို ငေးနေသည်။

"ငါနဲ့ ရွှယ်နဲ့က အစွန်းဆုံးအထိ နှစ်ယောက်အတူတူ လက်တွဲ ရင်ဆိုင်လိုက်ရတော့ ကျန်တဲ့ မလိုအပ်တာတွေ မပါတော့ဘဲ... တို့ နားလည်မှုတွေက အရမ်းနီးကပ်သွားကြတယ်၊ မင်း... ပြောရင် ယုံမှာ မဟုတ်ဘူး ကောင်း... ငါ့ခေါင်းမှာ သွေးတွေရွှဲနေတယ်၊ ငါ့ခံစားမှုတွေ အားလုံး ပွင့်ထွက်သွားတယ်၊ အဲဒီရန်ပွဲထဲမှာပဲ ငါ ရွှယ့်ကို ချစ်တယ်လို့ ပြောပြီး ရွှယ်ကလည်း ငါ့ကို အဖြေတစ်ခါတည်း ပေးခဲ့တာ..."

ဆေးရုံ၏နေ့လည်ခင်းသည် တိတ်ဆိတ်၍ သွားသည်။

ကောင်းမင်း၏မျက်ဝန်းများသည် လေဟာပြင်ကို စိုက်ကြည့်နေ သည်ဟု ယုထင်လိုက်မိသည်။ ပြီးတော့မှ ကောင်းမင်းသည် တစ်ခုခုကို သေသေချာချာ လက်ခံသွားသလို ခေါင်းကို တဆတ်ဆတ်ညိတ်၍ နေ သည်။ ကောင်းမင်း ခေါင်းညိတ်နေပုံကို ကြည့်ပြီး ယု ရယ်ချင်သွား သည်။ ကောင်းမင်းခေါင်းညိတ်နေပုံက ခန္ဓာကိုယ်ကို စပရင်ထည့်ထားပြီး အရှိန်တစ်ခုခုကြောင့် ခေါင်းညိတ်နေရသည့် ကားဒက်(ရှ်)ဘုတ်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



အရုပ်နှင့် တူနေသောကြောင့် ဖြစ်သည်။

"ငါတို့လည်း သတင်းကြားပါတယ်၊ အဲဒါ မင်းအတွက် ဂုဏ်ယူတယ်ကွာ... ရန်သူရဲ့ ရန်သူဟာ မိတ်ဆွေဆိုတော့ မင်းနဲ့ ငါတို့က မိတ်ဆွေပေါ့... ဒါကြောင့် လာတာ..."

"မင်းတို့ ဒီကောင်တွေနဲ့ ငြိကြသေးလို့လား..."

"အေးပေါ့ကွ... ဒါပေမဲ့ ငါတို့က ရှောင်တယ်ကွာ၊ ဒီကောင်တွေက စွာတယ်ကွ... ပြီးတော့ တကယ်တတ်တာလေ..."

"အဲဒီတော့ ဒီကောင်တွေသုံးယောက်ကို တစ်ယောက်တည်းနဲ့ ခံချရဲတဲ့ မင်းကို လေးစားတာပေါ့..."

ထွန်းကိုနဲ့ တောက်တဲ့တို့က တစ်လှည့်စီဝင်ပြောတဲ့အထိ ကောင်းမင်းက ငြိမ်နေသည်။

"ခံချတာ မဟုတ်ပါဘူး... လည်ပယ်ချတာပါ၊ ဟိုနှစ်ကောင်က ဘာမှမှ မဟုတ်တာ၊ ဂျက်တစ်ယောက်ပဲ... ဒီကောင်ကတော့ တကယ်တတ်တာ၊ တကယ်လဲကျင့်ထားတာ... ငါတောင် ကံကောင်းလို့..."

"အခု ဒီကောင် ဝိုးချဲပေါ်မှာကွ..."

"ဘာပဲဖြစ်ဖြစ်ကွာ... ငါတို့ မင်းကို ဂုဏ်ယူပြီး မိတ်ဆွေဖွဲ့တာပါ၊ မင်းနဲ့ ရွှယ်နဲ့ ပြေလည်သွားပြီ ဆိုတော့လည်း ငါက ဘာတတ်နိုင်မှာလဲ၊ ပွင့်ပွင့်လင်းလင်းတော့ ပြောမယ်ကွာ၊ ရွှယ့်ဘော်ဒါ ဒေစီနဲ့ တောက်တဲ့က အထာရှိထားတယ်၊ အဲဒီတော့ အဝင်အထွက်ရှိလို့ ငါတို့က မင်းကို တစ်မျိုးမထင်အောင် ဘော်ဒါဖွဲ့တာ ဒါပဲ..."

ကောင်းမင်းက ပွင့်ပွင့်လင်းလင်းကြီးပြောသည်။

"သီရိနဲ့ ထွန်းကိုနဲ့ကရော..."





"အာ... မဟုတ်ဘူး ထွန်းကိုက ဇယားချချင်ပေမယ့် သီရိက လုံးဝပဲ..."

"ရပါတယ် ဒေစီက နည်းနည်းတော့မာတယ်နော်..."

"ဟုတ်တယ်... တောက်တဲ့က ဒေစီမာရင် မင်းကပါ ဝင်လာမှာ စိုးရိမ်နေတာ၊ မင်းအကြည့်တွေ ရှန်းပေးထားကွာ..."

"စိတ်ချပါ... လမ်းကြောင်းရှိပြီးသားဆို ငါ ဘောင်ချာမဖြတ်ပါဘူး... OK ပေါ့... သိထားရင် ပြီးပြီလေ..."

သဘောတူတဲ့ အထိမ်းအမှတ်နဲ့ လက်ဆွဲနှုတ်ဆက်လိုက်ကြတုန်း သူတို့လက်တွေ ပုတ်အချခံလိုက်ရသည်။

"အဲဒါ ဘာလုပ်ကြတာလဲ... အဲဒါ ဘာလာလုပ်တာလဲ..."

"အာ... ရွှယ်..."

ခုတင်ပေါင်ပေါ်မှာ တင်ပလ္လဲထိုင်နေရာမှ ကောင်းမင်းက ထရပ်သည်။ ရွှယ်က ကျားသစ်ပေါက်စလေးတစ်ကောင်လို ရန်လိုသောပုံစံနှင့် ကြည့်သည်။

"သူနေကောင်းတာမှ သိပ်မကြာသေးဘူး... နင်တို့ ဘာကိစ္စနဲ့ လာတာလဲ၊ ပြဿနာတော့ လာရှာမယ် မကြံကြနဲ့နော်..."

"ရွှယ်... သူတို့က ကောင်းကောင်းမွန်မွန်လာတာပါ၊ ပြဿနာ ရှာဖို့ မဟုတ်ပါဘူး..."

"ဘာကောင်းကောင်းမွန်မွန်လဲ ...[illegible]မည်နဲ့ လုပ်ရပ်နဲ့ ပြောင်းပြန် အမြဲကျနေတဲ့ ကောင်တွေ... ယုကို ဘာသိလို့လဲ... ဒီကောင်တွေ အကောင်းလာတာ မဟုတ်ဘူး ယုကိုရဲ့... ယုကိုကို တမင်ဝင်လုံးနေတာ"

ရွှယ်ပြောသည့်စကားကြောင့် ကောင်းမင်း တော်တော်တင်းသွားပုံ ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရည်ရွှယ်ဦး... နင် ငါ့ကို အဲဒီလိုမပြောနဲ့... နင်နဲ့ ငယုအကြောင်း ငါတို့ ကြားပြီးပြီ၊ အခု ငယုကလည်း ရှင်းပြီးနေပြီ... ငါ နင့်အပေါ်မှာ ဘာဇယားမှ မရှိတော့ဘူးဆိုတာ နှစ်ယောက်စလုံးရှေ့မှာ ငါပြောတယ် ဟာ... ဒါပေမဲ့ ဒေစီနဲ့ တောက်တဲ့ကတော့ ဇယားရှိတယ်... အဲဒါ နင် သိပါတယ်..."

"အဲဒါက ငါတို့နဲ့ အနေသာကြီး ကောင်းမင်း... နင်တို့ဘာသာ နေပါဟာ... ယုကိုကို လာလာမရှုပ်စမ်းပါနဲ့..."

"ရွှယ်ကလည်း... သူတို့က ပေါ်တင်ပြောပြီးပြီပဲဟာ... ကိုယ် ခွင့်ပြုတယ် ကောင်းမင်း... ရွှယ် ဒေစီ့ကိစ္စက ကိုယ်တို့နဲ့ မဆိုင်ဘူး လေကွာ... ကိုယ်တို့က ဘော်ဒါကလွှာတော့ ထားရမှာပေါ့..."

ရွှယ်က ဗျစ်တောက်ဗျစ်တောက်လုပ်နေသဖြင့် ကောင်းမင်းတို့ ခဏနေပြီး ထလစ်သွားကြ၏။ သူ့အတွက် စိုးရိမ်စိတ်ကြီးနေသော ရွှယ့်ကို ငေးရင်း ရင်ထဲမှာ ပီတိဖြစ်၍ နေသည်။ နေကောင်းပါရက်နှင့် ရွှယ်နှင့်အတူနေချင်သည့်အတွက် ကျော့ထဲက အောင့်သည် ဘာဖြစ်သည်ဟု အကြောင်းပြပြီး နေနေရတာ ရွှယ့်ကို သနားသွားသည်။

"ရွှယ်... မနက်ဖြန် ဆေးရုံက ဆင်းချင်ပြီ ရွှယ်..."

"ဟင်... ယုကို သက်သာလို့လား... ဟာ... တော်ကြာ..."

"မတော်ကြာပါဘူး ရွှယ်ရယ်... ကိုယ် တကယ်နေကောင်းနေပါပြီ၊ ရွှယ်နဲ့ အတူတူနေရတာလေးကို သဘောကျလို့ လိမ်နေတာ၊ အခု တော့ ကိုယ့်ချစ်သူလေးကို မလိမ်ရက်တော့ပါဘူး... ဆင်းတော့မယ်... နော်... လာပါဦး ရွှယ်ရဲ့..."

ခုတင်ဘေးမှာ တင်ပလွဲကလေးဝင်ထိုင်သော ရွှယ့်ခါးကလေးကို ပက်ထားလိုက်သည်။ လောကသည် ထင်ထားသည်ထက် ညင်သာစွာ ဖြူးဆင်းနေသည်ဟု သူကိုယ်တိုင် ခံစားနေရသည်။

ရင်ခုန်သံသည် နေရောင်ထဲမှာပွင့်နေသော ပန်းပွင့်လို နွေး၍ နေလသည်။

❑






www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်နေသော ကန်တော်ကြီးနေ့လည်ခင်းသည် လူတစ်ယောက်ကို အိပ်ချင်သွားအောင် ကောင်းကောင်းလုပ်နိုင်မှာ သေချာသည်။ သစ်ပင်များအားလုံးသည် သူတို့အရိပ်တွေကို မြေပြင်ပေါ် ပုံချထားပြီး သူတို့ကိုယ်တိုင်ကတော့ စာမရသည့် ကျောင်းသားကြီးတွေလို ဆရာ့ကိုကြောက်ပြီး တုတ်တုတ်မှ မလှုပ်ရဲအောင် မတ်တတ်ရပ်နေကြသည့်ပုံစံမျိုး ဖြစ်နေသည်။

မြက်ခင်းပြင်ကတော့ သူစိမ်းနိုင်စွမ်းအားကို အလျားလိုက် စိုက်ချထားပြီး ခုံတန်းပြာကလေးတွေကို ခါးခါးသီးသီး စိုက်ကြည့်နေခဲ့သည်။ ရေပြင်ကတော့ ကျိန်စာသင့်နေသူလို ကမ်းစပ်ဆီ လှိုင်းတွေကို ဒရစပ်တွန်းပို့လျက်ရှိသည်။ လက်ခံသူမရှိသော လှိုင်းတွေ ကမ်းစပ်ကိုရောက်တော့ ရှက်နေလို့ ထင်သည်။ သူတို့ကိုယ်သူတို့ ဂါထာရွတ်ပြီး ဖျောက်ပစ်လိုက်ကြ၏။

ငယ့ ခုံတန်းပြာကလေးမှ ထရပ်မိပြန်သည်။

ဘယ်နှစ်ကြိမ်ထရပ်ပြီး မြက်ခင်းပေါ် လမ်းလျှောက်မိတာမှန်း မသိတော့။ ဒီနေရာကိုချိန်းတာ ရှယ်က မှတ်မှ မှတ်မိရဲ့လား... အမှတ်မှားပြီး တစ်နေရာရာက သွားစောင့်နေရင် ဒုက္ခပဲ စိတ်ထဲက တွေးမိပြန်သည်ကလည်း ဘယ်နှစ်ကြိမ်ရှိနေပြီလဲ ဆိုတာ မမှတ်မိတော့...။





လူတစ်ယောက်ကိုစောင့်ရသည့် ဒုက္ခသည် ဒုက္ခအပေါင်းထဲတွင် အရာမထင်ဆုံးနှင့် စိတ်ကို ခံစားမှုအပေးနိုင်ဆုံး ဒုက္ခတစ်ခု ဖြစ်သည်။ တစ်စက္ကန့်သည် တစ်စက္ကန့်ထက် ကြာအောင် ဒုက္ခပေးနိုင်စွမ်းသည်။ ဟိုဟိုဒီဒီ အတွေးများသည် စောင့်နေရသည်ဆိုသည့် ဒုက္ခထဲတွင် ကျိန်စာအမျိုးမျိုးနှင့် ပိတ်မိနေတတ်ကြသည်။ ထို စောင့်ဆိုင်းနေရသည့် ကာလတစ်လျှောက်လုံး တစ်လောကလုံးရှိ အရာအားလုံးရော ထို စောင့်ဆိုင်းနေရမှုကြီးရော အားလုံး အမိပ္ပာယ်မဲ့နေတတ်သည်။ ဂနာမငြိမ်ခြင်းသည် စိတ်ဆတ်သော မြင်းရိုင်းတစ်ကောင်လို ခန္ဓာကိုယ်ထဲမှ ရုန်းရုန်းထနေတာကိုလည်း အဓိပ္ပာယ်မဲ့ ခံစားနေရသည်။

တစ်စက္ကန့်သည် သူတို့ကိုယ်သူတို့ သတ်မသေခင် ပုံပြင်ရှည်ကြီးတွေကို ပြောပြသွားကြသေးသည်။ လက်ရှိဒုက္ခကို ယုံကြည်မှု ရှိစေရန်လည်း ကိုယ့်ကိုယ်ကိုယ် ပြန်လိမ်လိမ်ပြနေရသေးသည်။

စောင့်ဆိုင်းခြင်းတွင် ထိုမျှဆိုးဝါးသော ဝေဒနာတွေ ရှိမှန်း သိပါရက်နှင့် ထိုစောင့်ဆိုင်းခြင်းကို ငယ့က သေသေချာချာ ရွေးခဲ့ခြင်းသာဖြစ်ပါသည်။ အခု ချစ်သူနှင့် သူ အပြင်လောကမှာ (ဆေးရုံမှာ မဟုတ်ခြင်းကို ဆိုလိုသည်) ပထမဦးဆုံးအကြိမ်တွေ့ရန် ချိန်းကြခြင်းဖြစ်သည်။

ထို့ကြောင့် ငယ့သည် စောင့်မျှော်ခြင်း၏စိတ်ဒုက္ခကို ခံစားနေရသည်။ တကယ်၍ ရှယ်ရောက်လာခဲ့လျှင် အခုခံစားနေရသော ဒုက္ခတွေပိန်းကြာရွက်ပေါ် ရေမတင် ပျောက်သွားပြီး ခုနက သေမတတ် စိတ်ပျက်ခဲ့ပြီး ခံစားခဲ့ရသော ခံစားချက်တွေကို ပြန်မပြောမိကြတော့ပေ။ ပြန်ပြောမိခဲ့လျှင်လည်း ထိုဒုက္ခများကို မည်သူကမှ အရေးတယူမရှိကြဘဲ ပေါ့ပေါ့ပင် တောင်းပန်လိုက်ကြသည်ကသာ များလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ခပ်ပေါ့ပေါ့တောင်းပန်တတ်သော ရောက်လာသူသည်လည်း တစ်ချိန်က စောင့်မျှော်ခြင်းဟူသော ဒုက္ခကို အသေအလဲခံစားခဲ့ဖူးသည် ဖြစ်စေဦး...

သူ့အလှည့်မှာတော့ ခပ်ပေါ့ပေါ့ပင် တောင်းပန်မည်သာ ဖြစ်သည်။ စောင့်မျှော်ခြင်း၏ ဒုက္ခသည် အဲဒီလိုပင် အရာမထင် ဖြစ်တတ်လေ့လည်း ရှိပါသည်။ ငယ်ကတော့ သူ့စောင့်မျှော်ခြင်းကို သူ ဒီလို အရာမရောက် မဖြစ်စေချင်ပါ။ အမှတ်တရ တစ်ခုခုတော့ လုပ်ရမည်ဟု အံခဲထား၏။

ထိုအချိန်မှာပင် သူ့နောက်မှ လူသုံးယောက်၏ အားရပါးရရယ်သံကြောင့် သူ ထ,ခုန်မိသည်အထိ လန့်၍ သွားလေသည်။ လှည့်ကြည့်တော့ ကောင်းမင်း၊ ထွန်းကိုနှင့် တောက်တဲ့...။ သူ ဆွဲထိုးချင်လောက်အောင် စိတ်တိုသွားမိလေသည်။

"မင်းတို့ ဘာလုပ်တာလဲ ... မိုက်ရိုင်းလှချည်လား..."

"ငယ်ကလည်းကွာ... ဘယ်လိုဖြစ်တာလဲ ငါတို့က တစ်ယောက်တည်းစောင့်နေတာတွေ့လို့ စချင်တာနဲ့ စလိုက်တာပါကွာ... မကျေနပ်လည်း ငါ့အမြီးနဲ့ မင်းအမြီးနဲ့ ချည်ပြီး..."

"မင်းတို့ ဒီကို ဘာလာလုပ်တာလဲ..."

သူ့မှုန်ကုပ်ကုပ်အမေးကြောင့် ကောင်းမင်းတို့က တစ်ဦးနှင့် တစ်ဦး သုံးပွင့်ဆိုင်ကြည့်ပြီး မျက်နှာတွေကို မဲ့လိုက်ကြ၏။

"အဲဒီမေးခွန်းက ငါတို့က မေးရမှာကွ၊ ငါတို့အဖွဲ့က ဒီနေ့ကို ဒီနေရာမှာ အမြဲ[illegible]နေကျ... မင်းက မနေ့က ဆေးရုံက ဆင်းပြီး ဒီနေ့ ဒီမှာ ဘာ... သြော်... ဟော့ကောင်တွေ... ငါသဘောပေါက်ပြီ... မင်း ရှယ့်ကို လာစောင့်တာလား..."





တောက်တဲ့က ခါးကိုထောက်၍ မေးသည်။ ပုံစံကိုက မျက်ခွက်ကို [illegible]ဆင့်ကန် ကန်ချင်စရာ မျက်ခွက်မျိုး။ သူ့ခေါင်းကို ဖြတ်ချလိုက်လျှင် [illegible]ကြက်မောက်သီးလို ညှပ်ထားပြီး ထောင်ထားသည့် ကေကြောင့် တော်တော် [illegible]ဝေးကို လိမ့်သွားလိမ့်မည်ဟု ထင်ရသည်။

"မင်းတို့လည်း..."

"ဒါပေါ့ကွ... မင်းကို သူတို့က ချိန်းတာလား..."

"အေး... ကွ..."

"ဒါဆို လာမှာပါ..."

စောင့်ရတာ အဖော်ရှိသွားသဖြင့် ခုနကတုန်းက ဒုက္ခတွေ ပျောက်သွားပြန်သည်။ ဒီနေရာက သူတို့ချိန်းနေကျဆိုလျှင် ဘာမှ မှားစရာ အကြောင်းမရှိတော့။ လာကို လာရမည်ဖြစ်သဖြင့် ခုနကလို ဇဝေဇဝါ အတွေးတွေ မဝင်တော့...။

"မင်း ဒေစီနဲ့ အခြေအနေက ဘယ်လိုလဲ..."

"သူငယ်ချင်းလို... မိတ်ဆွေလို... ဆိုတဲ့ ကာလမဲ့ဇုန်ထဲကို ရောက်နေတယ်ကွ... ရေလည်ပြဿနာကွာ... ဘာလုပ်ရမယ်မှန်း မသိတော့ လောက်အောင်ကို ဒုက္ခရောက်နေတာ..."

"မင်းက ရည်းစားစကားပြောပြီးရင် အဲဒီ သူငယ်ချင်း ဆိုတာကြီးကို အချည်ခံတာကိုးကွ၊ သူက ပေးလာကတည်းက မင်းက လက်မခံဘဲ ထားရမှာ..."

"ဒီကောင်က ပေါပဲ ငယ်ရာ... ဒါတွေ ဘာသိမှာလဲ..."

ကောင်းမင်းက တောက်တဲ့ကို ကော်လံတွေ ဘာတွေ လှမ်းထောင်ပေးပြီး အားရပါးရပြောလာသည်။ တောက်တဲ့ ဒေါသတွေ ဘာတွေထွက်သွားသည်။ တစ်ခုခု ပြန်ပြောမည် လုပ်တုန်း...



www.burmeseclassic.com

www.burmeseclassic.com

"ဒေစီတို့လာပြီ..."

သူတို့အကြည့်တွေအားလုံး မြေနီလမ်းကလေးကို လှမ်းပို့လိုက်ကြသည်။ ရွှယ်တို့အုပ်စုက သူတို့ကို လှမ်းတွေ့လိုက်ကြသော်လည်း ဣန္ဒြေတွေကို ပိုတင်းပြီး လမ်းကို လျှောက်လာကြသည်။

အိမ်မှာလိုမဟုတ်သော တွေ့ဆုံမှု ဖြစ်နေသောကြောင့် ငယု ရင်တွေ ဘာတွေ တုန်၍ လာသည်။ ထို့ကြောင့် စောင့်မျှော်ခဲ့ရခြင်းကို မေ့လျော့သွားလေသည်။ ပျော်ပြီး ငယု လှမ်းအော်လိုက်သည်။

"ဒေစီရေ အနှောင့်အယှက်ပေးမယ့်သူတွေ ရောက်နေပြီဟေ့..."

"ရပါတယ်... အဲဒါဆို ဒေစီ့ကို ဟိုဘက်ကုန်းကလေးဘက် ခေါ်သွားလိုက်မယ်နော်..."

"ဩော်... နံ့တယ်... နံ့တယ်... မြို့ထဲမသွားနဲ့... သီလား... ရဲဖမ်းလိမ့်မယ်... တော်တော်လေးကို နံ့ရှာတယ်..."

ဒေစီက တောက်တဲ့ကို မဲ့မဲ့ရွဲ့ရွဲ့ပြောသည်။ တောက်တဲ့က သဘောကျပြီး ရယ်သည်။ ရွှယ်က သူ့အနား တစ်ချက်ကပ်၍ ရပ်သည်။ သူ ကောင်းမင်းကို လှမ်းကြည့်နေစရာ မလိုဟု ငယု တွေးလိုက်မိသည်။ ထို အတွေးနှင့် ရွှယ့်ကို ထပ်မော့ကြည့်တော့ ရွှယ့်ပုံစံက ကောင်းမင်းကို ကြည့်ပြီး ရှက်နေပုံရသည်။

ဟုတ်တယ် ရွှယ်ရှက်နေတာ... ဟု သေသေချာချာ သိလိုက်ရတော့မှ ငယု ရင်တွေဘာတွေ တုန်သွားသည်။ ငယုတစ်ကိုယ်လုံးလည်း ဘာတွေဖြစ်မှန်းမသိ ဖြစ်လာသည်။ အားလုံးရှေ့မှာ ငယု မနေချင်တော့။ သူနှင့် ရွှယ် တစ်နေရာရာကို သွားမှကို ဖြစ်တော့မည်။ ဒီလူတွေရှေ့မှာ သူနှင့် ရွှယ် ရှိနေတော့ရော ဘာထူးတော့မှာလဲ။ သူ ထရပ်လိုက်၏။





ဘယ်သူ့ကိုမှ ဘာမှမပြောတော့ဘဲ ရွှယ့်လက်ကို ကောက်ဆွဲပြီး ထွက်လာခဲ့သည်။

သူဘယ်လောက်အထိ ရွှယ့်ကို လှည့်မကြည့်ဘဲနဲ့ ဖိလျှောက်လာခဲ့သည် မသိ။ ရွှယ်က သူ့လက်ကိုရုန်းပြီး အတင်းမေးတော့မှ သတိက ဝင်လာသည်။

"ဘယ်အထိလျှောက်သွားနေမှာလဲ ယုကိုရဲ့..."

"ဟင်..."

သတိဝင်ပြီး ပတ်ဝန်းကျင်ကို ကြည့်တော့မှ တော်တော်ဝေးဝေးကို ရောက်လာနေမှန်း သတိထားမိသွားသည်။ ပထမတော့ ခဏကြောင်နေသေးသည်။ နောက်တော့မှ... ရွှယ့်လက်ကိုဆွဲရင်း နီးရာ ခုံတန်းကလေးမှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ရွှယ့်ကိုလည်း မော့မကြည့်နိုင်ဘဲ တစ်ယောက်တည်း စဉ်းစားရင်း... စဉ်းစားရင်း သဘောတွေကျလာပြီး အားရပါးရ ရယ်မိလေသည်။

ရွှယ့်လက်ကလေးကို ဆုပ်ကိုင်ထားရင်း အားရပါးရ အော်ရယ်နေသော သူ့ကိုကြည့်ပြီး ရွှယ် လန့်လာပုံရသည်။

"ယုကို ဘာတွေဖြစ်နေတာလဲဟင်... ယုကို ဘာတွေ..."

"ဟင့်အင်း... ဟင့်အင်း... ဘာမှမဟုတ်ပါဘူး ရွှယ်ရဲ့... ဘာမှ မဟုတ်ဘူး... ကိုယ်ပျော်လို့... အရမ်းပျော်သွားလို့ ရွှယ်ရဲ့... သီလား ရွှယ်နဲ့တွေ့ပြီး ဒီကောင်တွေရှေ့က ထွက်လာခဲ့တာကို... ကိုယ် ရင်တွေ တုန်နေတာပဲ၊ ရွှယ်ရော ရင်မတုန်ဘူးလားဟင်..."

ငယုက ရွှယ့်ရင်ဘတ်ကလေးကို စမ်းကြည့်သည်။ ရွှယ့်နှလုံးခုန်မြန်နေတာကို မထင်မှတ်ဘဲ သွားတွေ့ရတော့ ငယု ဝမ်းသာအားရကြီးကို ထ၍ အော်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရွှယ် ရင်တွေခုန်နေတယ်... ရွှယ်လည်း ရင်တွေခုန်နေတယ်... တကယ်ခုန်နေတယ်..."

ငယု ဘေးဘီဝဲယာကိုကြည့်ရင်း ဝမ်းသာအားရ အော်သည်။ သို့သော် သူတို့ဘေးဝဲယာမှာ ဘယ်သူမှ မရှိ။ ဒီတော့လည်း ငယု မကျေမနပ်ဖြစ်သွားရပြန်သည်။ သူ့ကြောင့် ရွှယ် ရင်ခုန်နေတာကို တစ်ယောက်ယောက် သိစေချင်ပြန်သည်။ ရော... ခက်ပါလား...။

"ရွှယ်... ရင်တွေခုန်နေတယ်နော်... ဟုတ်တယ်နော်... ရွှယ်... ရွှယ်..."

"ဟုတ်ပါတယ် ယုကိုရဲ့... ရွှယ်လည်း ရင်ခုန်တာပေါ့..."

ငယု ဝမ်းသာအားရ ရွှယ့်ကို ဖက်ထားလိုက်သည်။ သူ ရွှယ့်ကို အရမ်းချစ်သွားခဲ့သည်။ သူ ရွှယ့်အရင် ချစ်သူတွေ ထားခဲ့ဖူးပါသည်။ နွေလမင်းတို့... မေသီသော်တို့... ရှင်မေထွေးတို့... ဖြိုးဖြိုးဦးတို့... အို အများကြီးပေါ့...။ သို့သော် ရွှယ်နှင့် ချစ်သူဖြစ်ရသလောက် အကြောင်းအရာမစုံခဲ့။ ရွှယ်နဲ့လို အပြိုင်အဆိုင် အခက်အခဲတွေ မရှိခဲ့။ သူတို့ဘက်ကလည်း အပျော်ပဲ... ငယုဘက်ကလည်း အပျော်ပါပဲ။

သေချာတာတစ်ခုက အခုလို ရင်မခုန်ခြင်းပင် ဖြစ်သည်။ သူတို့ကလည်း အခု ရွှယ်ရင်ခုန်သလို ရင်မခုန်ခဲ့တာ သေချာပါသည်။ ငယုသည် ထိုအတွေးကလေးဖြင့် ရွှယ့်ကို မြတ်မြတ်နိုးနိုးကလေး ဖက်ထားလိုက်မိသည်။ ရွှယ့်ပခုံးပေါ်မှာ သူ့တစ်ဘဝလုံးကို တင်ထားလိုက်သည်။ ရွှယ့်ရင်ခွင်ထဲမှာ သူ့တစ်ဘဝလုံးကို မြှုပ်ထားလိုက်ချင်သည်။ ငယု မျက်စိကလေးတွေ မှိတ်ထားရင်း ရွှယ့်ကို တင်းတင်းကလေး ဖက်ထားလိုက်သည်။





ထိုစဉ်မှာပင် အောင်မြင်သောအသံတစ်သံ ထွက်၍ လာသည်။

"လာဟေ့... ဒီဘက်ကိုလာ ဒီမှာ တစ်တွဲဟေ့... ဒီမှာ တစ်တွဲ..."

ထိုအော်သံကြီးကြောင့် အလန့်တကြား မျက်စိကို ဖွင့်ကြည့်တော့ အသားညိုညို ထောင်ထောင်မောင်းမောင်း အသက် ၄၀ အရွယ်လောက်ရှိသော ဦးလေးကြီးတစ်ယောက်ကို တွေ့ရသည်။ ထိုဦးလေးကြီးက တစ်ဖက်မှ လူတွေကို ခေါ်နေခြင်းဖြစ်၏။

"ဒီဘက်ကိုလည်း လာခဲ့ဦးဟေ့... ဒီမှာ တစ်တွဲ..."

"ဟာ... ဥ... ဥ... ဦးလေး ဘာဖြစ်လို့ အော်နေတာလဲဗျ..."

ထိုလူကြီးက ငယုမေးသောစကားကို ပြန်မဖြေ။ သူအော်ခေါ်သော နေရာသို့သာ အလောတကြီးကြည့်နေ၏။ ငယုတို့ ဘာဖြစ်မှန်း မသိ။ ထိုလူကြီးကြည့်ရာဘက်သို့ လိုက်ကြည့်တော့မှ သူတို့ဆီသို့ ရောက်လာသော လူကြီးသုံးလေးဦးနှင့် ရဲတပ်သားတစ်ဦး မိန်းကလေးနှစ်ဦးတို့ ရောက်လာသည်။

"ဘာ... ဘာလဲဟင်..."

"ဘာမှမဟုတ်ဘူး... အများပြည်သူ အပန်းဖြေတဲ့ ပန်းခြံမှာ မြင်လို့မသင့်တဲ့ အတွဲတွေကို ဖမ်းတာ၊ ကဲ ... သူတို့ကို နာမည်ယူလိုက် မင်းတို့ ရဲစခန်းလိုက်ခဲ့ရမယ်..."

"ဟာ... ဦးလေး ကျွန်တော်တို့ကို မလုပ်ပါနဲ့... ကျွန်တော်တို့က ဘာမှ မလုပ်ပါဘူး... ဟို..."

ငယု ရှက်လည်း ရှက် ကြောက်လည်း ကြောက်နှင့် ငြင်းတော့မှ သူတို့ကို စာရင်းသွင်းဖို့ ပြောနေသော အန်ကယ်ကြီးက ငယုကို မျက်လုံးပြူးပြီး ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ… ခွီးပဲ… အတွဲမှ မဟုတ်တာဟ… ဟေ့ကောင် နိုင်လင်းခိုင်… မင်း ဘာတွေလျှောက်ဖမ်းနေတာလဲ၊ ဒါ ယောကျ်ားလေးမှ မဟုတ်တာကွ… မိန်းမချင်းထိုင်နေတဲ့ဟာကို… ဒီမှာကြည့်ဦး… မိန်းမချင်းချင်းကြီးကွ…"

ထိုလူကြီးက ငယုပခုံးကို ဆွဲကိုင်ပြီး အားလုံးရှေ့သို့ ဆွဲထုတ်၍ပြသည်။ အခုမှ ငယု ရင်တွေ ဘာတွေ တကယ်တုန်ရံမက ခြေဖျားလက်ဖျားတွေပါ အေးစက်၍သွားသည်။ သူတို့နှစ်ယောက်ကို ဝိုင်းထားသော လူတွေအားလုံးက ငယုကို စူးစူးဝါးဝါးကို ဝိုင်းကြည့်ပြီး အားရပါးရကြီး ရယ်လိုက်ကြသည်။

"နိုင်လင်းခိုင်… နိုင်လင်းခိုင်… မင်းက လုပ်လိုက်ရင် တလွဲတွေချည်းပဲ… အတွဲများများမိရင် သာယာဝတီပြန်ဖို့ ခွင့်ပေးမယ် ဆိုတာနဲ့ စွတ်ဖမ်းနေတာ ယောကျ်ား မိန်းမတောင် မသိတော့ဘူးလား၊ သေသေချာချာများ ကြည့်ပါဦးလား…"

"ကြည့်တာပဲကွ… သူက ယောကျ်ားလေးနဲ့ တူနေတဲ့ဟာ မတွေ့ဘူးလား… ပြီးတော့ ဖက်နေကြတော့ ငါလည်း…"

"ဟာ… အသိသာကြီးပါကွာ… ဒီလောက်မြင်တာနဲ့ သိသာတဲ့ဟာကို… မင်းက ဘာတွေ သွားကြည့်နေတာလဲ… ဟဲ… ဟဲ… ဟဲ…"

ငယုကို ဝိုင်းကြည့်ပြီး သူတို့ကိုဖမ်းသော လူကြီးကို လှောင်ကြပြန်သည်။ သူ့ကိုကြည့်ကြသော အကြည့်ကို ငယု သည်းမခံနိုင်တော့။ သူတစ်သက်လုံး အင်အားကြီးစွာ ရုန်းကန်ခဲ့ရသော ဆန့်ကျင်ခဲ့ရသော တည်ဆောက်ခဲ့ရသောအရာသည် ဘာမှ မဟုတ်တော့။ ဘယ်သူကမှလည်း အလေးမထားတော့။ ဘာတန်ဖိုးမှ မရှိဘဲ ဘယ်သူကမှလည်း မယုံကြတော့…။





"ဖမ်းပါ… ဖမ်းချင်ရင် ဖမ်းပါ၊ ဖမ်းပြီးရင် ဘာလုပ်မှာလဲ… ဖမ်းပါ…"

"အာ… ဟဲ့ကောင်မလေး… နင့်ကို ဖမ်းလို့ ရမလားဟဲ့… နင့်ကို ဖမ်းလိုက်ရင် ငါတို့ ဒုက္ခတွေရောက်ကုန်မှာပေါ့၊ ငါတို့က အတွဲဖမ်းတာ…"

"ကျွန်တော်တို့လည်း အတွဲပဲ… သူ့ကို မေးကြည့်ပါလား… ရှယ်… ပြောလိုက်လေ…"

"အို… ငယုကလည်း…"

ရွှယ့်မျက်နှာရဲပြီး ခေါင်းကို ငုံ့ချသွားသည်။ သူတို့ကို ဝိုင်းထားသူတွေထံမှ ရယ်သံတွေ ထွက်လာကြပြန်သည်။

"ကဲ… ကဲ… နိုင်လင်းခိုင် မင်းရှာထားတဲ့အတွဲကို မင်းပဲ ဖမ်းပေတော့ဟေ့… အဖမ်းခံနေတယ် ဖမ်းပေတော့… ဟား… ဟား… ဟား…"

ထိုသို့ပြောရင်း ဝိုင်းရယ်နေကြသည့်အချိန်တွင် နောက်မှ လိုက်လာကြဟန်တူသော ကောင်းမင်းနှင့် ဒေစီတို့အဖွဲ့ ရောက်လာကြသည်။

"ဘာဖြစ်တာလဲဟင်…"

ဒေစီက လူကြားထဲဝင်ရပ်ရင်း အမောတကောမေးသည်။ လှည့်ထွက်ခါနီးအဖွဲ့က ဒေစီတို့ကိုကြည့်ရင်း ဖြေသည်။

"ခြေလွန်လက်လွန်အတွဲတွေကို လိုက်ဖမ်းနေတာ၊ အများပြည်သူအပန်းဖြေတဲ့ မြင်ကွင်းတွေမှာ အနှောင့်အယှက်ပေးလို့…"

"အာ… ဒါဆို ဒေစီတို့မပါဘူးနော် သူ… သူတို့…"

"သူတို့လည်း မပါပါဘူး… ဘယ်လိုလုပ်ဖမ်းလို့ရမှာလဲ… မိန်းမတွေချည်းပဲဟာ… တော်တော်အလုပ်ရှုပ်အောင်လုပ်တဲ့ ကောင်မလေးတွေ…"


www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ယောက်ျားလေးနဲ့ မိန်းကလေးတွေ ထိုင်လို့ မရဘူးလား ဟင်..."

"ထိုင်လို့ရပါတယ်... အေးအေးဆေးဆေးထိုင်ရင် ဘာမှ မဖြစ်ပါဘူး၊ နင်တို့နှစ်ယောက် သတိထားနော်... တော်ကြာ နောက်အဖွဲ့တွေပါ ငါတို့လို ဒုက္ခရောက်နေဦးမယ်... အေးပေါ့... အမှတ်တမဲ့ဆိုရင်တော့ နင်က ယောက်ျားလေးနဲ့ တော်တော်တူတာပေါ့... သွားလိုက်ဦးမယ်... နင်လုပ်တာ ငါတော်တော်အလောင်ခံလိုက်ရတယ် သိလား..."

သူတို့ကို စ,ဖမ်းသော ဦးလေးကြီးက နှုတ်ဆက်ရင်း ထွက်သွားသည်။

ကျန်ရစ်ခဲ့သည့် သူတို့အဖွဲ့ တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း ဘာဆက်ပြောရမှန်း မသိကြတော့။ ပြောစရာ စကားတွေ ပျောက်ကုန်ကြသည်။ လူတွေက သူ့ကို မကြည့်မိအောင် ကြိုးစားပြီး နေကြသည်ဆိုတာကို ငယ်နားလည်ပါသည်။ တကယ်တမ်းကျတော့ သူ အပြင်းအထန်လေ့ကျင့်ခဲ့သော ဝူရှူးလည်း မတတ်နိုင်။ အာပေါက်အောင်စားထားသော ကွမ်းယာလည်း မကယ်နိုင်။

"ယောက်ျားလေးမှ မဟုတ်တာ မိန်းမချင်းထိုင်နေတဲ့ဟာ..."

"စွတ်ဖမ်းနေတော့တာပဲ... ယောက်ျားနဲ့ မိန်းမတောင် မသိတော့ဘူးလား..."

"သူက ယောက်ျားလေးနဲ့ တူနေတဲ့ဟာ..."

"မြင်တာနဲ့ သိသာတဲ့ဟာ... မင်းက ဘာတွေ သွားကြည့်နေတာလဲ..."

"နင့်ကို ဖမ်းလို့ ရမလားဟဲ့..."

"မင်းရှာထားတဲ့အတွဲကို မင်းပဲ ဖမ်းပေတော့ ဖမ်းပေတော့..."





ခဏာတွင်းချင်းပြောခဲ့ကြသော စကားသံတွေက ငယ့်နားထဲမှာ တစ်ခွန်းနှင့် တစ်ခွန်း မြွေတွေလို တစ်ကောင်နှင့် တစ်ကောင် မျိုသလို ဖြစ်နေကြသည်။ အားလုံးရှေ့မှာ သူသည် ဘာကိုဆုပ်ကိုင်ပြီး နေရတော့မှာလဲ။ အခု အားလုံး ဘာစကားမှ မပြောကြဘဲ ဆိတ်ဆိတ်နေခြင်းကိုက သူ့ကို နားလည်ပေးနေကြခြင်းဖြစ်ပြီး ထိုသို့ နားလည်ပေးနေခြင်းကိုက တော်တော့်ကိုခါးသီးသော ခံစားမှုတစ်ခု ဖြစ်ပါသည်။

ငယ်သည် ဘယ်သူ့မျက်နှာကိုမှ မကြည့်ချင်။ ရှယ့်မျက်နှာကို အထူးသဖြင့် မကြည့်ချင်။ ရှယ်နှင့် အတူလည်း ထိုင်မနေချင်တော့။ သူသည် အခွံကျွတ်သွားသော ဝင်ကစွပ်ကောင်လို ဖြစ်နေခဲ့သည်။ အားလုံးရှေ့မှာ ကိုယ်ဖျောက်ပြီး ထွက်သွားလို့ရရင် သိပ်ကောင်းမှာပဲ... ဟု အကြိမ်ကြိမ် တွေးနေမိသည်။

အားလုံး ကြောင်တောင်တောင်နှင့် တွေ့ရာမြင်ရာကို ငေးနေမိကြသည်။ 'မက်ဂီဘက်မှာ ရေခဲမုန့်သွားစားကြရင် ကောင်းမလား...' ဟု ဒေဇီက မရဲတရဲပြောသည်။ ဒေဇီမေးတဲ့ မေးခွန်းက ဘယ်သူ့ကိုမှ မေးတာ မဟုတ်။ ထိုစကားကို လက်ခံမည့်တစ်ယောက်ယောက်ကိုသာ ရည်စူးခြင်း ဖြစ်ပါသည်။

"ကောင်းသားပဲ သွားလေ..."

ထွန်းကိုစကားဆုံးတော့ အားလုံးက တစ်ခုခုကို ဟန်ဆောင်ထားသလို ထွက်လာခဲ့ကြသည်။

ထိုနေ့က ငယ် တော်တော်လေးကြေကွဲသွားသည်။

ထိုနေ့ကို ဖြစ်နိုင်လျှင် ငယ် မေ့ပစ်လိုက်ချင်သည်။

သို့သော် ထိုနေ့ကို ငယ် ဘယ်လိုမှမေ့ပစ်၍ မရ။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

"ယုကိုက မလာတော့ သီတို့က လိုက်ပြောရတာပေါ့… လိုက်ခဲ့ပါ ယုကိုရဲ့… ပျော်စရာကောင်းတဲ့ဟာကို… ရွှယ်ကလည်း ယုကိုကို မျှော် နေတာ… အခုလည်း သူကိုယ်တိုင်ပဲ သီ့ကို လွှတ်လိုက်တာ…"

"သူက ဘာဖြစ်လို့ မလာတာလဲ…"

"သြော်… သူကလည်း ယုကိုလိုပဲ စိတ်ကောက်တာပေါ့၊ ယုကိုက လာသင့်တဲ့ရက်ကို လာမှ မလာတဲ့ဟာကိုး…"

"ဘယ်နေ့ သွားမှာလဲဟင်…"

"သန်ဘက်ခါလေ… သောကြာနေ့သွား တနင်္ဂနွေနေ့ညနေ ပြန် အရောက် စီစဉ်ထားတာ… လိုက်ခဲ့မယ်ဆို… အခု ရွှယ့်ဆီ လိုက်ခဲ့ဦး လေ…"

"စိတ်ကောက်နေတယ်ဆို… ဘယ်လိုချော့ရမလဲ… ကိုယ့်ကို ပြောဦး…"





"အမလေး… ရည်းစားတွေ ထည်လဲထားခဲ့တဲ့သူကများ…"

"အာ… အရင်ရည်းစားတွေက တကယ်ချစ်ခဲ့တာမှ မဟုတ်တာ၊ သူတို့ စိတ်ကောက်လည်း ဒီတိုင်းပဲထားခဲ့တာ၊ ခုဟာက ဘယ်ဖြစ်မလဲ… ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတာ ပြောပါဦး…"

ငယုစကားကြောင့် သီရိက ရယ်လေသည်။

သီရိတို့ company က ဝန်ထမ်းတွေကို ကျိုက်ထီးရိုးဘုရားသို့ ပို့ပေးသည် ဟု ဆိုသည်။ company က လူတွေ တစ်စုတဝေးတည်း သွားကြတုန်းက သီရိ၊ ရွှယ်နှင့် ဒေစီတို့က အလုပ်တွေအတွက် နောက်ချန် တာဝန်နှင့် နေခဲ့ကြပြီး သူတို့ပြန်လာတော့မှ သီရိတို့ဆရာက သူတို့တစ်အုပ် ထီးသန့်ထွက်ခြင်းဟု ဆိုသည်။

သီရိတို့ဆရာက သီရိကို စိတ်ဝင်စားနေသဖြင့် တမင်စီစဉ်တာ လည်း ဖြစ်နိုင်သည်။ ဒါကို ရွှယ်က သူ့ကိုခေါ်ပါရစေ ခွင့်တောင်းခဲ့တာ ရလာသဖြင့် သီရိက အားရဝမ်းသာလာပြောခြင်း ဖြစ်သည်။ ချစ်သူနဲ့ ကျိုက်ထီးရိုးကို သွားရမှာ ဘယ်သူက မလိုက်ချင်ပဲ နေမည်နည်း။ ခက် နေတာက ရွှယ်စိတ်ကောက်နေတာကို ချော့ဖို့ဖြစ်သည်။

ကန်တော်ကြီးက ပြန်လာပြီးကတည်းက ငယု ရွှယ့်ဆီကို မသွား ဖြစ်ခဲ့တာ တစ်ပတ်ကျော်သွားပြီ ဖြစ်သည်။ ဘာအကြောင်းမှလည်း မကြားခဲ့။ အခု ဒါကို ရွှယ်က စိတ်ကောက်တယ်ဆိုသဖြင့် ငယု ဝမ်းသာ နေမိသည်။ ချစ်သူဆိုတာက ကိုယ်လုပ်လိုက်တာလေး ကိုယ့်ချစ်သူအပေါ် သက်ရောက်မှုရှိပြီး သူက တုံ့ပြန်သည်ဆိုလျှင် ဝမ်းသာတတ်ကြတာပဲ မဟုတ်လား။

"ရွှေယုန်လေးက ကြေးအိုးဝယ်သွားရင်ရော ဘယ့်နဲ့လဲ…"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ကောင်းတာပေါ့... ရွှယ်က ကြေးအိုးဆို အနံ့ရတာနဲ့ နေနိုင်တာမဟုတ်ဘူး ကောင်းတယ်..."

တကယ်တမ်းကျတော့ ငယုက ကြေးအိုးကို အတင်းတိုက်တာကို ရွှယ်က မမှတ်ဘဲ သောက်လိုက်မိ၍ လျှာကျက်သွားသဖြင့် ငယုမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရသေးသည်။

ငယုသည် ရွှယ့်လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားပြီး မတွေ့တဲ့ရက်တွေမှာ ဘယ်လောက်လွမ်းကြောင်း ပြောနေမိသည်။ ဒီတော့မှ ငယုအပေါ် ရွှယ်က ရယ်ရယ်မောမော ပြန်ဖြစ်လာသည်။ ငယုလည်း ပျော်သွားသည်။ ဒေစီနှင့် သီရိတို့ကလည်း ပျော်ကြ၏။

သို့သော် သူတို့အားလုံး တစ်ခုခုကို လိမ်ထားကြမှန်းတော့ ငယုသိနေခဲ့သည်။

သောကြာနေ့တစ်နေ့လုံး ငယုက ရွှယ်တို့အိမ်မှာ သွားနေခဲ့သည်။ ရွှယ့်အိမ်ကို အားလုံးအတွက် ဆုံမှတ်အဖြစ် သတ်မှတ်ထားလိုက်ကြ၏။ တစ်နေ့လုံး စခရေဘယ်(လ်) ကစားကြသည်။ ကျောပိုးအိတ်ကလေးတစ်လုံးဖြင့် ကျိုက်ထီးရိုးကို လိုက်မည့် ငယုကို အားလုံးက အံ့သြ၍ နေကြသည်။

"ဒီကအသွား တစ်စုံဝတ်သွားမယ်လေ... ဘုရားရောက်ရင် ပါလာတဲ့တစ်စုံ အသစ်လဲပြီး ဒီကဝတ်သွားတာကို လျှော်ထားလိုက်... ပြန်ဆင်းတော့ ပြန်ဝတ်ခဲ့ပေါ့..."

"ဟင်... ဒါဆိုရင် ယုကိုက အသွားအပြန် ဒါဝတ်ဘိုင်ဖြစ်နေမှာပေါ့..."

"ကောင်းတာပေါ့... လူစုကွဲသွားရင် မှတ်မိတာပေါ့..."

ငယုစကားကြောင့် အားလုံးရယ်ဖြစ်ကြသည်။





"အဲဒါ တကယ်ပြောတာ... ကိုယ်ငယ်ငယ်တုန်းက ဘုရားတို့ဘာတို့သွားရင် မေမေက ကိုယ့်ကို အရောင်တောက်တောက်ကြီးတွေပဲ ဝတ်ပေးတာ၊ ကိုယ်က အရမ်းဆော့တော့ ဘုရားမှာ လူကွဲသွားရင် ရှာရလွယ်အောင်တဲ့..."

"ယုကို... ကျိုက်ထီးရိုးကို အရင်တုန်းက ရောက်ဖူးလား..."

"ဟင့်အင်း... မရောက်ဖူးဘူး... ဘာဖြစ်လို့လဲဟင်..."

"ဘာမှမဖြစ်ပါဘူး... ရွှယ်လည်း တစ်ခါမှ မရောက်ဖူးလို့ အရမ်းစည်တာပဲလားဟင်..."

"ဟာ... စည်တာပေါ့... ဒေစီတို့ တစ်ခါ ဒီဇင်ဘာ ခရစ်စမတ်ကို တက်တာ ရှိတဲ့ဟော်တယ်တွေ အကုန်လူပြည့်... တန်ဆောင်းတွေပြည့် နောက်ဆုံး ရင်ပြင်တော်ပေါ်ပါ အပြည့်မို့ ဒေစီတို့ ခါးဆန့်မအိပ်ရဘဲ ငုတ်တုတ်အိပ်ခဲ့ရတာ..."

ဒီလိုနှင့် ကျိုက်ထီးရိုးအကြောင်း စကားတွေ ရောက်သွားကြသည်။ ညနေရောက်တော့ ငါးခူကို ရဲယိုရွက်နှင့် စဉ်းကောလုပ်ပြီး မုန်လာဥချဉ်ရည်ဟင်းနှင့် ချက်ပြီး တို့စရာစုံစုံနှင့် စားကြသည်။ ရွှယ်ကလည်း ဟင်းဆိုလျှင် ဘာတစ်ခုမှ မချက်တတ်။ ငယုက ငါးခူနှင့် ငါးကျည်းပင် မခွဲတတ်။ အားလုံးကို သီရိက ဒိုင်ခံချက်ပေးသည်။ သီရိ ဟင်းချက်ကောင်းမှန်း အဲဒီတော့မှပင် သိရတော့သည်။

"သီရိက အဘွားနဲ့ အတူနေခဲ့ရတော့ မီးဖိုချောင်ပညာကို အဘွားဆီက အားလုံးရလိုက်တာ၊ အဘွားက အမြဲတမ်းပြောတယ် မိန်းကလေးဆိုတာ မိန်းကလေးအလုပ်ကို တတ်မှ ကျက်သရေရှိတာတဲ့..."

ငယုပါးစပ်ထဲမှာ အရသာရှိနေသော ငါးခူစဉ်းကောဟင်းသည်



www.burmeseclassic.com

www.burmeseclassic.com

မီးကျည်ခဲလို ပူလောင်သွားလေသည်။ သီရိကတော့ ဘာကိုမှ သတိထားမိဟန် မတူပါ။ ဘယ်သူမှလည်း ဘာကိုမှ သတိထားမိဟန် မတူပါ။

အဲဒီနေ့ည အိပ်ကြတော့ အိပ်ရာပြောင်းလို့လား။ ရှယ်နဲ့ပဲ အတူ အိပ်ရလို့လားတော့ မသိ။ ငယ် ဇော်တော်နှင့် အိပ်မပျော်ခဲ့။ နားထဲမှာ နေ့ခင်းတုန်းက သီရိပြောခဲ့သော စကားကို ပြန်ကြားနေခဲ့သည်။ ကျိုက်ထီးရိုးဘုရားသွားဖို့ကိုပင် စိတ်မပါတော့သလို ဖြစ်သွားသည်။

ထိုစကားသည် အခွင့်သင့်၍ တိုက်ဆိုင်သောစကားသာ ဖြစ်လိမ့်မည်ဟု ငယ်စိတ်ထဲမှာ သိမ်းထားလိုက်ပါသည်။

မနက်မိုးလင်း ပစ္စည်းတွေထည့်ကြ၊ ပြင်ကြ ဆင်ကြရတော့ ခရီး၏ ရနံ့ကို ရပြီး ပျော်စရာကြီးတစ်ခုလို ဖြစ်နေသည်။ သာမန်လူတွေ သွားလာချိန်မှာ ခရီးသွားရခြင်းထက် လူတွေအိပ်နေချိန်မှာ ခရီးသွားရခြင်းက ပို၍ အသက်ဝင်စေသည်။ ခရီးသွားရခြင်းကို ပို၍ ထင်ရှားစေသည်။ ကားဂိတ်ကိုရောက်တော့ ဒီဇင်ဘာနှင်းပွင့်များကြားတွင် အရုဏ်ဦး မီးအလင်းရောင်၏အောက်တွင် သူလိုကိုယ်လို ခရီးသွားတွေနှင့် တွေ့ရတာကလည်း ပျော်စရာတစ်မျိုးနှင့် ရနံ့တစ်မျိုးကို ရပြန်သည်။

ခရီးသွားရန် လာကြသူတွေကို ကြည့်ပါက တာဝန်နှင့် ခရီးသွားသူ လုပ်ငန်းကိစ္စနှင့် ခရီးသွားသူ... အရောင်းအဝယ်ကိစ္စနှင့် ခရီးသွားသူ... သူတို့လို ဘုရားဖူး စသော အပျော်ခရီးသွားသူတို့မှာ မြင်ရုံနှင့်ပင် သိသာနိုင်သည်။ ခရီးသွားအုပ်စုတွေကို ကြည့်ပြီး ကျိုက်ထီးရိုးဘုရားဖူးသွားသူ တော်တော်များကြောင်း တွေ့ရသည်။

သီရိတို့ဆရာကို ဆယ့်ငါးမိနစ်လောက် ရှာယူရသည်။ ဆရာ့ကို မတွေ့ခင်က သီရိမျက်နှာနှင့် တွေ့သွားသည့်အခါတွင် မြင်ရသော သီရိ





မျက်နှာမှာ တော်တော်လေးကွာခြားကြောင်း အားလုံးက သတိထားမိကြသည်။

ထိုအချိန်တွင် ဘယ်သူမှ ထင်မှတ်မထားကြသော အသံတစ်သံကို ကြားရသည်။ ထိုအသံမှာ သူ့နာမည်ကို ခေါ်သော အသံဖြစ်သည်။

"ငယ်... ငယ်... ရေ... ဟေး... ငယ်..."

အသံလာရာသို့ လှမ်းကြည့်တော့ ကောင်းတို့အဖွဲ့ကို တွေ့ကြရသည်။ ကျန်တာတွေ ခဏမေ့ပြီး သွားနှုတ်ဆက်တော့ သူတို့လည်း ကျိုက်ထီးရိုးဟု ဆိုသည်။ ကားချင်းတော့ မတူပါ။

"ဝမ်းသာလိုက်တာကွာ ငယ်ရာ... မင်းတို့နဲ့ အတူတူဆိုတော့ တောက်တဲ့ OK တာပေါ့..."

"တိုက်တိုက်ဆိုင်ဆိုင်ကွာ... မင်းတို့က ရှယ်တို့သွားမှာကို သိလို့လိုက်တာလား..."

"အာ... ဘယ်ကလာ သိရင် ကားတစ်စင်းတည်း ယူမှာပေါ့ကွ... မင်းတို့ ဟိုရောက်ရင် ကားနဲ့ တက်မှာလား..."

"အဲဒါ မသိသေးဘူး ဘာဖြစ်လို့လဲ..."

"လမ်းလျှောက်တက်ကွာ... ကျိုက်ထီးရိုးဆိုတာက လမ်းလျှောက်တက်မှ ပျော်ဖို့ကောင်းတာ..."

"သူတို့က ဘယ်လိုလဲ မသိဘူးကွ..."

"သူတို့ ဘယ်လိုဖြစ်ဖြစ်ကွာ... ကျိုက်ထီးရိုးရောက်ရင် မင်းနဲ့ငါ လမ်းလျှောက်တက်ရအောင် လုပ်မယ်၊ ကြိုတိုင်ပင်ထားမယ်ကွာ..."

ကောင်းတို့နှင့် ကျိုက်ထီးရိုးကို လမ်းအတူလျှောက်တက်ဖြစ်အောင် အစီအစဉ်ကလေးကို တိုင်ပင်ကြသည်။ ပြန်လာတော့ ရှယ်က သိပ်မကြည်ချင်။


www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့ သွားစကားပြောနေတာလဲ၊ ဘုရားပေါ်ကျရင် လာအရောဝင်နေဦးမယ်…"

"ကားချင်းမတူပါဘူး ရွှယ်ရဲ့… ခရီးသွားတုန်း အပေါင်းအသင်းတွေတော့ ကောင်းတာပေါ့၊ လိုအပ်ရင် အကူအညီရတာပေါ့…"

"အမလေး… အကူအညီရတာနဲ့ ဒုက္ခပေးတာနဲ့ ကာမိမှာ မဟုတ်ဘူး၊ ဘယ်လိုလုပ် သတင်းရသွားလဲ မသိဘူး ဒေစီ…"

"မသိပါဘူးကွာ… မျက်နှာတွေကိုက စပရိန်မျက်နှာတွေနဲ့… ဘုရားဖူးရတာထက် အကုသိုလ်ရဖို့က ပိုများနေပြီ ရွှယ်ရေ…"

ငယုလှည့်ကြည့်တော့ သူတို့အုပ်စုကို လှမ်းပြောင်ပြနေသော တောက်တဲ့ကို တွေ့ရသဖြင့် လက်သီးလှမ်းထောင်ပြလိုက်သည်။

ကားထွက်တော့ ကောင်းတို့အုပ်စု ကျန်ခဲ့ကြပြီး ပဲခူးမှာ ထမင်းစားတော့ ကောင်းတို့ကားဝင်လာတာ တွေ့ရသည်။ ငယုတို့က စားပြီးနေပြီ။ ကောင်းက သူတို့ဝိုင်းသို့ ရောက်လာသည်။ ကောင်းက ငယုကို လှမ်းမျက်စိမှိတ်ပြ၏။

"ဘာဟင်းတွေ ကောင်းလဲဟင်…"

"ဘယ်သိမလဲ…"

"အာ… ကျွန်တော်တို့က အကောင်းမေးတာပါ၊ အကောင်းစစ်စစ်က မေးတာပါ… ဟဲ… ဟဲ…"

"မရယ်ရတဲ့ ဟာသကို အတင်းလာပြောမနေနဲ့… ကြည့်လို့ကို မရဘူး…"

ဒေစီက အပီဟောက်ပစ်သည်။ ကောင်းက နားမလည်သလိုဖြစ်၍ သွားသည်။





"ဟောဗျ… ဘာဖြစ်လို့ ကျွန်တော်တို့ကို မကျေမနပ်ဖြစ်နေတာလဲ သိဘူး…"

"ကလိမ်ကကျစ်လုပ်ပြီး နောက်က လိုက်လာတာ မဟုတ်လား…"

"ဟာ… အဲဒီလိုမလုပ်ရပါဘူးဗျာ… ကျွန်တော်တို့က ဒေစီတို့ သွားမှာကို လုံးဝမသိတာပါ၊ ဘုရားစူးရပါစေရဲ့ဗျာ… ကျွန်တော်တို့မှာ ဆက်အသွယ်မှ မရှိတာ… တကယ်ကို မသိတာပါ…"

ကောင်းက အကူအညီမဲ့သူတစ်ယောက်လို မျက်ကလူးဆန်ပြာ ရှင်းပြနေသည်။

"ဟုတ်တယ် ဒေစီ… ဒေစီတို့သွားဖြစ်တာက ရုံးက ကိစ္စဆိုတော့ ဘယ်သူမှသိကြတာ မဟုတ်ဘူးလေ… ကျွန်တော်တောင် ဒေစီတို့ပြောလို့ သိတာ… သူတို့ဆီ သတင်းက ဘယ်လိုလုပ် ရောက်နိုင်မှာလဲ…"

သူက ဖြစ်နိုင်ချေကို ကိုးကားပြီး ဝင်ရပ်ပေးရသည်။ ရွှယ်ကိုယ် တိုင်ကပါ မျက်နှာကို တင်းထားသဖြင့် ရွှယ်စိတ်မဆိုးရအောင် စကားကို သတိထားပြောနေရ၏။

"တိုက်ဆိုင်မှုသက်သက်ပါဗျာ… ကျွန်တော်တို့ ဒေစီတို့ကို တွေ့ရတော့ ပျော်သွားတာတော့ အမှန်ပါ၊ တောက်တဲ့ကတော့ အပျော်ဆုံးပေါ့… ဘုရားတန်ခိုး ဆိုပြီး အခုကတည်းက လှမ်းလှမ်းရှိခိုးနေတာ…"

ကောင်းက ရယ်မည်အထင်နှင့် အားရပါးရကြီး ပြောနေသော်လည်း ဘယ်သူကမှ ကောင်းစကားကို မတုံ့ပြန်ကြပါ။

"ကားထွက်တော့မယ်ထင်တယ်… ကားပေါ်တက်ကြရအောင်… အာ… ယုကို ရေသန့်ဗူးတစ်ဗူး ဝယ်ဦးနော်…"

ရွှယ်တို့က စကားဖြတ်ပြီး ထသွားကြသည်။ ငယုကတော့ မခံချိ



www.burmeseclassic.com

www.burmeseclassic.com



မခံသာဖြစ်နေသော ကောင်းမင်းကို အားနာပြီး ကျန်ရစ်ခဲ့သည်။ ကောင်းက သက်ပြင်းတစ်ချက်ချပြီး ခေါင်းကို တွင်တွင်ရမ်းလျက်ရှိ၏။ 'တောက်တဲ့ တော့ ဆွေးပြီကွာ...' ဟု တစ်ကိုယ်တည်းပြောသလို ညည်းသည်။

"ကောင်းတို့က ကိုယ်တို့သွားမယ်ဆိုတာ တကယ်မသိတာလား..."

"တကယ်မသိတာပါကွာ... တို့သွားဖို့ စိတ်ကူးတာက ဘာရယ် မဟုတ်ဘူး အရှူးထကြတဲ့သဘောပါ၊ ကားဂိတ်ရောက်လို့ တွေ့ကြတော့မှ တောက်တဲ့က အရမ်းဝမ်းသာသွားတာ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်တဲ့လူနဲ့ တစ်ခရီးတည်းသွားရတော့ ဟိုကောင် ပျော်ချင်တာပေါ့..."

အခုပုံစံအတိုင်းကတော့ ရွှယ်တို့က အမှတ်တမဲ့ဆုံသည် ဆိုတာကို မယုံခြင်းပင် ဖြစ်သည်။ ဒီအချက်ကို ယုံအောင်ပြနိုင်လျှင် OK သွားနိုင်သည်ကို ယုစဉ်းစားမိရင်းက အကြံတစ်ခု ဖျတ်ခနဲရသည်။

"ကောင်း... မင်းတို့ ကားလက်မှတ် ဘယ်နေ့က ဝယ်တာလဲ..."

"တနင်္လာနေ့က ဘာဖြစ်လို့လဲ..."

"တနင်္လာ... ဟာ ဒါဆို OK ပြီ၊ ကိုယ်တို့က အင်္ဂါနေ့ကမှ ဝယ်တာကွ... ဒါဆိုရင် နောက်ကနေလိုက်ဖို့ ကြိုးစားတာ မဟုတ်ဘူးဆိုတာ သက်သေပဲ... ပေးပေး... ကောင်းတို့လက်မှတ် ကိုယ့်ကို သက်သေ ပေးလိုက်..."

"ဟာ... ဟုတ်သားပဲ... ဒါဆို ဒေစီ ရှင်းသွားလိမ့်မယ်၊ နေဦး ကားလက်မှတ်တွေက ထွန်းကိုဆီမှာ..."

ထိုအချိန်တွင် အရင်ရောက်နှင့်သော ယုတို့ကားက ထွက်ရန် ဟွန်းတီးနေပြီဖြစ်သည်။ ထမင်းဆိုင်ကလည်း ကားမှ ခရီးသည်ကို ခေါ် နေပြီ။ ကားပေါ်ကိုရောက်နေပြီဖြစ်သော ရွှယ်တို့ကလည်း ယုကို လှမ်း





အော်နေကြပြီ။ ကားဘီးက လိမ့်နေပြီး အပြေးလာပေးသော ကောင်းထံမှ လက်မှတ်ကို ယူပြီး ယု ထွက်လက်စကားပေါ်ကို ကျွမ်းကျင်စွာခုန်တက် လိုက်သည်။ ကောင်းက လက်ပြရင်း ကျန်ခဲ့လေသည်။

ထိုင်ခုံရောက်သည်နှင့် ထင်ထားသည့်အတိုင်း ယုကို ဝိုင်းကော ကြလေသည်။

"ရွှယ်တို့ ထကတည်းက ထ,ပြီးလိုက်ခဲ့တာ မဟုတ်ဘူး၊ မတော် လိုက်ရတဲ့ ယောက်ဖကို တော်တော်ချစ်နေတယ် ဟုတ်လား..."

ရွှယ်က မျက်စောင်းထိုးရင်း ဆိုသည်။ ဒေစီကတော့ နှုတ်ခမ်းတွေကို မဲ့ရင်း...

"ယုကိုနော်... ဒေစီက ဒီကောင်တွေလမ်းကြောင်းကို သိပြီးသား... အတင်းဝင်လုံးမယ့်ကောင်တွေ... ပြီးတော့ ကောင်းဆိုတဲ့ကောင်ကလည်း ရွှယ့်ကို လိုက်ဖူးတယ်နော်... အဲဒါကို ယုကိုက ဘာဖြစ်နေတာလဲ..."

"ကောင်းက... တောက်တဲ့အတွက် ကြိုးစားနေတာပါ၊ သူတို့ ကျိုက်ထီးရိုးကို သွားဖို့လုပ်တာ ကိုယ်တို့မတိုင်ခင်ကတည်းက ဆိုတာ သေချာတယ် ရွှယ်နဲ့ ဒေစီ..."

"အံမယ်... သူတို့က ဘာနဲ့သက်သေပြလို့ သေချာနေရတာလဲ..."

"သူတို့က ဘာပြရမှန်း မသိပါဘူး၊ ကိုယ်က လက်မှတ်ဝယ်တဲ့ နေ့ကိုမေးတော့ သူတို့ဝယ်တာက တနင်္လာနေ့ ဖြစ်နေတယ်... မယုံရင် ဒီမှာကြည့်..."

"ဟယ်... အဲဒါကို ယုကိုက စဉ်းစားမိတာ ဟုတ်လား..."

ရွှယ်က တအံ့တသြဖြင့် သူ့ကိုမေးသည်။ အံ့သြတာမှ ရွှယ့်ပုံစံက တုန်တုန်လှုပ်လှုပ်ကို အံ့သြနေသည့်ပုံစံမျိုး ဖြစ်နေသည်။ ဒါကို သူ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

မိတာလေးကို ဘာကြောင့် ဒီလောက်အံ့ဩနေရတာလဲ ဆိုတာ ငယ မစဉ်းစားတော့။ သူ့စဉ်းစားပုံကို ဂုဏ်ပြုသည်ဟုပဲ သဘောထားလိုက်သည်။

ရွယ်တို့က သူပေးလိုက်သည့် လက်မှတ်တွေကို ကြည့်တော့ ကြည့်သည်။ သိပ်တော့ စိတ်မဝင်စားလှ။ သူ့ကိုသာ ရွယ်က တအံ့တဩ ကြည့်၍ နေသည်။

"ကဲ… ကင်မွန်းစခန်းရောက်ရင် ခေါ်လိုက်ပေါ့ ရွယ်ရာ… ရင်းနှီးတဲ့သူငယ်ချင်းတွေ အတူတူ ခရီးသွားတာ ကောင်းပါတယ်၊ မဟုတ်ဘူးလား ဒေစီ… တောက်တဲ့ သနားပါတယ်…"

"အမလေး မသနားပါဘူး… ပုံစံကို ကြည့်ပါလား… ဒီလောက် ပြောင်ဖြဲနေတာ…"

"အဲဒါ ပျော်နေတာတဲ့ ဒေစီရဲ့… ဒေစီနဲ့ အတူတူ ခရီးသွားရလို့တဲ့…"

"သွားပါ… ဒီကောင် ဆေးသောက်ဖို့ မေ့လာတာပါ…"

အပြန်အလှန်စကားပြောရင်း ငဲ့ကြည့်တော့ ရွယ်က မျက်စိမှိတ်ပြီး သူ့ပခုံးပေါ်မှာ အိပ်ဖို့ မှေးနေသည်။ မနက်ခင်းစာစားပြီးစ အပူရှိန်ရလာသော ကားပေါ်မှာ ထုံးစံအတိုင်း လူတွေတိတ်ပြီး ငိုက်နေကြလေသည်။

သီရိက တစ်ချက်တစ်ချက် နောက်လှည့်ကြည့်တတ်သော်လည်း များသောအားဖြင့်တော့ သူ့ဆရာနှင့် ရယ်ရယ်မောမော စကားပြောနေတာက များလေသည်။ တစ်ခါတလေလည်း သီရိသည် လေသံတိုးတိုးဖြင့် ဆရာ့ကို ကပ်ပြီး စကားပြောနေတတ်သည်။ ငယစိတ်ထင်တော့ သီရိမျက်နှာမှာ ရင်ခုန်ခြင်းကို ငယတွေ့နေရသည်။





ပြီးတော့ ဒေစီ…

တောက်တဲ့ လိုက်လာလို့ စိတ်ညစ်သည့်ပုံစံသာ ဖမ်းထားသည်။ စိတ်ထဲမှာ ပျော်နေကြတာက သိသာလွန်းသည်။ အခုလက်မှတ်ကို မြင်ရပြီး သံသယမရှိတော့ဘူးဆိုတော့ ဝမ်းသာသည့်ခံစားမှုကြီးက မျက်နှာပေါ်မှာ ရောက်နေသည်။

ခရီးသွားရခြင်း၏ ပျော်ရွှင်မှု၊ ပြီးတော့… ချစ်သူများ၏ ရင်ခုန်သံ… ထိုရင်ခုန်သံတွေ လျှံတက်နေသည့် နှစ်လိုဖွယ်ရာ နူးညံ့သိမ်မွေ့မှု…။

တွေးရင်း ငယ တစ်ချက် သွားသတိရသည်။ သူလည်း ချစ်သူနဲ့ ခရီးထွက်လာခဲ့တာပဲ။ ဒါပေမဲ့ သူ့မျက်နှာမှာ… သူ့ဝိညာဉ်မှာ… အဲဒီ နှစ်လိုဖွယ်ရာ နူးညံ့သိမ်မွေ့မှု ရှိရဲ့လား…။

တွေးရင်း ငယ ထိတ်လန့်သွားသည်။ နံဘေးက ရွယ့်ကို ငဲ့ကြည့်တော့ သူ့ပခုံးကိုမှီလျက် မှိတ်ထားသောမျက်ဝန်းများကိုသာ တွေ့ရသည်။

ဟိုးအဝေးမှာ ဆောင်းနေ့လည်ခင်း နေရောင်ခြည်နှင့် အဝါရောင် စပါးကွင်းကြီးများကို တွေ့ရသည်။ ငယ သူ့ဝိညာဉ်ထဲကို မဝင်ရဲတော့ဘဲ ငြိမ်ဆိတ်နေသည့် အဝေးပြေးကားကြီးပေါ်မှ သူ့စိတ်တွေကို အဝေးဆုံးသို့ အတင်းတွန်းပို့ထားလိုက်လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထီးရိုးဘုရားဖူးထွက်ရခြင်းသည် တစ်ခြား ခရီးတစ်ခုခုကို ထွက်ရခြင်း၊ ဒါမှမဟုတ် တစ်ခြား ဘုရားဖူးခရီးကို သွားရခြင်းနှင့် မတူသော ထူးခြားချက်တစ်ခုရှိသည်။ ကျိုက်ထီးရိုးဘုရားဖူးရန်အတွက် အိမ်မှစ,ထွက်သည့်အခါ ခရီးထွက်ခြင်း၏အရသာကို ပထမဦးဆုံး ခံစားရပြီး တောင်ခြေရင်း ကင်မွန်းစခန်းသို့ ရောက်သောအခါတွင်မှ ဘုရားဖူးခြင်း ခရီးစစ်စစ်ကို စတင်ရခြင်း ဖြစ်သည်။

ထူးခြားမှု ရှိသည်မှာ လူတိုင်းလူတိုင်းသည် အိမ်မှ တောင်ခြေသို့ လာရခြင်းကို ခရီးတစ်ခုဟု သဘောထားပြီး ပင်ပန်းနွမ်းနယ်မှု လုံးဝမရှိခြင်းပင် ဖြစ်သည်။ တစ်ချို့ဆိုလျှင် ရောက်သည်နှင့် ဒုတိယခရီးကို လန်းဆန်းတက်ကြွစွာ တန်းတက်သွားကြခြင်း ဖြစ်သည်။ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ အားမန်အလုအပြည့်ဖြင့်...။

ငယုတို့ကတော့ တန်းမတက်သေးဘဲ ကားဂိတ်နားက ဆိုင်တစ်ဆိုင်မှာ ခဏနားကြသည်။ နားသည်ဆိုခြင်းထက် ကောင်းမင်းတို့အဖွဲ့ကို စောင့်ကြသည်ဟု ပြောလျှင်လည်း ရပါသည်။ ငယုတို့နားပြီး မိနစ်အစိတ်လောက်တွင် ကောင်းတို့ကား ဝင်လာသည်။





ကောင်းတို့က ငယုတို့ဆီ မလာရဲဘဲ ခပ်လှမ်းလှမ်းမှသာ လှမ်း၍ကြည့်နေကြ၏။ ဒီတော့ ငယုက ရွှယ်တို့ကို မေးရသည်။

"ကောင်းတို့ တိုက်ဆိုင်တယ် ဆိုတာ သဘောတူတယ်နော်..."

တိတိကျကျပြန်ဖြေမည့်လူ မရှိ။ ဒေစီက နှာခေါင်းကိုရှုံ့၍ ပြသည်။ ရွှယ်က ပခုံးကိုတွန့်၏။ သီရိနှင့် သူ့ဆရာကတော့ ရယ်၍သာ နေသည်။ ငယုလည်း သူတို့ကို ဘာမှပြောမနေတော့ဘဲ ကောင်းတို့ဆီ ထွက်လာခဲ့သည်။

"တောက်တဲ့ မင်း ငါ့ကို လက်ဖက်ရည်တိုက်မှာလား..."

"ဟား... ကမ္ဘာပေါ်မှာ အခုချိန်ဖျော်နေတဲ့ လက်ဖက်ရည်တွေအားလုံးဟာ မင်းအတွက်လို့ပဲ မှတ်လိုက်ပေတော့ ငယုရေ..."

"အေး... မင်း အဲဒီလို အပိုတွေလုပ်လို့ မင်းကို ဒေစီက ကြည့်မရတာ သိလား..."

"သိပ်သိတာပေါ့... သူက ငါ့ကို မျက်စိနဲ့ ကြည့်လို့မရဘူးဆိုတာ သူက ငါ့ကို စိတ်နဲ့ပဲ ကြည့်လို့ရတာ ဟဲ... ဟဲ..."

ငယုက တောက်တဲ့ ဗိုက်ကို လက်သီးနှင့် ခပ်ဆဆ ကပ်ထိုးပစ်လိုက်၏။

"သူတို့က ဘာတဲ့လဲ..."

"တိုက်ဆိုင်တယ်ဆိုတာကို လက်ခံသွားပါပြီ၊ လက်မှတ်ကို ကြည့်ဖို့ အခွင့်ကို ငါက ပေးတယ်ဆိုလို့တောင် သူတို့က အံ့သြနေကြသေးတယ်..."

"ဒါဆို ငါတို့ လာလို့ရပြီလား..."

"ရှက်တော့ ရှက်နေကြတာပေါ့ကွ... မှုနေတာ ဆိုပါတော့ကွာ... ကို အတူတူတက်ဖို့ မင်းတို့ လာတောင်းပန်လိုက်လေကွာ..."



www.burmeseclassic.com

www.burmeseclassic.com

"OK… တောင်းပန်ရမှာပေါ့… ဟေ့ကောင်… တောက်တဲ့… လာ…"

ကောင်းတို့ လိုက်လာကြပြီး သူတို့ အမှန်အကန် လက်မှတ်ဝယ်ထားကြတာ ဖြစ်ကြောင်းကို လာပြောတော့ ရွှယ်တို့က လက်ခံသလို မခံသလို လုပ်နေကြသေးသည်။ ဒီတော့မှ ငယုက ကြားဝင်ရသည်။

"ဘုရားသွားဖို့ ဒီလက်မှတ်တွေကို ဝယ်ရတဲ့ ရည်ရွယ်ချက်ဟာ ကိုယ်တို့နဲ့ ဘယ်လိုမှ မပတ်သက်တဲ့ အကြောင်းကို တောက်တဲ့က အမှန်အတိုင်းဝန်ခံထားတဲ့ ကိစ္စ… အခိုင်အမာ ကိုယ့်ကို ပြောထားတာ ရှိပါတယ်၊ ဇာတ်လမ်းစတာက ဒီလိုပါ…"

ငယုစကားကို တောက်တဲ့ကိုယ်တိုင်ကပင် စိတ်ဝင်စားသွား၏။ အမှန်က သူ ငယုကို ဘာဝန်ခံချက်မှ ပြောမထားခဲ့ဖူးပါ။

"အဲဒီနေ့က တောက်တဲ့က မန္တလေးကို ပြန်မယ့် သူ့ဦးလေးအတွက် ကားလက်မှတ်ဝယ်ဖို့ ကကငှားပြီး တောင်ဥက္ကလာကားဝင်းကို သွားတယ်တဲ့… အဲဒီမှာ ကကမောင်းတဲ့ ကောင်က တောက်တဲ့နဲ့ ကျောင်းနေဖက် သူငယ်ချင်းတဲ့… ဖြစ်ချင်တော့ အဲဒီသူငယ်ချင်းဆီမှာ ကျောင်းတုန်းက တောက်တဲ့က ချေးထားတဲ့ငွေ သုံးသောင်းလောက် ရှိတာတဲ့၊ အဲဒီတော့ ကားပေါ်တက်လာတဲ့ တောက်တဲ့ကို ငယ်သူငယ်ချင်းက အခြေအနေအရ ကြည့်ပြီး အလိုက်သင့်ဆက်ဆံတယ်တဲ့၊ ကျောင်းတုန်းက ပိုက်ဆံတွေကိုတော့ ပါးပါးကလေးနဲ့ပဲ သတိပေးတာတဲ့၊ သူ့သူငယ်ချင်းက ဒီလိုပြောတယ်၊ ကားဆွဲတာ ကိုက်လားလို့ မင်းကမေးတော့ ဖြေရမှာပေါ့ကွာ၊ ညနေခင်းတစ်ချက်လောက် စိတ်ဆင်းရဲတာနဲ့ စိတ်ပူတာကို ခံလိုက်နိုင်ရင်တော့ အိမ်စရိတ်အပြင် သုံးလေးထောင်လောက် ကိုင်ထားနိုင်တာပေါ့





လေ၊ သုံးလေးထောင်ဆိုတာကလည်း ဘာများကောင်းကောင်း ရတော့လို့လဲ… ယောကျ်ားလေးအင်္ကျီမှ ဝယ်လို့မရတာ၊ ငွေရဲ့တန်ဖိုးက အရင်တုန်းကလို မဟုတ်တော့ဘူးကွ၊ မင်း ငါ့ဆီက သုံးသောင်းချေးတုန်းက အင်္ကျီတစ်ထည်မှ နှစ်ထောင်ကျော်ပဲ ရှိသေးတဲ့ဥစ္စာလို့ စကားကို စ,ထားရောတဲ့…"

ငယုစကားကို အားလုံးက စိတ်ဝင်စားနေကြသည်။ အထူးသဖြင့် ငယုကို ဘာမှပြောမထားသော တောက်တဲ့၊ ရွှယ်နှင့် ကောင်းတို့က စိတ်အဝင်စားဆုံး ဖြစ်နေကြသည်ကို ငယုသတိထားမိသည်။

"တောက်တဲ့က သူငယ်ချင်းနဲ့ဆိုတော့ ရှေ့ခန်းမှာ ထိုင်ရင်း စီးမိတာဆိုတော့ သူ့ပိုက်ဆံအိတ်ကြီးကို ဒီကောင်က မြင်သွားပြီ၊ ဒီကောင့်အကြွေးကို မပေးလို့ မကောင်းတော့ဘူးဆိုတာ တွေးမိသွားတယ်၊ ဒါပေမဲ့ ဒီကောင့်ကို အကြွေးလည်း မပေးချင်ဘူး၊ မပေးချင်တာက အဲဒီအကြွေး သုံးသောင်းကိစ္စကို အဲဒီကောင် လျှောက်ပြောထားတာက လူတော်တော်စုံနေပြီမို့ တန်တယ်လို့ ယူဆပြီး မပေးချင်တာပါ၊ အဲဒီတော့ တောက်တဲ့ကလည်း သူက မင်းတို့ခေါ်သလို တောက်တဲ့လိုပဲ ကပ်နေရကြောင်း၊ အခုလည်း သူဌေးတစ်ယောက်ဆီမှာ ကပ်နေရကြောင်း၊ သူဌေးက သူ့မိသားစုနဲ့ ကျိုက်ထီးရိုးဘုရားဖူးလက်မှတ် ဝယ်ခိုင်းလိုက်ကြောင်းပြောပြီး သူ့အဆင်မပြေတာတွေ ငိုပြပြီး သူ့ပိုက်ဆံတွေကို ကျိုက်ထီးရိုးဘုရားဖူးကားလက်မှတ်တွေ ဝယ်ပြလိုက်တာ ကုန်ရော… တဲ့…"

ငယုစကားဆုံးတော့ လူတွေအားလုံး တဟားဟားရယ်ကြလေသည်။ တောက်တဲ့ကလည်း ရယ်သည်။ အဲဒီမှာ လုံးဝနီးပါး မရယ်ဘဲ ပြုံးရုံသာ ပြုံးတာ ကောင်းတစ်ယောက်ပဲရှိသည်။ ကောင်းက သူ့ကို ဝေရီသော မျက်ဝန်းများနှင့် ငေးနေခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

"တောက်တဲ့က ဒီလက်မှတ်တွေဝယ်သွားပြီးရင် ကောင်းတို့ကို ပြန်ရောင်းပြီး ဘုရားဖူးထွက်ပစ်လိုက်တာက ဒီကောင့်ကို ပြန်ပေးလိုက်တာထက်စာရင် ပိုသဘောကျတယ် ဆိုပြီး ဝယ်ခဲ့တာ ဖြစ်တဲ့အတွက် ကိုယ်တို့သွားလို့ စီစဉ်ပြီး လိုက်တာ မဟုတ်ဘူးတဲ့... အဲဒါကို အမှန်အတိုင်းရှင်းပြလိုက်ရင်လည်း သူချစ်နေတဲ့ ကောင်မလေးက အကျင့်မကောင်းဘူးလို့ ထင်သွားမှာစိုးလို့ပါ... တဲ့... ကဲ..."

ငယုစကားဆုံးတော့ ဒေစီ့မျက်နှာက ရဲခနဲဖြစ်သွားသည်။ တောက်တဲ့က သူ့နဖူးကို သူရိုက်လေသည်။ ကောင်းကတော့ ငယုကို ငေးနေဆဲ။ ငယုကတော့ သူကူညီပေးလိုက်သော လုပ်ဇာတ်ကလေးကို သူပြန်ပြီး သဘောကျနေမိသည်။

"ကဲ ... ဒီလောက်တောင် သေသေချာချာ ရှင်းပြနေရင်တော့ လက်ခံလိုက်ပါတော့... ဟုတ်ပြီလား... ကဲပါ ဒီဘက်အုပ်စုက ဆရာကြီးက ဘယ်သူလဲ..."

အားလုံးက ဒေစီ့ကို ဝိုင်းကြည့်ကြသည်။ ဒေစီကို ခေါင်းကိုရမ်းကာ ရှယ့်ကိုကြည့်သည်။ ရှယ့်ပုံစံကလည်း ဘာလုပ်ရမယ်မှန်း မသိတော့သည့်ပုံစံ ဖြစ်နေသည်။

"ဒီလိုလုပ်ပါလားဗျာ... ပြိုင်ပွဲသဘောလေးလည်း ပါသွားအောင် ကျွန်တော်တို့ဘက်က ကောင်းမင်းနဲ့ ဒီဘက်ကတစ်ယောက် တောင်ပေါ်ကို ဘယ်သူ အရင်ရောက် လမ်းလျှောက်ပြိုင်ကြပါလား... ကျွန်တော်တို့ ရှုံးရင် ကျွန်တော် တောင်ပေါ်က ပြန်ဆင်းသွားပါ့မယ်..."

"ဩော်... နံ့တယ်... နံ့တယ်... မြို့ထဲမသွားနဲ့ သိလား..."

အားလုံး ရယ်ရယ်မောမော ဖြစ်သွားကြသည်။ တောက်တဲ့က





အရင်တုန်းကထက် ပို၍ ရွှင်မြူးလာပြီး ဒေစီက ပို၍ ခပ်တည်တည် ခပ်ဆန်ထန်တွေ ဖြစ်ကုန်သည်။ ဒါ ဆန့်ကျင်ဘက်နှစ်ခုရဲ့ တွေ့ဆုံမှုက ရတဲ့ခံစားမှုအသစ် အကြောင်းအရာသစ်ဟု တွေးမိပြီးတော့ ငယု ဒေါသဖြစ်သွားသည်။ တော်ပြီ... ဆက်မတွေးတော့ဟု ဆုံးဖြတ်လိုက်၏။

"ကဲ... တောင်ပေါ်ကို ဘယ်လိုတက်ကြမယ်လို့ စိတ်ကူးထားကြလဲ..."

သီရိ၏ဆရာက ယဉ်ကျေးသိမ်မွေ့စွာ မေးလာသည်။

"ကျွန်တော်ကတော့ လမ်းလျှောက်ပြီး တက်ချင်တယ်၊ အဲဒီလိုတက်တဲ့အတွက် ကျွန်တော်တို့ခံစားချက်သုံးခု ရနိုင်တယ်၊ ပထမတစ်ခုက သဘာဝတရားကို နီးနီးကပ်ကပ် ခံစားလို့ ရတာပါပဲ၊ တောတောင်သဘာဝအလှကိုပေါ့... ကျွန်တော်တို့မြို့မှာမရှိတဲ့ အရာလေ... နောက် ဒုတိယအချက်က ကိုယ့်ခံနိုင်ရည်ကို ကိုယ်ယုံကြည်မှုပေါ့... တောင်တက်ရတဲ့အရသာကို ရမယ်၊ နောက်ဆုံးအချက်ကတော့ ဘုရားကို ပို၍ ကြည်ညိုနိုင်ခြင်းပေါ့၊ ခြေတစ်လှမ်းဆီ ခက်ခက်ခဲခဲ ရောက်အောင်လာပြီး ရအောင်ဖူးရတဲ့ အရသာဟာ ကားနဲ့လာတဲ့အရသာထက်တော့ ပိုပြီး လေးနက်မှာအမှန်ပဲ..."

လေးနက်တည်ငြိမ်စွာပြောသွားသော ကောင်းမင်းကို စိုက်ငေးမိရင်း ငယု သတိထားမိလာတာလေးတွေ ရှိလာသည်။ ပထမအချက်က ကောင်းမင်း၏ရုပ်ရည် ဖြစ်သည်။ အသားလတ်လတ်၊ မျက်ခုံးကောင်းကောင်း နှာတံပေါ်သည်။ မျက်ဝန်းက စူးရှသည်။ ဒါပေမဲ့ မျက်လုံးမကာစားတတ်ပါ။ ဆံပင်ကတော့ ဘာပုံစံဟု တိတိကျကျပြောဖို့ ခက်သည်။ မေးရိုးက ခိုင်ခန့်သည်။ လေးထောင့်ကျသည့်အတွက် ခိုင်မာသောစိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်သည်။ အရပ်အမောင်းက အနည်းဆုံး ငါးပေကိုး တစ်ဆယ်လောက်တော့ ရှိနိုင်သည်။ ကောင်းမင်းကိုမြင်ရလျှင် ပထမဦးဆုံး သတိထားမိမည်မှာ ကြော့ရှင်းသောမျက်ခုံးနှင့် လေးထောင့်ကျသောမေးရိုးတို့ကို ဖြစ်သည်။

"ယုကိုကရော ဘယ်လိုလုပ်ချင်လဲဟင်..."

ရွှယ်က ပခုံးကို အသာပုတ်ပြီး မေးတော့မှ ငယု အသိစိတ်ပြန်ဝင်လာသည်။ ယောကျ်ားတစ်ယောက်ကို စိုက်ငေးနေမိတာဖြစ်သဖြင့် ငယု တော်တော်လေးရှက်သွားသည်။ ငယု၏စိတ်ခံစားမှုထဲတွင် ရှက်သည်ဟူသော ခံစားချက်သည် ပေါ်ခဲလှသည်။ တော်ရုံကိစ္စများသည် ငယု၏စိတ်ခံစားမှုတွင် ရှက်စရာအဆင့်သို့ ရောက်မလာတတ်ပါ။ အခုတော့ တကယ်ကို ရှက်သွားခဲ့သည်။

"ဩော်... ဟို... အင်းလေ... လမ်းလျှောက်တက်တာ ကောင်းတာပေါ့၊ ဒါပေမဲ့ ဒီအတိုင်းကြီးတော့ ဘယ်ကောင်းမလဲ၊ ပြိုင်ပွဲကလေး တစ်ခု လုပ်ရအောင်... တို့နဲ့ အဲဒီဘက်က တစ်ယောက်နဲ့ တောင်ပေါ်ကို ဘယ်သူအရင်ရောက် ပြိုင်ကြမယ်လေ အဲဒီဘက်က ပြိုင်ရဲတဲ့လူ ရှိလား..."

"ဟင်... ယုကိုက ပြိုင်မလို့ ဟုတ်လား..."

ဒေစီက တအံ့တသြမေးသည်။

"ဟား... ဟား... ဒါမျိုးဆိုရင် ဘယ်ရမလဲ... ငါတို့က ရှေ့ဆုံးက သည်းခံတဲ့ထဲမှာ ပါတယ်..."

"ငပေါ..."

တက်တက်ကြွကြွဝင်နောက်သော တောက်တဲ့ကို ထွန်းကိုက ကျောကုန်းကိုထုပြီး သြဘာပေးသည်။ ပြီးတော့ ထွန်းကိုက ရှေ့ကို ထွက်လာသည်။





"ကျွန်တော်က အူကျတတ်တဲ့ရောဂါ ရှိပါတယ်၊ ကျွန်တော့်အူ လမ်းမှာကျခဲ့ရင် ဒုက္ခရောက်သွားနိုင်ပါတယ်၊ ဒါကြောင့် ဒီစိန်ခေါ်မှုကို အားမတန်လို့ မာန်လျှော့လိုက်ရပါတယ်..."

"ငကြောင်..."

"ဒါဆိုရင် ကောင်းပဲ ကျန်တာပေါ့..."

"မှန်ပါတယ် ဒေစီ... ဒီကောင်က ကောင်းဆိုတော့ နွားပါ... နွားတစ်ကောင်လို သန်မာပါတယ်..."

"ကဲ... Cow ကောင်းကြီး ပြိုင်မှာလား..."

"ဟုတ်ပြီလေ... ငါမှမပြိုင်ရင် ငါတို့အားလုံး သူတို့အထုပ်တွေ ထမ်းဖို့ပဲရှိတာ မဟုတ်လား၊ ကဲ... ငယုရေ ပြိုင်ပွဲရလဒ်က ဘာတဲ့လဲ..."

"နိုင်တဲ့အဖွဲ့က ညနေစာထမင်းကို ရှုံးတဲ့အဖွဲ့ဆီက စားရမယ်လေ၊ ဒီမှာရှိတဲ့လူတွေက ဝင်ချင်တဲ့ဘက်ကို ဝင်ခွင့်ရှိတယ်..."

"တို့ကတော့ ယုကိုဘက်ကပဲ..."

ဒေစီက တောက်တဲ့ကို မျက်စောင်းထိုးရင်း ဆိုသည်။ သီရိဆရာကလည်း ငယုဘက်က နေသည်။ သီရိက အလွယ်တကူပင် ကောင်းဘက် ရောက်သွား၏။ ရွှယ်က ငယုဘက်မှာ ထွန်းကိုကလည်း ငယုဘက်မှာ ဖြစ်သွားသည်။

ဘုရားတက်ဖို့ ပြင်ကြဆင်ကြတော့ ငယုက TBY ခဲသားရောင် ဂျင်း PAN ကိုဝတ်ပြီး GIORDANO စွပ်ကျယ်အဖြူရောင်ကလေးကို ဝတ်ပြီး ခါးလွယ်ကလေးကို ပတ်လိုက်သည်။ ပြီးတော့ ရှေ့ဆံပင်တွေကို နောက်သို့ သားရေကြိုးရှုံ့ကလေးနှင့် စည်းထားလိုက်သည်။ ဖိနပ်ကိုတော့ Nike အားကစားဖိနပ်အပြာနုကလေးကို ဝတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်ရောက်ကတည်းက ယောကျ်ားဝတ်အင်္ကျီလက်ရှည်အဝါကြီးနှင့် အော်လ်တာဂျင်းဘောင်းဘီပွပွကြီးကို ဝတ်ထားသော ငယုသည် အခုလို ချပ်ချပ်ရပ်ရပ် ဝတ်လိုက်သောအခါ အားကစားသမားတစ်ယောက်၏ ကျစ်လျစ်သွယ်လျသော ခန္ဓာကိုယ်သည် ထင်းခနဲပေါ်လာသည်။ ဖြူညက်သောအသားအရေနှင့် သွယ်လျသောလက်မောင်း၊ ဆံပင်ကို နောက်လှန်ထားသဖြင့် ပိရိသေသပ်သောနှုတ်ခမ်းနှင့် ဝေရီသောမျက်ဝန်းတို့ကို မြက်ရိုင်းတောရှင်းလိုက်သည့် ပန်းပင်ကလေးတွေလို ထင်းထင်းမြင်နေရသည်။ အထင်ရှားဆုံးက ဂျင်းဘောင်းဘီကလေးထဲက အချိုးစားကျသော တင်အလုံ ဖြစ်သည်။ အချိုးအစားကျကျ ကြည့်၍ကောင်းနေသည်။

ငယုကို ဒီတစ်ကြိမ်သာ အဝတ်အစား ခပ်ရှင်းရှင်းနှင့် မြင်ရသဖြင့် တော်တော်များများ အံ့အားသင့်ကုန်ကြသည်။ အဲဒီမျက်ဝန်းတွေကို ငယု မကြိုက်ပါ။ သူ့ကို အဲဒီလိုမျက်ဝန်းတွေနဲ့ အကြည့်ခံရမှာ စိုးသည့်အတွက် သူ့ခန္ဓာကိုယ်အချိုးအစားကို အော်လ်တာဘောင်းဘီတွေအောက်မှာ တောက်လျှောက်မြှုပ်ထားခဲ့ခြင်း ဖြစ်သည်။

"ကိုယ်တော့ လူရွေးမှန်သွားပြီ တွေ့လား..."

သီရိ၏ဆရာစကား ဖြစ်သည်။ သီရိဆရာ၏မျက်ဝန်းတွေကို ငယု မကြိုက်ပါ။ အဲဒီမျက်လုံးတွေက သူ့အင်္ကျီ ဘောင်းဘီတွေကို ဖယ်ပြီး ကြည့်နေသည့်မျက်ဝန်းမျိုး ဖြစ်သည်။ သီရိကို သတိပေးရဦးမည်ဟု မှတ်ထားလိုက်သည်။

"ယုကိုရယ် ချောလိုက်တာ..."

သူ့ကို တအံ့တသြနှင့် နှစ်လိုအားကျစွာ ပြောလာသော ရွယ့်စကားကြောင့် ရင်ထဲမှာ ဝမ်းနည်းသွားခဲ့သည်။ ဒါဆိုရင် သူတို့က သူ့ကို





မိန်းကလေးတစ်ယောက်ဆိုတဲ့ ရှင်သန်မှုအောက်မှာပဲ ထည့်တွေးကြတာလား။ ခုနက ကြည်လင်နေသော စိတ်ခံစားမှုသည် ချက်ချင်းရှုပ်ထွေးသွားသည်။ ဒေစီ၊ သီရိ၊ တောက်တဲ့၊ ထွန်းကို... ပြီးတော့ ကောင်းမင်း... အားလုံးရဲ့မျက်ဝန်းတွေထဲမှာ သူ့ကို မင်သက်ငေးမောမှုတွေကို တွေ့နေရသည်။ ဒေစီ၏ဒစ်ဂျစ်တယ်ကင်မရာကလေး မီးပွင့်သွား၏။

သူဝမ်းနည်းစိတ်ပျက်စွာ ဖိနပ်ကြီးကို ချည်နေလိုက်သည်။

"ငယု မင်းက ငါ့ရဲ့ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်မှာ သေချာတယ်ကွာ... မင်းပုံစံက ရောမကျောက်ရုပ်တွေထဲက ဒဏ္ဍာရီသူရဲကောင်းနဲ့ တူတယ်..."

"အဲဒီစကားကြားရတာ ဝမ်းသာတယ်ကွာ၊ ကဲ... နာရီတိုက်လိုက်ကြရအောင် ဟောဒီရေဗူးက ဘုရားပေါ်ရောက်တဲ့အထိ ထပ်မဖြည့်ရဘူးဆိုတဲ့ စည်းကမ်းကလွဲရင် ကျန်တာက Freedome ပဲ... သဘောတူလား..."

"တူပါတယ်ကွာ..."

ငယုက ခါးလွယ်ထဲသို့ ရေဗူးထိုးထည့်လိုက်သည်။ ပီကေတစ်ခုထုတ်ပြီး ပါးစပ်ထဲထိုးထည့်ရင်း ဦးထုပ်ကလေး ထုတ်ဆောင်းပြီး ထထွက်သွားသည်။

"ဟ... ဟ... ငယု... နေပါဦးကွ... စပြီလား..."

ကောင်း ထွန်းကိုနှင့် စကားပြောနေရာမှ ငယုနောက်သို့ အပြေးလိုက်ရသည်။ ငယုက အပြုံးနှင့် တစ်ချက်လှည့်ကြည့်ပြီး ခပ်သွက်သွက်သွားနေသည်။ အဖွဲ့သားအားလုံးက သူတို့ရှေ့မှ ထွက်သွားသော ကောင်းနှင့် ငယုကို ငေးရင်း သက်ပြင်းချလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ... တို့သုံးယောက်တော့ အေးအေးဆေးဆေး ဆွေးနွေးဖို့ ကောင်းပြီ ထင်တယ်နော်..."

ဒေစီစကားဆုံးတော့ ရွှယ်နှင့် တောက်တဲ့တို့က ခပ်သွက်သွက် ခေါင်းကို ညိတ်လိုက်ကြလေသည်။

■





## အခန်း (၉)

ပြိုင်ဘက်ကောင်းဟု သွားပြောမိတာ မှားပြီဟု ကောင်းမင်းထင်လာသည်။

ယုသည် သူ့ကို လုံးဝစကားမပြောဘဲ လမ်းကို ခပ်မှန်မှန်လျှောက်၍ နေသည်။ သူ နောက်ကနေ အသာပင်ကပ်၍ လိုက်လာခဲ့သည်။ သူ နောက်ကနေ ယုကို ကျော်တက်သွားတာတို့... အများကြီးနောက်ချန်နေတာတို့... စသည့် ကလေးကလားအလုပ်တွေကို မလုပ်ချင်ပါ။ သူ့တာဝန်က ယုနှင့်အတူ စကားပြောရင်း တောင်ပေါ်သို့တက်ခြင်းသာ ဖြစ်ပါသည်။

လေးဆယ့်ငါးမိနစ်လောက် တက်ပြီးတော့ ကောင်းမင်း တိတ်တိတ်ကလေး လမ်းလျှောက်နေရတာကို ပျင်းလာသည်။ ဒီတော့ စကားစပြောရ၏။ ကောင်းမင်းသည် ယုနှင့် ပခုံးချင်းတိုက်လျှောက်ရင်းက တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com

ငဲ့ကြည့်သည်။ ယေုမျက်နှာမှာ တည်ကြည်လေးနက်မှုကို တွေ့ရတော့ စကားစဖို့ ခက်သွားပြန်သည်။ ယေုက ပြိုင်ပွဲကို စိတ်ပါလက်ပါပြိုင်နေတာလား... ဟု သံသယဖြစ်သွားမိ၏။

"ယေု... အဲဒီလောက်ကြီးလည်း အသည်းအသန် ပြိုင်မနေပါနဲ့ကွာ... အစပိုင်း မသိသာပေမယ့် ရေရှည်ဆိုရင် အမြဲလေ့ကျင့်နေတဲ့ မင်းနဲ့ ငါ ခံနိုင်ရည်အားချင်း ကွာသွားမှာပါ..."

"........."

ယေုထံမှ ဘာစကားမှ ပြန်မရ။ ယေုက လမ်းကိုသာ ပုံမှန်ခြေလှမ်းနှင့် လျှောက်နေသဖြင့် ကောင်းမင်း တော်တော်စဉ်းစားရ ကြပ်သွားသည်။ တောင်ပေါ်ကို လမ်းပြိုင်လျှောက်ကြတယ် ဆိုတာ နှစ်ဖွဲ့ပြေလည်ရေးအတွက် အပျော်သဘောလုပ်ကြမှန်း ယေု သဘောပေါက်လောက်ပါသည်။ ဒီလောက် ပြင်းထန်စရာ မလိုပါ။

"ယေု ဘာဖြစ်လို့ အဲဒီလောက်အထိ ဖြစ်နေရတာလဲ၊ ပြိုင်တယ်ဆိုတာ မဟုတ်သေးဘူးလေ... ငါတို့ အပျော်ပြိုင်ကြတာလေ ဘာဖြစ်လို့ အဲဒီလောက်ကြီး..."

"အာ... သိပါတယ် ကောင်းရဲ့... ကိုယ်လည်း အပျော်သဘောပါ၊ လျှောက်လျှောက် စကားလာမပြောနဲ့ဦး..."

ယေုက တစ်ခုခုကို ထိန်းထားရသလိုမျိုးလေသံနှင့် ရှေ့တည့်တည့်ကိုကြည့်ရင်း ပြောသည်။ အရှိန်ကိုလည်း နည်းနည်းမြှင့်လိုက်သဖြင့် ကောင်းမင်း နောက်မှာကျန်ရစ်ခဲ့သည်။ နောက်ကနေလိုက်ရတာ တော်ကြာ ဟိုလိုဒီလို ထင်မှာစိုးသဖြင့် ကောင်းမင်းက ရင်ဘောင်တန်းအောင် လျှောက်ရပြန်သည်။ သူတို့နှစ်ယောက်ပုံစံကြောင့် ရယ်ရယ်မောမောတက်နေသူတွေက





သူတို့နှစ်ယောက်ကို အထူးအဆန်းကြည့်သွားကြသည်။ ကောင်းမင်းကလည်း မလျှော့တော့ဟု စိတ်ကူးပြီး ရင်ပေါင်တန်းလိုက်လာခဲ့သည်။ တော်တော်လေးကြာတော့မှ ယေုက အရှိန်ကို လျှော့ချလိုက်ပြီး ဖြည်းဖြည်းချင်း မျက်နှာထားက ပုံမှန်ပြန်ဖြစ်လာသည်။

ယေုက သူ့ကိုပြုံးရင်း လှည့်ကြည့်ပြီး သစ်ရိပ်အောက်က ဝါးခုံကလေးမှာ ဝင်ထိုင်သည်။ ချွေးစို့နေသော ယေုမျက်နှာကလေးက ဝင်းပြီးမွတ်နေသည်ကို ကောင်းမင်း သတိထားမိလိုက်သေးသည်။

"ဘာဖြစ်လို့ နောက်ကနေ အတင်းလိုက်နေတာလဲ ကောင်းရဲ့..."

ကောင်းမင်း ချက်ချင်းပြန်မဖြေနိုင်။ မောနေ၍ စကားကပြော၍မထွက်။ ယေုက ရေသန့်ဗူးကလေးကိုဖြုတ်ပြီး အာစွတ်ရုံ သောက်သည်။ သူ ရေသန့်ဗူးကိုထုတ်တော့ ယေုက လှမ်းတားသည်။

"မောနေတုန်း ချက်ချင်းမသောက်ရဘူး... သောက်ရင်လည်း အာစွတ်ရုံပဲ သောက်ရမယ်..."

"အင်... ယေုကျတော့ သောက်ပြီးတော့..."

"ကိုယ်က မောမှ မောမနေတာ... ခဏနေမှ သောက်ပေါ့..."

ဟုတ်တော့ ဟုတ်သည်။ ယေုပုံစံက သိပ်မောနေပုံ မရပါ။ ယေုက သူ့နောက်ဖက်မှာရှိသည့် တောင်တန်းတွေကို တစ်ချက်ငေးသည်။ ပြီးတော့ ခါးက အိတ်ကလေးထဲမှ မှန်ပြောင်းကလေးကိုထုတ်ပြီး ကြည့်သည်။ မှန်ပြောင်းတွေ ဘာတွေ သေသေချာချာယူလာသော ယေုကို ကောင်းမင်း အံ့သြအမှတ်တော့ပြုလိုက်သည်။

ယေုက သစ်တောကို တောင်တန်းကို သေသေချာချာကြည့်ပြီးသွားတော့ ကောင်းမင်းလည်း အမောပြေစပြုပြီ။ ရေလည်း သောက်ပြီးပြီဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့ အဲဒီလောက် အပြင်းအထန်ကြီး လျှောက်နေရတာလဲ၊ တကယ့်ပြိုင်ပွဲလို့ သဘောထားလို့လား..."

"မဟုတ်ပါဘူး... ဒါပေမဲ့ ယှဉ်ပြိုင်မှုတစ်ခုကို တက်တက်ကြွကြွ မလုပ်တာဟာ ပြိုင်ဘက်ကို မလေးစားရာရောက်တယ်လို့ ဆရာက ပြောထားဖူးလို့၊ ပြီးတော့ လမ်းလျှောက်တဲ့အခါမှာ ကျင့်ရတဲ့ အချက်ကလေးတွေရှိတယ်၊ အလေ့အကျင့်ရှိရင် ပျော်ဖို့ကောင်းတယ်၊ အဲဒါကို ကျင့်မယ်လို့ စိတ်ကူးပြီး ကျင့်လိုက်လို့..."

ငယုက အပြုံးနှင့် သူ့ကိုစိုက်ကြည့်ရင်း ပြောသည်။ ငယုမျက်နှာတွင် ရွှင်လန်းတက်ကြွခြင်းနှင့် ပျော်ရွှင်ခြင်းကို အထင်းသားမြင်နေရသည်။

"ဟုတ်လား... ဘာကျင့်တာလဲဟင်..."

"ဒီလို လမ်းလျှောက်တဲ့အခါ ကိုယ့်နှလုံးခုန်သံကို ကိုယ်နားထောင်ပြီး လမ်းလျှောက်ရတယ်၊ ခြေလှမ်းနဲ့ အရှိန်ကိုလည်း တတ်နိုင်သမျှ တူနိုင်အောင် ကြိုးစားရတယ်၊ အဲဒီလိုလျှောက်ရင်းနဲ့ မောလာတဲ့အချိန်ကို ရောက်လိမ့်မယ်၊ ရောက်လာရင် အရှိန်ကို မြန်လည်း မမြန်ရအောင်၊ နှေးလည်း နှေးမသွားရအောင် ထိန်းထားရမယ်၊ ဒီလိုပဲ ရင်ထဲက မောလာတဲ့ အမောကိုလည်း ထပ်တိုးမလာအောင် စိတ်နဲ့ ထိန်းထားရတယ်၊ အမောလုံတယ် ဆိုတာ ဒါမျိုးပေါ့..."

"ဟာ... ဘယ်လိုလုပ် လွယ်မှာလဲ..."

"ဒါ့ကြောင့်... အလေ့အကျင့်ရှိရင်လို့ ပြောသားပဲ..."

"ငယုရော ရလား..."

"ရတယ်လေ... ဒါပေမဲ့ အချိန်တော့နည်းတယ် ဆရာဆို အကြာကြီးရတာ... အဲဒါကိုနိုင်ရင် မောတယ်ဆိုတာကို ထိန်းနိုင်သွားရောပေါ့... ဂူရှုးမှာ ပါတာလေ..."





"သြော်..."

ကောင်းမင်း လေးလေးနက်နက်ခေါင်းညိတ်ပြီး စိတ်ဝင်စားပြလိုက်သည်။ ပြီးတော့ ငယုကိုမေးချင်နေသော မေးခွန်းတစ်ခုကို မေးရသည်။

"ငယု တောက်တဲ့ရဲ့လက်မှတ်ကိစ္စကို အဲဒီလိုပြောဖို့ ဘယ်တုန်းက တွေးထားတာလဲ..."

"အင်... ဘာဖြစ်လို့လဲဟင်..."

"ဟား... သဘာဝကလည်းကျ... ပြောတာကလည်း တကယ်ကောင်း... စကားကလည်း တစ်ချက်မှ မမှား ဆိုတော့..."

"ကြိုစဉ်းစားထားတာတော့ မရှိပါဘူး၊ ပြောရင်းနဲ့ စိတ်ကူးပေါက်လာတာနဲ့ ကောက်ပြောပစ်လိုက်တာပါ..."

"ဒါဆိုရင်တော့ ငယုကို ချီးကျူးရလိမ့်မယ်၊ တော်ရုံပြောဖို့ မလွယ်တဲ့ကိစ္စပါ၊ သဘာဝလည်း ကျနေတာကိုး..."

"ဒါပေမဲ့ တို့လုပ်ပြောနေမှန်း သူတို့သိပါတယ်..."

"ဟာ... မသိဘူးထင်တယ်နော်... သူတို့ စိတ်ဝင်တစားနဲ့ နားထောင်နေကြတာ..."

သူ့စကားဆုံးတော့ ငယုကပြုံးပြီး ခေါင်းကို ဘယ်ညာရမ်းသည်။

"သူတို့စိတ်ဝင်စားလို့ နားထောင်နေတာ မဟုတ်ပါဘူး၊ တို့ လိမ်နေမှန်းသိတော့ ဘယ်နေရာမှာ ဒုက္ခရောက်မလဲ... ဒါမှမဟုတ် သူတို့ကို ဘယ်လိုလိမ်မလဲ ဆိုတာကို သိချင်လို့ နားထောင်နေကြတာပါ၊ ကဲ... ထားလိုက်ပါတော့... ခရီးဆက်ရအောင်... သူတို့က မီလာတော့မှာ... ထိုင်နေတာတွေ့ရင် ဘယ်ကောင်းမလဲ၊ နားချင်ရင် ရေမြောင်ကြီးကျမှ



www.burmeseclassic.com

www.burmeseclassic.com

နားတာပေါ့ ဟုတ်လား၊ ကျော်တက်သွားစရာရှိရင်လည်း အားမနာနဲ့နော်...”

“အာ... ကျွန်တော်က ပြိုင်ဘက်အပေါ်မှာ လေးစားမှုရှိတယ်၊ အားလည်း နာတတ်တယ် ဘယ်တော့မှ ဒါမျိုးမလုပ်ဘူး...”

သူ့စကားဆုံးတော့ ငယ်က အားရပါးရ ရယ်လေသည်။ ပြီးတော့ သူ့ကို အလေးပြုပြီး ထထွက်သွားသဖြင့် သူလည်း နားနေရာမှ ထလိုက်ရသည်။

သူတို့ လူတော်တော်များများကို ကျော်၍ တက်ခဲ့ကြသည်။ ဒီဇင်ဘာ၏ စနေမနက်ခင်း ဘုရားဖူးဧည့်သည်တွေက တစ်အုပ်တစ်ဖွဲ့ တစ်စုပျော်ပျော်ပါးပါးကြီးကို တက်နေကြသည်။ တက်သည့် ခရီးသည်နှင့် ဆင်းသည့်ခရီးသည် ဆိုလျှင် အဆင်းက နည်းလွန်းသည်။ ကောင်းမင်းသတိထားမိသမျှ ငယ်ကျော်တက်တာခံရသည့် ကောင်လေးတော်တော်များများက ငယ်ကို သတိထားမိပြီး လှမ်းအော်ကြ နောက်ကြတာများသည်။ တစ်ချို့လည်း ငယ်နှင့် အတူလိုက်တက်ကြတာမျိုး ရှိတတ်သည်။ ထိုလိုက်တက်သည့်ကောင်လေးတွေအုပ်က ကောင်မလေးတွေက သူတို့လူကို လှမ်းစပြီး ငယ်ကို အားပေးတတ်ကြသည်။

စုစုပေါင်း တောင်တက်ချိန် တစ်နာရီကျော်ကျော်ခန့်ရှိတော့ ငယ်ကို တစ်ချက် မျက်ခြေပြတ်သွားသေးသည်။ ဘာကြောင့်မှန်းမသိ သူ စိတ်ပူပြီး အတင်းလိုက်တော့မှ တောင်တစ်တောင်၏ အကွေ့တစ်ခုမှာ ငယ်ကို လှမ်းမြင်ရသည်။ စိတ်အေးသွားပြီး ငယ်နားသို့ရောက်အောင် ဖိလိုက်ရပြန်သည်။ ငယ်ကို မီတော့ မောရ၍နေသည်။

“ဘုရားတက်ကြတဲ့လူတွေထဲမှာ မင်းကတော့ star ပဲ ငယ်...”



“အာ... စိတ်ညစ်ဖို့ကောင်းတယ်၊ ဆံပင်ဆေးဆိုးထားတဲ့ ငတိတွေအုပ်စု အဆိုးဆုံးပဲ တော်တော်ဖြတ်ခဲ့ရတယ်...”

“မင်းကို အမောပြေဆေးလို့ လှမ်းလှမ်းအော်တဲ့ အုပ်စုလား...”

“ဒီကောင်တွေ နည်းနည်းရိုင်းချင်တယ်ကွာ...”

ငယ်ပုံစံက မကျေမနပ်ဖြစ်နေပုံရသည်။ အဲဒီအုပ်စုကို နောက်က ကောင်မလေးတွေက ရအောင်လိုက်... နင့်ရုပ်ကို ဟိုက ဂရုစိုက်မှာ မဟုတ်ဘူး... နာမည်ရအောင်မေး... စသည်ဖြင့် အော်ဟစ်နေတာ ကို ကောင်းမင်းကြားပါသည်။ ကောင်လေးတွေကလည်း ငယ်နောက်ကို တကယ်လိုက်ကြသည်။ ဒါကို ငယ် ဒေါကန်နေခြင်းဖြစ်သည်။

“ဘုရားတက်တဲ့လူချင်း စိတ်မဆိုးရဘူးနော်... ငယ်... သူတို့က မင်းကို ချစ်ဖို့ကောင်းလို့ စ,တာပါ၊ နောက်က ကောင်မလေးတွေတစ်အုပ်ရှိတယ်၊ သူတို့က မင်းကို မိတ်ဆက်ကြလိမ့်မယ်...”

“အာ... ဟုတ်လား...”

“အေး မင်းက လမ်းလျှောက်တာ သိပ်မြန်တာကိုးကွ၊ သူတို့က ဘုရားပေါ်မှာ မင်းကို တွေ့အောင်ရှာမယ်... ဘာညာနဲ့တော့ ပြောနေကြတာပဲ၊ ခဏနားရအောင်ကွာ... နောက် နာရီဝက်လောက်ဆို ကင်မွန်းစခန်းရောက်ပြီကွ...”

“ကင်မွန်းစခန်းဆိုတာ ဘာလဲ...”

“ခရီးတစ်ဝက် ဆိုပါတော့... ဟိုအုပ်စုကိုလည်း စောင့်ရင်းနဲ့ပေါ့...”

“OK... နေရာကောင်းတွေ့ရင် နားကြတာပေါ့...”

ငယ်ရွေးသော နေရာကောင်းဆိုသည်မှာ လူတော်တော်များများ


www.burmeseclassic.com

www.burmeseclassic.com



မနားသောနေရာကို ဆိုလိုမှန်း နောက်ကျတော့မှ ကောင်းမင်း နားလည်ရသည်။ လူမနားပေမယ့် ရှုခင်းတော့ တော်တော်လှသောနေရာကလေး ဖြစ်သည်။

“မင်းက နေရာရွေးကောင်းသားပဲ…”

“ငါ မရွေးဘူးကွ… သွားရင်းနဲ့ ငါ့ခြေထောက်က မျက်စိကို မလွန်ဆန်နိုင်ဘဲ သူ့ဘာသာရပ်သွားတာ… အဲဒါပဲ…”

ငယ်က အဝေးက တောင်တန်းတွေကို မှန်ပြောင်းနှင့် ကြည့်ရင်းက ပြောသည်။ ငယ့်ဆီမှာ သာမန်မိန်းကလေးတွေဆီက ကြားရလေ့မရှိသော စကားသံတွေကို ကြားရလေ့ရှိတာကို သတိထားမိသည်။ ငယ်သည် သူ ခံစားရသလို နေခြင်းဖြင့် တစ်ခြားမိန်းကလေးတွေနှင့် သူ့ကိုယ်သူ ခွဲပစ်လိုက်ခြင်းဖြစ်သည်။ မိန်းကလေးဆိုတာက နေချင်သလို နေ၍ ရသော သတ္တဝါ မဟုတ်ပါ။ အခြေအနေကို လိုက်လျောညီထွေအောင် ပြောင်းလဲ နေထိုင်ရသော သတ္တဝါဖြစ်သည်။ ငယ်ကတော့ ဘယ်တော့မှ အခြေအနေကို လိုက်ပြောင်းလဲမည့်ပုံ မပေါ်။

အဝေးမှာမြင်နေရသော တောင်တန်းတွေပေါ်က သစ်တောအုပ်ကို နေရောင်က ပြောက်တိပြောက်ကြားကျ၍နေသည်။ တိမ်ကွယ်သည့်နေရာတွင် နေရိပ်နေပြီး တိမ်မရှိသည့်နေရာတွင် နေရောင်က ဝင်းပနေသည်။ ဤသို့ဖြင့် အစိမ်းရောင်သစ်တောများသည် တောင်ကြောတစ်လျှောက် အရောင်ပြောင်းပြီး လှပနေကြလေသည်။

“တောင်တန်းတွေက လှလိုက်တာကွာ၊ ငါ တောင်တန်းတွေကို ချစ်တယ်… မင်းရော ကောင်း…”

“ငါလည်း ချစ်ပါတယ်၊ လူဟာ သဘာဝအရချစ်ရမယ့် အချစ်ကို ကျော်ပြီး ချစ်ရင် အဲဒီအချစ်ကို အချစ်လို့ မခေါ်ဘူး၊ မေတ္တာလို့ ခေါ်တယ်ကွ…”



သူ့စကားကြောင့် ငယ်က မျက်ဝန်းတွေကို မှေး၍ မျက်နှာကို တင်းပြီး သူ့ကို စိုက်ကြည့်သည်။ သဘောက ‘ဘာအဓိပ္ပာယ်လဲကွ’ ဟု ဘာသာပြန်လျှင် သင့်တော်မည်ထင်သည်။

“ဒီလိုကွ… လူတစ်ယောက်မှာ သဘာဝကပေးထားတဲ့ မချစ်မဖြစ် ချစ်ရတဲ့ အချစ်တွေ ရှိတယ်၊ အဲဒီအချစ်တွေကို လေးမျိုးခွဲထားတယ် FOUR KINDS OF LOVE ဆိုပါတော့…”

ငယ်က ဦးထုပ်ကလေးကို လှန်တင်၊ ခန္ဓာကိုယ်ကို ဖိမ်ရှိအောင် လုပ်ပြီး သူ့ကို ငေးသည်။ ဒါပေမဲ့ မျက်နှာကိုတော့ ခပ်မော့မော့မဲ့၍ ထား၏။ ‘ကြီးကြီးကျယ်ကျယ်တွေပါလား… ကဲ… လုပ်စမ်းပါဦး’ ဟု ဘာသာပြန်ရမည် ထင်သည်။

“မိခင်ဝမ်းက ကျွတ်ကျွတ်ချင်းက စပြီး တစ်နှစ်ခွဲလောက်အထိ လူဟာ မိခင်ကိုပဲ ချစ်တယ်တဲ့၊ မိခင်ဟာ သူ့ကို လုံခြုံနွေးထွေးအောင် ပိုက်ထွေးထားပေးတယ်၊ ဆာတဲ့အခါ အစာကိုပေးတယ်၊ ချိုချိုတိုက်တယ် ပေါ့ကွာ… ပြီးတော့ လက်ပွန်းတတီးနေတယ်၊ ဒါ့ကြောင့် အဲဒီအချိန်မှာ ကလေးကချစ်တဲ့ အချစ်ဟာ မိခင်ဆီမှာ ရှိသတဲ့…”

ငယ်က နှုတ်ခမ်းမဲ့မဲ့ကလေးနှင့်ပင် ခေါင်းကို တစ်ချက်ချင်းညိတ်သည်။ ‘ထားပါတော့ ထားပါတော့’ ဟု ခေါင်းညိတ်သံက ထွက်သည်။

“စကားပြော လမ်းလျှောက်တတ်ကာစ… အပြင်က စားစရာကို ကလေးက စတင်လက်ခံ စားသောက်လာတဲ့အခါ ကလေးရဲ့အချစ်က ပြောင်းသွားတယ်၊ အမေ မဟုတ်တော့ဘူးတဲ့… အဖေဖြစ်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com


အပြင်ကပြန်လာရင် သူ့အတွက် မုန့်တွေဝယ်လာတတ်တဲ့၊ ကစားစရာတွေ ဝယ်လာတတ်တဲ့ အဖေ... ပတ်ဝန်းကျင်ကလည်း တစ်ခုခုလိုချင်တာ လုပ်ချင်တာဆိုရင် နင့်အဖေကို ပြောလို့ ပြောတတ်ကြတဲ့ အဖေ... သူချစ်တဲ့ မိခင်ကိုယ်တိုင်က ဂရုစိုက်ရ ဦးစားပေးရ နာခံရတဲ့ အဖေကို သူက ချစ်တယ်တဲ့... အဲဒီအချိန်မှာ ကလေးတွေကို ဘယ်သူ့ကို ပိုချစ် သလဲဆိုရင် 'အဖေ' လို့ ပြောတတ်ကြတယ်၊ တစ်ခုခုဖြစ်လို့ ငိုရင် အဖေ ချော့မှ တိတ်တတ်တယ်... တဲ့..."

ငယ်က မဲ့ထားတာကို ဖြုတ်ပစ်လိုက်ပြီး သူ့ကို မျက်လုံးတစ်ချက် ပြူးပြသည်။ 'ဘယ်ဆိုးလို့တုန်း' ဟု သူက ယူဆပါသည်။

"လေးနှစ် ငါးနှစ်လောက်ရောက်တဲ့အခါမှာ ကလေးချစ်တဲ့သူက အမေလည်း မဟုတ် အဖေလည်းမဟုတ်တော့ဘူးတဲ့..."

ကောင်းမင်းက တမင်တကာ စကားကို ဖြတ်ထားလိုက်သည်။ ငယ်က မျက်မှောင်ကိုကျုတ်၍ စဉ်းစားသည်။ ဒါပေမဲ့ သူစဉ်းစားလို့ ရဟန် မတူပါ။

"ပြောင်းသွားတယ်... ကလေးတစ်ယောက်က အဲဒီလောက်အထိ ရွေးချယ်တတ်လို့လား..."

"ဒါက သိစိတ်နဲ့ ဖြစ်တာတွေကို ပြောနေတာမှ မဟုတ်တာ၊ သူက ကလေးပေါင်း သိန်းနဲ့ချီပြီး Result လုပ်ပြီးတော့မှ ရေးထား တာလေ... သဘာဝလို့ ကိုယ်ပြောထားသားပဲ..."

"ကဲ... ထားပါတော့..."

"တတိယမြောက်အချစ်ကတော့ သူငယ်ချင်းတဲ့ကွ..."

ငယ့်မျက်နှာက တစ်ချက်လင်းခနဲ ဖြစ်သွားသည်။ ဟုတ်သားပဲ... ဆိုသည့် တွေ့ရှိမှုတစ်ခု ဖြစ်ရမည်။





"အဲဒီအချိန်မှာ ကလေးဟာ အဖေနဲ့ အမေကို မချစ်တော့ဘူးတဲ့၊ သူငယ်ချင်းမှ သူငယ်ချင်း... ကစားဖော်မှ ကစားဖော်ပဲတဲ့... သူပိုင်တဲ့ အချိန်တော်တော်များများကိုလည်း ကစားဖော်နဲ့ပဲ ဖြုန်းတော့တာပဲတဲ့၊ အမေအဖေပြောတဲ့ စကားထက် ကစားဖော်ပြောတဲ့ စကားကို ပိုနားထောင် တယ် ပိုမှန်တယ်လို့ ထင်တယ်... တဲ့... သူ့ကစားဖော်ဟာ သူ့အတွက် အံ့ဩစရာ... ကိုးကွယ်စရာ... လမ်းပြဆရာ ဖြစ်လာတယ်တဲ့၊ အဲဒီ ကစားဖော်ကိုချစ်တဲ့ အချစ်ဟာ ဆယ့်သုံးလေးနှစ်အထိ ကြာတယ်တဲ့..."

ဒီတစ်ခါတော့ ငယ်က အပြုံးနှင့် သူ့စကားကို လိုလိုချင်ချင်ပင် ခေါင်းကို ညိတ်ပါသည်။ သူပြောခဲ့သော အချစ်သုံးချစ်ကို သဘောတူ လက်ခံသည် ဆိုသည့် ပုံစံမှာလည်း ပေါ်လွင်ပါသည်။ နောက်ဆုံးအချစ် ကို အရေးအကြီးဆုံး ပြောရတော့မှာမို့ ဒီတစ်ခါအနေအထားပြင်သူက ကောင်းမင်းသာ ဖြစ်သည်။

"အေး... အဲဒီသူငယ်ချင်းအချစ်ပြီးလို့ နောက်ဆုံးအချစ်ကတော့ မင်းတို့ ငါတို့ သိတဲ့အတိုင်းပဲ... ဆန့်ကျင်ဘက်ကိုချစ်တဲ့ အချစ်ပဲ... ယောကျ်ားဆိုရင် မိန်းမ... မိန်းမဆိုရင် ယော..."

"မင်းပါးစပ်ကို ပိတ်ထားလိုက်..."

ငယ်က ဝုန်းခနဲထရပ်သည်။

ငယ့်မျက်နှာ နီရဲနေပြီး ဒေါသက မြင်လို့မကောင်းအောင်ကို ဝုန်း ဒိုင်းကြဲ၍ နေသည်။ လေးစက္ကန့်လောက်အချိန်အတွင်းလေးမှာ ဒီလောက် များပြားတဲ့ဒေါသတွေ... မျက်နှာပေါ်ကို အလုအယက် တက်လာနိုင် တာကို သူအံ့ဩနေမိသည်။ ငယ်သည် ထိုဒေါသတွေကို ပင်ပန်းတကြီး ရအောင် လိုက်ထိန်းနေရ၏။


www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး ယေ... ငါပြောတာက..."

ယေက သူ့ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် အားကုန် ပစ်တွန်းလိုက်သည်။ သူ ယိုင်ထွက်သွား၏။ သူတို့ကိုဖြတ်သွားသော ဘုရားဖူးတွေက ငဲ့၍ ကြည့်သွားသည်။ ယေမျက်ဝန်းသည် နေရောင်ခြည်ထဲတွင် အရောင်လက်ခနဲ ဖြစ်၍ သွားသည်။

"ယေ..."

ယေ သူ့ကို တစ်ချက်စိုက်ကြည့်ပြီး ချာခနဲလှည့်ထွက်သွားသည်။

သူ ချက်ချင်းလိုက်ရမလား... မလိုက်ရဘူးလား စဉ်းစားသည်။ လင်းခနဲလက်သွားသော ယေမျက်ဝန်းကို သူ တကယ်တွေ့လိုက်ရပါသည်။

သူ့စကားက ယေကို ချက်ချင်း မျက်ရည်ဝဲလာနိုင်လောက်အောင် ပြင်းထန်သွားခဲ့သည်လား။ ဒါမှမဟုတ် သူ့ကိုယ်သူ လိမ်ထားသည့်အပေါ်မှာ ယေရဲ့အားစိုက်မှုက ဒီလောက်အထိ ကြီးမားခဲ့တာလား။ ယေသည် ချက်ကောင်းကို စောင့်အပစ်ခံလိုက်ရသော တိရစ္ဆာန်တစ်ကောင်လို နာကျင်သွားလိမ့်မည် ထင်သည်။

"ခွင့်လွှတ်ပါ ယေရာ... ငါ တကယ့်ကို မပြောရက်ခဲ့ပါဘူး၊ အဲဒီစကားလုံးတွေက ငါ့ခံစားမှုကို မီးရထားတစ်စင်းလို ကြိတ်ခြေပြီးမှ ထွက်သွားခဲ့တာပါ ယေရာ..."

သူ တီးတိုးရေရွတ်ရင်း ချက်ချင်းလိုက်ရသည်။ ယေတစ်ယောက်တည်း လွှတ်ထား၍ မရပါ။ ယေ တစ်ခုခုဖြစ်လျှင် ထိုအပြစ်များအားလုံးသည် သူ့အပေါ်တွင်သာ ပုံကျမှာ ကျိန်းသေသည်။

အခု ယေက သူ့ကို မုန်းသွားတာလား... နာကြည်းသွားတာလား... ဆိုတာ သူ စဉ်းစားလို့ မရသေး။ ယေ သူ့ကို ဆက်ဆံသည့်





အပေါ်မှာသာ ဆုံးဖြတ်ရမည် ဖြစ်လေသည်။ ထိုအပြစ်ဒဏ်ကိုလည်း သူ ကျေနပ်စွာခံယူမည် ဖြစ်ပါသည်။

တော်တော်လိုက်ခဲ့ရပြီး တောင်ကြောတစ်ခုကို ကွေ့တော့မှ ယေကို လှမ်းမြင်ရသည်။ ယေသည် ဘုရားဖူးတက်နေတာနှင့် မတူဘဲ လူတွေနှင့် ဝေးရာ တောနက်ကြီးထဲသို့ အတင်းတိုးဝင်နေသည်နှင့် တူလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

မျက်ဝန်းထဲမှာ လင်းခနဲတစ်ချက် ဖြစ်သွားပြီးနောက် သူ့စိတ်ကို သူတော်တော်လေး ထိန်းချုပ်လိုက်သည်… ဆိုတာကို ငယ်မှတ်မိသည်။ ထို့နောက် သူ့အသိစိတ်သည် လောကကြီးထဲက ခဏပျောက်၍ သွားသည်။

သူပြန်သတိရတော့ သူ့ရင်ဘတ်ထဲမှာ ထုထည်ကြီးကြီးမားမား တစ်ခု ပူလောင်စွာ ကြပ်ခဲနေသည်။ မျက်ဝန်းထောင့်နှင့် မျက်သားတွေပေါ်မှာ နာကျင်ရတာမှုတွေကို ခံစားနေရသည်။ ခန္ဓာကိုယ်မှာ ပေါ့ရှပ်နေပြီး မျက်ဝန်းတစ်ခုပဲ အလေးလံဆုံးဖြစ်၍ နေသည်။

လှုပ်ရှားလည်ပတ်နေသော လောကကြီးသည် သူ့အတွက် ဘာမှ အဓိပ္ပာယ်မရှိတော့လောက်အောင်ပင် သူ ဒေါသထွက်နေခဲ့သည်။

သူ့ဝိညာဉ်သည် အသိဆိုတာကို ရှက်ရွံ့စွာ ကြောက်ရွံ့စွာ လိုက်လံရှောင်ပုန်းနေရသည်။ သို့သော် သနားစရာကောင်းလှသော သူ့ဝိညာဉ်သည် ပုန်းစရာနေရာတစ်ခုကိုမှ ရှာ၍ မရ။ တွေ့သမျှ နေရာမှန်သမျှတွင် မင်းဟာ အလကားပဲ… မင်းကိုယ်မင်း လိမ်နေတာ… ဟူသော စကားလုံးက ကြို၍ ရောက်နှင့်နေသည်ချည်း ဖြစ်သည်။





အမေ့ခံထားသော စကားတစ်ခွန်းကိုမှ ယုတ္တိယုတ္တာရှိရှိ ပြန်ဖော်ပြီး …ရွေတစ်ကောင်လို ဖန်ဆင်းပြီး ဝိညာဉ်ထဲကို လွှတ်ပေးသွားသည်။

နာလိုက်သည့်ဖြစ်ခြင်း…

နောက်ဆုံးတော့ ကြောက်လွန်းသဖြင့် သူသည် ထွက်ပြေးမနေ …တော့ဘဲ ထိုစကားလုံးကို စိတ်ထဲမှာ ပြန်ရင်ဆိုင်ပစ်လိုက်သည်။

ဟုတ်တယ်… ငါဟာ မိန်းမပဲ… မိန်းမတစ်ယောက်ပဲ… ဒါပေ …ယ့် ငါ ငယ်စဉ်ဘဝတုန်းက မိန်းမလို မကြီးပြင်းခဲ့ရဘူး။ ငါ့ပတ်ဝန်း …ကျင်မှာရှိတာ ယောကျ်ားတွေချည်းပဲ…။ ကလေးဘဝတစ်လျှောက်လုံး …ဒါဟာ လိင်ဆိုတာကို သတိမထားမိခဲ့ပဲ သူတို့နေခိုင်းသလို နေခဲ့တယ်။ …သူတို့ကစားခိုင်းသလို ကစားခဲ့တယ်။ သူတို့သင်ပေးသလိုပဲ ပြောခဲ့တယ်။ …ငါ့စိတ်ဟာ ယောကျ်ားလေး ဆိုတဲ့ ထိတွေ့မှုတွေနဲ့ပဲ ရင်းနှီးခဲ့ပြီး ငါ …အပျိုဖော်ဝင်တော့မှ ငါ့စိတ်နဲ့ ငါ့ကိုယ် ရန်ဖြစ်ခဲ့ရတာ…။

ငါဟာ အမှန်တရားကို မေ့ထားပြီး သူတို့ထားသလိုပဲ နေခဲ့ရတာ။ ငါ ယောကျ်ားလေးလို ဝတ်ခဲ့စားခဲ့တာ… ယောကျ်ားလေးလို စိတ်မာ …တာ… ကိုယ်ခံပညာတွေ သင်ခဲ့တာ… ရန်တွေ ဖြစ်ခဲ့တာ… ရည်းစား …တွေ ထားခဲ့တာ… ဒါတွေအားလုံးက ငါအမေ့ခံထားတဲ့ သဘာဝတရားကို …ကြောက်လို့ ငါလျှောက်လုပ်နေတာတွေ မဟုတ်လား…

အဲဒါကိုရော သူတို့က ဘာဖြစ်လို့ လက်ခံပေးခဲ့ကြတာလဲ… ငါ့ …ကိုယ်ငါ ဆက်ခါ ဆက်ခါလိမ်မိအောင် သူတို့က ဘာဖြစ်လို့ ခွင့်ပြုပေး …ကြတာလဲ။ ငါ့ကိုယ်ငါလိမ်ပြီး ဖန်ဆင်းထားတဲ့ ကမ္ဘာအတုထဲက ဘဝ …အတုကို ပီပြင်လာအောင် သူတို့က ဘာဖြစ်လို့ ဝင်ပြီးကပြခဲ့တာလဲ!… …လိုက်ဟန်ဆောင်ပေးခဲ့တာလဲ!… ငါ့ကို ဘာဖြစ်လို့ ဝိုင်းညာခဲ့ကြတာလဲ!…



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ငါနေချင်သလို နေပေးပြီးတော့ နောက်ကွယ်မှာ ငါ့ကို လှောင်နေကြမှာလား... ပြီးတော့ ငါဟာ ကောင်းမင်းပြောခဲ့သလို ငါနဲ့ ဆန့်ကျင်ဘက်လိင်အပေါ်မှာ ချစ်ခဲ့ဖူးသလား... တပ်မက်ခဲ့ဖူးသလား...

သွားစမ်း!...

အရာအားလုံးဟာ သူ့အဓိပ္ပာယ်နဲ့သူ စနစ်တကျဖြစ်ခဲ့တာ ဆိုလျှင် မှားနေတာ မရှိဘူးဆိုရင်... အခု ခါးခါးသီးသီး သူရနေသောဒဏ်ရာမှာ တရားခံ မရှိဘူးပေါ့။ သူ့အမှားအတွက် တရားခံ တစ်ယောက်မှ မရှိဘူး ဆိုလျှင် သူ လောကကြီးမှာနေရတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။ နေခဲ့တာရော ဘာအဓိပ္ပာယ်များရှိခဲ့လို့လဲ... အဲဒီလိုတွေးလိုက်တော့ လောကကြီးသည် သူနှင့် ဘာမှမပတ်သက်တော့ဘဲ သူ့ဘာသာ သီးသန့်ဖြစ်နေသောအရာတစ်ခုလို ဖြစ်သွားသည်။

ထို့ကြောင့် သူ့ကိုယ်သူ သတ်သေဖို့ကိစ္စသည် ဘာမှပြောစရာမလိုတော့သော ရိုးရိုးသာမန်ကိစ္စလေးတစ်ခု ဖြစ်သွားသည်။

ထိုအတွေးကြောင့် ငယ အရမ်းထိတ်လန့်သွားသည်။

လမ်းလျှောက်နေတာကို ရပ်ပစ်လိုက်ရသည်။ သူနှင့် ဘာမှ မဝေးတော့သောနေရာက ချောက်ကမ်းပါးက ဆွဲငင်အားတစ်ခုနှင့် သူ့ကို ခေါ်နေသလို ဖြစ်နေသည်။ သူ့ထိတ်လန့်မှုက အထွတ်အထိပ်သို့ ရောက်လာသည်။ လူတွေက သူ့အဖြစ်ကို မသိကြဘဲ အေးအေးဆေးဆေးပင် သူ့နံဘေးကနေ ဖြတ်လျှောက်သွားနေကြသည်။ သူ့ကို ကူညီနိုင်မည့်သူ တစ်ယောက်မှ မရှိ ဆိုတာ ကျိန်းသေနေသည်။ သူ့စိတ်ထဲမှာရှိနေသော ကြောက်စရာနှင့် သူ့ပတ်ဝန်းကျင်ကလူတွေ လုပ်နေသော အလုပ်က အဓိပ္ပာယ်ကွာခြားမှုအားက ကြောက်ခမန်းလိလိ ဖြစ်နေသည်။





သူ့ခန္ဓာကိုယ်ထဲမှာ စိတ်နှစ်စိတ် ဖြစ်နေသည်။

တစ်စိတ်က ဘာခံစားမှုမှ မရှိဘဲ အေးစက်နေသည့် သတ်သေချင်စိတ်ဖြစ်ပြီး... နောက်တစ်စိတ်က အဲဒီစိတ်ကို သေမတတ် ကြောက်နေသော ရှင်သန်လိုစိတ်ဖြစ်သည်။ ချောက်၏ဟိုးအဝေးမှာ သစ်ပင်သေးသေးကလေးတွေကို မြင်နေရသည်။ သူ့ခန္ဓာကိုယ်သည် ချောက်နားကို သွားနေသည်။ နောက်တစ်စိတ်က အဲဒီလိုဖြစ်နေတာကို သေမတတ် ကြောက်နေသည်။ သို့သော် ထိုကြောက်ရွံ့စိတ်သည် အားနည်းလွန်းနေသည်။ ဘာမှအရာမထင်...။

တစ်ယောက်ယောက်က သူ့ကို ဖက်ထားလိုက်လျှင် ကောင်းမည်။

ဒါမှမဟုတ် ကြိုးတွေနှင့်တုပ်ပြီး မှောင်မဲလုံခြုံသည့် သံမဏိအခန်းထဲမှာ ထည့်ထားလိုက်လျှင် ကောင်းမည်။ သူ့နံဘေးနားက လူတွေက သူ့ကို တစ်ယောက်မှ မကူညီကြတော့ဘူးလား။ သူ ပို၍ အားငယ်လာသည်။ သူ့နံဘေးနားမှာ နီးနီးကလေးရှိနေသည့် လူကိုယ်တိုင်က သူ့ကို မကူညီနိုင်တော့ဘူးလား။ အဲဒီလိုဖြစ်နေတာကို တအားကြောက်လာသည်။ အဲဒီလိုကြောက်နေရတာကို မခံချင်တော့။ ကြောက်နေရတာကို အကြောက်ဆုံး ဖြစ်လာသည်။

ချောက်ဘက်သို့ ခြေတစ်လှမ်း ထပ်တိုးလိုက်သည်။

အသိဉာဏ်ထဲမှာ သိစိတ်တွေ လှစ်ခနဲ လှစ်ခနဲဖြစ်နေသည်။ သူ ကြောက်လွန်းလို့ တအားပြေးပြီး ခုန်ချလိုက်ချင်စိတ်တစ်ခုတည်းသာ ရှိတော့သည်။ သူ ရှေ့ကို စွတ်တိုးပစ်လိုက်ဖို့ပဲ သိတော့ချိန်မှာ လွင့်ခနဲ တားလိုက်ရသည်။

"ကျွန်တော့်နမကလေးပါ... ကျွန်တော့်နမကလေးပါ... သူ့ မမကောင်းလို့ပါ... ကျွန်တော်က သူ့အစ်ကိုပါ... သူ့အစ်ကိုပါ..."



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းအုံလာသော လူတွေကို တောင်းပန်ရင်း သူ ငယု၏ခေါင်းကို ယပ်ခတ်ပေးရသည်။ ငယု၏ ခြေဖျားလက်ဖျားတွေ အေးစက်၍ နေသည်။ Pressure တွေ အရမ်းကျသွားဟန် တူသည်။

"အရိပ်အောက်ကို ရွှေ့လိုက်ပါလား"

"ဟုတ်ကဲ့… ဟုတ်ကဲ့…"

ကောင်းမင်း နံဘေးနားကလူတစ်ယောက်နှင့် ကောင်းမင်း လမ်းဘေး အရိပ်ရှိသည့် နေရာကလေးသို့ ငယုကို မ,ပြီး ရွှေ့ပေးရသည်။ စေတနာရှင် အစ်မကြီးတစ်ဦးက ဝါတာဖလူးစနှင့် နေရာလေးတစ်ခု ခင်းပေးသည်။

"လူတွေ သိပ်မအုံကြပါနဲ့ဗျာ လူနာ အသက်ရှူလို့ ရအောင်ပါ"

"ဘာမှားလို့လဲ မသိဘူးနော်…"

"ဟဲ့… သိုက်အဆက်တွေ ဘာတွေဆိုရင်လည်း အဲဒီလို ဖြစ်တတ်တယ်နော်…"

"အစွဲရှိတာဆိုရင်လည်း ဖြစ်တာပဲ… မိန်းကလေးလား…"

"ဘာမှ မဟုတ်ပါဘူးခင်ဗျာ… အားနည်းပြီး လဲသွားတာပါ၊ ဆက်တက်မယ့် ခရီးသည်ထဲက ရေမြောင်ကြီးရောက်ရင် သူနာပြုအဖွဲ့တစ်ဖွဲ့လောက် လွှတ်ပေးပါလားဗျာ…"

သူနာပြုအဖွဲ့ရောက်လာပြီး မကြာခင် ငယု သတိရလာသည်။

ငယု ဘာစကားတစ်ခွန်းမှ မပြော။ ကောင်းမင်းကို မြင်တော့ မျက်ဝန်းတွေကို ပြန်မှိတ်လိုက်သည်။ ခဏကြာတော့ သူ့ကို ထမ်းစင်ဖြင့် ခေါ်သွားကြသည်။ ရေမြောင်ကြီးရောက်တော့ ကြက်ခြေနီတပ်ဖွဲ့ အခြေချသောနေရာသို့ လိုက်သွားရသည်။

တစ်နာရီလောက်နားပြီးတော့ ငယု ပြန်ကောင်းသွားသည်။ သို့သော်





ကောင်းမင်းကို စကားမပြော။ သူနာပြုတွေနှင့် ဆရာဝန်က နားလိုက်စေချင်သည်။ သို့သော် ငယုက ထုံးစံအတိုင်း ခေါင်းမာသည်။ ဆက်သွားမည်ဟု ဆိုသည်။

နွားနို့နှစ်ခွက်နှင့် ပေါင်မုန့်နှစ်လုံးကို စားသည်။

ဆရာဝန်နှင့် သူနာပြုတွေ ရှင်းသွားတော့မှ မျက်စိမျက်နှာပျက်နှင့် စိတ်မကောင်းတော်တော်ဖြစ်နေသော ကောင်းမင်းကို တွေ့ရသည်။ ကောင်းမင်းသည် သူ့ကိုစကားပြောဖို့ ကြောက်ရွံ့နေပုံရသည်။ နွားနို့ကို ပေါင်မုန့်နှင့်တို့စားနေသော သူ့ကို မရဲတရဲ စကားပြောသည်။

"ငယု… ဒီမှာ တစ်ည နားလိုက်ပါလားဟင်…"

"ရပါတယ် နေကောင်းသွားပြီပဲ…"

"ငါ… ငါ… မင်းမကြိုက်တာ နောင်မပြောတော့ပါဘူးကွာ… ခုနကလိုတော့ မလုပ်ပါနဲ့… မင်း ငါ့ကို တစ်ခုခုလုပ်ချင်နေလား… လုပ်လိုက်ပါကွာ… ငါ အသုံးမကျတာပါ…"

ငယု ခေါင်းကိုရမ်းလိုက်သည်။ ဘာစကားမှ စိတ်ထဲက ထွက်မလာသဖြင့် သူ ဘာစကားမှ မပြောတော့ပါ။ ဒီလိုနေလိုက်ခြင်းက အဓိပ္ပာယ်ပိုပြည့်စုံသည်ဟုပင် သူထင်သည်။

"ရွှယ်တို့အုပ်စု ဆက်သွားပြီထင်တယ်…"

"နားလိုက်ပါလား ငယုရယ်…"

"ခဏနေရင် သွားမယ်…"

ကောင်းမင်း ခေါင်းကို ရမ်းလိုက်သည်။

အခုချိန်မှာ ငယုကို ဘာစကားမှ အတိုက်အခံမပြောတာ အကောင်းဆုံးဟု ယူဆလိုက်သည်။

ဆက်တက်ကြလျှင် ငယုအနားမှ လုံးဝမခွာရန် လုံးဝ ဆုံးဖြတ်


www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ပြီးတော့ သူ ဒီထက် ဘာလုပ်ပေးနိုင်ဦးမလဲ ဆိုတာ စဉ်းစား နေမိသည်။

ငယုသည် သူ့ကိုမကြည့်ဘဲ ဟိုးအဝေးကို ငေးနေလေသည်။

❑





ဘယ်ဘယ်ကိုရောက်လိုက် ညာဘက်ကိုရောက်လိုက် ဖြစ်နေသော တောင်တန်းတွေပေါ်ကို ညနေရီနေရောင်ကျနေပုံသည် အစိမ်းရောင် ဟင်းသီးဟင်းရွက်ပေါ်သို့ ထောပတ်ပူပူကို ဆမ်းထားသလို ဖြစ်နေသည်။ အဆင်းလူ့ မရှိသလောက် နည်းသွားပြီး တက်သူတွေသာ များပြီး ပျော်စရာကြီး ဖြစ်နေသည်။

အော်နေ ပျော်နေကြ၊ ရယ်နေ မောနေကြသော ပတ်ဝန်းကျင်ကြီး ထဲတွင် ငယုသည် ကျိန်စာကြီးတစ်ခုကို ခံနေရသလို လမ်းလျှောက်နေခဲ့သည်။ ငယု၏မျက်နှာမှာ လှုပ်ရှားမှု ရှင်သန်ခြင်း စသည်တို့သည် ပတ်ဝန်းကျင်က ပျော်စရာတွေနှင့် ဆန့်ကျင်ဘက်ဖြစ်နေခြင်း မဟုတ်။ ဘာမှကို မဆိုင်ခြင်းသာ ဖြစ်သည်။ ထိုမြင်ကွင်းကို မြင်နေရသော ကောင်းမင်းမှာ သူ့ကိုယ်သူ ဒေါသဖြစ်၍ မဆုံး... သူ့ကိုယ်သူ နာကျင်၍ မဆုံး ဖြစ်နေရသည်။

ဒီလိုဖြစ်အောင်လုပ်ခဲ့တာ သူပါလား... ဟု တွေးလိုက်မိတိုင်း ဘာကိုမှန်းမသိ မဝံ့မရဲဖြစ်နေရသည်။ မည်သူ့ကိုမှန်း မသိ တောင်းပန် တိုးလျှိုးနေမိသည်။ သို့သော် အဲဒီလိုလုပ်နေရခြင်းမှာ ဘာမှ အရာရောက်



www.burmeseclassic.com

www.burmeseclassic.com

မှန်း သိသည့်အတွက် ကောင်းမင်းမျက်နှာပေါ်မှာ 'လုပ်မိလေခြင်း' ဟူသော သောကရိပ်က စွဲနစ်လျက်ရှိသည်။ သူနှင့် ငယ်သည် လမ်းလျှောက်နေသည်နှင့် မတူဘဲ... လူအုပ်ကြီးထဲတွင် ပျောပါနေသည်နှင့်သာ ပို၍ တူလေသည်။ သူ မငေးဘဲလည်း မနေနိုင်... ငေးမိတော့လည်း ကြေကွဲနာကျင်နေသည့် သောကတို့နှင့်သာ မြင်နေရသော ငယ်၏မျက်နှာအတွက် နောက်ဆုံး သူခံစား၍ မရတော့ဘဲ ငယ်နားသို့ ရောက်သွားသည်။

"ငယ် ငါတောင်းပန်ပါတယ်ကွာ... ပျော်ဖို့ကောင်းခဲ့တဲ့ အရာအားလုံးကို ဖျက်ဆီးပစ်လိုက်တဲ့လူဟာ ငါဖြစ်သွားပြီ... မင်း ငါ့ကို တစ်ခုခုတော့ အပြစ်ပေးကွာ... ငါ့ဘာသာပေးမိရင် လွန်ကုန်မှာ စိုးလို့..."

ငယ်ထံမှ ဘာတုံ့ပြန်မှုမှ မရပါ။

"ငါ ဘာမှမဟုတ်တာကို ပြောခဲ့မိတာပါကွာ... ငါပြောခဲ့တာတွေကို မင်းမေ့ပစ်လိုက်လို့ ရရင် မေ့ပစ်လိုက်ပါလား..."

သူ ငယ့်မျက်နှာကို မျှော်လင့်တကြီးငေးပြီး ပြောခဲ့သည်။ ငယ်က ယဲ့ယဲ့ကလေး ပြုံးသည်။ ပြီးတော့ ခေါင်းကို ခါသည်။

"အဲဒီစကားက ငါအကြောက်ဆုံး... ငါမကြိုက်ဆုံး... ငါအမေ့ခံအထားဆုံး စကားပဲ၊ အဲဒီစကားဟာ ဟိုးအဝေးကြီးကနေ ငါ့ဝိညာဉ်ပေါ်ကို အဖျားစွန်းကလေး အရိပ်ထင်မှာကိုတောင် ငါသေမတတ် ကြောက်ခဲ့ရတာ၊ အခု တည့်တည့်အပြောခံလိုက်ရတော့မှ မေ့ထားလို့ ရပါတော့မလား..."

ငယ်က စကားတော်တော်များများ ပြန်ပြောလာသည့်အတွက် သူ ဝမ်းသာသွားမိသည်။ ဒါဆိုလျှင် ခုနကလို အပြုအမူမျိုး မရှိနိုင်တော့ဟု သူထင်သည်။





"ငါ မှားတာပါကွာ... မိုက်မဲတယ်လို့လည်း ပြောလို့ရတာပေါ့"

"ပထမတုန်းကတော့ မင်းတို့မှာ ငါ့အပေါ် အဲဒီလိုစိတ်မျိုး မရှိခဲ့ဘူးလို့ ငါထင်ထားခဲ့တာ၊ ကျန်တဲ့လူတွေ ရှိချင် ရှိပေါ့ကွာ၊ ငါ့ချစ်တဲ့သူတွေဆီမှာတော့ အဲဒါမျိုး မရှိဘူးလို့ ထင်ထားတာ... ဟား... အလကားပါကွာ... ငါ့ကိုယ်ငါ လိမ်နေတာပါ၊ ငါဟာ ငါ့ကိုယ်ငါ လိမ်ပြီး ငါ့ကို ထပ်လိမ်ပေးမယ့် လူတွေကြားထဲမှာ နေနေမိတာ..."

"မင်း အရမ်းစိတ်ထိခိုက်သွားလားဟင် ငယ်..."

ငယ်က လမ်းလျှောက်နေတာကိုရပ်ပြီး သူ့ကို ရီဝေစွာငေးသည်။

သူနှင့် ငယ် မျက်ဝန်းဆုံကာ စိုက်ကြည့်နေမိကြသည်။

ငယ့်မျက်ဝန်းထဲမှာ ငြိုးရိပ်သင့်နေသော ဝမ်းနည်းနာကျင်မှုကို သူတွေ့နေရသည်။ ငယ့်မျက်ဝန်းထဲမှာ သနားစရာကောင်းနေသော တစ်စုံတစ်ရာကို သူ ပြတ်ပြတ်ထင်ထင်ကို မြင်နေရသည်။ ပြီးတော့ သူ ရင်တွေ ခုန်၍ ခုန်၍ လာလေသည်။

"ငယ် ငါ့... ငါ့ကို ခွင့်လွှတ်ပါကွာ..."

ငယ် နှုတ်ခမ်းကလေးတွေ တုန်ယင်၍ နေသည်။

ငယ်သည် သူ့ကိုစိုက်ကြည့်ရင်း ခေါင်းကို ငုံ့ချသွားသည်။

သူ ငယ့်ကို ဆွဲဖက်လိုက်တော့မလို ဖြစ်သွားသည်။ သူ့စိတ်တွေကိုသာ ကမန်းကတန်း ထိန်းလိုက်ရ၏။ သူ့စိတ်တွေကို တစ်ရှိန်ထိုး ဆူပွက်နေရာမှ အတင်းရုန်းထွက်လိုက်ရသည်။ တဒင်္ဂကလေးအတွင်းမှာ သူ့စိတ်ခံစားမှုသည် တစ်ဆင့်ပြီး တစ်ဆင့် မည်သို့ပြောင်းလဲသွားပြီး တစ်ခါမှ မရှိခဲ့ဖူးသော ခံစားမှုဆီကို ရောက်သွားသည်။

ထိုစိတ်ခံစားမှုကလည်း တစ်ခါရောက်ပြီးလျှင် ဘယ်တော့မှ မေ့ပစ်


www.burmeseclassic.com

www.burmeseclassic.com



လို့မရသော ခံစားသိဖြစ်နေသည်။ ထိုသို့ တစ်ခါဖြစ်ပြီးလျှင် သေသည့်အထိ မှတ်မိနေသော စိတ်ခံစားမှုမျိုး ဖြစ်သည်။

ဟင့်အင်း... မဟုတ်ဘူး... မဟုတ်ဘူး... ငါ... ငါ... အဲဒီလို မဟုတ်ဘူး...။

သူ... မောမောပန်းပန်းနှင့် ထိုင်ချလိုက်သည်။ ပြီးတော့ သူ တစ်ခါမှ မရောက်ဖူးသည့်နေရာကို ရောက်သွားသော သူ့စိတ်တွေကို ပြန်ခေါ်ရသည်။ သူ့စိတ်တွေကို သူ့ကိုယ်ကျင့်တရား၊ သူ့မာန၊ သူ့သိက္ခာတွေဖြင့် ပြန်လည်ထိန်းချုပ်ရသည်။ သူ့စိတ်သည် လက်ရှိအခြေအနေပေါ်ကို သတိပေါင်းစုံနှင့် ပြန်ရောက်လာသည်။

သူ တစ်ချက်စဉ်းစားလိုက်သည်။ သူသည် ငယုအကြောက်ဆုံးအချိန်ကို ရောက်နေပြီဖြစ်သည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် အနာဝကို ဖော်ပြီး တစ်ချက်ညှစ်ပြီးပြီ... ဒီထက် ဆက်နာစရာ အကြောင်းမရှိတော့။ နောက်တစ်ခါ ဆိုတာက တော်တော်ကြီးကို ခက်ခဲသွားပြီ ဖြစ်သည်။ ဒီတော့ ရက်စက်တယ်ပဲ ဆိုချင် ဆိုပါတော့...။

"မင်းအပေါ် ငါ ရက်စက်တယ်ပဲ ပြောချင်ပြောကွာ၊ ငါ မင်းကို ဆက်မညာချင်တော့လို့ ပြောလိုက်မိတာပါ၊ ငါ မင်းကို ပိုခင်လာလေလေ မင်းကို မညာချင်လေလေပဲ... အဲဒါကြောင့် ပြောမိတာ..."

ငယုက တစ်ချက်ရယ်သည်။

"ငါ့ကို ခင်တယ် ဆိုတဲ့ လူတွေတိုင်းဟာ ငါ့ကို လိမ်နေကြတာပါကွာ..."

"ဟာ... အကုန်လုံး အဲဒီလိုတော့ မဟုတ်ဘူးကွ၊ တစ်ချို့က မင်းယောက်ျားလေးလို နေတာကို ချစ်ပြီး အဲဒီလိုခင်နေတာလည်း ရှိတယ်၊ ဥပမာ ရွှယ်နဲ့ သီရိတို့လိုကွာ..."





သူ အနာကို နည်းနည်းထပ်ဖိကြည့်သည်။ ကိုင်လက်စကြောင့်လားသိ... သိပ်နာဟန်တော့ မတူပါ။ ငယုက သူ့ကို တစ်ချက်လှမ်းကြည့်ပြီး မဲ့ပြုံးပြုံးလိုက်သည်။ မဲ့ပြုံးတွင် နာကျင်မှုများပါနေသည်မှာ မမြင်ချင်စရာ ဖြစ်၏။

"ငါဟာ ငါ့ဘာသာ ဖန်တီးထားတဲ့ ကမ္ဘာထဲမှာ နေတယ်၊ အဲဒါအပြစ်လား... လူတိုင်း လူတိုင်းဟာ သူတို့ထင်တဲ့ ကမ္ဘာထဲမှာ နေကြတာချည်းပဲ မဟုတ်လား... ငါ့ကျမှ အပြစ်ဖြစ်ရသလား... အဲဒါ ဘာဖြစ်လို့လဲ..."

ဒီတစ်ခါတော့ သူ သေသေချာချာ စဉ်းစားရသည်။ သူ မှား၍ မဖြစ်သောစကား ဖြစ်၏။

"မင်းမှားတယ်လို့ ငါက မထင်ဘူး၊ မင်းဆုံးရှုံးနေတာလို့ပဲ ငါက ထင်တယ်၊ လောကကြီးမှာ အမြင့်ဆုံးအလှတရား ၃ မျိုးရှိတယ်လို့ ငါ သိခဲ့ဖူးတယ်၊ သဘာဝတရားရဲ့အလှ... ကိုယ်ကျင့်တရားရဲ့အလှနဲ့ အမှန်တရားရဲ့အလှ... တဲ့..."

ငယုက အဝေးကို ငေးနေသည်။

"သဘာဝတရားရဲ့အလှကတော့ မင်းသိပါတယ်၊ ဘယ်သူမှ မလုပ်ဘဲ သူ့ဘာသာသူဖြစ်နေတဲ့ အလှပါ၊ မင်းလှမ်းမြင်နေရတဲ့ တောတောင်ရဲ့အလှ... ဘယ်သူကမှ လုပ်ထားတာ မဟုတ်ဘူး၊ သူ့အလိုလို လှနေတာ၊ တစ်ခုခု တစ်ယောက်ယောက်က ဖန်တီးလိုက်ရင် မလှတော့ဘူး၊ ပင်လယ်ရဲ့အောက်ကြမ်းပြင်က အလှမျိုးပေါ့..."

"ကိုယ်ကျင့်တရားရဲ့ အလှကတော့ စိတ်အလှကို ဆိုလိုတာပါ၊ နစ်နာခံနိုင်တဲ့အလှ... စောင့်ထိန်းနိုင်တဲ့အလှ... ကျင့်ကြံနိုင်တဲ့အလှ...



www.burmeseclassic.com

www.burmeseclassic.com



ဘာသာတရားရဲ့အလှကတော့ ဘယ်တော့မှ မပြောင်းလဲတဲ့ အလှပေါ့…”

“အဲဒီ အလှတရား ၃ ခုထဲမှာ သဘာဝတရားရဲ့အလှဟာ အမြင့်မြတ်ဆုံးတဲ့… ကျန်တဲ့ အလှနှစ်ခုက သူ့ရဲ့ဆင့်ပွားအလှပေါ့…”

“အဲဒီတော့ မင်းဟာ အကြီးမားဆုံး အလှတရားတစ်ခု ဆုံးရှုံးနေတာပါ၊ သဘာဝတရားက မင်းကို တကယ်ပြည့်စုံတဲ့အလှကို ပေးထားရက်နဲ့ မင်းက အဲဒီအလှကို နေ့တိုင်း အဆုံးရှုံးခံနေတာပါ… ငါ အဲဒါကို မခံနိုင်လို့ မင်းကို…”

ငယုက သူ့ကိုကျောခိုင်းပြီး ထရပ်သည်။

အဝေးမှာ တောင်တန်းတွေ အမှောင်ထဲကို တိုးဝင်ဖို့ ကြိုးစားနေကြသည်။

“မင်း တောင်ပေါ်တက်မယ်လို့ ပြင်ဆင်တုန်းက မင်းသိပ်လှနေတာ မင်းသိလား…”

“ငါ့ကို အရသာခံတဲ့ အဲဒီမျက်လုံးတွေကို ငါအမုန်းဆုံးပဲ…”

“မင်းထင်သလိုလည်း ပါမှာပေါ့… ဒါပေမဲ့ မင်း တောင်ပေါ်ကို ရောက်တော့ ဟိုးအဝေးက တောင်တန်းတွေကို လှမ်းကြည့်သလိုမျိုး အကြည့်တွေလည်း ပါပါတယ်၊ သဘာဝက ပေးထားတဲ့ အလှကို တအံ့တသြနဲ့ ရိုးရိုးစင်းစင်းကြည့်တဲ့ အကြည့်လေ…”

ငယုက အနားမှ ထွက်သွားသည်။ သူ ဘာမှမပြောတော့ဘဲ ငယု နောက် အသာလိုက်ခဲ့သည်။ ငယုကို ငြိမ်သက်နေသည်ဟု သူမထင်ပါ၊ အကြီးအကျယ် အလုပ်လုပ်နေသူဟုသာ ထင်ပါသည်။

သူတို့ ဘုရားရင်ပြင်ကို လှမ်းမြင်ရတော့ ညသည် နေသား ထိုင် သားကျနေပြီ ဖြစ်သည်။ နွမ်းယဲ့နေသည့်စိတ်ကြောင့် ဆာလောင်မှုသည် အနည်းငယ်သာ အသိစိတ်ကို တိုက်ခိုက်နိုင်သည်။ နားချင်စိတ်တစ်ခုကသာ အကြီးအကျယ် လှုပ်ရှားနေသည်။ သူနှင့် ငယု ဖြည်းညင်းစွာပင် ရင်ပြင်တော်သို့ဝင်ဖို့ ခြေလှမ်းလိုက်သည်။ ရှယ်တို့ တောက်တဲ့တို့ကို ဘယ်နားမှာ သွားရှာရမည်နည်း။

ထိုစဉ်…

“ဟာ… အစ်မ… အစ်မ… အစ်မလေး… အစ်မလေး ဘုရားအပေါ်ကို သွားလို့မရဘူးခင်ဗျ…”

အပြေးအလွှား လာရောက်တားကြသော ကောင်လေးနှစ်ယောက်ကို သူတို့ နားမလည်နိုင်စွာ ကြည့်လိုက်ကြသည်။ နှစ်ယောက်စလုံး ရှည်ရှည်မွန်မွန်နှင့် ကော်လံ လည်ကတုံးလက်ရှည်၊ ဆင်တူပုဆိုးကွက်ကို ဝတ်ထားကြသည်။ ရင်ဘတ်မှာလည်း တံဆိပ်ကိုယ်စီ ရှိကြသည်။

“ဘာပြောတာလဲဗျ ဘာမသွားရတာလဲ…”

“မိန်းကလေးတွေ ဘောင်းဘီအတိုနဲ့ ဒီလိုအင်္ကျီမျိုးနဲ့ ဘုရားရင်ပြင်တော်ပေါ် တက်လို့ မရပါဘူး၊ ကျန်တဲ့လူတွေပါရင် အဝတ်အစား သွားယူလိုက်ပါလား၊ ထဘီနဲ့ အင်္ကျီလုံလုံခြုံဆိုရင် ရပါပြီ… မိန်းကလေးတွေ ဒီလို မရဘူးခင်ဗျ…”

ငယုက သူ့ကိုလှမ်းငေးပြီး ကြေကွဲစွာ ပြုံးပြသည်။

သူ ငယုကို မမြင်ရက်တော့ပါ။

“ဟာ… ဒီလိုလုပ်ပါ… ကျွန်တော်တို့အဖွဲ့ ရှိပါတယ် လူစုကွဲနေလို့ပါ… အဲဒီမှာ အင်္ကျီအဝတ်အစားတွေ ပါပါတယ်၊ ကျွန်တော် လိုက်ရှာပြီး ယူပေးပါ့မယ်…”

“ဒါဆို… အစ်မ ကျွန်တော်တို့နဲ့ ဂေါပကရုံးခန်းကနေ စောင့်ပါနော်…”







www.burmeseclassic.com

www.burmeseclassic.com

ယုသည် ဘာမှ မပြောတော့... ရင်ပြင်တော်အစပ်မှ ဟိုးအဝေးရှိ တောင်တန်းတွေကိုသာ ငေးနေလေသည်။

"ယု ခဏလိုက်သွားပြီး အဲဒီကစောင့်နေ... ငါ... ဟာ... မထူးပါဘူး... ငါပါလိုက်ခဲ့မယ် လာ... လာ..."

ယုသည် အသက်မရှိသူတစ်ယောက်လို သူခေါ်ရာနောက်သို့ လိုက်လာသည်။ ပြီးတော့ ဂေါပကရုံးအဝင်ဝမှာ ယုက ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ယု ငါပြန်လာတဲ့အထိ မင်းစောင့်မယ်လို့ ငါ့ကို ကတိပေးပါနော်... နော်... ယု ကတိပေးတယ် မဟုတ်လားဟင်..."

ဘာကိုမှ မသိသော ဂေါပကအဖွဲ့မှာ သူတို့နှစ်ယောက်ကို နားမလည်သလို ကြည့်နေကြသည်။ ယုက အဝင်တံခါးတိုင်ကို မှီထိုင်ရင်း ခေါင်းကို ငုံ့ချထားသည်။

"ယု ကတိပေးတယ်နော်..."

"မင်း စိတ်ချပြီးတော့သာ သွားပါ၊ ငါ့မှာ ဘာလုပ်ဖို့မှ အားမရှိတော့တာ အသေအချာပါကွာ..."

❑





ယုသည် အားလုံးကြားမှာ တစ္ဆေတစ်ကောင်လို ဖြစ်၍နေသည်။

ရွယ်ရော ကျန်တဲ့လူတွေအားလုံး ယုမျက်နှာလွှဲသွားမှ နောက်ကနေ ကြည့်ကြသည်။ ရွယ့်ဒုက္ခကလည်း မသေး... ဒီအတိုင်းနေရတာလည်း ကြောက်နေသည်။ ယုကို သွားစကားပြောရမှာလည်း ကြောက်နေသည်။ သွားစကားမပြောဘဲ ဒီအတိုင်းထားရတာလည်း အားနာစရာကောင်းမှန်း သိနေသည်။ ယုကို ဘယ်လိုဆက်ဆံရမှန်း မသိ ဖြစ်၍ နေသည်။

ရွယ့်လိုပင် ကျန်တဲ့လူတွေလည်း ယုကို ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေကြသည်။ ယုကြောင့် နန်းဦးထမင်းဆိုင်အပေါ်ထပ်မှ သူတို့တည်းခိုသောအခန်းသည် ကျန်သည့်အခန်းတွေလို ပျော်ရွှင်ဆူညံ အော်ဟစ်သံမရှိဘဲ တိတ်ဆိတ်၍ နေသည်။ ဒေစီနဲ့ သီရိတို့က အသံတိတ် အံကြိတ်ပြီး ရွယ့်ကို ယုဆီသို့ သွားခိုင်းနေကြသည်။

"ယု ခဏနားပြီးရင် ရေချိုးရအောင်နော်... ရေချိုးလိုက်တော့ လန်းသွားတာပေါ့၊ ရေချိုး ထမင်းစားပြီးတော့မှ ဘုရားသွားဖူးကြမယ်နော်၊ ရွယ်တို့လည်း ဘုရားမဖူးရသေးဘူး သိလား..."

"ရွယ်တို့ သွားချင် သွားကြပါ... ကိုယ်နားချင်နေတယ်..."


www.burmeseclassic.com

www.burmeseclassic.com

"ဟာ... မရဘူး... ရွှယ်တို့အားလုံးက ငယ့်ကို ရေချိုးဖို့ရော ထမင်းစားဖို့ရော စောင့်နေတာ၊ ခဏနားပြီးမှပါ ယုကိုရဲ့... နော်... ဟုတ်ပြီလား..."

ငယုက ကျော့ပေးရက်မှ ခေါင်းတစ်ချက်ညိတ်ပြသည်။ ရွှယ်တို့ အသာပင် အခန်းထဲက ထွက်လာပြီး ငယုတစ်ယောက်တည်း နားရအောင် ကောင်းမင်းတို့အခန်းသို့ ထွက်လာခဲ့သည်။ ကောင်းမင်းတို့အခန်းက တစ်ခန်းကျော်မှာ ဖြစ်သည်။

ရွှယ်တို့ရောက်သွားကြတော့ ကောင်းမင်းတို့ကလည်း ငယုအကြောင်းကိုပဲ ပြောနေကြသဖြင့် အဆင်သင့်ဖြစ်၍ သွားသည်။

"ရွှယ်တို့ ဘယ်လိုနေရမလဲ ကောင်းရယ်... ရွှယ်တော့လေ သူ့ကို ဘယ်လိုပြောရ ဆက်ဆံရမှန်းတောင် မသိတော့သလောက်ပဲ... သူ ထပြီး ပွဲကြမ်းမှာကို အကြောက်ဆုံးပဲ..."

"သူ... အဲဒီလိုတော့ မလုပ်ဘူး ရွှယ်၊ ဒါပေမဲ့ သူ့ကို ထပ်ပြီး ဘာစိတ်ဖိစီးမှုမှ မပေးနဲ့တော့၊ သူ တော်တော်ခံစားလာရတာ၊ တတ်နိုင်သမျှ ဖေးဖေးမမနေပေးတာ အကောင်းဆုံးပဲ ရွှယ်... သူက ချစ်သူလိုလာနေရင်လည်း အရင်လိုပဲ ဆက်နေပေးထားလိုက်..."

"သူ ရွှယ်တို့နှစ်ဖွဲ့ ကျိတ်ပြီးတော့ ကြံစည်ထားတာတွေကိုတော့ မသိပါဘူးနော်..."

"ကိုယ်တော့ မသိဘူးလို့ ထင်တာပဲ ရွှယ်... လမ်းမှာ ဖြစ်တာတွေက တိုက်ဆိုင်တာတွေချည်းပဲ ဖြစ်ဖို့များတယ်၊ အဲဒါကိုသာ သိသွားရင်တော့ လွတ်ရာကျွတ်ရာသာ ပြေးကြပေတော့၊ သူ့ကို ယုံပြီး ချလို့လည်းရမှာ မဟုတ်တော့ဘူး၊ အဲဒီကိစ္စမဖြစ်အောင်တော့ အစွမ်းကုန်ထိန်းကြပါ..."





ကောင်းမင်းက သတိကြီးစွာနှင့် အားလုံးကိုမှာသည်။ သီရိဆရာကလည်း ခေါင်းကိုညိတ်သည်။

တကယ်တော့ ရွှယ်တို့နှင့် ကောင်းမင်းတို့ ကျိုက်ထီးရိုးဘုရားဖူးလာခြင်းသည် ရည်ရွယ်ချက်ရှိသော လှုပ်ရှားမှုတစ်ခုသာ ဖြစ်ခဲ့သည်။ ငယု သိထားခဲ့သလို သီရိ၏ဆရာက ကျိုက်ထီးရိုးဘုရားသို့ လိုက်ပို့ခြင်း မဟုတ်ပါ။ သီရိ၏ဆရာကပါ ဝင်ကူညီခြင်းသာ ဖြစ်ပါသည်။

ဂျက်တို့နှင့် ရန်ဖြစ်ပြီးသည့်နောက် ရွှယ်က ငယုကို ချစ်တယ်... ဟု အဖြေပေးလိုက်ရသည်။ ပထမ မိန်းကလေးချင်းဟု သဘောထားကာ ဘာမှမဖြစ်နိုင်ဟု ခပ်ပေါ့ပေါ့ သဘောထားခဲ့သော်လည်း ငယု၏ချူပ်ချယ်မှုများ၊ ရွှယ်နှင့်ပတ်သက်လျှင် ဆတ်ဆတ်ထိမခံမှုများကြောင့် ရွှယ် စိတ်ညစ်လာခဲ့သည်။

ငယုမသိအောင် ကောင်းကို ဆက်ဆံနေရပြီး၊ မိန်းကလေးသဘာဝအရ ကောင်းကို ချစ်သူဖြစ်စေချင်သော်လည်း ငယုကိုကြောက်၍ အဖြေမပေးရဲခဲ့။ နောက်ဆုံး ကောင်းနှင့် ရွှယ်တို့၏ ဆုံးဖြတ်ချက်အရ ကောင်းတို့က ငယုကို ဝင်ပေါင်း၍ သူ့ဘဝအမှန် မိန်းကလေးဖြစ်အောင် ပြန်လုပ်ကြရန် စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့် ငယုကို ကျိုက်ထီးရိုးဘုရားဖူးခေါ်မည်။ ကောင်းတို့ကို တိုက်ဆိုင်တာဟု သဘောထားပြီး ကားဂိတ်တွင်ဆုံမည်။ ကောင်းပါလာ၍ ငယုက ရစ်ခဲ့လျှင် မရိပ်မိအောင် လက်မှတ် တစ်ရက် စောသွားတာနှင့် အလီဘိုင်ပြုမည်။ တောင်ခြေမှ တောင်ပေါ်တက်ရာတွင် ကောင်းက စီန်ခေါ်ပြီး ငယုနှင့် အတူတူပြိုင်တက်ကြရင်း ငယုကို စည်းရုံးမည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး ကျိုက်ထီးရိုးဘုရားကို ယု ဝင်ဖူးလို့ မရတာတွေကို သိစေပြီး ယုကို မိန်းကလေးဘဝတန်ဖိုးတွေ သိအောင် ကြိုးစားမည်။

ယုက သဘောပေါက်လက်ခံသွားလျှင် ယုလည်း မိန်းကလေးပြန်ဖြစ်... ကောင်းနှင့် ရွှယ်လည်း ချစ်သူတွေဖြစ်ကြ... သာယာသောဘဝကို မျှော်လင့်ခဲ့ခြင်း ဖြစ်၏။

သို့သော် ကံကြမ္မာက စီစဉ်ထားသည်ထက် အဆင်ပြေခဲ့ပြီးနောက် မထင်မှတ်ထားတာတွေပါ ဆက်ဖြစ်ကုန်သဖြင့် ရွှယ်တို့ ကောင်းတို့ လန့်နေကြခြင်း ဖြစ်၏။ အခုတော့ ယုကို ပြန်ချော့နေကြရလေသည်။ ဒါမှမဟုတ် သူတို့အစီအစဉ်ကို လက်လျှော့လိုက်ဖို့ ကြိုးစားလိုက်ကြပြီး ယုကို အရင်လိုပြန်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ... ဆိုတာကို ဘယ်သူမှ မတတ်နိုင် ဖြစ်နေကြခြင်းပင် ဖြစ်သည်။

"ရွှယ်တို့ ကြံစည်ထားကြတာတွေကို တတ်နိုင်သမျှ လုံးဝ မသိတာ အကောင်းဆုံးပဲနော် ကောင်း... သိသွားရင် မတွေးရဲဘူး... ခဏနေရင် ကောင်း လာခဲ့ဦးနော်... ရွှယ်တို့ချည်းပဲ ကြောက်တယ်..."

ရွှယ်တို့ပြန်လာသည်အထိ ယုသည် သူ့နေရာကလေးမှာပဲ သူ အိပ်နေသည်။ ပြီးတော့ ယုကို ဒီလို တစ်ယောက်တည်းထားတာထက် ဘုရားရင်ပြင်တော်ပေါ်က လူတွေကြားထဲမှာ နေတာက ပိုပြီး စိတ်သက်သာရာ ရစေနိုင်သည်ဟု ရွှယ်ဆုံးဖြတ်လိုက်သည်။

"ယုကို ရေချိုးလိုက်ရအောင်နော်... ရေချိုးလိုက်တော့ လန်းသွားတာပေါ့... ယုကိုရဲ့... ရေချိုးခန်းကလည်း ဆိုင်ရှေ့တင်လေ... နော်..."

"ရေချိုးခန်းနဲ့လား ရွှယ်..."





"ဟုတ်တယ်ထင်တယ် ယုကိုရဲ့... လာပါ ယုကိုရယ်... တူတူ ရေချိုးကြရအောင်နော်... ပြီးရင် ထမင်းစားကြရအောင်လေ..."

ရွှယ်သည် လမ်းမှာဖြစ်ခဲ့တာတွေကို ဘာမှမသိသလို ဟန်ဆောင်ထားရင်း ယုကို အရင်ကထက် ဖော်ရွေစွာ ဆက်ဆံခဲ့သည်။ ကျန်သည့် နှစ်ယောက်ကလည်း ယုနှင့် ရွှယ့်အခြေအနေကိုကြည့်ပြီး အဆင်ပြေအောင် နေကြရသည်။

ရေချိုးဖို့ သီရိက တုံကင်ဝယ်ပြီး ရေချိုးခန်းထဲသို့အဝင်မှာ ပြဿနာက စ,လေသည်။

"ဟာ... အစ်ကို... အစ်ကို... ဒါ မိန်းကလေးတွေရေချိုးခန်း ယောကျ်ားလေးက ဟိုဘက်မှာ အစ်ကို..."

"ဟဲ့... ဟဲ့... ညီမလေး..."

ရေချိုးခန်းက ညီမလေးကို ရွှယ်လှမ်းတားသော်လည်း မမီလိုက်တော့။ ယုက ကောင်မလေးကို ပြုံး၍ ကြည့်သည်။ ယုအပြုံးက တော်တော်ကို ရှားပါးသောအပြုံး ဖြစ်ပါသည်။

"ဟာ... ကျွန်တော်က ယောကျ်ားလေးအောက်မေ့လို့... အစ်မက ယောကျ်ားလေးနဲ့ တော်တော်တူတာပဲ... ကန်တော့နော် မမ..."

ရွှယ်တို့ အသက်ပင်မရှူရဲတော့။ ယုက ဘာမှမပြောတော့ဘဲ ရေချိုးခန်းထဲ တန်းဝင်သွားလေသည်။ အထဲရောက်တော့ ရေချိုးခန်းမရှိသဖြင့် ယု ရေမချိုးတော့ပဲ မျက်နှာအားရပါးရသစ်၊ ခြေလက်ဆေးပြီး ပြန်သွားခဲ့သည်။ ရွှယ်တို့လည်း ဇိမ်ဆွဲမနေနိုင်ဘဲ ခပ်သုတ်သုတ်ချိုးပြီး ပြန်ရသည်။ အခန်းမှာ ဘာတွေဖြစ်ကုန်ပြီလဲဟု တွေးပြီး ရွှယ်တို့ လန့်နေကြသည်။ အခန်းကိုရောက်တော့ ယုကို ပက်လက်လှန်ပြီး စီးကရက်



www.burmeseclassic.com

www.burmeseclassic.com

သောက်နေတာ ရွှယ်တွေ့ရသည်။ အရင်တုန်းကတော့ ရွှယ် စီးကရက်အနံ့ကို မခံနိုင်၍ တားရသည်။ အခုတော့ မတားရဲတော့...။ ငယုက ရော့... စီးကရက်သောက်... ဆိုရင်တောင် ကောက်သောက်ဖို့က များနေသည်။

"ရွှယ် ရေချိုးရတာ မဝပါဘူးကွာ... ကြည့်ပါဦး ယုကိုရဲ့... ရေလေးတစ်ပုံးကို သုံးရာတဲ့၊ ရေခွက်အပြည့်ကို ၃ ခွက်ပဲရတယ်၊ ရေနွေးက ငါးရာ၊ ရှစ်ရာဖိုးချိုးတာ နေရာတောင်မနှံ့ဘူး၊ အားရပါးရသာ ချိုးရင် တစ်သောင်းခွဲဖိုးလောက်ကျမယ် ထင်တယ်နော် ယုကို..."

"သူ့နေရာနဲ့သူပေါ့... ဘာတတ်နိုင်မှာလဲ..."

အေးဆေးတည်ငြိမ်စွာပြောသည့် ငယုအသံကို ကြားရတော့ ရွှယ် အံ့သြသည်။ ဝမ်းလည်း သာသွားသည်။ နောက်တစ်ခွန်း နှစ်ခွန်းပြောကြတော့ ငယုက ပုံမှန်ဝင်ပြောသဖြင့် အားလုံး စိတ်လက်ပေါ့ပါးသွားကြသည်။

"ညကျရင် နည်းနည်းချမ်းပုံပေါ်တယ်... ငယု အနွေးထည်ပါလား..."

ငယုက မဲ့ပြီး ပခုံးကို တွန့်သည်။

"အင်္ကျီနှစ်ထည်ပဲ ယူလာမယ်လို့ ပြောထားတဲ့ဟာကို ရွှယ်က လည်း..."

"ဟုတ်သားပဲ Sorry... စောင်တောင်းရင် ရမယ်ထင်တယ်နော်၊ တံခါးတွေ အကုန်ပိတ်အိပ်ရင်တော့ နွေးမလားပဲ..."

"ရွှယ် အနွေးအင်္ကျီဝတ်အိပ်တာဆို တော်ပြီလေ... ရွှယ့်ကို ဖက်အိပ်လိုက်တော့ ပြီးရောပေါ့..."

အားလုံး လိုအပ်တာထက် ပိုပြီးရယ်လိုက်ကြသည်။ ထမင်းစားပြီး





တော့ ဘုရားရင်ပြင်တော်ပေါ်သို့ ထွက်ခဲ့ကြသည်။ ကျိုက်ထီးရိုးစေတီသည် အံ့သြဖွယ်ရာအပေါင်းနှင့် တောင်စောင်းတွင် သပ္ပာယ်စွာ တည်ရှိနေသည်။

ငယုကတော့ ကျိုက်ထီးရိုးဆံတော်ရှင်ရှိရာ ကျောက်တုံးအစွန်းရှိ ဘုရားပုရဝဏ်ထဲအထိ ဝင်ခွင့်ရသော မဟာပုရိသတို့ကို ငေး၍ နေခဲ့သည်ကို ရွှယ်တို့တွေ့သဖြင့် ဘာမှမပြောဘဲ နေခဲ့ရသည်။

ပင်ပန်းခြင်း၊ အေးမြသောရာသီနှင့် လိုက်ဖက်ခြင်းတို့ကြောင့် ၈-နာရီကျော်မှ နိုးကြသည်။ သပ်သပ်ရပ်ရပ်ဖြစ်နေသော ငယုနေရာကို ကြည့်တော့ စာကလေးတစ်စောင်။ စာထဲမှာက စာကြောင်းလေးတစ်ပိုဒ်တည်း။

ရွှယ်...

'အားလုံး ဟန်ဆောင်မနေကြဘဲ ရိုးရိုးသားပျော်ဖို့ ကိုယ်ပြန်သွားပြီ။ ကိုယ်လည်း တတ်နိုင်သမျှတော့ ဟန်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။ အိမ်ရောက်မှ ပြန်တွေ့ကြမယ် ဆွီတီ ရွှယ်ရေ... ကောင်းမင်းကို ကျေးဇူးလို့ပြောပေးပါ'

ငယု

"တို့... တို့စီစဉ်တာကို သူ မသိလောက်ပါဘူးနော်... ကောင်း အဲဒါ သေချာရဲ့လားဟင်... ရွှယ်အကြောက်ဆုံးက အဲဒါပဲ သိလား..."

"သူ မသိလောက်ပါဘူး ရွှယ်... ကိုယ်တို့က သူ မသင်္ကာရင် လက်မှတ်ကိစ္စနဲ့ ရှင်းဖို့ လုပ်တယ်၊ သူက အဲဒါကို လိုက်စဉ်းစားပြီး တို့အတွက် ကာဗာလုပ်ပေးသွားတယ်၊ ငယုစိတ်ထဲမှာ တို့နဲ့အတူ ခရီးသွားချင်စိတ်က ရိုးရိုးသားသားကို ရှိနေတာပါ၊ ဒီခရီးမှာ မရိုးသားတဲ့သူက တို့တစ်တွေ ဖြစ်သွားတယ်..."


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်... သူ ညက ဒေစီတို့ကို အတတ်နိုင်ဆုံး အဆင် ပြေအောင် နေပေးသွားတာပါ၊ ဘုရားပရ၀ုဏ်ထဲကို ကောင်းမင်းတို့ ၀ဝ် သွားကြတာကို သူငေးနေတာ မြင်တော့ သူ့ကိုယ်စား တော်တော်လေး စိတ်မကောင်း ဖြစ်မိသေးတယ်၊ ဒေစီတို့လုပ်တာက သူ့ကို ဒုက္ခပေးသလို ဖြစ်နေပြီလား မသိဘူးနော်..."

ဒေစီ့စကားကြောင့် အားလုံး တစ်ယောက်နှင့် တစ်ယောက် မကြည့်ဘဲ နေလိုက်ကြသည်။ သူတို့အချစ်ရေး အဆင်ပြေဖို့အတွက် ငယ်ကို မိန်းကလေး ပြန်ဖြစ်ရေး စီမံကိန်းကြီးကို ဆွဲကြသော ရွှယ်နှင့် ကောင်းတို့ မျက်နှာ မထားတတ်အောင် ဖြစ်ကုန်ကြ၏။

"ပြန်ရောက်ရင် ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး အဲဒီကိစ္စ တိုင်ပင်ပါဦး..."

"တတ်နိုင်သမျှ အရင်အတိုင်းဖြစ်အောင် ပြန်နေရမယ်၊ ရွှယ်ကတော့ အရေးအကြီးဆုံးပေါ့နော်၊ ဒီကိစ္စတွေဖြစ်ခဲ့တာ ရွှယ့်ရှေ့မှာ မဟုတ်ခဲ့တာ တော်တော်ကံကောင်းတယ်၊ ဒီလိုဖြစ်ခဲ့တာတွေကို ရွှယ် လုံး၀ မေ့ပစ် လိုက်တာ အကောင်းဆုံးပဲ၊ သူ့ကို အရင်ထက်တောင် လိုက်လျောပြီ နေပေးသင့်တာလည်း အမှန်ပဲ၊ သူ့ကို မိန်းကလေးဘ၀ ပြန်ရောက်ဖို့ ဆိုတာက နှစ်ဆယ်ရာနှုန်းပဲ ဖြစ်နိုင်ခြေရှိတယ်လို့ ကိုယ်သတ်မှတ်လိုက်ပြီ၊ အဲဒီအတွက် ကိုယ်တို့ လက်မလျှော့ချင်ရင် အရမ်း ညင်သာရတော့မယ် ဆိုတာကိုတော့ လက်ခံနားလည်ထားမှကို ဖြစ်လိမ့်မယ်..."

ငယ်ပြန်သွားသည့်အတွက် ကျန်ခဲ့သည့်သူတို့လည်း လွတ်လွတ် ကျွတ်ကျွတ် မပျော်ခဲ့ကြပါ။ ရွှယ်နှင့် ကောင်းမင်းတို့နှစ်ယောက်တည် အေးအေးဆေးဆေး တွေ့ကြသော်လည်း အဖြေရဖို့ကိစ္စကို နှစ်ဦးစလုံးက စကားမစ,မိအောင် ထိန်းသွားနိုင်ကြပါသည်။





ထိုသို့ ထိန်းသိမ်းလိုက်ကြခြင်းမှာ သူတို့သူငယ်ချင်း ယုယုထွန်း အပေါ် ရိုးသားစွာခင်မင်ခြင်းဖြစ်ကြောင်း သက်သေတစ်ခုဟု ဆောင်းရဲ ပါသည်။

တစ်ခါတစ်ရံ လောကတွင် ချစ်ခြင်းမေတ္တာထက် အရေးကြီးသော စိတ်ခံစားမှုတွေလည်း ရှိတတ်ကြသည် မဟုတ်လား...။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

သူ့အိပ်ခန်းထဲအထိ ဘယ်သူမှ ဝင်မလာနိုင် ဆိုတာကို ကျိန်းသေ သိသည့်တိုင်အောင် သူ့ကိုယ်ကို တတ်နိုင်သမျှ ကျုံ့ထားပြီး အသက်ရှူကို အောင့်ထားမိလေသည်။

ဧည့်ခန်းဆီမှ ဖေဖေ၏ စိတ်မပါတပါရယ်သံကို သူကြားနေရသည်။ ဖေဖေက တော်တော်ဟန်ဆောင်ကောင်းတာပဲ... ဟု သူတွေးမိပြီး ဖေဖေ့ ကျောကုန်းကို ထုချင်စိတ်ပေါက်လာသည်။ ပြီးတော့ ရွှယ်နှင့် သီရိကိုလည်း သနားပြီး အားနာနေမိသည်။

"မင်းတို့သူငယ်ချင်းက ဘယ်တုန်းကများ သူသွားမယ့်နေရာကို ပြောပြသွားလေ့ ရှိဖူးလို့လဲကွာ၊ တစ်ခါတလေ အန်ကယ်က အပျင်းပြေ လေး မေးရင်တောင် ကျွန်တော်လည်း ဘယ်ရောက်ဦးမယ် မသိဘူး ဖေဖေတဲ့... ပျင်းလို့ ထွက်တာပဲ... တဲ့... ကဲ... အရေးတကြီးကိစ္စရှိရင် တော့ မှာခဲ့ပေါ့..."





"မရှိပါဘူး အန်ကယ်... သမီးတို့ဆီ သူမလာတာ ကြာလို့ နေမ ကောင်းရဲ့လားလို့ လာမေးတာပါ၊ ရွှယ်တို့ လာသွားတယ် ပြောပေးရင် ရပါပြီ..."

"OK... OK... အန်ကယ် ပြောလိုက်ပါ့မယ်..."

သူ့ဆီက ရွှယ်က ၃ ကြိမ်မြောက်လာခြင်း ဖြစ်ပြီး ကောင်းက တော့ ၅ ကြိမ်တိတိလာခဲ့ပြီ ဖြစ်သည်။ ကောင်းလာတုန်းက ၂ ကြိမ် သူ အိမ်မှာရှိသည်။ ဒါပေမဲ့ ထွက်မတွေ့ခဲ့။ ရွှယ့်ကိုလည်း ၃ ကြိမ်စလုံး ထွက်မတွေ့ခဲ့။ ဘာကြောင့်လဲ ဆိုလျှင် ရွှယ်တို့နှင့်ပတ်သက်ပြီး စိတ်ထဲ မှာ တစ်စုံတစ်ရာ ဆုံးဖြတ်ချက်မချရသေးသောကြောင့် ဖြစ်သည်။

ပြီးတော့ သူ့စိတ်သည် ထုံဆေး အထိုးခံထားရသူလို ဖြစ်နေသည်။ စိတ်သည် တစ်ခုခုပြောင်းလဲနေသည်ကို သိသည်။ သို့သော် ဘေးက မြင်ရသူအတွက်ကတော့ ပုံမှန်ပင် မြင်နေရလိမ့်မည်။ သူ့စိတ်ထဲမှာ ခံစား နေရသောကိစ္စ ရှင်းရှင်းလင်းလင်း ရှိသွားတော့မှ ရွှယ်တို့ကို တွေ့ဖို့ သူ ဆုံးဖြတ်ထားလေသည်။

"သားမှာ ပြဿနာ ကြီးကြီးကျယ်ကျယ်ရှိနေလို့ ရှောင်တာလား သား..."

"မဟုတ်ဘူး ဖေဖေ... သူတို့နဲ့ပတ်သက်တဲ့ သားရဲ့ခံစားချက် တစ်ခုကို ပြောင်းနေတာ၊ မသေချာသေးလို့ မတွေ့သေးတာ ဖေဖေ၊ အကြောင်းကိစ္စ ထူးထူးခြားခြားကြောင့် မဟုတ်ပါဘူး..."

"ဒါဆိုလည်း ပြီးရောလေ... ငွေရေးကြေးရေးပြဿနာတို့ ဘာတို့ ဆိုရင်တော့ ဖေဖေ့ကို ပြောလို့ ပြောတာ..."

"အာ... ဖေဖေကလည်း ...သား ဘယ်တုန်းက အဲဒီလိုပြဿနာ မျိုး ဖြစ်ခဲ့ဖူးလို့လဲ..."



www.burmeseclassic.com

www.burmeseclassic.com



ညနေရောက်တော့ ငြိမ်းစီစီဖြစ်လာတာနှင့် လမ်းလျှောက်ထွက်မဲ့ ရင်း ပန်းခြံထဲက ဘီယာဆိုင်မှာ ဝင်ထိုင်ဖြစ်သည်။ သူဟာ ကောင်းပြော သလိုဆိုရင် အချစ်ရဲ့ Last State ကို ရောက်နေတဲ့သူပဲ…။ ဒီတော့ သူ့ရဲ့အချစ်က ဆန့်ကျင်ဘက်ကို ချစ်ရမယ့်အချစ် ဖြစ်နေပြီပေါ့… ဟု တွေးမိသည်။

သူ တစ်ချက်ပြုံးလိုက်မိသည်။ သူ ဆန့်ကျင်ဘက်တွေကို ချစ်ပုံက တစ်မျိုးဖြစ်နေခဲ့သည်။ ပြီးတော့ သူ ဒီလိုခံစားချက်၊ ဒီလိုခံယူချက်နှင့် ဘဝတစ်ခုလုံးကို ရင်ဆိုင်သွားတော့မှာလား။ သူ တစ်ခုခု ပြောင်းလဲချင် နေတာကတော့ သေချာသည်။ သို့သော် ထိုပြောင်းလဲချင်သော အရာသည် ဝေဝေဝါးဝါးဖြစ်နေသည်။ သူ့ခံစားချက်တွေက ထောင့်မစုံသေးသလို ဖြစ်နေသည်။ အခုလောလောဆယ် သူ့ခံစားချက်တွင် ဘယ်အကြောင်း အရာမှ အားမကောင်းပဲ ထုံထိုင်း လေးအီနေခဲ့သည်။

နောက်ထပ်လာချပေးသွားသော ဘီယာခွက်ကို ငေးကြည့်ရင်း စိတ်ထဲရှိသည့်အတိုင်း ကောက်သွန်ပစ်လိုက်ပြီးချိန်တွင် ဆိုင်ထဲသို့ဝင်လာ သော ဂျက်တို့အဖွဲ့နှင့် မျက်ဝန်းချင်းဆုံတော့ ဂျက်က သူ့ကို လှမ်းပြုံးပြပြီး အံ့သြနေပုံရသည်။

ပြဿနာဖြစ်ပြီး ၁၀ ရက်လောက်ကြာတော့ ဂျက်ဖေဖေက သူ့ ဖေဖေကို အိမ်လာတောင်းပန်ခဲ့ပြီး ဂျက်က သူ့ကို တစ်နေရာက ချိန်း၍ တောင်းပန်သည်။ သူမသွားခဲ့သော်လည်း နောက်တစ်နေ့ လမ်းမှာတွေ့ တော့ ဂျက်က ဘာကြောင့်မလာတာလဲ… မေးရင်း တောင်းပန်ခဲ့သည်ကို စကားကောင်းကောင်း ပြန်ပြောခဲ့သည့်အတွက် တောင်းပန်မှုကို လက်ခံ သလို ဖြစ်သွားသည်။ သို့သော် သူ ဂျက်တို့အုပ်စုနှင့် အတူထိုင်တာ…





စကားပြောတာ မရှိခဲ့ပါ။ အခုလည်း ဂျက်က လူမှုရေးပြုံး လှမ်းပြုံးသည်ဟု ယူဆပြီး ငယ့က ပြန်ပြုံးပြလိုက်ခြင်း ဖြစ်သည်။ သို့သော် ဂျက်နှင့် သူ့ ဘော်ဒါနှစ်ဖွဲက ငယ့ခုံသို့ လျှောက်လာပြီး ဝင်ထိုင်လိုက်ကြသည်။

ငယ့သည် သူတစ်ယောက်တည်းရှိသဖြင့် ခြေပစ်လက်ပစ်ကြီး ထိုင်နေသောပုံစံကို ဂျက်တို့ဝင်ထိုင်သဖြင့် ပြင်ထိုင်တာတွေ ဘာတွေမလုပ် ပါ။ ဂျက်က စားပွဲပေါ်မှာတွေ့ရသော ဘီယာခွက်ကို တွေ့တော့ မျက်လုံး ပြူးပြရင်း ပခုံးကို တွန့်သည်။

"ညက ဘယ်သူနိုင်သွားလဲ…"

"ကိုယ်လည်း ပွဲမပြီးလိုက်ဘူး ဂျက်…"

ညကကန်ခဲ့သော အာစင်နယ်နှင့် အင်တာမီလန်ပွဲကို ဂျက်က မေးခြင်းဖြစ်သည်။ ဂျက်နှင့် ညက ဘောလုံးပွဲမှာ တွေ့ကြသည်။ ဂျက် တို့က ပထမပိုင်းအပြီးမှာ ပြန်သွားကြသောကြောင့် အခု ဂျက်က မေးခြင်း ဖြစ်သည်။ ဘောလုံးပွဲပြသည့် လက်ဖက်ရည်ဆိုင်က သူတို့လမ်းထိပ်မှာ ရှိသည်။

ဂျက်တို့က ကြက်ကြော်နှင့် ဘီယာတစ်ဂျား မှာကြသည်။

"အခုတလော မင်း အောင်လက်မှတ်ကလေးတစ်ရွက်တည်း လွင့် လွင့်နေပါလား ငယ့…"

"မိုးရာသီ ဆိုတာ နေ့တိုင်း မိုးရွာတာကိုခေါ်တာမှ မဟုတ်တာ…"

သူ့စကားကြောင့် ဂျက်က သူ့အဖော်နှစ်ယောက်ဘက်သို့ လှည့်ပြီး ကြည့်ရင်း တဟားဟားရယ်လေသည်။ ကျန်သည့် ငတိနှစ်ကောင်ကလည်း လိုက်ရယ်ကြသည်။ ဂျက်တို့အဖွဲ့က ဘီယာဖန်ခွက်တွေထဲကို ဘီယာငှဲ့ ထည့်သည်။ ထည့်ကတည်းက လေးခွက်ထည့်တာ သူတွေ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ မတားခဲ့။ ထင်သည့်အတိုင်းပင် သူ့ဘက်သို့ ဘီယာတစ်ခွက် ရောက်လာသည်။

"ချီးယား(စ်) ယေ့...."

"OK... ပါ"

ဂျက်က ဘီယာအမြှုပ်တွေ နှုတ်ခမ်းတစ်ခုလုံး ကပ်ကျန်နေခဲ့အောင်ပင် ဘီယာကို အငမ်းမရ သောက်ချလိုက်သည်။ ပြီးတော့ လေချဉ်တွေ ဘာတွေ တက်တာကို သူ့ဘာသာ ပြန်ပြီး သဘောတွေကျနေပြန်သည်။ ပြီးတော့မှ ဂျက်က သူ့ဘက်လှည့်ပြီး ပြုံးပြပြီး ကြက်ကြော်ကို ကောက်ဝါးသည်။

"ငါ မင်းကို ပြောစရာရှိတယ် ယေ့... ဒီစကားကို ပြောဖို့ကိုလည်း ငါ အကြိမ်ကြိမ်စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာ"

"အင်း... မင်းဘဝမှာ ဒီလိုလုပ်တာတွေ ဘာတွေရှိတယ် ဆိုတော့ အံ့သြစရာကြီးပါလား ဂျက်... OK ပြောစမ်းပါဦး..."

"ရှိတာပေါ့ကွာ... ငါက ဆိုးတယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ မယုတ်မာဘူးလို့တော့ ထင်တာပဲ၊ ကဲ... ထားပါကွာ... အဲဒီကိစ္စက နောက်မှ ပြောမယ်၊ ငါပြောချင်တာက တစ်ခုကွ... ငါအခုပြောမယ့်စကားရဲ့ အဓိပ္ပာယ်နဲ့ မင်းနဲ့ ငါ ရန်ဖြစ်ခဲ့တာကို ရောမပစ်လိုက်ဖို့တော့ ငါ အရင်ဦးဆုံး ပြောချင်တယ် ယေ့..."

ဂျက်ပုံစံက အလေးအနက်ရှိနေတာကို အံ့သြဖွယ်ရာ တွေ့ရသည်၊ အထူးသဖြင့် ဂျက်၏မျက်လုံးတွေက နည်းနည်းထူးခြား၍ နေသည်၊ ဂျက်ဆီမှာတွေ့နေကျ ပေါ့ပျက်ပျက်မျက်ဝန်းမျိုး မဟုတ်တာတော့ သေချာသည်။





"မင်းက ငါ့ကို အကျိုးနဲ့ အကြောင်းကို ခွဲခြားမသိတဲ့ကောင်လို့ ထင်နေလို့လား ဂျက်..."

"ကောင်းပြီ... အဲဒါဆိုရင် ငါ မင်းကိုပြောပြမယ်၊ ပြောမယ့် အကြောင်းအရာက မင်းတို့ ကျိုက်ထီးရိုးဘုရားဖူးသွားတဲ့ ကိစ္စပဲ..."

ဂျက်စကားကြောင့် သူ ဟက်ခနဲ တစ်ချက်ပြုံးလိုက်သည်။ ကျိုက်ထီးရိုးဘုရားဖူးကိစ္စသည် ဂျက်နှင့် အကြောင်းအရာရော... ခံစားမှုပါ ဘာမှမပတ်သက်သောကြောင့် ဖြစ်သည်။ ကျိုက်ထီးရိုးမှာ သူနဲ့ ကောင်းဖြစ်ခဲ့ရသည့် ကိစ္စကလည်း ဂျက်နှင့် ဘာမျှမဆိုင်ခဲ့ပါ။ ဒီတော့ ကျိုက်ထီးရိုးဘုရားသွားသည့်ကိစ္စ ဆိုလျှင် သူ စိတ်မဝင်စားပါ။

"အဲဒါဆိုရင်တော့ မင်းပြောမနေနဲ့တော့ ဂျက်... အဲဒီကိစ္စက မင်းနဲ့ ဘာမှမှ မဆိုင်တာ..."

"ဟုတ်တယ်... ငါနဲ့က တိုက်ရိုက်ဆိုင်တာ မဟုတ်ဘူး၊ သွယ်ဝိုက်ပြီး ဆိုင်တာ တိုက်ရိုက်ဆိုင်တာက မင်းနဲ့ ယေ့..."

"ငါနဲ့..."

ဂျက်က ဘီယာခွက်ကို ကောက်မပြီး အပြတ်ရှင်းသည်။ သူလည်း ကောက်မလိုက်တော့ သူ့လက်က ဘီယာခွက်ထံသို့ မရောက်။ သူ့လက်ကို လာရောက်ဆုပ်ကိုင်သည့်လက်ကို မော့ကြည့်တော့ 'အကောင်း'...။

"ယေ့... ဒါ မင်းနေရာမဟုတ်ဘူး ပြန်ကြရအောင်..."

"ဟား... အတော်ပဲ ယေ့ရာ... ငါပြောမယ့်ကိစ္စကို ဟုတ်မဟုတ် တစ်ခါတည်းမေးလို့ရတဲ့ သက်သေပါ ရောက်လာတော့ ဟန်ကျတာပေါ့၊ ကဲ... ကိုကောင်းမင်း ခဏထိုင်ပါဦးဗျာ..."

"ကျွန်တော် ထိုင်ဖို့လာတာ မဟုတ်ဘူး... ယေ့ကို ခေါ်ဖို့ လာတာပါ..."



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ… ကျိုက်ထီးရိုးက မင်းတို့ကိစ္စတွေ ပြောမှာ စိုးလို့လား၊ မင်းကို ထိုင်ပါလို့ ငါပြောနေတယ် မဟုတ်လား၊ ငါပြောတာကို မင်း နားထောင်ပြီး ဟုတ် မဟုတ် ရှင်းစမ်းပါ…"

"အဲဒါဆိုလည်း မနက်ဖြန်မှ နေရာတစ်နေရာ ပြောင်းပြီး တွေ့ကြတာပေါ့၊ အခုတော့ ငယုကို ပြန်ခေါ်သွားမယ်၊ ဒီနေရာဟာ ငယု ထိုင်သင့်တဲ့နေရာ မဟုတ်လို့…"

"ကောင်း… ခဏနေဦး… ဒီဆိုင်ကိုထိုင်တာ သူတို့ ခေါ်လာလို့ မဟုတ်ဘူးနော်… ဒါ ငယုဘာသာ ထိုင်တာကို သူတို့က ဝင်ထိုင်တာ"

သူ့စကားဆုံးတော့ ကောင်းက ခေါင်းကို လေးလေးနက်နက်ခါရမ်းသည်။ ပြီးတော့ သူ့ကိုကိုင်ထားသော လက်တွေကိုလည်း ပို၍ တင်းတင်း ဆုပ်ကိုင်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ငယု ထသင့်တယ်… ကောင်းနဲ့လိုက်ခဲ့… ရွှယ်တို့အိမ် သွားရအောင် ဟုတ်ပြီလား…"

ကောင်းက ပြောပြောဆိုဆို ငယုလက်ကိုဆွဲပြီး ထရပ်သည်။

ငယုက လိုက်ရပ်လိုက်တော့ တစ်ဝိုင်းလုံး ထရပ်လိုက်ကြသည်။ ဂျက်၏အဖော်တစ်ယောက်က ကောင်း၏ပခုံးကို လက်လှမ်းတင်ထားသည်။

"မင်း ဘာဖြစ်လို့ ငယုကို ဆွဲထုတ်နေရတာလဲ ကောင်းမင်း… မင်း ယောကျ်ားဆိုရင် အမှန်အတိုင်း မရှင်းရဲဘူးလား…"

ကောင်း၏မျက်နှာပေါ်မှာ ဂျက်၏စကားကြောင့် စိုးရိမ်တုန်လှုပ်နေတာတို့ ဘာတို့ မရှိခဲ့ပါ။ နည်းနည်းစိတ်ရှုပ်ထွေးနေတာလောက်တော့ ရှိသည်။

"မင်းနဲ့ ငါ ဘာမှလည်း မပတ်သက်ခဲ့ဖူးပါလား၊ မင်းနဲ့ ငါ ဘာမှ





ရှင်းစရာမလိုဘူး၊ ဘာအကြောင်းအရာမှလည်း မရှိဘူး၊ မင်း သက်သက်မဲ့ ရစ်မနေနဲ့တော့… ကဲ… လာ… ငယု သွားမယ်…"

"ဟေ့ကောင်…"

ကောင်းက သူ့လက်ကိုဆွဲပြီး လှည့်အထွက် ကောင်းပခုံးပေါ်ကို လက်တင်ထားသည့် ပုဂ္ဂိုလ်က ကောင်းရင်ဘတ်ကို တွန်းပြီး ကောင်း မျက်နှာကို ဖြတ်ရိုက်ချလိုက်သဖြင့် ကောင်း လည်ထွက်သွားသည်။ သူ ကောင်းကို လှမ်းဆွဲပြီး ကောင်းကို ထပ်ထိုးဟန်ပြင်နေသောကောင်ကို ထိုင်ခုံနှင့်ရောပြီး ခြေထောက်နှင့် အားထည့်ကန်လိုက်သဖြင့် ထိုင်ခုံရော လူပါ လုံးထွေးပြီး လဲကျသွားသည်။

"ငယု မင်းမပါနဲ့… ငါတို့ မင်းကို ရန်လိုစရာ အကြောင်းမရှိဘူး၊ မင်းနဲ့ ငါ ဘာမှမဖြစ်ချင်ဘူး ငယု…"

ဂျက်ဖရီက ငယုကိုတားရင်း သတိပေးသလို ပြောသည်။ ဖြစ်နေသည့် ရန်ပွဲထဲသို့ ဂျက်ဖရီလည်း မဝင်ပါ။ ဒါပေမဲ့ ကောင်း ဂျက်၏ လူနှစ်ယောက်ကို မနိုင်ပါ။ ဟိုကောင်တွေက အခြေခံလေ့ကျင့်မှုရှိသည်။ စနစ်တကျသင်ထားပုံလည်း ရသည်။

"ပွဲမမျှဘူး ဂျက်… မင်းကောင်တွေကို ရပ်ခိုင်းလိုက်တော့နော်…"

"………"

"ဂျက် ငါပြောနေတယ်နော်…"

"………"

ကောင်းကို နောက်ကချုပ်ပေးဖို့ တစ်ယောက်က လှစ်ခနဲ ဝင်ကပ်သည့်အချိန်တွင် ငယု၏ခြေရော… လက်သီးရော… တံတောင်ရော… အတွဲတစ်တွဲကို ဝင်ချုပ်ဖို့ ကြိုးစားနေသူ ခံစားလိုက်ရသည်။ သူ နှစ်ကြိမ် သတိပေးပြီးပြီ။ တာဝန်ကျေပြီဟု သူယူဆသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဝင်မပါနဲ့ဆို... ကဲကွာ... ကဲ..."

သူ ဂျက်၏ခြေခတ်ချက်တစ်ချက်နှင့် မျက်နှာလက်သီးတစ်ချက်ကို လွတ်အောင် ရှောင်နိုင်သော်လည်း ပတ်ရိုက်ချက်က ပခုံးကို ထိသည်။ ထိသည့်အရှိန်နှင့် လည်အထွက် ကောင်းနှင့် ဖက်နေကြသောတစ်ယောက်ကျောကို တံတောင်နှင့် ဒူးတွဲဝင်သွားသည်။ ဘယ်ဘက်က ပြေးဝင်လာသည့်မျက်နှာကို လှည့်ထွက်သည့်အရှိန် ပေါင်းပြီး ဖြတ်ရိုက်ချလိုက်သည့်အတွက် အားထည့်ပြီးသားဖြစ်သောကြောင့် တော်တော်အထိနာသွားဟန်တူသည်။ အော်သံက မချိမဆန့်ထွက်လာသည်။

ဂျက်က သူ့ကို နောက်ဖက်က ပတ်ဆွဲပြီး ဝိုက်ကန်သည်။ သူ ဂျက်ကန်ချက်တွေကို အထိခံ၍ မရမှန်း သိသည့်အတွက် လွတ်အောင် ရှောင်တိုင်း ခြေနှင့် တွဲဝင်လာသော လက်ပြန်တစ်ချက်ကို အမြဲတမ်းခံရလေ့ရှိသည်။ အခုလည်း လက်ပြန်က နားထင်ကိုထိပြီး မိုက်ခနဲ လည်အထွက်တွင် ခုနက သူရိုက်ချလိုက်သူ၏ လက်ထဲမှာ လက်ခနဲတစ်ချက်တွေ့လိုက်သည်။

"ဓားနဲ့ထိုးသွားပြီ... ဓားနဲ့ထိုးသွားပြီ... ဓားနဲ့..."

အော်သံတွေ ဆူညံကုန်ကြသည်။ သူ့ရှေ့မှာပင် ခွေခနဲကျသွားသော ကောင်းကို ဆွဲမွေ့လိုက်သည်။ ပထမ ဘာမှမဖြစ်ဟု ထင်လိုက်သည်။ နောက်တော့မှ ဝမ်းဗိုက်ကိုအုပ်ထားသော လက်နှစ်ဖက်ကြားမှ သွေးတွေကို မြင်လိုက်ရသဖြင့် ငယ ပြာထွက်သွားသည်။

"ကောင်း... ကောင်း... တော်တော်များသလား ကောင်း..."

ဂျက်တို့ထွက်ပြေးသွားပြီး ဆိုင်ထဲက လူတွေလည်း ပြေးထွက်ပြီး ရှုပ်ယှက်ခတ်ကုန်ကြသည်။





"ဓားနဲ့ထိုးသွားတယ်... ဓားနဲ့ထိုးသွားတယ်..."

လူတွေ တော်တော်ရှဲသွားကြသည်။

"ကောင်း... ကောင်း... လူနာတင်ကားခေါ်ပေးပါ၊ 119 ကို ဖုန်းဆက်ပေးကြပါ... သွေးတိတ်အောင်လုပ်ဖို့ တစ်ခုခု... ဟာ..."

လူတွေက ကြောင်နေကြတာရော ဓားဒဏ်ရာနှင့်ဆိုတော့ မပတ်သက်ချင်တာရောကြောင့် ငယတောင်းသည့် အဝတ်တစ်ခုခုဆိုတာ ရောက်မလာ။ သွေးတွေက မြင်မကောင်းအောင် ဖြစ်နေသည်။ သွေးအမြန်တိတ်အောင်လုပ်မှ ဖြစ်မည်။

ငယ ဘာမှ စဉ်းစားမနေတော့ပဲ သူဝတ်ထားသော တီရှပ်ကို ဆွဲချွတ်ဖို့လုပ်တော့ ကောင်းက အတင်း ငယလက်ကို ဆွဲထားသည်။

"ငယ မလုပ်နဲ့... မလုပ်နဲ့... မင်းက မိန်းကလေး မလုပ်နဲ့... ငါ သေချင်သေသွားပစေ... မင်းအင်္ကျီကို မချွတ်နဲ့... ငါ... ငါ... မင်းကို..."

စကားသံနှင့်အတူ ပါးစပ်ထဲက သွေးတွေကျလာသည်။ စကားပြောနေရင်း ကောင်းပါးစပ်ထဲမှာ စကားလုံးတွေနှင့် သွေးတွေ လုံးထွေးနေကြသည်။ ဗိုက်တစ်ခုလုံး ပွက်ချွမ်း၍ နာကျင်နေသည်။ သူသေတော့မည်ဟု ထင်လိုက်သည်။

"သွေး... သွေးတွေအရမ်းထွက်နေတယ်၊ အဝတ်တစ်ခုခုပေးပါ အဝတ်တစ်ခုခု... အဝတ်ပေးပါ..."

"ငယ... ငယ... အင်္ကျီကိုမချွတ်နဲ့... ငယ... မင်းက မိန်းကလေး..."

တီရှပ်ကို အောက်က ပင့်ချွတ်ဟန်ပြင်နေသော ငယလက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



သူ့အားရှိသလောက် ဆုပ်ကိုင်ချုပ်ထားလိုက်သည်။ နားထဲမှာ တစီစီ မြည်လာသည်။ အသံတွေ မသဲကွဲတော့...။ သူစကားပြောဖို့ အားယူလိုက်တော့ ပါးစပ်ထဲက သွေးတွေထွက်ကျလာသည်။ သူ နောက်ဆုံးအကြိမ် စကားပြောဖို့ ကြိုးစားသည်။ ငယ်က သူ့မျက်နှာကို ညှစ်ကိုင်၍ အော်နေသည်။

"ငယ်... ငယ်..."

စိတ်ထဲက အော်သည်။ သူပြောချင်သည့်စကားကို ပြောချလိုက်သည်။ ပါးစပ်ထဲက သွေးတွေသာ ထွက်ကျလာ၏။ နာကျင်မှု သူ့ထံမှ ပျောက်သွားသည်။

"အကောင်း... အကောင်း... အကောင်း... အကောင်း..."

❑





ကောင်းမျက်နှာသည် ဖျော့၍ ပိန်ကျသွားသည်မှာ မည်းနက်နေသော မျက်ခုံးမွေးများပင် ဖျော့ကျသွားသည်ဟု ထင်ရသည်။

ဓားဒဏ်ရာက အူကို အနည်းငယ်ထိသွားသဖြင့် အူနည်းနည်းဖြတ်လိုက်ရသည်။ ဒါဆို အူဆိုတာ အော်ရီဂျင်နယ်ဖြစ်သွားတာပေါ့... ဟု ကောင်းက ခွဲစိတ်ပြီး နောက်တစ်နေ့မှာ သူ့ကိုယ်သူ စလိုက်သေးသည်။ အမှန်တော့ ထိုဓားသည် သူ့ထံသို့လာသောဓား ဖြစ်ပါသည်။ ထိုဓားကို ကောင်းက လှမ်းအတွန်းတွင် ကောင်းကို လှမ်းတွတ်သွားခြင်းသာ ဖြစ်၏။ ကောင်းလှမ်းတွန်းလိုက်တာ မထိဘဲ သူ့အရှိန်အတိုင်းသာ သူ့ကို ထိလို့ကတော့ ပွဲချင်းပြီးနိုင်သည်။ အခု ကောင်းတောင်မှ မနည်းကြီးစလိုက်ရသည်။

ဒီနေ့ အစာ စကျွေးလို့ရပြီဟု ဆိုသဖြင့် ဆိတ်ခြေထောက်စွပ်ပြုတ်အရည်ကို ပေါင်မုန့်နှုနှုဖြင့်ကျွေးရန် ငယ်စောင့်နေခြင်း ဖြစ်သည်။ အိပ်ဆေးရှိန်ကြောင့် ကောင်း နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေဟန် တူလေသည်။

သူရောက်နေတာကိုလည်း မသိ။ နံဘေးမှာ ဘာတွေဖြစ်နေတယ်ဆိုတာကိုလည်း မသိ။ သူ ဒဏ်ရာရနေတယ် ဆိုတာကိုတောင်မှ မသိဘဲ ကောင်းသည် ရှီးရှီးကလေးအိပ်မောကျနေသည်ကို ငေးကြည့်ရင်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com

သာမကယ်လျှင် အိပ်နေသူမှာ သူဖြစ်သွားမှာ သေချာသည်ဟု တွေးနေမိသည်။ ကောင်းသည် ဘယ်လိုစေတနာမျိုး ဘယ်လိုကြင်နာမှုမျိုးနှင့် သူ့ကို ဝင်ကယ်လိုက်တာလဲ... ဆိုတာကို သူစဉ်းစားကြည့်နေမိသည်။

သူသိုင်းသင်တုန်းက သူ့ဆရာကြီး ဆရာဦးချစ်သန်းက လေ့ကျင့်မှုအတွက် ဆုံးမခဲ့သည်။ စကားလေးတစ်ခွန်းကို ပြန်သတိရသည်။

'မင်းဆီကို လာနေတဲ့ လက်သီးချက် ဓားချက်တွေကို မင်းရှောင်ပြီး သူ့ကို ပြန်တိုက်ခိုက်ဖို့ အချိန်ဟာ နှစ်စက္ကန့်ပဲ ရမှာ၊ အဲဒီအချိန်ကျမှ ဘယ်လိုလုပ်ရမယ်ဆိုတာ သွားစဉ်းစားနေလို့ မဖြစ်ဘူး၊ အဲဒီအချိန်မှာ လုပ်ပြီးသားကို ဖြစ်နေရမယ်၊ အဲဒီအတွက် လုပ်စရာတစ်ခုပဲရှိတယ်၊ လေ့ကျင့်တာပဲ... လေ့ကျင့်တာကို လူတွေက ခန္ဓာကိုယ်ရဲ့အလုပ်လို့ ထင်နေကြတယ်၊ အမှန်တော့ လေ့ကျင့်တယ်ဆိုတာ စိတ်ရဲ့အလုပ်ပဲ၊ အဲဒီလို လာရင် ဒီလိုလုပ်ရမယ်... ဆိုတာကို စိတ်ထဲမှာစွဲနေအောင် လုပ်တယ် ဆိုတာ လေ့ကျင့်တာပဲ' ဟူ၍ ဖြစ်သည်။

ဆရာ့စကားအရဆိုလျှင် ဓားဦးသည် သူ့ခန္ဓာကိုယ်သို့ ဦးတည်လာနေချိန်တွင် ကောင်းဆီမှာ စဉ်းစားစရာ အချိန်သိပ်မရှိပါ။ ထိုအချိန်ကလေးမှာပင် ကောင်းက သူ့ကို အန္တရာယ်ကင်းစေချင်သည်မှာ ထိုအချိန်ကျမှ စဉ်းစားနေ၍ မရပါ။ ကောင်းသည် သူ့ကို မနစ်နာစေချင်သောစိတ်... မနာကျင်စေလိုသောစိတ်... မထိခိုက်စေလိုသောစိတ်... ကြင်နာသောစိတ်... စေတနာထားလိုသောစိတ်... အို... မေတ္တာပေါ့လေ... အဲဒီမေတ္တာစိတ်ကို အကြိမ်ကြိမ် ကောင်း၏စိတ်ထဲမှာ ရှိခဲ့၍ ဖြစ်ရမည်။ ထိုနည်းမှလွဲ၍ ကောင်းသည် သူ့ကို ကယ်တင်စရာ အခြားနည်းမရှိပါ။ ဒါဆိုလျှင် ကောင်းသည်...





ငယုမျက်နှာတစ်ခုလုံး ရဲခနဲဖြစ်၍ သွားသည်။ သူစိုက်ကြည့်နေမည်ဆိုတာကိုလည်း မသိသော သူ့မျက်နှာ ရဲသွားသည် ဆိုတာကိုလည်း မသိသော ကောင်းအိပ်ပျော်နေသည့် မျက်နှာကိုပင် သူ ငေးမကြည့်ရဲတော့။

သူ့မျက်နှာပေါ်ကို တက်လာပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေသော ရှက်စိတ်ကို ဘယ်လိုထိန်းသိမ်းရမယ်မှန်း မသိသဖြင့် ငယု တစ်ချက်ရယ်လိုက်သည်။ ရယ်သံက နည်းနည်းကျယ်သွားဟန်တူသည်။ နံဘေးနားကပ်ရက်ခုံတင်မှ ပိန်ပိန်ရှည်ရှည်ဦးလေးကြီးက သူ့ကို လှမ်းကြည့်သည့် အကြည့်နှင့် မျက်နှာချင်းဆိုင်မိပြီး သူ့မျက်နှာပေါ်က အရှက်သည် နေစရာမရှိ ဖြစ်သွားသည်။

ထို့ကြောင့် သူ မတ်တတ်ထရပ်သည်။ အဲဒီတော့ သူ့ပေါင်ပေါ်မှာ တင်ထားသည့် ဆိတ်ခြေထောက်စွပ်ပြုတ်ချိုင့်ကြီးသည် အေးအေးဆေးဆေး အိပ်ပျော်နေသော ကောင်း၏ခြေထောက်ပေါ်သို့ မှောက်၍ ကျလေသည်။

"အား..."

အော်သံနက်ကြီးဖြင့် ကောင်းက ခြေနှင့် ခတ်ပစ်လိုက်သော စွပ်ပြုတ်ချိုင့်ကြီးသည် ဆိတ်ခြေထောက်ရိုးများကို ကြဲချရင်း ကားမှောက်သဖြင့် ဆေးရုံရောက်လာသော မာမူကြီးတစ်ယောက်၏ခေါင်းကို ပစ်ရိုက်ရင်း နံဘေးစင်ပေါ်မှ ဆေးပုလင်းများကို တိုက်ချပစ်လိုက်ပြီးမှ ဆေးရုံသံမံတလင်းပေါ်တွင် အသံမျိုးစုံမြည်၍ ပြေးထွက်သွားလေသည်။

ထို့ကြောင့် အရေးပေါ်လူနာအခန်းတစ်ခန်းလုံးသည် တကယ့်အရေးပေါ် ဖြစ်သွားလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ကြက်ရင်အုပ်သားကလေးများကို လက်နှစ်လုံးစီလောက် အတုံးကလေးတွေတုံးပြီး ဂျုံမှုန့်သန့်သန့်နှင့် လူး၍ထားလိုက်သည်။ ဆီနှင့်ကြော်လျှင် အရမ်းကြွပ်သွားမည်စိုးသည့်အတွက် ထောပတ်နှင့်ကြော်ဖို့ စီစဉ်ထားသည်။ ပြီးတော့ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီပွင့်၊ ဘိုစားပဲ၊ ပဲထောပတ်နှင့် မှိုတို့ကို ရေဆေးပြီး ဆန်ကာဖြင့်စစ်၍ ထားသည်။

ဒယ်အိုးထဲကို ထောပတ်ထည့်ပြီး ဂျုံနှင့်နယ်ထားသော ကြက်သားတုံးကလေးများကို ကြော်သည်။ အညိုရောင်သန်းလာတော့ ဆန်ကာထဲမှာ ဆီစစ်ထားရင်း လှီးချွတ်ပြင်ဆင်ထားပြီးသော အသီးအရွက်များကို ကြက်ပြုတ်ရည်ဆူဆူနှင့် ထည့်၍ ချက်သည်။ အရည်အနည်းငယ်ပျစ်သွားအောင် ဂျုံမှုန့်ကလေးထည့်ပြီး မွှေသည်။ ဟင်းရည်ပူပြီး ဆူတော့ အသီးအရွက်ကလေးတွေ မနွမ်းခင် အိုးကိုချပြီး ကြက်သားကြော်ပေါ်သို့ ဟင်းရွက်အရည်ချက်ကို ဆမ်းသည်။ ပြီးတော့ ဆရာက သွေးအားကောင်းဖို့ အမဲသားကျွေးပါ ... ဟု ဆိုသဖြင့် အမဲသား သုံးဆယ်သားကို လက်ကြိတ်စက်ဖြင့် ကြိတ်ထားသည်။ ပြီးတော့ ကြက်သွန်ဖြူနီ ငရုတ်ကောင်း ဂျင်း ရောထောင်းထားသောအနှစ်နှင့် အမဲသားကြိတ်ပြီးသားကို ရော၍ နယ်သည်။





ကြက်ဥကို အနှစ်မပါဘဲ အကာထုတ်ထားပြီး ဂျုံမှုန့်၊ ပဲငံပြာရည်အနောက်တို့နှင့် အမဲသားကို ရောနယ်ပြီး အဝိုင်းလေးတွေလုပ်ပြီး ထောပတ်နှင့်ကြော်ပြီးတော့ ဆီစစ်၍ ပန်းကန်ထဲတွင် သေသေချာချာထည့်သည်။

ရေမိုးချိုးပြီးတော့ ဆေးရုံကို တစ်ခါတည်းထွက်ခဲ့သည်။ ဆေးရုံရောက်တော့မှ ကောင်းကိုကျွေးရင်း ကောင်းနှင့်အတူတူ ထမင်းစားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ကောင်းက သူချက်လာသည့် ဟင်းနှစ်မျိုးထဲက ဘယ်ဟင်းကို ပိုကြိုက်နိုင်မလဲ ... ဟု တွေးကြည့်နေမိသည်။ ကောင်းကြက်သားဟင်းကို ပိုစားသည်ပဲ ထားဦး ... အမဲသားကိုလည်း သွေးအားကောင်းဖို့အတွက် ပိုကျွေးဖို့ လိုမည်။ မစားဘူးဆိုလျှင်လည်း ချော့၍ကျွေးရမည်။ ကောင်း သူ့အတွက် သွေးတွေထွက်ထားတာ မနည်းဘူးမဟုတ်လား။

အမဲသားကြော်နှင့် စားရန်အတွက် မကျည်းနှစ်အချဉ်ကလေးဖျော်ရန် မန်ကျည်းသီး လက်သီးဆုပ်လောက်ကို ရေနွေးထဲစိမ်သည်။ ကြက်သွန်ဖြူကလေးတွေကို အဝိုင်းကလေးတွေဖြစ်အောင် လှီးသည်။ ပင်စိမ်းရွက်ကို နုတ်နုတ်စင်းသည်။ အားလုံး အဆင်သင့်ဖြစ်တော့မှ ရွယ်နှင့်သီရိတို့ ရောက်လာကြသည်။

"အမလေး... အိမ်ရှင်မကြီးရေ ချက်လုချည်လား... ချော်လုချည်လား... ညည်းခန်းကတည်းက ကြော်ထားတဲ့အနံ့က မွှေးနေတာပဲနော် ဘာကြော်တာလဲဟင်..."

"အမဲသား..."

"ဟယ်... မွှေးလိုက်တာ... နည်းနည်းစားကြည့်မယ်နော်..."

စကားသံကြောင့် အထိတ်တလန့် လှည့်ကြည့်တော့ လာမြန်သည့်



www.burmeseclassic.com

www.burmeseclassic.com



သီရိက အမဲကြော်တစ်ဖွဲ့ကို ပါးစပ်ထဲထည့်ပြီး မျက်စိမှိတ် မြည်းနေပြီ။ ဘာကြောင့်မှန်းတော့ မသိ ဟင်းချက်သည့်အချိန်တွင် ကောင်းစားတာကိုပဲ မြင်ချင်နေသဖြင့် အပေါ်အငန်မြည်းတာကိုပင် အမဲကြော် အပွဲကလေး အကျိုးကလေးတွေကိုသာ မြည်းမိသည်။ အခု လက်မြန်ရှိသော သီရိ ပါးစပ်ထဲမှာ မြင်လိုက်ရတော့ ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။

"ဟယ့်... သီရိမရယ် လက်ကလည်း မြန်လိုက်တာ၊ အဲဒါ ကောင်းစားဖို့ လုပ်ထားတာ သီရိမရဲ့..."

"အေးလေ... အခုလည်း ငါ ကောင်းစားသွားတာပေါ့... ဟီးဟီး... ကောင်းလိုက်တာဟာ အမဲသားပြားကြော်လေးက ကြွတ်ပြီးမှ ကြော်တာလားဟင်..."

ငယ်က သီရိမေးတာကို မဖြေဘဲ မျက်စောင်းထိုးပစ်လိုက်၏။ ပြီးတော့ အမဲသားပြားကြော်နှင့် ကြက်ရင်အုပ်ချက်တို့ကို ချိုင့်ထဲ မြန်မြန် ထည့်လိုက်သည်။

"မန်ကျည်းမှည့်က ဘာလုပ်ဖို့လဲဟင်... သြော်... အချဉ်လုပ်ဖို့လား ဖျော်လိုက်မယ်လေ..."

ရွှယ်က မန်ကျည်းမှည့်ပန်းကန်ကို ကောက်ကိုင်လိုက်သည်။

"အာ... မလုပ်နဲ့... မလုပ်နဲ့... ရတယ်... ဘယ်လိုဖျော်ရမယ် ဆိုတာကို ကောင်းက ပြောပြထားလို့ အဲဒီအတိုင်းမှ ရမှာ... မဖျော်နဲ့..."

အထိတ်တလန့်အသံနှင့်အတူ ရွှယ့်လက်ထဲက မန်ကျည်းသီး ပန်းကန်ကို အတင်းပြန်လုရသည်။ ဟုတ်တယ်လေ... မနက်မိုးလင်း ကတည်းက စောစောထ၊ ဈေးသွား၊ ပြုတ်တဲ့ဟာ ပြုတ်၊ ကြော်စရာရှိတာ ကြော်... လှီးချွတ်... ဆေးကြော... အားလုံးပြီးတော့ ကျက်တော့မှ အချဉ် ကလေး ဝင်ဖျော်ပြီး သူလည်းချက်တယ် အပြောမခံနိုင်ပေါင်...





ပြီးတော့ ကောင်းက အမဲသားကြော် ကောင်းတယ်ဆိုရင်... သူ့ အချဉ်ရည်ကြောင့်လို့ ထင်နေဦးမယ်။ သူလည်းပါတယ် ဖြစ်နေဦးမယ် ဆိုသည့် အတွေးတွေကို ဆက်တိုက်တွေးမိသွားသည်။ ဒီလိုတော့ ဘယ် ဖြစ်ခံနိုင်မှာလဲ ဟူသော ပုံက ငယ့်ဆီမှာ အထင်းသားပေါ်၍ နေသည်။

ရွှယ်က ငယ့်ကို အံ့သြသလို ငေးသည်။ ပြီးတော့ သီရိနှင့် မျက်ဝန်းချင်းဆုံသည်။ ပြီးတော့ မဲ့ပြလိုက်ကြပြီး ပြိုင်တူ မျက်နှာလွှဲလိုက်ကြ သည်။

ငယ့် ရေချိုးပြီးတော့ ရွှယ့်မျက်နှာကို တစ်ချက်ကြည့်တော့ ရွှယ် သည် မိတ်ကပ်ပါးကလေးခံပြီး သနပ်ခါးကို ဖုံနေအောင် လိမ်းထားသည်။ ပါးပြင်ပေါ်မှာ နှစ်ဖက်ညီညာသော ပါးကွက်ကလေးတွေ ကွက်ထားပြီး သနပ်ခါးကို ဘီးအစင်းရာကလေး ပေးထားပုံက အပျိုစင်မိန်းကလေး တစ်ယောက်ရဲ့ လျှို့ဝှက်မြေပုံလို ဖြစ်နေသည်ဟု ငယ့်ထင်ချင်သည်။ နှာသီးဖျားကလေးပေါ်မှာ သနပ်ခါးစက်ကလေးတင်ထားပုံက အပြစ်ကင်း သော ရွှယ့်မျက်နှာကို ပို၍ဖြူစင်သော ကလေးဆန်သည့် ရိုးသားမှုကို ရစေသည်။ ရွှယ်သည် ဆံပင်ရှည်ရှည်တွေကို ကျစ်ဆံမြီးနှစ်ဖက် စည်း၍ ထားသည်။ လည်စေ့ ကြယ်သီးပြားခပ်ကြီးကြီး အင်္ကျီလက်ပြတ်ကလေးကို ဝတ်ထားပြီး အင်္ကျီလက်ပြတ်ကြောင့် ပေါ်နေသည့် လက်မောင်းပေါ်မှာ လည်း သနပ်ခါးတွေကို ဖုံနေအောင် လိမ်း၍ ထားသည်။

အားလုံးကို ခြုံကြည့်လျှင် ရွှယ်သည် လူမမာမေး သွားသည်နှင့် မတူပဲ စေ့စပ်ပွဲသွားသလောက်နီးနီး ပြင်ဆင်၍ ထားသည်ဟု ငယ့်ထင် သည်။ ကောင်းက သူချက်ထားသည့် ထမင်းဟင်းတွေကို စားရင်း သနပ်



www.burmeseclassic.com

www.burmeseclassic.com



ခါးရန့်ကို မွှေးနေဦး ရှူနေဦးမှာလား… ဟု တွေးမိပြန်သည်။ ဒါပေမဲ့ သူ့မှာ ပြိုင်လိမ်းသွားစရာ သနပ်ခါးတုံးမရှိ။ ကျောက်ပျဉ် မရှိ။

ငယုက အဖြူနုရောင် တီရှပ်ကလေးနှင့် မိုးပြာရောင်ဂျင်းဘောင်းဘီကို ဝတ်လိုက်သည်။ သူ့ပုံစံသည် ရွယ်ထက်ပင် ပို၍ ကို့ရိုးကားရားနိုင်သေးသည်ဟု ထင်မိသည်။ သီရိတစ်ယောက်ပဲ အဝတ်အစားနှင့် ပတ်သက်၍ အဆင်ပြေသည်ဟု တွေးလိုက်သည်။

ဆေးရုံကိုရောက်တော့ သယ်လာခဲ့သမျှတွေကို လွှင့်ပစ်လိုက်ချင်လောက်အောင်ကို ရင်မော၍ သွားသည်။ ကောင်းက သူ့နှမ မူယာမင်းခွံ့ကျွေးနေသောထမင်းကို စားနေပြီဖြစ်၏။ ရင်ထဲတွင် ဒေါသနှင့် နင့်ခနဲနေသော ဆုံးရှုံးမှုကြီးတစ်ခုကို ခံစားလိုက်ရသည်။ သူ့ခန္ဓာကိုယ်တစ်ကိုယ်လုံးတွင်ရှိသည့် အကြောအချဉ်တွေ တောင့်တင်းသွားပြီး သူ့မျက်နှာတစ်ခုလုံး မာကြောသွားလေသည်။ မျက်နှာပေါ်ရှိ ကြွက်သားတွေ ရုတ်တရက် မာကြောသွားတာကို သူ ပြန်၍လျှော့ချ၍ မရတော့။ ဒါကို မျက်နှာပျက်သည်ဟု ခေါ်သည် ထင်သည်။

“မေမေက ကကတစ်ကိုကြော်ပြီး ကြက်သွန်ဥ အကွင်းကြီးတွေနဲ့ ပြန်နှပ်တာရယ်… ချဉ်ပေါင်ချဉ်ရည်ဟင်းရယ်… တို့စရာ တညင်းသီးလေးတွေရော သခွားသီးလေးတွေရော ထည့်ပေးလိုက်တာနဲ့…”

ကောင်းက သူဆွဲလာသောချိုင့်ကို ကြည့်ပြီး အားနာသောလေသံသံ့သံ့ဖြင့် ဆိုသည်။

အရင်တုန် ကစိတ်နှင့်ဆိုလျှင် သူ့လက်ထဲက ပစ္စည်းတွေအားလုံးလေထဲကို ရောက်ကုန်မှာ သေချာသည်။ ဒေါသက အရင်တုန်းက ဒေါသဆိုသော်လည်း ဒေါသကိုဖြစ်စေသည့် ကိစ္စက အရင်တုန်းကလို ကိစ္စမျိုး





မဟုတ်သဖြင့် ငယု ဘာမှ မတတ်နိုင်ခဲ့။ ငယု၏ရင်အစပ်သည် ဘယ်ကိုမှ မပြေးရဘဲ နိမ့်ချည်မြင့်ချည်ဖြစ်ပြီး မော၍လာသည်။

“ရပါတယ်… ရတယ်… စားလို့ကောင်းတာပဲ စားပေါ့…”

“ဟို… ငယုက ဘာတွေချက်လာတာလဲဟင်…”

“ဒီလိုပါပဲ… ကောင်းမယ်ထင်တာလေးတွေပါ၊ ရပါတယ်…”

“ညနေစာ စားမယ်လေ ယုရဲ့ ဘာတွေလဲဟင်…”

“အို… သိပ်မကောင်းပါဘူး စားမနေပါနဲ့…”

ငယုက ကောင်းမျက်နှာကို မကြည့်တော့ဘဲ ဘေးဘက်သို့လွှဲရင်းပြောသည်။ ထိုစဉ်မှာပင် ကောင်းနှင့် တစ်ခုတင်ကျော်က သူတို့ကို ငေးနေသောလူတစ်ယောက်ကို တွေ့ရလေသည်။ ထိုလူက ဆိုက်ကားဆရာဟုဆိုသည်။ Accident တစ်ခုဖြစ်ပြီး ရောက်လာမှန်းထက် ပိုပြီး ဘာတစ်ခုမှ ငယု မသိ။ တစ်ခါတစ်ရံ သူ့ဇနီးဆိုတာ လာတတ်သည်။ စိတ်မြန်သော ငယုသည် လုပ်စရာရှိတာကို ချက်ချင်းလုပ်ပစ်လိုက်သည်။

“ခင်ဗျား ဗိုက်ဆာနေတာ မဟုတ်လား… အိမ်က မလာသေးဘူးလား…”

“ကျွန်တော့်မိန်းမက…”

“ပြောမနေနဲ့… ဒီမှာ ခင်ဗျားအတွက် ဟင်းပါတယ်၊ စားမယ် မဟုတ်လား… ဒါက အမဲသားကြော်… ဒါက ကြက်ရင်အုပ်သားကို ချိုချဉ်ချက်ထားတာ စားလေ…”

သူ ဟင်းချိုင့်ကို ရှေ့တိုးပေးလိုက်တော့ ထိုလူက အမဲသားပြားကြော်ကို ကောက်ယူပြီး အားရပါးရ စားလိုက်သည်။ ထိုလူ့မျက်နှာမှာ ခင်းပသောအလင်းရောင် ချက်ချင်းရောက်လာပြီး အမဲသားတစ်ပြား ကုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


"အချဉ်ရေနဲ့ တို့စားလေ…"

ထိုလူက နောက်တစ်ပြား နောက်တစ်ပြား ကြက်ရင်အုပ်ကလေး ကြော်လည်း နောက်တစ်ဖွန်း… တစ်ဖွန်း မျက်လုံးအဝိုင်းသားနှင့် လှမ်းငေးနေသော ကောင်းကို ကြည့်ပြီး ငယု ဝမ်းသာနေမိသည်။ စိတ်ထဲမှာ သဲအိတ်ကို အားပါးတရ ထိုးလိုက်ကန်လိုက်ရသလို ကျေနပ်နေသည်။

ထိုစဉ်မှာပင်…

"အမလေး… ဒုက္ခပါပဲ… ဒုက္ခပါပဲ… ညနေ ခွဲမှာမို့ ဘာအစာမှ မစားရဘူးလို့ ဆရာဝန်ကြီးက မှာထားရက်နဲ့… ဒုက္ခပါပဲ… ဘယ်သူက ဘာကိစ္စနဲ့ လာကျွေးရတာတုန်းဟဲ့…"

ဆေးရုံဝင်းတစ်ဝင်းလုံးကြားလောက်သော ဝမ်းခေါင်းသံကြီးကြောင့် ငယုမျက်နှာမှာ ဆီးရှက်လောက်သာ ရှိတော့သော ကြောက်ရွံ့ခြင်းကို ပထမဦးဆုံး ခံစားလိုက်ရလေသည်။

ထိုလူ၏ဖနီးက အော်ဟစ်၍ သောင်းကျန်းသည်။ ဆရာဝန်ကြီးတွေလည်း အလုပ်တွေရှုပ်ကုန်သည်။ ဆိုးသည်က ထိုလူနာကို ဒီနေ့ ခွဲစိတ်ရန်အတွက် မနက်ခင်းက အသုံးပြုထားသော ဆေးဝါးဖိုးကုန်ကျငွေ ဖြစ်သည်။ ယောကျ်ား ဆေးရုံရောက်နေသဖြင့် ဒုက္ခရောက်နေသောမိန်းမ တစ်ယောက်အတွက် ထိုငွေကြေးပမာဏမှာ နောက်တစ်ကြိမ်ရဖို့ မလွယ်ကူပါ။ နောက်တစ်ချက် ဒီနေ့ ခွဲစိတ်ရန် Date ယူထားကြသော ဆရာဝန်ကြီးတွေရဲ့အခက်အခဲပင် ဖြစ်သည်။ နောက်ထပ် Date ရဖို့အတွက် ဆယ်ရက် တစ်ပတ်လောက် စောင့်ရဦးမည် ဖြစ်သည်။

ဒီတော့ ငယု တောင်းပန်သင့်တာတွေကို တောင်းပန်ရသည်။ လျော်သင့်တာတွေကို လျော်ရသည်။ ဒါတောင်မှ စေတနာနဲ့ ကျွေးမိတာ



ဟူသော ခေါင်းစဉ်အောက်မှာမို့ တော်သေးသည်။ ကောင်းကိုရွဲ့ပြီး ကျွေးမိတာ ဆိုသည်ကိုများ သိသွားခဲ့လျှင် မလွယ်ပါ။

ကောင်းကို ဆေးရုံတွင် သွားရောက်ပြုစုရသော အဖြစ်အပျက်များနှင့် လုပ်ဆောင်ရသည်များမှာ ငယုအတွက်တော့ အလွန်တရာ ခက်ခဲသော နေ့ရက်များကို ဖြတ်သန်းရခြင်းသာ ဖြစ်ပါသည်။ မိန်းကလေးများအတွက် သာမန်ကိစ္စကလေးများသည် ငယုအတွက်တော့ အကြီးအကျယ် စွန့်စားခန်း ဖြစ်နေတတ်သည်။

ထမင်းအိုး စတည်သည့်နေ့က ပေါင်းအိုးတွင်လင်းနေသော မီးအလင်းရောင်ကိုကြည့်ပြီး မနေတတ် မထိုင်တတ်တွေ ဖြစ်နေခဲ့ရသည်။ ကြက်သွန်နီလှီးတော့ မျက်ရည်ကျသည်။ ကြက်သွန်ဖြူကိုင်ပြီးတော့ လက်တွေနံသဖြင့် တစ်နေ့လုံး ရေဆေး၍ မဆုံးတော့။

စားလျှင် မိနစ် ၂၀ ခန့်သာကြာသော ထမင်းနှင့် ဟင်းကို တစ်မနက်လုံးချက်ရသည့် သည်းခံနိုင်မှုကပင် မလွယ်။ ဆယ်နာရီခွဲမှာ သင့်တင့်သော ထမင်းနှင့် ဟင်း ချက်ပြုတ်ပြီးသွားတော့ မီးဖိုချောင်သည် တိုက်ပွဲဖြစ်ပြီးစ စစ်မြေပြင်တစ်ခုလို မွစာကျဲပြီး ကျန်ရစ်ခဲ့သည်။ လူတစ်ကိုယ်လုံးက သားနံ့ ငါးနံ့ ကြက်သွန်နံ့ ချွေးနံ့တွေနှင့် စုတ်ပြတ်ကျန်ခဲ့သည်။ အားကုန်ပြီး စိတ်ဓာတ်လည်း တော်တော် ကျကျန်ရစ်ခဲ့သည်။

အဲဒီလိုဖြစ်ပြီးတော့ ကောင်းကို ချက်လာတာ ကျွေးမွေးသည့်အခါကျတော့ သူကျွေးတာကို စားရင်းနှင့် ကောင်း မျက်နှာပျက်နေပုံမှ ဆေးရုံစတက်သည့်နေ့ကထက် ဆိုးလေသည်။ ပါးစပ်ထဲရောက်သမျှကို ကြိတ်မှိတ်ပြီး မြိုချနေသော ကောင်းကို ပထမ ဒဏ်ရာကြောင့် ကြိတ်မှိတ်ထား နေရသည်ဟုပဲ သူက ထင်နေခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

"နောက်နေ့ ဘာစားချင်စိတ်ရှိလဲဟင် ကောင်း..."

သူကျွေးသမျှကို ခေါင်းကိုငုံ့ကာ ဝါးနေသော ကောင်းက ကမန်းကတန်း သူ့ကို မော့ကြည့်ပြီး အရေးတကြီးပြောသည်။

"ဟော... ယေ... မင်းတစ်ယောက်တည်း ချက်ရတာ မဟုတ်လား... နေ... နေပေ့စေ ယေုရာ ရပါတယ်၊ ယေုကို အားနာပါတယ် နေပေ့စေ... မူယာ မင်းတို့လည်း အားနေတာပဲ... သူတို့ချက်မယ်တဲ့..."

"မဟုတ်တာ... ယေုချက်ပါ့မယ် ဘာစားချင်လဲပဲ ပြော... ပေါ်တူကိုကြက်သွန်နီဟင်းချို သောက်မလား... ဂျာမနီအာလူးသုပ် စားမလား... အမေရိကန်ပဲပြုတ်ပေါင်း စားမလား... ပြင်သစ် ကန်စွန်းရွက်ဟင်းချို သောက်မလား... ဂရိသက်သတ်လွတ် စားမလား..."

သူရွတ်ပြသော ဟင်းနာမည်တွေကို ကြားတော့ ကောင်း မျက်လုံးပြူးသွားလေသည်။ သူကတော့ အမှန်အကန်ပြောခြင်း ဖြစ်သည်။ စားချင်တာကို လုပ်ပေးမည်ဆိုသည့် မာနက လဲ ရှိသည်။

"မချက်ပါနဲ့ ယေုရယ်... မင်းပင်ပန်းနေပါ့မယ်၊ ဆေးရုံကို မှန်မှန်လာရင် တော်ပါပြီ၊ ဟင်းမချက်ပါနဲ့..."

"ရပါတယ်ဆိုမှ ကောင်းကလည်း ချက်ရတာ အဆင်ပြေပါတယ်၊ ဘာခက်လို့လဲ ဘာစားမလဲ ပြော..."

သူက စာအုပ်ထဲမှာပါသည့်အတိုင်း လိုက်ချတ်ပြီး ထည့်ဆို ထည့်လိုက်တာ ဖြစ်သည်။ မြည်းလည်း မမြည်းတတ်။ ဘာက ဘယ်လောက်ဆိုသည့် လက်စကိုလည်း မသိ။ နှစ်ရက်လောက်ကြာတော့ ကောင်းသည်းမခံနိုင်တော့ဟန် တူသည်။ မူယာမင်းတို့ ထမင်းလာပို့တော့ ယေုက ဘေးက လူကို ကျွေးပစ်သဖြင့် ပြဿနာတက်ကြလေသည်။





ဒီတော့ ကောင်းက သူ့ညီမလေး မူယာမင်းကို မနက်ပိုင်း သူ့အိမ်ကို လွှတ်ပေးသည်။ သူ မူယာမင်းနှင့် ဈေးကို အတူသွားတော့မှ ဟင်းချက်ခြင်းနှင့် ပတ်သက်၍ သူ ဘာမှ မသိကြောင်းကို သေသေချာချာ နားလည်သွားသည်။

ထိုဟင်းအမည်များမှာ 'ဆရာမ စိန်စိန်မြင့်' ရေးသားသော 'နိုင်ငံတကာချက်နည်းပြုတ်နည်းများ' ထဲမှ ဟင်းအမည်များ ဖြစ်ပါသည်။

မူယာမင်း ဈေးဝယ်ပုံမှာ တော်တော်စနစ်ကျသည်။ ဈေးကို တစ်ပတ်ပတ်ရင်း ဘာဟင်းချက်မယ် ဆိုတာကို စိတ်ကူးယဉ်လိုက်သည်ဟု ဆိုသည်။ တွေ့သည့်သားငါးများနှင့် ချက်စရာကို စိတ်ကူးယဉ်ပြီးပြီ ဆိုလျှင် အိမ်မှာရှိတာနှင့် လိုအပ်တာကို ဝယ်ဖို့ စီစဉ်သည်။ သားငါးနှင့် အသီးအရွက်များကို တွေ့သည့်ဆိုင်မှာ မဝယ်ဘဲ လတ်သည့်ဆိုင်မှာ ဝယ်သည်။ ပစ္စည်းတိုင်းကို ဈေးမဆစ်ဘဲ ဖြစ်သင့်သည့်ဈေးထက် များနေသည်ဟု ထင်တာတွေကိုပဲ ဆစ်သည်။ အချိန်အတွယ် မှန် မမှန်ကိုလည်း မျက်မှန်းနှင့်ပင် သိသည်... တဲ့...။

ငါးပတ်မွှေ၊ ကန်စွန်းရွက်ချဉ်ရည်ဟင်း၊ ပြည်ကြီးငါးချက်၊ ပဲစောင်းလျားသီးသုပ်၊ တို့စရာက ခရမ်းကြွပ်သီး၊ သခွားသီး၊ မုန်ညင်းရွက်ပြုတ်... မူယာမင်း လုပ်သွားတော့လည်း ဘာမှ ပင်ပန်းသည်ဟု မထင်ရ။ သူ့အစီအစဉ်နှင့် သူ ကောက်လုပ်သွားရုံသာ ဖြစ်သည်။ ချက်ပြုတ်ပြီးသွားတော့ ယေုချက်တုန်းကလို ရှုပ်ပွပြီးတော့လည်း မကျန်ရစ်ခဲ့။ ဟင်းလည်းကျက်... မီးဖိုချောင်လည်း ရှင်းပြီးသားတောင် ဖြစ်သွားသေးသည်။ ယေုသည် မူယာမင်းကို ထမင်းဟင်းမချက်မီကထက် ပို၍ ချောလာသည်ဟုပင် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မူယာက ဘယ်နှနှစ်ထဲက သင်ထားတာလဲဟင်…"

"သင်ထားတယ် မဟုတ်ပါဘူး… ငယ်ငယ်ကတည်းက မေမေနဲ့ ကူလုပ်ပေးရင်း တတ်တာပါပဲ၊ အထူးသင်ထားတာ မရှိပါဘူး၊ မူယာ လောက်တော့ မိန်းကလေးတိုင်း အမေတွေကို ဝိုင်းလုပ်ပေးရင်းနဲ့ တတ် သွားကြတာပါပဲ…"

မူယာ့စကားကို ကြားရတော့မှ ဓာတ်ပုံသာ မြင်လိုက်ရသောအမေ ကို လွမ်းမိသည်။ သို့သော် ဘယ်အရာကိုမဆို လွယ်လွယ် အလျှော့မပေး တတ်သော ယှဉ်ပြိုင်တတ်လေ့ရှိသော သင်ယူခြင်းနှင့် လေ့ကျင့်ခြင်းကို ဝါသနာပါသော ငယုသည် မူယာနှင့် ၃ ရက်လောက် အတူချက်ပြီးသည် နှင့် တစ်ကိုယ်တည်းကျဲတော့သည်။

၁၀ ရက်လောက်နေတော့ တော်တော်အဆင်ပြေသွားသည်။ ဖေဖေ က ဘီယာဖြတ်ပစ်လိုက်သည်။

"ဖေဖေက ဘီယာကို သောက်ချင်လို့ သောက်နေတာ မဟုတ် ဘူးကွ၊ ထမင်းစားဖို့ ဟင်းစောင့်ရင်း အပျင်းပြေ ဆိုပြီး သောက်တာ၊ အခု ထမင်းက အိမ်မှာစားလို့ရပြီ ဆိုတော့ ဘာဖြစ်လို့ ဘီယာသောက် တော့မှာလဲ…"

ဖေဖေသည် ပြောင်းလဲလာသော သူ့အတွက် တော်တော်ဝမ်းသာ နေတာကို သူသိပါသည်။ သူမှတ်မိသလောက် ဖေဖေ့ကို ရက်ရှည် ဒီလောက်ပျော်ရွှင်မှုရအောင် သူ တစ်ခါမှ လုပ်မပေးနိုင်ခဲ့။ ဝူရှုးပြိုင်ပွဲ တွင် ပထမရစဉ်တုန်းကပင် တစ်ညသာ ပျော်ရွှင်မှုပေးနိုင်ခဲ့သည်။ အခု ဆိုလျှင် ဖေဖေသည် မနက်စာကို မိုးလင်းသည်နှင့် အော်ကြီးဟစ်ကျယ် နှင့် စီစဉ်ဖို့ ပြောနေတတ်သည်။ သူ့ဧည့်သည်တွေကို အိမ်ခေါ်ပြီး ထမင်း





ကျွေးရင်း ငယုကို ကြွားတတ်သေးသည်။ ဖေဖေသည် ကစားစရာအသစ် ရသော ကလေးတစ်ယောက်လို ဖြစ်နေသည်။ ဖေဖေ၏ပျော်ရွှင်နေသံကို နေရာတိုင်းတွင် ကြားလာရသည်။

ယခင်တုန်းက တိတ်ဆိတ်ငြိမ်သက်ခဲ့သော ငယုတို့အိမ်ကလေး သည် အသံထွက်လာသည်။ ဘယ်တုန်းကမှ မရှိခဲ့ဖူးသော သားအဖနှစ် ယောက် ထမင်းစောင့်စားတာတွေ ဘာတွေဖြစ်လာသည်။

ယင်းသို့ဖြင့် ငယုသည် ငါ အရင်လိုမဟုတ်တော့ဘဲ ငါ မိန်းကလေး ဘဝကို ရအောင် ပြန်ပြောင်းလဲမယ်… ဟူသော ကတိစကား… ရည်ရွယ် ချက်… ဆုံးဖြတ်ချက်တို့နှင့် ပြောင်းလဲခဲ့ခြင်းမျိုး မဟုတ်ဘဲ မသိမသာ တစ်စစ ပြောင်းလဲမှန်းမသိ ပြောင်းလဲခဲ့ရခြင်း ဖြစ်ပါသည်။

လူတစ်ယောက်၏နှလုံးသား ပြောင်းသွားသည့်အခါတွင် ကျန် ပြောင်းလဲမှုများမှာ သေးဖွဲသော အားကလေးမျှနှင့်ပင် အောင်မြင်နိုင်သည် မှာ သေချာလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

"ယုကို မေ့များနေတာလား မသိဘူး… မနေ့က သတိပေးလိုက် ရဲ့လား…"

"ပေးလိုက်ပါတယ် ရွယ်ရဲ့… ဆေးရုံကဆင်းဖို့ စာရွက်စာတမ်း တွေရော… စခန်းနဲ့ ကိစ္စတွေရော… အကုန်လုံး သူပဲ လုပ်ပေးခဲ့တာပဲ…"

"ဒီမှာ လုပ်ပေးခဲ့တာတော့ ဟုတ်တယ်လေ… မနက်မိုးလင်း တော့ အရင်နေ့တွေလိုပဲ မေ့ပြီးတော့ ဈေးသွား ချက်ပြုတ် လုပ်နေမှာ စိုးလို့…"

သီရိနှင့် ရွယ်က ပစ္စည်းတွေသိမ်းကြရင်း ဆင်းဖို့ အဆင်သင့် စီစဉ်နေကြသည်။ ဆေးရုံအုပ်ကြီးရောက်လာလျှင် ခွင့်ပြုချက်ယူပြီးသည် နှင့် ဆင်း၍ရပြီ ဖြစ်သည်။ မထင်မှတ်ဘဲ ဆေးရုံမှာ နှစ်လကျော်ကျော် လောက်နေခဲ့ရသော ကောင်းမင်း၏အတွေ့အကြုံသစ်လည်း ဖြစ်သည်။





မျှော်နေကြတုန်းမှာ တောက်တဲ့နှင့် ဒေစီတို့လည်း ရောက်လာကြသည်။ ထွန်းကိုက အောက်မှာ ကားအဆင်သင့်လုပ်ထား၏။

ကောင်းမင်းက သူနှင့် ခုတင်ကပ်ရက်က ဆေးရုံဖော်ကို နှုတ်ဆက် စကားပြောနေသည်။ ရွယ်က နောက်ဆုံးကျန်သော ခုတင်အခင်းကို ခေါက် နေသည်။ ကောင်းမင်းနှင့် ရယ်ရယ်မောမော စကားပြောနေသော ဆေးရုံ ဖော်သည် ကောင်းမင်းကို ကျော်ကြည့်ပြီး အံ့သြသလိုမျက်နှာနှင့် မျက်လုံး ပြူး၍ သွားသည်။ ကောင်းမင်းပြောနေသောစကားကို စိတ်မဝင်စားတော့ သဖြင့် ကောင်းမင်းလည်း အံ့သြပြီး နောက်လှည့်ကြည့်လိုက်သည်။

ကောင်းမင်းမျက်စိထဲမှာ ဘာမှ ထူးထူးခြားခြား မတွေ့ရပါ။

ဒါပေမဲ့ ရွယ်က အာမေဋိတ်သံ ထွက်လာသဖြင့် ကောင်းမင်း လှမ်းကြည့်တော့ ရွယ့်ကို အံ့သြနေတာ တွေ့ရသည်။ ရွယ့်ဘေးက သီရိက ခေါင်းအုံးကို ကိုင်လျက် ပါးစပ်ကလေးပြဲ၍ နေသည်။ တောက်တဲ့က လည်း သူ့ကို တအံ့တသြနှင့် ဘယ်လိုလဲ… ဆိုသည့် အိုက်တင်နှင့် မေးကို ထိုး၍ ပြသည်။

ဘာပါလိမ့်… ဆိုသော အံ့သြမှုနှင့် ထပ်ကြည့်တော့မှ သူ့ပါးစပ်က 'ဟာ' ခနဲအသံသည် သူ့ဝိညာဉ်တစ်ခုလုံး ကြားလောက်အောင် စိတ်ထဲ တွင် လက်ခနဲ ပေါက်ကွဲထွက်သွားသည်။

"ငယု…"

ခရမ်းရောင်အဖြူဖောက် ပိုးပျော့ ခဝဲပွင့်လက်နှင့် အင်္ကျီ…။ ခြေ ထောက်တွေဖုံးသွားသည်အထိ သွယ်လျရှည်လျားသည့် နို့နှစ်ရောင်စကတ် ချပ်ချပ်ရပ်ရပ်… ဆံပင်အတိုကို ပုံသွင်းပြီး သပ်သပ်ရပ်ရပ်ဖြီးထားသည်။ စိတ်ကပ်ပါးပါးကလေးလိမ်းထားပြီး ခရမ်းရောင်နှုတ်ခမ်းနီပါးပါးကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုးထားသည်။ ကော့ရွှန်းနေအောင်လုပ်ထားသော မျက်ဝန်းများနှင့် ခရမ်း ရောင်နှုတ်ခမ်းနီပါးပါးတို့ကြောင့် ရုတ်တရက် ငယုကို မမှတ်မိခြင်း ဖြစ် ပါသည်။

မှတ်မိသွားတော့လည်း ကောင်းမင်းကြောင်ပြီး ငေးကြည့်နေမိလေ သည်။ ကောင်းမင်း ငေးကြည့်နေမိတာကို ဘယ်သူမှ အပြစ်ပြောနိုင်မှာ မဟုတ်ပါ။ သူတို့လည်း ငေးကြည့်နေကြသောကြောင့် ဖြစ်သည်။

"သိပ်အံ့သြစရာတော့ မဟုတ်ပါဘူး၊ အားလုံးဖြစ်စေချင်တဲ့ ဆန္ဒ လို့ ထင်ပါတယ်၊ ဒီနေ့ကို ရွေးချယ်တာကတော့ အမှတ်တရဖြစ်အောင် လို့ပါ၊ ဒါတွေနဲ့ ငါ သိပ်တော့ နေသားတကျကြီး မဖြစ်သေးဘူး၊ ဒါတွေ အားလုံးကို မင်းညီမကပဲ ငါ့ကိုဆင်ပေးတာ ကောင်းရဲ့... ရှယ်... ရှယ်... ကိုယ့်ကို စကားလေးတစ်ခွန်းလောက်တော့ ပြောဖို့ ကောင်းတာ ပေါ့... ငါလည်း မနေတတ်တော့ဘူး..."

ငယုစကားတွေကို အားလုံးက ခဏကြောင်ပြီး ငေးနေကြသေး သည်။ ပြီးတော့မှ ဝမ်းသာအားရ လုပြောကြသော စကားသံတွေ ဆူညံ သွားကြသည်။

"ယုကိုရယ်... နင် လှလိုက်တာဟယ်... ငါ တကယ်ကို မမှတ်မိ တာ၊ နင် အဲဒီလိုပဲ နေပါတော့ဟယ်..."

"ယုကို... နင်ဟယ်... နင်... ငါတော့ ဘာပြောရမှန်းတောင် မသိတော့ဘူး၊ နင်က ငါတို့ကို အမြဲတမ်းအံ့သြအောင် လုပ်နိုင်တယ်... သိလား..."

"မိုက်သွားပြီ... မိုက်သွားပြီ... ယုကိုကတော့ OK သွားပြီ... OK သွားပြီ..."





"ဟော့ကောင်... အကောင်း... ညက မီးတွေ လင်းခနဲဖြစ်သွားတာ တို့ ဝုန်းဒိုင်း... ဝုန်းဒိုင်းအော်သံတို့ ဘာတို့ မကြားမိပါဘူးနော်..."

"ဘာဖြစ်လို့လဲ..."

"အာ... ငါ့စိတ်ထဲမှာ ပန်းကန်ပြားပျံတွေ ဘာတွေဆင်းလာပြီး ဂြိုဟ်သားတွေက ယုကိုကို ရောင်ခြည်တွေ ဘာတွေနဲ့ ပစ်သွားသေးလား လို့..."

တောက်တဲ့စကားဆုံးတော့ အားလုံးက ဝိုင်းရယ်လိုက်ကြသည်။

"မင်းတို့က ဘာဟုတ်သေးလဲ... ငါကမှ အပီခံလိုက်ရတာ စီး ကရက်ကလေးသောက်ပြီး ကားစောင့်နေတာ၊ အစ်ကို အရေးပေါ်ဌာနကို ဘယ်ကနေသွားရလဲလို့ လာမေးတော့ တစ်ချက်ငမ်းပြီး လမ်းညွှန်တယ်၊ အဲဒီမှာတက်နေရတဲ့ ကိုကောင်းမင်းဆိုတာကို သိလား... ဆိုတော့မှ အံ့သြပြီး ကြည့်မိတော့မှ သိတာ၊ အချင်းချင်း လာအချဉ်ဖမ်းတာ ဟော့ ကောင်ရေ... ကံကောင်းလို့..."

ထွန်းကိုစကားဆုံးတော့ အားရပါးရ ရယ်လိုက်သံသည် အရေးပေါ် လူနာထားခန်းထဲတွင် ရှိနေသော ထိတ်လန့်မှု၊ ဝမ်းနည်းမှု၊ အဆင်မပြေမှု တွေကိုပါ ပျောက်ကွယ်သွားစေသည်ဟု ထင်ရသည်။ ငယုက သူထမင်း ကျွေးခဲ့သော ဦးလေးကြီးကို နှုတ်ဆက်တော့ ထိုဦးလေးကြီးလည်း အံ့သြ၍ နေသည်။ မမှတ်မိဟု ဆို၏။ ယခင်က မျက်မှန်းတန်းမိရုံ လူနာများ လည်း အံ့သြကြ ဝမ်းပန်းတသာ ဖြစ်ကြရလေသည်။

ဆရာဝန်ကြီးနှင့် ရဲအဖွဲ့ကလည်း အံ့သြကြသည်။ အဲဒီအထဲမှာ ဆရာဝန်ကြီးပြောသည့်စကားက ဆရာဝန်ကြီးဆိုသော ဂုဏ်ပုဒ်နှင့် အညီ တန်ဖိုးရှိလှသည်။

"ဝမ်းသာတယ် သမီးရယ်... သမီးဟာ အင်မတန်ကို လုပ်နိုင်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကို လုပ်လာခဲ့တာပဲ၊ ဒါ့ကြောင့် ဒီနေ့ဟာ သမီးအတွက် တန်ဖိုးရှိတဲ့နေ့ ဖြစ်သွားပြီပေါ့၊ လူမှန် နေရာမှန်... ဆိုတာ အရမ်းအရေးကြီးတယ် သမီး... အခုကြည့်စမ်း... သမီးက အသွင်ပြောင်းပြီး မူလအတိုင်းနေလိုက်တော့ သမီးနဲ့ ဆက်ဆံရတာ ဆရာတို့ ဘယ်လောက် အဆင်ပြေသွားသလဲ၊ လူနဲ့ နေရာဟာ အရေးကြီးတယ် သမီး... ကြည့်... ဆရာပြောပြမယ်... ခေါင်းလိမ်းဆီဆိုတာ ခေါင်းမှာ ဆံပင်မှာရှိရင် အဓိပ္ပာယ်ရှိတယ် သဘာဝကျတယ်၊ အေး အဲဒီခေါင်းလိမ်းဆီဟာ ပါးပေါ်ကိုရောက်သွားရင် ချက်ချင်း အညစ်အကြေးဖြစ်သွားရော... ဖယ်ရှားခံရရော... ဘယ်လောက်ကြောက်စရာကောင်းသလဲ... လောကသဘာဝကိုက အရာဝတ္ထုတွေ လူတွေအတွက် သူ့နေရာနဲ့ သူ သတ်မှတ်ပြီးသားရှိတယ်၊ အဲဒီလောကရဲ့သတ်မှတ်ချက်ကို မလွန်ဆန်ချင်ပါနဲ့ သမီးရယ်... နေရာမှားရင် သမီးဟာ အညစ်အကြေးဖြစ်သွားလိမ့်မယ်၊ နေရာမှန်မှ လှပါတယ်၊ အခု သမီးလှနေတာ ပြင်ဆင်ထားလို့ဆိုတာထက် နေရာမှန်သွားလို့ သမီးရဲ့..."

ဆရာကြီးစကားဆုံးတော့ ငယု၏ပြောင်းလဲမှုသည် အလေးနက်ဆုံးနှင့် အဓိပ္ပာယ်အရှိဆုံး ပြီးပြည့်စုံသွားလေသည်။

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်... ဆရာကြီးရဲ့စကားက အရမ်းကို ထိရောက်တာပဲ၊ ရင်ထဲမှာ ကျွန်တော် အမြဲတမ်းမှတ်ထား... အဲ... ကျွန်မ... ကျွန်မ... ဆရာကြီး... ဝမ်းသာပြီး မေ့သွားတာပါ..."

အားလုံး ရယ်မောကြလေသည်။ ဆရာဝန်ကြီးကလည်း အားရပါးရ ရယ်မောရင်း ငယု၏ပခုံးကို ပုတ်လေသည်။ ကောင်းမင်း ငယုကိုငေး၍ ကြည့်လိုက်သည်။ ငယုနှင့် ကောင်းမင်းတို့ မျက်ဝန်းချင်းဆုံလိုက်ကြသည်။

ပြီးတော့ ငယု ခေါင်းကို ငုံ့ချလိုက်လေသည်။

❑





ငယုအတွက် အပြောင်းအလဲသည် ပြည့်စုံသော ပြောင်းလဲမှုတော့ မဟုတ်သေးပါ။

အဝတ်အစားကတော့ ပြောင်းလဲရသည့်အထဲတွင် အလွယ်ဆုံးဖြစ်ပြီး ထိုအဝတ်အစားကို ဝတ်ထားသော အတွင်းစိတ်ကို ပြောင်းလဲရတာ အခက်ခဲဆုံးဖြစ်သည်။ ငယုသည် နေရာအားလုံးအတွက် သူ့ကိုယ်သူ မိန်းကလေးဟု မခံယူနိုင်သေးပါ။ အချို့ကိစ္စတွေက ပြောင်းလဲရန် အချိန်လည်းယူရမည်။ အရှိန်လည်း ယူရမည် ဖြစ်သည်ဟု ငယု နားလည်ထားရပါသည်။

ဥပမာ ဖေဖေ့ကိစ္စဖြစ်သည်။

ဖေဖေသည် ငယု ထမင်းဟင်းချက်လာတာ အဝတ်အစားတွေ လျှော်လာတာ စသည့် ပြောင်းလဲမှုတွေကို လက်ခံအောင် လုပ်လာနိုင်သည်။ လုပ်ရသည်မှာလည်း ငယုအတွက် အခက်အခဲက မရှိ။ သို့သော် ဖေဖေ့ရှေ့မှာ မိန်းကလေးလို ဝတ်ဖို့ကျတော့ ကြိုးစား၍ မရ။ အခန်းထဲမှာ မိန်းကလေးလိုဝတ်ပြီး အပြင်ကိုထွက်ဖို့ ကြိုးစားတာ မရ။ ချွေးသီးချွေးပေါက်ပင် ကျသည်။ နောက်ဆုံး လက်လျှော့လိုက်ရတာက များလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းကိုပြောပြတော့ ကောင်းတို့က အားလုံး ဝိုင်းစဉ်းစား ပေးခဲ့သည်။

"ငယုက ဘာကိုရှက်နေတာလဲ… အဲဒါကလည်း အရေးကြီးတယ်"

"အာ… ဖေဖေ့ကို အဲဒီအကျီတွေနဲ့ ရင်ဆိုင်ရမှာ ကြောက်တာပဲ မရှိဘူး…"

"အန်ကယ်က လောင်လိုက်မှာတို့ ဘာတို့ကိုလား…"

"အဲဒီလိုလည်း မဟုတ်ဘူး… ဖေဖေနဲ့ နှစ်ယောက်တည်းဆို…"

"ဟုတ်ပြီ… ဒါဆိုရင် တစ်မျိုးစဉ်းစားကြတာပေါ့၊ ရွှယ် သဘော ပေါက်ပြီ… ရွှယ်တို့ ခံလိုက်ရတာလေးကိုပဲ နမူနာယူကြတာပေါ့…"

"ဘယ်လိုလဲဟင် ရွှယ်…"

အဲဒီနေ့က ဦးတင်ယု ဂေါ့(ဖ်)နိုင်ခဲ့သဖြင့် အရက်နည်းနည်းသောက်လာခဲ့သည်။ စိတ်ခံစားမှုကလည်း ရွှင်ရွှင်မြူးမြူးကလေး ဖြစ်နေခဲ့သည်။ လောကကြီးမှာ ဖြစ်ပျက်နေသမျှနှင့် သူ့ခံစားချက် လိုက်လျောညီထွေ ဖြစ်လျက်ရှိသည် ဆိုကြပါစို့။

အိမ်မှာချက်ထားမည့် ညနေစာဟင်းကလည်း သူ့ကို ပျော်ရွှင်အောင် ထပ်လုပ်ပေးနေခဲ့သည်။ မရမ်းသီးသုပ်၊ ပဲကြာဇံနှင့် ဗူးသီးဟင်းခါး၊ ကကတစ်ကြက်သွန်နုပ်ဟု ငယုက ဆိုသည်။ သူ့သမီးသည် မိန်းကလေး ပြန်ဖြစ်သွားတာကို ဦးတင်ယု ဝမ်းသာသည်။ ဘာကများ သူ့သမီးကို ပြောင်းလဲပေးခဲ့ပါလိမ့်ဟု သူ ခေါင်းပူအောင် စဉ်းစားခဲ့သည်။ မရ။ သူ့မိတ်ဆွေတွေကို အိမ်မှာ ထမင်းဖိတ်ကျွေးပြီးတော့ ဂေါ့(ဖ်)ရိုက်ရင်း ညည်းတွားသည့်အခါကျတော့ သူနှင့် ဂေါ့(ဖ်)ရိုက်ဖက်တွေက တစ်ခွန်းတည်း ပြောသည်။





"လင်လိုချင်လို့ နေမှာပေါ့" တဲ့…။

ဒါကို ဦးတင်ယုတွေးပြီး ပြုံးရင်း အိမ်တံခါးကို ဖွင့်လိုက်တော့ တော်တော်အံ့သြ၍သွားသည်။ ဟိုကောင့်သူငယ်ချင်းတွေပါလား။

"ဟိုကောင်… ငယု မရှိဘူးလားကွ…"

ငယုသူငယ်ချင်းတွေက တစ်ချက်ရယ်လိုက်ကြသည်။

"ရှိပါတယ် အန်ကယ်ရဲ့… ဘာလဲမသိဘူး သွားဝယ်တယ်…"

"ဟင်… ဟင်းချက်မထားဘူးလား၊ ဒီကောင်ပြောတော့ မရမ်းသီး သုပ်နဲ့ ဗူးသီးဟင်းခါးဆို… ငါးကြော်ဆို…"

"ဟင်းတော့ချက်မှာပေါ့ အန်ကယ်ရဲ့… လက်ဖက်သုပ်ဖို့ သွားဝယ် တာထင်တယ်…"

"ဩော်… ဩော်…"

ဦးတင်ယုက ဦးထုပ်နှင့် လက်အိတ်တွေကို ချွတ်လိုက်သည်။ ထမင်းမစားခင်မှာ တစ်ခွက်လောက် ထပ်တင်လိုက်ဦးမည် ဆိုသော စိတ် ကူးကလေးပျက်သွားသည်။ ကလေးတွေရှေ့မှာဆိုတော့ မကောင်းဘူး မဟုတ်လား…။

"ငယုချက်တဲ့ဟင်းတွေ ဘယ်လိုနေလဲ အန်ကယ်… ကောင်းရဲ့ လား…"

"အစကတော့ ဘယ်ကောင်းမလဲကွ… ဒါပေမဲ့ ဒီလိုပဲပေါ့… ပြောင်းတယ်ဆိုတာ တဖြည်းဖြည်းချင်းလုပ်ရတာ မဟုတ်လား၊ အခုတော့ တော်တော်လေး ဟုတ်လာပြီကွ… ဟင်းတွဲတာ စပ်တာတွေလည်း အဆင် ပြေလာပြီ…"

"ဒါဆို အန်ကယ် ဝမ်းသာနေတာပေါ့…"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… သာတာပေါ့ကွ၊ ဒါတွေက ငါ့အမှားပါကွာ… ငါ အလွဲ ကြီးရာကို သမီးကလေးက လိုက်ဖြည့်ပေးနေရတာ၊ ငါ့မှာ ငါ့ဆန္ဒက လိုချင်တဲ့သားလည်း မရ၊ သဘာဝကံကပေးတဲ့ သမီးလည်း မရ ဖြစ်နေတာ အခုမှ ဟုတ်သွားတာဟေ့…"

"ငယုက ဘာဖြစ်လို့ အဲဒီလို ပြောင်းလဲသွားတယ်လို့ အန်ကယ် ထင်လဲ…"

ဒီအမေးကို ကြားရတော့ ဦးတင်ယု ဝမ်းသာအားရကြီးကို ပြောမှ လိုက်သည်။

"ဟား… လင်လိုချင်လို့ နေမှာပေါ့ကွ… ဟား… ဟား… ဟား…"

ဦးတင်ယုရယ်သံကြီးတစ်ခုသာ အိမ်ထဲမှာ ကျန်ရစ်ခဲ့ပြီး ကျန်သည့် အရာတွေအားလုံးက တိတ်နေခဲ့သည်။ ဦးတင်ယု အားရပါးရကြီးရယ်ပြီးမှ ကြောင်နေခဲ့သည်။

"ဟာ… ဖေဖေ့စကားကြီးကလည်း အဲဒီလိုကြီးတော့ မဟုတ်သေးပါဘူး ဖေဖေရာ၊ ဖေဖေ အဲဒါကြီးကတော့ လွန်လွန်းပါတယ်…"

"ဟေ…"

ဝုန်းခနဲထွက်လာသောအသံကြောင့် ဦးတင်ယု ကြောင်၍သွားသည်။ အသံဆီသို့ ကြည့်ရသည်။

"ငယု…"

"ဟုတ်တယ်… ကျွန်တော်… ဒါပေမဲ့ ဖေဖေပြောတာကြီးကတော့ မဟုတ်သေးဘူးနော်… ဖေဖေ မဟုတ်သေးဘူး…"

"အမလေး သမီးရယ်… ဖေဖေတောင် မမှတ်မိပါလား၊ လူတွေက





ဘာတွေကို မှားလို့… ဟား… ဟား… ဟား… ကောင်းတယ်ဟေ့… ကောင်းတယ်… ဒါမှ ငါ့သမီးစစ်စစ်ကို ရတာ ကောင်းတယ်…"

ငယုက ခေါင်းမှာစွပ်ထားသော ဆံပင်အတုကြီးကို ချွတ်ပြီး ခြေထောက်ဆောင့်၍ အိပ်ခန်းထဲသို့ ဝင်သွားသည်။ ငယု၏နောက်မှာ ဝမ်းသာအားရရယ်သံများ လွင့်ကျ ကျန်ရစ်ခဲ့လေသည်။

ဒီလိုနှင့် ဖေဖေနှင့် ငယု အဆင်ပြေခဲ့သည်။

ပထမအစတွင် ရွှယ်တို့အစီအစဉ်အတိုင်း သိပ်မိန်းကလေးမဆန်လွန်းသော တီရှပ် စကတ်တို့နှင့် ဖေဖေ့ရှေ့မှာ ဝတ်ဆင်ခဲ့သည်။ နောက်တော့မှ တစ်စစပြောင်းလဲလိုက်တော့ အားလုံး အဆင်ပြေသွားခဲ့သည်။

ဒုတိယတစ်ခုကိုတော့ ရွှယ်တို့အိမ်ကအပြန်မှာ စတင်ခဲ့သည်။ အဲဒီနေ့က ရွှယ်တို့အိမ်ကို မနက်မိုးလင်းကတည်းက သွားပြီး အတူ ထမင်းဟင်းချက်ပြုတ်စားပြီး ရွှယ်နှင့် သူ မသိချင်ယောင်ဆောင်ထားကြသောကိစ္စကို သူကပင် စတင်၍ ပြောခဲ့သည်။

"အရင်တုန်းက ချစ်သူတွေလို့ သဘောထားတုန်းက ရွှယ့်စိတ်ထဲမှာ ဘယ်လိုနေလဲ…"

"ထူးထူးခြားခြားတော့ မရှိပါဘူး၊ ယုကိုကို ယောကျ်ားလေးတွေနဲ့ တွေ့ရင် ပြဿနာတက်မှာတို့ ဘာတို့ စိုးရိမ်တယ် အဲဒါလောက်ပဲ… ဘာဖြစ်လို့လဲဆိုတော့ ရွှယ့်ကိစ္စတွေကို ယုကို ကူညီခဲ့တာတွေလည်း ရှိတယ်၊ ရွှယ်က ယုကိုကို ခင်လည်း ခင်မင်ရင်းစွဲရှိတယ်၊ ယုကိုရဲ့စောင့်ရှောက်မှုအောက်မှာ နေရတာ လုံလည်း လုံခြုံတယ်လေ… အဲဒါကြောင့်ပေါ့… ဘာမှမဖြစ်ဘူး…"

"အံမယ်… ရွှယ့်ကို အခုလည်း ယုက စောင့်ရှောက်မှာပါနော်၊



www.burmeseclassic.com

www.burmeseclassic.com



တတ်ထားတဲ့ပညာတွေက အင်္ကျီပြောင်းလိုက်တာနဲ့ ပြောင်းမသွားပါဘူး၊ ဒါပေမဲ့ စိတ်ထားကတော့ အရမ်းချစ်တဲ့ သူငယ်ချင်းကို စောင့်ရှောက်တာပေါ့ ...”

ရွှယ်နှင့် သီရိတို့က ပျော်ပျော်ရွှင်ရွှင်ရယ်လိုက်ကြသည်။

“ယုကိုကို မေးချင်နေတာ ကြာပြီ၊ အစကတော့ အားနာတာရော မသင့်တော်တာရောကြောင့်ပါ ... အခုတော့ မေးပြီ၊ ယုကို မိန်းကလေးဘဝကို ပြန်ရောက်သွားအောင်လုပ်တဲ့ အဓိကကိစ္စက ဘာလဲ ... အဲဒီအပြောင်းအလဲက ဘာလဲ ... ဆိုတာ ပြောပြလို့ ရမလား ...”

ရွှယ့်စကားကြောင့် ယု တစ်ချက်တော့ တွေခနဲဖြစ်သွားသည်။ အမှန်အတိုင်းပြောလိုက်ရမလား ... ဒါပေမဲ့ ပြောစရာစကားက ရှာလို့မရ ဖြစ်နေသည်။

“ယုမှာ ဒီလိုပြောင်းလဲဖို့အတွက် အဓိကကျတဲ့ တွန်းအားတစ်ခုတော့ ရှိခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီတွန်းအားက ဘာလဲ ဆိုတာကိုတော့ ခု မပြောချင်သေးဘူး၊ ဒါပေမဲ့ နောင်ကျရင် ပြောဖြစ်လိမ့်မယ်လို့တော့ ထင်တယ် အချိန်ပေါ့ ... ပြောဖို့လိုတဲ့အချိန်ကျရင် ပြောပါ့မယ် ...”

“သိပ်အရေးကြီးလို့လား ယုကို ...”

“ဟုတ်တယ် ယုအတွက် အရေးကြီးလို့ပါ ...”

ရွှယ်နှင့် သူ့ကြားမှာ အဲဒီနေ့က ပြောစရာစကား တော်တော်ရှားသွားကြသည်။ ဆက်ပြောနေခဲ့ကြသည့် စကားတွေက လူမှုရေးစကားတွေချည်းသာ ဖြစ်သည်။ ခဏကြာတော့ သူနှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

အပြန်လမ်းမှာ သူ ထိုအကြောင်းကို စဉ်းစားနေခဲ့သည်။ သူ့ကိုယ်သူမေးသည့် မေးခွန်းတွေကို သူ ပြန်မဖြေနိုင်ခဲ့ပါ။ ပထမမေးခွန်းက ရွှယ်





သည် သူပြောင်းလဲသွားသည့်ကိစ္စကို တခြားသူငယ်ချင်းတွေ လက်ခံသလိုတာကြောင့် အလွယ်တကူ လက်မခံခဲ့တာလဲ ...။ ရွှယ် သူ့ကို မေးခဲ့သည့်ပုံစံသည် အတုယူရအောင်လည်း မဟုတ် တစ်ခြားတစ်ယောက်ကို ပြန်ပြောပြဖို့လည်း မဟုတ် ... စကားလမ်းကြုံလို့ သိချင်စိတ်ရိုးရိုးနှင့် မေးတာလည်း မဟုတ်။ ‘မေးချင်တာကြာပြီ ...’ ဆိုသော စကားကြောင့်ရည်ရွယ်ချက်ရှိသော ခံစားချက်တစ်ခုနှင့် မေးခြင်းသာဖြစ်သည်။ သူဖြေမည့်အဖြေပေါ်တွင် တစ်စုံတစ်ခုသော သံသယစိတ်နှင့် မေးခြင်းသာ ဖြစ်ရမည်။ ထို့ကြောင့် သူက မဖြေသည့်အခါ ရွှယ့်မျက်နှာတွင် ထိုသံသယက ပို၍ ခိုင်မာသွားသည်ဟု သူထင်သည်။

ကဲ ... သူကရော ဘာဖြစ်လို့ ရွှယ့်ကို အကြောင်းပြချက်တစ်ခုခုကို ပြတ်ပြတ်သားသား မပေးနိုင်ခဲ့ရတာလဲ။

ဒီဇဝေဇဝါနိုင်မှုကိုတော့ သူ့ကိုယ်သူပင် အံ့ဩရသည်ဟု ပြောရမလို ဖြစ်နေသည်။ သူ မိန်းကလေးဘဝသို့ ပြန်လည်နေထိုင်ခြင်းကိစ္စမှာ တစ်စစ ပြောင်းလဲခြင်း မဟုတ်ဘဲ ချက်ချင်းပြောင်းလဲသည်ဟု ပြောမည်ဆိုလျှင် ပြောလို့ရသည်။ ဒါပေမဲ့ သူ့စိတ်ခံစားမှုအရတော့ တဖြည်းဖြည်းချင်း ပြောင်းလဲခဲ့သည် ဆိုတာကို သူသိသည်။ ဘယ်နေရာကနေပြီး ‘ငါဟာ ယောကျ်ားလေးတစ်ယောက် မဟုတ်ဘူး၊ ငါဟာ မိန်းကလေး ...’ ဆိုတာကို လေးလေးနက်နက် သိခဲ့တာလဲဆိုလျှင် ... ကျိုက်ထီးရိုးဘုရားဖူးထွက်ခြင်းဟု ပြောလို့ရသည်မှာ ကျိန်းသေသည်။ လူက ... တော့ ကောင်းတစ်ယောက်တည်းပါပဲ။ ခံစားမှုက ...

ခံစားမှု ...

ထိုခံစားမှုနေရာမှာ သတ်မှတ်ရမှာ သူ မဝံ့မရဲဖြစ်နေခဲ့သည်။ သတ္တိ



www.burmeseclassic.com

www.burmeseclassic.com



နည်းနေခဲ့သည်။ ထိုခံစားမှုကို ပြောဖို့ကိစ္စမှာ ရှယ်ကိုပြောဖို့ကို မဆိုထားနှင့်... သူ့ဘာသာသူ ဝန်ခံရမှာကိုပင် တအားကြောက်နေမိသည်။ ထိုခံစားမှုသည် သူ့မှာ မူလကတည်းက ခိုင်ခိုင်မာမာကြီး ရှိနေသော မိန်းမဗီဇကို အတိအကျ တွန်းအားပေးခဲ့ခြင်းကြောင့် သူ ပြောင်းလဲသွားခဲ့သည်။

သူ့ပြောင်းလဲမှုက ငြိမ်သက်နေသည့် ကြက်ဥကလေးထဲမှ အသံလည်းထွက်၊ လှုပ်လည်း လှုပ်ရှားတတ်သည့် ကြက်ပေါက်ကလေး ထွက်လာသလို အံ့သြဖို့ကောင်းသည်။ တိတ်ဆိတ်နေသော သစ်စေ့ကလေးထဲက သစ်ရွက်ကလေးတစ်ရွက် ထွက်လာသလို အံ့သြဖို့ကောင်းသည်။ အိပ်ပျော်နေသည့် ပိုးတုံးလုံးကလေးထဲက လိပ်ပြာကလေး ထွက်လာသလို အံ့သြဖို့ကောင်းပါသည်။ ထိုမျှလောက် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော တွန်းအားမှာ ကမ္ဘာလောကကြီးထဲတွင်ထို့မြင့်မြင့်မြတ်မြတ်ပင် ရှိနေခဲ့ပါသည်။ ယင်းမှာ 'အချစ်' ဖြစ်လေသည်။

ဟုတ်ပါသည်။

အချစ်ကို သူရခဲ့သည်။

သို့သော် ဝန်ခံဖို့ ရှက်နေခဲ့သည်။

သူ့နှလုံးသားသည် အချစ်ဆိုသည့် ခံစားမှုကို နေရာအမှားကြီးမှာ အားကောင်းမောင်းသန် သွားရောက်စိုက်ပျိုးနေခဲ့မိသည်။ အခုတော့ တစ်ယောက်ကိုမှ မချစ်ခဲ့ဖူးသော သူ့နှလုံးသားအသစ်ကလေးထဲမှာ အချစ်ကို တွေ့ရှိခဲ့ပြီ ဖြစ်သည်။

သူ့ချစ်သူသည် သူ့ကို မိန်းကလေး သိပ်ဖြစ်စေချင်ခဲ့သော ကောင်းသာ ဖြစ်ပါသည်။ ယုသည် သူ့ကိုယ်သူဝန်ခံပြီး သူ့ဘာသာ ရှက်နေခဲ့သည်။ တစ်လောကလုံးမှာ အရှက်တတ်ဆုံး ကောင်မလေးမှာ ယု ဖြစ်



နေသည်။ ထိုရှက်နေသောခံစားမှုသည် သူ့ကို မိန်းကလေးတစ်ယောက်ဖြစ်အောင် လုံးဝ မိန်းကလေးစစ်စစ်ဖြစ်သွားအောင် နောက်ဆုံးပေးလိုက်သောခံစားမှုသာ ဖြစ်လေသည်။

ထိုအရှက်ကြောင့် ယုအတွေးတွေက နုကုန်သည်။ ခံစားချက်ထဲမှာ ပြည့်ပြည့်စုံစုံ ရှက်လိုက်ရသဖြင့် အရာတိုင်းကို သေသေချာချာကြောက်တတ်သွားသည်။ ယုမျက်ဝန်းထဲမှာ အရင်ရှိခဲ့သော တင်းမာသည့်အကြည့်သည် ပျောက်ကွယ်သွားပြီး နူးညံ့သော နှစ်လိုဖွယ်ရာ ယစ်မူးစေတတ်သော အကြည့်သည် ရောက်လာသည်။ ယခင်က မာကြောကျစ်လျစ်သော ကိုယ်ဟန်အနေအထားသည် ယခု သွယ်လျပျော့ပျောင်းလာသည်။ ယခင်က မာန်ဖြင့် သတ္တိဖြင့် ခန္ဓာကိုယ်တစ်နေရာကိုမှ အထိမခံခဲ့သော ယုသည် အခု အရှက်နှင့် အကြောက်တို့ကြောင့် တစ်နေရာကိုမှ အထိမခံနိုင် ဖြစ်လာသည်။ ယခင်တုန်းက သတ္တိမရှိဟု ထင်မှာ ကြောက်ခဲ့သော်လည်း အခုတော့ အရှက်မရှိဟု ထင်မှာ ကြောက်ရွံ့၍ နေသည်။

ဒီကမ္ဘာ... ဒီနေရောင်... ဒီလူတွေ... ဒီအကြောင်းတွေကိုပဲ အသစ်ရလာသော နူးညံ့လှပပြီး ရှက်တတ်သော နှလုံးသားအသစ်နှင့် ပြန်ခံစားမိတော့မှ လောကကြီးသည် လုံးဝပြောင်းလဲသွားခဲ့သည် ဆိုတာ သေချာသွားလေသည်။

ထိုပီတိကလေးဖြင့် ယု လမ်းလျှောက်လာခဲ့သည်။

ယုယုတွန်းသည် နှလုံးသားအသစ်ဖြင့် လောကကြီးကို စတင်လက်ခံပြီ။ လောကကြီးကို နှလုံးသားအသစ်ဖြင့် စတင်ဆက်ဆံပြီ ဖြစ်ပါသည်။

ထိုစဉ်မှာပင်...

"ကိုယ့်ကို စကားတစ်ခွန်းလောက်တော့ ပြောခွင့်ပြုပါကွာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

ခန္ဓာကိုယ်တွင်ရှိသော သွေးကြောတွေ ပြောင်းပြန်စီးသွားသလို ခံစားရသည်။ သူ့အနားမှာရောက်နေတာက ကြောက်ရွံ့နေသော မျက်နှာတစ်ခု... တုန်လှုပ်နေသော မျက်နှာတစ်ခု...

"ကိုယ်... ကိုယ့်ကို အခွင့်အရေးယူတယ်လို့ မထင်ပါနဲ့... ကိုယ်... ကိုယ်လေ ဟို..."

"ဘာတွေ လာပြောနေတာလဲဗျာ..."

"မ... မဟုတ်ပါဘူး... ကိုယ်... ကိုယ်လေ..."

တုန်လှုပ်နေသောမျက်နှာကို သူ သေသေချာချာစိုက်ကြည့်လိုက်ပြီး သူ့ကိုယ်သူလည်း သတိကို ထိန်းလိုက်သည်။ ဒီတော့မှ သူ အရမ်း ရင်တွေတုန်နေတာကို သတိထားမိ၏။ သူဖြစ်နေတာက ရင်ခုန်နေတာ မဟုတ်ပါ။ ရင်တုန်နေတာမျိုး ဆိုတာ သေချာသည်။ စာမေးပွဲခန်းထဲမှာ မေးခွန်းစာရွက် ဆရာမဆီက မရခင် ရင်တုန်သလိုမျိုး... ချားရဟတ် စစီးစဉ်က ရဟတ် စမလည်ခင် ရင်တုန်သလိုမျိုး ရင်တုန်ခြင်းသာ ဖြစ်သည်။

ပြီးတော့ တုန်လှုပ်နေသောမျက်နှာကို သူ ယခင်က တောင့်တခဲ့ဖူးသည်။ သူတောင့်တခဲ့သော မျက်နှာက ပြိုင်ဘက်တစ်ယောက်ထံမှ ဖြစ်သည်။ သူ့ပြိုင်ဘက်ထံမှ ရရှိသော တုန်လှုပ်ကြောက်ရွံ့သောမျက်နှာသည် သူ့ကို ပျော်ရွှင်မှုပေးခဲ့သည်။ သူ အခုလည်း တုန်လှုပ်နေသော မျက်နှာကို ရနေသည်။ သို့သော် ပြိုင်ဘက်တစ်ယောက်ထံမှတော့ မဟုတ်။ သူ့ကိုချစ်ချင်သော လူတစ်ယောက်ဆီက...ဟု ဆိုရမလို ဖြစ်နေသည်။ အမလေး... ကြောက်စရာကြီးပါလား...။

"ဘာပြောစရာရှိလို့လဲ... ကျွန်တော် ခင်ဗျားဆီက ဘာမှ စိတ်မဝင်စားဘူးဗျာ... လိုက်မနှောင့်ယှက်ပါနဲ့..."





"နှောင့်ယှက်တယ် မထင်ပါနဲ့... ဒါ... ဒါနဲ့ ဒီက မန္တလေးသူလားဟင်..."

"ဟာ... ဘာတွေလာပြောနေတာလဲ..."

"စိတ်မဆိုးပါနဲ့... ခင်ဗျားနဲ့ ကျွန်တော်နဲ့ပြောတော့ မန္တလေးသူလားလို့ပါ..."

ထိုသူ့စကားကြောင့် သူ တော်တော်အံ့သြသွားသည်။ ဟုတ်ပါရဲ့... သူ အခုထိ စကားပြောတာကိုတော့ မပြောင်းလဲနိုင်ပါလား။ ထိုအတွေးကြောင့် သူ အားရပါးရ ရယ်ပစ်လိုက်သည်။ ထိုသို့ ရယ်နေရင်းမှာပင် သူ ကောင်းကို တွေ့လိုက်ရခြင်းပင် ဖြစ်ပါသည်။

ကောင်းသည် လမ်းမတစ်ဖက်မှ သူ့ကို တအံ့တသြကြည့်၍ နေသည်။ ကောင်း၏မျက်နှာတွင် အံ့သြခြင်း... နားမလည်ခြင်း... ဘာလုပ်ရမယ်မှန်း မသိခြင်းတို့ကို အတိုင်းသား တွေ့နေရသည်။ ကောင်း၏ဘေးမှာ တောက်တဲ့နှင့် ဒေစီ။

"ဘာ... ဘာဖြစ်လို့ ရယ်တာလဲဟင်... ဒုက္ခပါပဲ... ကျွန်တော်ကျွန်..."

"ဘာမှ မဟုတ်ပါဘူး... ခင်ဗျားပြောတာလည်း ဟုတ်တာပဲ၊ ကဲ ခင်ဗျား ဘာပြောစရာရှိလို့လဲ ပြောဗျာ..."

သူ့စကားကြောင့် လိုက်ပြောနေသောသူ တော်တော်ကြောင်သွားပုံရသည်။ သူ့ကို မယုံသင်္ကာသလို ကြည့်သည်။ ထိုလူ့မျက်နှာမှာ သံသယစိတ်တစ်ဝက်လောက် ရောက်လာသည်။ သူ့ကိုကြည့်သည့် အကြည့်အဓိပ္ပာယ်... မိန်းကလေးမှ ဟုတ်ရဲ့လား ဆိုသည့် အကြည့်ဆိုတာကို သူသိပါသည်။

ကောင်းနဲ့ ဒေစီတို့ကိုတွေ့လိုက်ရတော့ သူ တကယ်ကို ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ခြင်းပင် ဖြစ်သည်။ သို့သော် ကောင်းကို သူ လှမ်းမခေါ်ဖြစ်။ ကောင်းအံ့သြနေတာ… သူ့ကို အကြည့်တစ်မျိုးနှင့် ကြည့်လိုက်တာ… အဲဒါကြောင့် မခေါ်ဖြစ်တာဖြစ်ဖို့ များသည်။

ကောင်း သူ့ကိုမြင်သောအချိန်သည် ဟိုလူက မန္တလေးသူလား မေးသည့်အချိန် သူကလည်း အားရပါးရ ရယ်လိုက်သည့်အချိန် ဖြစ်ပါလိမ့်မည်။ အံ့သြနေသော ကောင်းမျက်နှာကို သူနှစ်သက်သည်။ နောက်ပြီး ကောင်းကြည့်လိုက်သော အကြည့်တစ်ချက်… ထိုအကြည့်သည် ဝန်တိုသော… မနာလိုသော… မကျေနပ်သောအကြည့်ဖြစ်တာ သေချာပါသည်။ ထိုအကြည့်ကို ကောင်းထံမှ ရလိုက်ခြင်းသည် ဘာ့ကြောင့် သူ့ခံစားမှုကြီးတစ်ခုလုံး ကို ကျေနပ်နှစ်သက်သွားစေရတာလဲ… ဆိုတာကို သူ မသိပဲ မှတ်ထားလိုက်သည်။ သူ့နံဘေးက ငတိကတော့ ဘာမှမဟုတ်ဘဲ ပျော်ပျော်ရွှင်ရွှင်ကြီးဖြစ်နေသော သူ့ကို နားမလည်နိုင်ဖြစ်၍ ကျန်ခဲ့လေသည်။

❑





"မင်း ဘယ်လိုဖြစ်တာလဲ အကောင်း…"

"ငါ ဘာမှမဖြစ်ပါဘူးကွာ…"

"ကောင်းမင်း… ကောင်းမင်း… ငါတို့က မင်း လိမ်ချင်တာ လိမ်လို့ ရအောင်လည်း အသိဉာဏ်နည်းတဲ့ကောင်တွေ မဟုတ်ဘူး… ပြီးတော့ ငါတို့ရင်းနှီးမှုမှာလည်း အဲဒီလောက်ကိစ္စတွေဟာ လျှို့ဝှက်ထားစရာ မလိုဘူး၊ ငယ်နဲ့ပတ်သက်တဲ့ မင်းသဘောထားကို ငါတို့ သိချင်တယ်၊ မင်း မပြောချင်ဘူးဆိုရင်လည်း ရတယ် ကောင်းမင်း…"

တောက်တဲ့စကားကြောင့် ကောင်းမင်း နည်းနည်းစိတ်ရှုပ်သွားသည်။ တောက်တဲ့လေသံက နည်းနည်းတော့ မကျေနပ်သံ ပါနေသည်။ တောက်တဲ့နှင့် ဒေဗီတို့က ချစ်သူတွေဖြစ်နေကြပြီ ဆိုတော့ တောက်တဲ့၏ ရိပ်စားမှုက ရှယ်ဘက်မှာပဲ ရှိလိမ့်မည် ဆိုတာကို ကောင်းမင်း သဘောပေါက်ပါသည်။ ဟိုတစ်နေ့က ယုကို ကောင်လေးတစ်ယောက်နှင့် တွေ့လိုက်ရတုန်းက သူ့မျက်နှာကို တောက်တဲ့တို့ရိပ်မိသွားတာ ဖြစ်လိမ့်မည်။

"ယုနဲ့ပတ်သက်လို့ ငါ့မှာ မင်းတို့နဲ့မတူတဲ့ ခံစားချက်တွေ ရှိတယ်ဆိုတာတော့ အမှန်ပဲ တောက်တဲ့၊ ယု ပြောင်းလဲသွားတာကို ငါ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာတယ်... ပီတိဖြစ်တဲ့ ခံစားမှုလည်းရတယ်၊ အရင်တုန်းကတည်းက ယောကျ်ားလေးလိုနေခဲ့တဲ့ ယုကို ကိုယ်ကျင့်တရား သိပ်မကောင်းတဲ့ ကောင်တွေက ဒုက္ခပေးမှာမျိုး ငါစိုးရိမ်ခဲ့တယ်၊ အဲဒီအခြေခံစိတ်ကြောင့် လည်း ငါ ဆေးရုံကို ရောက်ခဲ့ရတာပေါ့၊ ဆေးရုံကို ရောက်တဲ့အချိန်မှာ ငါ့ကို အနီးကပ်ပြုစုခဲ့တဲ့ ယုကို ငါ သံယောဇဉ်ဖြစ်ခဲ့တယ် ဆိုတာ ငါ ဝန်ခံတယ် တောက်တဲ့..."

"မင်း အဲဒီလိုစိတ်မျိုးထားတာ ရွှယ့်အပေါ်မှာ သစ္စာဖောက်တာ လို့ မင်းကိုယ်မင်း မထင်ဘူးလား..."

တောက်တဲ့စကားကြောင့် ကောင်းမင်း ပြောရ တော်တော်ခက် သွားသည်။ သူ့ကိုယ်သူ မမေးရဲဆုံးသော မေးခွန်းကို တောက်တဲ့က မေး ခြင်းဖြစ်သည်။ သူ ဘယ်လိုဖြစ်ခဲ့သည် ဆိုတာကို သိသူတိုင်းက ဒီမေးခွန်း ကို အလွယ်တကူ ကောက်မေးနိုင်ပါသည်။ ဖြေရသည့်သူအတွက်ကသာ မလွယ်တာ ဖြစ်ပါသည်။

သူသည် ဖြစ်နိုင်လျှင်တော့ ကိုယ်ကျင့်တရားမှာ တစ်ချက်ကလေးမှ အစွန်းအထင်းမရှိသော ယောကျ်ားတစ်ယောက် ဖြစ်ချင်ပါသည်။ ဒဏ္ဍာရီ ထဲက သူရဲကောင်းတွေလို ဂန္ထဝင်ဝတ္ထုကြီးတွေထဲက မြင့်မြတ်သည့်ဇာတ် ကောင်တွေလိုမျိုး ဖြစ်သည်။

အလိုဆန္ဒနောက်ကို ကောက်ကောက်ပါအောင် မလိုက်ဘဲ ကတိ သစ္စာစကားကိုသာ စောင့်ထိန်းသူ... ကိုယ်ကောင်းစားရေးအတွက် အများ ကို ဒုက္ခမပေးဘဲ အများကောင်းစားရေးကိုသာ ဦးစားပေးသူ... ချစ်သူကို ဘဝတစ်ခုလုံး အနစ်နာခံနိုင်သူ... ဒါပေမဲ့ လက်တွေ့ကျတော့ မလွယ်ကူပါ။

သူ့ကိုယ်သူ သေသေချာချာဝန်ခံရလျှင် ယုအပေါ်မှာ ထားခဲ့သော





သူ့သဘောထားသည် နှစ်ယောက်ပြိုင်ပွဲလုပ်ပြီး ကျိုက်ထီးရိုးဘုရားကို စတက်သည့်အချိန်မှ စ၍ ပြောင်းခဲ့တာ ဖြစ်သည်။

ဘုရားတက်သည့်လမ်းတစ်လျှောက်လုံး သူ သာယာနေခဲ့သည်။ ပျော်ရွှင်နေခဲ့သည်။ သူ ယုကို မိန်းကလေးပြန်ဖြစ်အောင် ပြောခဲ့သည်မှာ ယု မိန်းကလေးပြန်ဖြစ်သွားလျှင် ရွှယ်နှင့် ချစ်သူတွေဖြစ်မည် ဆိုခြင်းထက် ပိုသော ရည်ရွယ်ချက်ရှိနေခဲ့သည် ဆိုတာကို အဲဒီအချိန်တုန်းက သူ မသိ ခဲ့တာ အမှန်ပင် ဖြစ်သည်။

ပြီးတော့ ဘုရားပေါ်မှာ တောက်လျှောက်ဖြစ်ခဲ့ရသော အပြောင်း အလဲတွေကြောင့် ယု တစ်ခုခု အစွန်းဆုံးအထိ ဖြစ်သွားမှာကို သူ အရမ်း စိုးရိမ်ခဲ့သည်။ ယု ဘုရားပေါ်က ပြန်သွားမှန်း သိရတော့ သူ ချက်ချင်း ပြန်ဖို့ပြောရန် နည်းနည်းကလေးပဲ လိုတော့သည်။ ယု ဘယ်အချိန်က ပြန်မှန်းမသိတာရယ်... သူ ယုပြန်သွားပြီဆိုတာကို သိရတာ မနက် ၁၀ နာရီထိုးတော့မှ ဆိုတာရယ်... အားလုံးက သိပ်စိတ်အပူကြီး မပူကြတာကို သူက အတင်းစိတ်ပူရမှာ သဘာဝမကျတာရယ်ကြောင့်သာ မပြောခဲ့ခြင်း မကြိုးစားခဲ့ခြင်း ဖြစ်၏။ သို့သော် ကျိုက်ထီးရိုးမှာ သူမပျော်တော့ ဆို တာကို မှတ်မိနေသည်။

ပြန်ရောက်လာတော့ ယုကို ဘီယာဆိုင်မှာ တွေ့သည် ဆိုသည့် သတင်းကို ရကတည်းက သူ ယုနောက်မှလိုက်ကာ အရိပ်တစ်ခုလို သူ လိုက်နေခဲ့မိသည်။ သူ့ကြောင့် ယု စိတ်လေသွားသည်ဟု သူ တထစ်ချ ယူခဲ့သည်။ ထို့အတွက် သူ့မှာ တာဝန်ရှိသည်ဟု သူခံယူသည်။ ဘီယာ သောက်နေသော ယုကို ဝင်အခေါ်တွင် ဂျက်ဖရီတို့က ယုကို ကျိုက်ထီးရိုး ကိစ္စပြောဖို့ ကြိုးစားနေချိန်နှင့် တိုးနေသဖြင့် သူပြာဝေကာ ယုကို အတင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖို့ ကြိုးစားရင်း ရန်ပွဲဖြစ်ပြီး သူ ဆေးရုံသို့ ရောက်ရခြင်း ဖြစ်သည်။

ဆေးရုံတွင် နေ့စဉ် ယု၏ပြုစုမှုများကို ခံစားရသောအခါ မည်သူမှ မသိအောင် လျှို့ဝှက်ထားခဲ့သော စိတ်သည် ရင်ကို ပိုမိုပြင်းထန်စွာ တုန်လှုပ်စေခဲ့ပြီး သူ့စိတ်ခံစားမှုကို ပို၍ လျှို့ဝှက်စေခဲ့သည်။ ကျေးဇူးရှင်တစ်ယောက်လို ပြုစုနေသော ယုကို သူ့ဘက်က မသာယာမိအောင် စိတ်ကို ထိန်းခဲ့ရသည်။ ရွယ်က ဆေးရုံကို အလာနည်းတာလည်း ပါသည်။ ထားပါတော့... အခုကိစ္စတွေမှာတော့ ရွယ်သည် အပြစ်ကင်းသည်ဟု သူ သတ်မှတ်နိုင်ပါသည်။ ရွယ်သည် အပြစ်ကင်းသူတစ်ယောက်လည်း ဖြစ် သူ့ကို စိတ်ခံစားမှုအပြောင်းအလဲပေးနိုင်မှု အနည်းဆုံး လူတစ်ယောက်လည်း ဖြစ်လေသည်။

ယုအပေါ် ပြောင်းလဲလာသော သူ့ခံစားချက်တွေကို ဘယ်သူမှ မသိအောင် နေခဲ့သည်။ ငယုက လုံးဝ မိန်းကလေးအဖြစ် ပြောင်းလဲသွားတော့ သူ ဘာမှမပြောနိုင်တော့။ မနေ့က ယုကို ကောင်လေးတစ်ယောက်နှင့် တွေ့လိုက်ရတော့ ထိန်းထားသည့်ကြားထဲကပင် သူ ဟန်မဆောင်နိုင်လောက်အောင် ဖြစ်သွားခဲ့ရသည်။

ယု မိန်းကလေးဖြစ်သွားရင် အဖြေပေးမယ်... ဟူသော ရွယ်၏ စကားသည် စကားအရဖြစ်သော်လည်း ရွယ်က သူ့ကို ချစ်သည် ဆိုတာကိုတော့ အားလုံးက နားလည်ထားပြီးသားဖြစ်သည်။ ထို့ကြောင့် သူ့ကို အခု တောက်တဲ့က စွပ်စွဲနေခြင်း ဖြစ်ပါသည်။ ကောင်းမင်း သက်ပြင်းကို ချသည်။

"မင်းတို့က ငါ့ကို ရွယ့်အပေါ် သစ္စာမရှိဘူးလို့ ထင်တာ ဆိုရင်တော့... ငါမဟုတ်ဘူးလို့ ငြင်းရလိမ့်မယ်၊ ငါ့အဖြစ်က ဘာနဲ့ တူသလဲ





ဆိုတော့ ငယ်ငယ်တုန်းက မုန့်တစ်ခါပဲ ဝယ်ကျွေးမယ်ဆိုတဲ့ ကတိနဲ့ ဘုရားပွဲဈေးသွားခဲ့ရသလိုမျိုး ဖြစ်ခဲ့တယ်"

"မင်း အဲဒီတုန်းက ကတိတည်ခဲ့လား..."

"အေး... အဲဒီတုန်းကတော့ ငါတွေ့တွေ့ချင်း မုန့်ကိုပဲ စားခဲ့တယ် တောက်တဲ့..."

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

သူ့မှာ မိန်းကလေးအဖော်နည်းပါးခြင်းသည် အဓိက ပြဿနာဟု ယူထင်သည်။ သူအခုချိန်ကျမှ ဘယ်သူ့ကို လိုက်ပေါင်းရမလဲ။ ပေါင်း လို့ရတော့ရော သူဖြစ်ခဲ့ပြီးသည့် ကိစ္စတွေအားလုံးကို အဲဒီမိတ်ဆွေက ဘယ်လိုလုပ် နားလည်ပေးလို့ ရမှာလဲ။ ဒီတော့ သူကလည်း ဘာတိုင်ပင်လို့ ရမှာလဲ...။

မိန်းကလေးဘဝကို ရောက်တော့မှ ကြုံလာရသည့် ကိစ္စတွေ တော်တော်များများသည် ယောကျာ်းလေးတစ်ယောက်ဘဝမှာ ကြုံလာခဲ့ရ သော ကိစ္စတွေလို ချက်ချင်းကောက်လုပ်ပစ်လိုက်၍ မရသော ကိစ္စတွေက များလေသည်။ ထို့ကြောင့် မိန်းကလေးဘဝတွင် သူငယ်ချင်းကောင်း လိုအပ်လေသည်။ ကောင်းသောပတ်ဝန်းကျင်ရှိဖို့ အရေးကြီးလေသည်။

ထို့ကြောင့် သူ ရွှယ်တို့ဆီကို ထွက်လာခဲ့သည်။ ရွှယ်နှင့်တွေ့လျှင်





ကသီတို့အိမ်ကို သွားပြီး သူငယ်ချင်းတွေ ဆုံတော့မှ သူ့ကိစ္စကို တိုင်ပင် မည်ဟု စိတ်ကူးပြီး လာခဲ့သည်။ ရွှယ်တို့အိမ်ရှေ့ရောက်တော့ သူ ရင် တစ်ချက်ခုန်၍ သွားလေသည်။ သက်ပြင်းတစ်ချက်ချရင်း ရွှယ်တို့ခြံ ကလေးထဲကို ဝင်လာခဲ့သည်။ ဒီအကြောင်းကို ပြောမည်ဆိုလျှင် သူ ရင်ကို ခုန်ချင်ပါသည်။

ခြံဝန်းထဲရောက်ပြီးတော့ ဘာရယ်မဟုတ် သူ အရင်တုန်းက ရွှယ် တို့ကို ဂူရှူးကပြခဲ့ဖူးသော ပန်းခြံကလေးထဲသို့ ဝင်လာခဲ့သည်။

"အချိန်တော်တော်ကြာတဲ့အထိတော့ သူ့ကို မသင်္ကာ သိပ်မဖြစ် သေးဘူး ဒေစီ... ဆေးရုံတက်နေရတော့ တစ်ရက် ကျောင်းကအပြန် ဆေးရုံကိုဝင်သွားတော့ ယုကိုက ကောင်းကို ရင်ခွင်ထဲ ထည့်မေးထားရင်း ခန်ပြုတ်လား မသိဘူး တိုက်နေတယ်၊ အဲဒါကိုတွေ့တော့ စိတ်ထဲမှာ တစ်ချက်တော့ ထင့်ခနဲဖြစ်သွားတာ အမှန်ပဲ၊ အူကို ထိထားလို့ ပက်လက် ကျူးလို့ မရဘူးဆိုတာ ရွှယ်သိပါတယ်၊ ဒါပေမဲ့ အဲဒီလိုကိစ္စမျိုးကို ယုကို လုပ်မပေးသင့်ဘူးလို့တော့ ရွှယ်ထင်တယ်..."

"အဲဒီမှာ တော်တော်လေးနီးစပ်သွားတာ ထင်တယ် ရွှယ်... မင်း ကလည်း အသွားအလာနည်းတာကိုး..."

သူ့စိတ်ကူးတွေ ချာလည်ပတ်လည်တော့ ဖြစ်ကုန်သည်။ သူ့ အကြောင်းပြောနေတာကတော့ သေချာသည်။ ဆေးရုံကကိစ္စ ဖြစ်၏။ ရွှယ်၏လေသံက တစ်စုံတစ်ရာကို နာကြည်းနေပုံလည်း ရလေသည်။

"ဒါတော့ ဒေစီရာ... ရွှယ်က သင်တန်းကလည်း တစ်ဖက်ဖြစ် နေတယ်၊ ပြီးတော့ ယုကိုနဲ့ မထင်ဘူးလေ... သူက ကျေးဇူးရှင်ဆိုပြီး ပြုစုနေတာ မဟုတ်လား၊ နောက်တစ်ချက်က အိမ်ကလေ... အိမ်က



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်နဲ့ ကောင်းနဲ့က တရားဝင်ချစ်သူတွေမှ မဟုတ်တာ၊ သူသွားသလို နေ့တိုင်း အချိန်တိုင်းသွားနေလို့ ဘယ်ရပါ့မလဲ…”

“အစတုန်းက ရွှယ်တွေးခဲ့သလို ကျိုက်ထီးရိုးမှာကတည်းက ကောင်းက ရွှယ်တို့ တိုင်ပင်ထားခဲ့တဲ့ အစီအစဉ်ကို ကြိုပြောထားတယ် ဆိုတာ မဖြစ်နိုင်ဘူးလား…”

“မဖြစ်နိုင်ဘူးလို့ ထင်တာပဲ၊ အဲဒီတုန်းက ယုကိုလုပ်တာတွေဟာ သူ့ခံစားချက်အမှန်အတိုင်း လုပ်တာပဲ ဖြစ်ရမယ်၊ အဲဒီမှာ အစီ အစဉ်ဆွဲပြီး သူ့ကို မိန်းကလေးပြန်ဖြစ်အောင်လုပ်တယ် ဆိုတာကို သူ အခုထိ မသိ နိုင်ပါဘူး၊ ရွှယ်တို့မှားတာ အဲဒါပဲ… ရွှယ်နဲ့ ကောင်းနဲ့ ချစ်သူပဲ အရင် ဖြစ်ရမှာ… သူ့ကို မိန်းမဘာဝပြန်ရောက်အောင် လုပ်ပေးမှ ကောင်းကို အဖြေပေးမယ် ဆိုတာ သက်သက်မဖြစ်သင့်တာ၊ အပိုအလုပ်ကို လုပ် တာ ခုတော့ မပြောချင်တော့ဘူး…”

“ကောင်းက မင်းစကားကို နားထောင်ပြီး ယုကိုကို မိန်းကလေး ဖြစ်အောင်လုပ်တာရော မဖြစ်နိုင်ဘူးလား ရွှယ်ရယ်…”

“အဲဒီလိုပဲဖြစ်မှာပါ ကောင်းက သစ္စာမရှိတဲ့ ယောကျ်ားလေးတော့ မဟုတ်ပါဘူး၊ ကောင်းကြည့်ရတာ ယုကိုက ပြုစုထားတာတွေလဲရှိတော့ အားနာနေတာလား မသိဘူး…”

ရွှယ် ရယ်ရယ်မောမောပြောလိုက်သည့် စကားကြောင့် သူ ဝိညာဉ် ပျောက်သူလို ဖြစ်၍ သွားသည်။ ခဏတော့ အသိဉာဏ်မဲ့သူလို ဖြစ်၍ သွားသည်။ အသိဉာဏ်က ပြန်ဝင်ဝင်လာချင်းမှာပင် သူ့ခံစားမှုတစ် လုံးကို မီးစနှင့် ထိုးချလိုက်သလို သူနာကျင်သွားသည်။

“ကောင်းက သူ့ကို မိန်းကလေးဖြစ်အောင် တမင်လုပ်ပေး





တာလား… သူ မိန်းကလေးပြန်ဖြစ်တော့မှ ကောင်းနဲ့ ရွှယ်က ချစ်သူတွေ ဖြစ်ကြမှာလား… ဟင့်အင်း… မဖြစ်နိုင်ဘူး… မဟုတ်ဘူး… ကောင်းက ဟန်ဆောင်ပြီးတော့ ဓားထိုးတော့ မခံပါဘူး… မဟုတ်ဘူး… ကောင်းဟာ သူ့အပေါ်မှာ သိပ်စောင့်စည်းခဲ့တယ်၊ ဆေးရုံတက်တဲ့တစ်လျှောက်လုံး ယောကျ်ားလေးတစ်ယောက်ရဲ့ အထိအတွေ့နဲ့ သာယာမှုကို သူ စိတ်လှုပ် ရှားခဲ့ပေမယ့် ကောင်းက သူ့အပေါ် လုံးဝ အခွင့်အရေးမယူခဲ့ဘူး။ အဲဒါ ကောင်းက မြင့်မြတ်တဲ့စိတ်နဲ့ ချုပ်တီးခဲ့တာ။ ငါ မိန်းမဘာဝကို ရောက် သွားရင် ရွှယ်နဲ့ ချစ်သူတွေဖြစ်ရတော့မှာမို့လို့ မဟုတ်ဘူး…။

“ဟုတ်တယ်… သူ နည်းနည်းတော့ တွေဝေချင်နေတယ် ရွှယ်… အဲဒါ အသေအချာပဲ၊ အဲဒီနေ့က ယုကိုနဲ့ ကောင်လေးတစ်ယောက်နဲ့ တွေ့တော့ သူ တော်တော်မျက်နှာပျက်သွားတယ်၊ သိပ်တော့ လွတ်မထား နဲ့နော်…”

“ယောကျ်ားတွေရဲ့စိတ်ကတော့ မပြောနိုင်ဘူးပေါ့… ဒါပေမဲ့ ယုကို နဲ့ ရွှယ် စိတ်ကျေနပ်အောင် ချစ်သူ ဘာညာနေနေရတုန်းက သူ ရွှယ့်ကို အဖြေတောင်းချင်ရင် ရတာပဲ၊ သူက ချစ်သူတွေ ဖြစ်သွားကြတာကို ယု သိသွားရင် ရွှယ့်ကို ပြဿနာရှာမှာစိုးလို့ ယုကို မိန်းကလေးဖြစ်အောင် အရင်လုပ်ဦးမယ်လို့ သူကပဲ ပြောခဲ့တာ၊ ကောင်း ရွှယ့်ဆီ ရောက်လာ မှာပါ…”

သူ့စိတ်ထဲမှာ တင်းထားသမျှ အားလုံးပေါက်ကွဲသွားသည်။

သူ အဲဒီနေရာမှာ ဆက်ရပ်မနေနိုင်တော့ပဲ တဟုန်ထိုး ပြေးထွက် လာခဲ့သည်။ ဒေါသတွေ တစ်ကိုယ်လုံးမှာ ပေါက်ကွဲနေသည်။ တင်းထား ခဲ့သော ခံနိုင်ရည်အားသည် ထင်မှတ်မထားဘဲ ကျိုးထွက်သွားခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မုန်းတီးခြင်းသည် လက်ဖျားမှာရှိသည်။ နှုတ်ဖျားမှာ လောင်မီး ကျနေသည်။ နှလုံးသားမှာ ဘီလူးစီးနေသည်။

သူ... သူ ဘာမှ မသိလိုက်ရပါလား။

သူ့ဘဝတစ်ခုလုံးကို အပြောင်းအလဲလုပ်လိုက်ရတဲ့ နောက်မှာ အလောင်းအစားတစ်ခုက ရှိနေတာပါလား။ ယောကျ်ားပီသသော ကိုယ်ကျင့်တရား... နူးညံ့တဲ့မျက်ဝန်း... အနစ်နာခံနိုင်တဲ့ ကိုယ်ကျင့်တရား... အဲဒါတွေအားလုံးကို သူကြည်ညိုခဲ့သည်။ လေးစားခဲ့သည်။ အထင်ကြီးခဲ့သည်။ အထင်ကြီးတော့ ဘာဖြစ်လဲ... ချစ်တာပေါ့...။

ဒါပေမဲ့ သူအထင်ကြီးခဲ့တာတွေ အားလုံးက ဟန်ဆောင်ထားတာတဲ့... လိမ်ညာထားတာတဲ့... သူ တစ်စစ ပြောင်းလဲလာတာကို တွေ့တော့ ကောင်းက သိပ်ဝမ်းသာနေမှာပေါ့...။ ရှယ်ကလည်း ကောင်း သိပ်တော်တာပဲလို့ ကျိတ်ချီးကျူးနေမှာပေါ့...။ သူ့ခံစားချက်ကြီးကို ခုတုံးလုပ်ပြီး အလောင်းအစားလုပ်ခံရသည်အထိ ညံ့ခဲ့ရသလား...။

သူယုံကြည်ခဲ့ သူခင်မင်ခဲ့တဲ့ လူတွေက သူ့နောက်ကွယ်မှာ ကြီးမားတဲ့ အကြံအစည်တွေကိုယ်စီနဲ့ သူ့ကို လှည့်စားခဲ့ကြတာကို သူ ခံခဲ့ရတာလား...။ ဒါဆိုရင် သူက တကယ်ထင်ပြီး ခံစားခဲ့တာတွေဟာ ရုပ်ရှင်ရိုက်သလို စီစဉ်ပြီး လုပ်ခဲ့တာတွေလား...။

သူ ကောင်းကိုချစ်သည့်စိတ်နှင့် မိန်းကလေးပြန်ဖြစ်ခဲ့သည်။

ကောင်းက သူ မိန်းကလေးပြန်ဖြစ်မှ သူ့ချစ်သူကို ချစ်ခွင့်ရမည်။

သူ့ဝိညာဉ်ထဲမှာ အားရပါးရ ရယ်သံတွေကို ကြားနေရသည်။ သူ့မှာ ရှိသမျှအားတွေကို တင်းဆန့်ပြီး ပြေးသည်။ သူ့နှလုံးသား ပေါက်ကွဲသွားသည်အထိ သူပြေးလာခဲ့သည်။





ဘာကိုမှ အရေးမစိုက်တော့ဘဲ ကြောက်မက်ဖွယ်ရာ တစ်ဟုန်ထိုး ပြေးလာနေသော မိန်းကလေးတစ်ယောက်ကြောင့် လူစည်ကားစ ညနေရီသည် လှုပ်လှုပ်ခတ်ခတ်ဖြစ်၍ သွားသည်။ တစ်ချို့က မိန်းကလေး၏ နောက်ကို ကြည့်သည်။ တစ်ချို့က မိန်းကလေးရဲ့အရှေ့ကို ကြည့်သည်။ တစ်ချို့က ကောင်းကင်ကို မော့ကြည့်ကြသည်။

ပတ်ဝန်းကျင်သည် ဘာမှမဖြစ် ပကတိ သူ့အရှိန်နှင့် သူရှိနေသည်။ ထိုကောင်မလေးတစ်ယောက်သာ ပြေးထွက်သွားခြင်း ဖြစ်သည်။

ဒီကောင်မလေးဟာ ယုကိုမှန်း သေချာပါသည်... ဟု ဒေါ်ခင်မိုး တွေးနေမိသည်။ ယုကိုသည် သူကို့လမ်းထဲက ထွက်လာခြင်းဖြစ်သည်။ ဘာဖြစ်လို့ပါလိမ့်ဟု ဒေါ်ခင်မိုး စိတ်ပူ၍ သွား၏။ ယုကို ဘာဖြစ်ပြန်ပြီလဲ...။

ဒါနဲ့ ဒေါ်ခင်မိုး အိမ်ကို ဖုန်းလှမ်းဆက်သည်။ တစ်ဖက်က ထူးတာက ညီမခင်စိုး။

"ဟဲ့... ခင်စိုးလား... အိမ်မှာ ဘာဖြစ်သေးလဲ ခင်စိုး..."

"ဟုတ်တယ်... အိမ်မှာ ဘာဖြစ်ရမှာလဲ... ဘာဖြစ်လို့လဲ..."

"ရှယ် ရှိလား... ရှယ် ဘာလုပ်နေလဲ... အိမ်ကို ယုကို လာသေးလား..."

"ရှယ်... အင်း... ရှယ်က ဒေစီနဲ့ ခြံထဲမှာ စကားပြောနေတယ်လေ... ဘာဖြစ်လို့လဲ..."

"ယုကို လာသေးလားလို့..."

"မလာပါဘူး... ဒေစီပဲ လာတာ၊ ရှယ်က အခု ဒေစီနဲ့လေ ဘာဖြစ်လို့လဲ မမ ဘယ်အချိန်ပြန်ရောက်မှာလဲ၊ ညီမလေးက ပြန်လာတော့မှာနော်..."


www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမဖြစ်ဘူး... ဘာမှမဖြစ်ဘူး... မလာဘူးဆိုရင် ပြီးရော... ပြီးရော... ငါ ဒေါ်စောတို့အိမ် သွားဦးမှာ၊ စောင့်မနေနဲ့ ပြန်ချင်ရင် ပြန်တော့..."

ဖုန်းချရင်း ဒေါ်ခင်မိုး စိတ်မောသွားရသည်။

အင်း... ဒီခေတ်မှာက မိန်းကလေးဖြစ်ဖြစ် ယောကျ်ားလေးဖြစ်ဖြစ် တည်ငြိမ်တဲ့အခြေအနေကို ရောက်မှပဲ စိတ်ချရတော့မှာ မဟုတ်လား။ တစ်ယောက်တည်းမွေးထားတော့ တစ်မျိုးပဲ ပူရလို့ တော်ပါသေးသည်ဟု ဒေါ်ခင်မိုး သက်ပြင်းချရသည်။ အိမ်က ကိုယ်တော် ဖုန်းဆက်ရင်တော့ ပြောစရာရှိတာလေးတွေ ပြောရဦးမည်ဟု တွေးလိုက်မိသည်။

■





## အခန်း (၁၃)

"မဟုတ်ဘူး... မဟုတ်ဘူး... ယုကိုရယ်... ယုကို စွပ်စွဲတာတွေက အဲဒီလို အားလုံး မဟုတ်ပါဘူး၊ ရွှယ် အမှန်အတိုင်းပြောပါ့မယ်၊ ရွှယ်... ရွှယ့်ကို ဘာ... ဘာမှ မလုပ်ပါနဲ့နော်... ယုကို"

"မင်းကို ဘာမှမလုပ်ဘူး လုပ်မယ်ဆိုတာ မင်းဖြေတဲ့အဖြေတွေပေါ်မှာ မူတည်ပြီးတော့ ကိုယ် ဆုံးဖြတ်မယ် ရွှယ်... မင်း စဉ်းစားကြည့်ခမ်း ရွှယ်... ကိုယ်က အရုပ်မဟုတ်ဘူးကွ၊ မင်းတို့နှစ်ယောက် တိုင်ပင်ပြီး လုပ်တာတွေကို ငါက ရိုးသားတဲ့စိတ်နဲ့ ခံခဲ့ရတာကို... ငါပြန်သိတော့မှ ခွင့်လွှတ်ရလောက်အောင်လည်း ငါက သဘောထား မပြည့်ဝဘူး၊ ထပ်မေးမယ်... ကိုယ့်ကို မိန်းကလေးပြန်ဖြစ်အောင် လုပ်ဖို့ အစိက ဘွန်းအားပေးခဲ့တာ ဘယ်သူလဲ..."

ခါးသီးတင်းမာ ပြတ်သားစွာမေးလာသော ယုကိုရဲ့အသံကို ကြား



www.burmeseclassic.com

www.burmeseclassic.com

ရတော့ တောင်းပန်နေလည်း အပိုပဲ ဆိုတာကို ရွှယ် နားလည်လိုက်သည်။ အခုဖြစ်နေသည့် ကိစ္စတွေက အကြောက်နဲ့ နားလည်မှုနဲ့ တောင်းပန်မှုတွေနဲ့ ရှင်းလို့ ရတော့မှာ မဟုတ်။ ရှင်းလို့ရနိုင်တာ တစ်နည်းပဲရှိတော့သည်။ ထိုနည်းက အမှန်တရားပင် ဖြစ်သည်။ အဲဒီအမှန်တရားအတွက် ရွှယ် သတ္တိရှိကို ရှိရတော့မည်။

"ကောင်းပြီ ယုကို... ကိုယ်တို့ဖြစ်ခဲ့တဲ့ကိစ္စတွေက လွယ်လွယ်ကလေးနဲ့ ရှုပ်ခဲ့တာပါ၊ ရွှယ့်ကိုလည်း သတ္တိနည်းတဲ့ မိန်းကလေးလို့တော့ မထင်ပါနဲ့ ရွှယ်တို့ အမှန်တရားစစ်စစ်နဲ့ ရှင်းကြရအောင်ပါ၊ ရှုံးသွားလည်း ဖြေလို့ ရတာပေါ့..."

"ကြိုက်တယ်... ရွှယ် မင်း စပြော..."

"ကောင်းက နားကပ်ပျောက်တယ်ဆိုပြီး ရွှယ့်ကို အိမ်က လိမ်ထုတ်တဲ့နေ့က မင်းသာ ငါ့ဘဝထဲကို ဝင်မလာခဲ့ရင် ရွှယ်နဲ့ ကောင်းဟာ ခုချိန်မှာ အိမ်ထောင်ကျနေပြီ... ယုကို..."

ငယုက ပခုံးကို တွန့်လိုက်သည်။

"ကိုယ်မှတ်မိသလောက်တော့ အဲဒီတုန်းက ကိုယ်ကလည်း မတရားဘူးဆိုတဲ့ စိတ်နဲ့ ကိုယ် မင်းကို ကူညီခဲ့တာပဲ၊ ကိုယ့်ရဲ့စိတ်ကောင်းစေတနာကောင်းက မင်းနဲ့ ဆုံခွင့်ပေးတယ်ဆိုရင် မှားလား..."

"မှန်ပါတယ် အေး... ရွှယ်ရဲ့အရာရာမှာ အားနာတတ်တဲ့စိတ်၊ မပြတ်မသားနဲ့ အမှန်တရားကို ရင်ဆိုင်ရမှာ ဝန်လေးတဲ့စိတ်ကြောင့် ယုကိုနဲ့ အဓိပ္ပာယ်လုံးဝမရှိခဲ့တဲ့ သမီးရည်းစားဆိုတဲ့ ဘဝကို မရောက်ခဲ့ရင်လည်း ဒီကိစ္စတွေ ဖြစ်ခဲ့မှာ မဟုတ်ဘူး ဆိုရင်ကော..."





ရွှယ့်စကားကြောင့် ယုကို ငိုင်ကျသွားသည်။ သူ ယောကျ်ားလေးလိုနေခဲ့စဉ်ဘဝတုန်းက သူ့ကို အလိုက်တသိနေပေးခဲ့သည့် ရွှယ့်ကို ပြန်မြင်ယောင်လာသည်။

"အဲဒီတုန်းက မင်းခေါင်းမှာ သွေးတွေရွှဲနေခဲ့တယ်၊ မင်း ရွှယ့်ပခုံးကို အတင်းလှုပ်ပြီး ချစ်တယ်လို့ အော်ခဲ့တယ်၊ အဲဒီအချိန်မှာ မိန်းကလေးချင်း ချစ်တာ ဘာအဓိပ္ပာယ်မှ မရှိဘူး... ဆိုတဲ့ အတွေးကို ရွှယ် လုံးဝမတွေးခဲ့ဘူး၊ ရွှယ့်ကြောင့် ဒီလိုခံလိုက်ရတဲ့ မင်းကို အားနာတယ်... နားလည်တယ်... ကျန်တာတွေကို ဘာမှမတွေးတော့ဘဲ... ချစ်တယ်လို့ ပြန်အော်ခဲ့တယ်၊ ဒီတော့ မင်းက ချစ်သူတွေလိုနေတယ်၊ ကောင်းကိုလည်း ပြဿနာရှာတယ်၊ ဒေစီ့ကိုလည်း ပြဿနာရှာတယ်၊ ဒီတော့ အဖြေလိုချင်နေတဲ့ ကောင်းနဲ့ နိုးတွေ့ရတယ်၊ ဒေစီနဲ့လည်း နားလည်မှုရှိအောင် ညှိထားရတယ်၊ သူတို့အားလုံးက မိန်းကလေးချင်း ချစ်တယ်ဆိုတာ သဘာဝကို ဆန့်ကျင်တဲ့အလုပ်... အဓိပ္ပာယ်မရှိတဲ့အလုပ်မို့ မင်းကို ရှင်းပြဖို့ မရရင် ပြောလွှတ်ဖို့ နိုင်းပြောကြပေမယ့် အားနာတဲ့စိတ်က ပြောမထွက်ဘူး၊ ခင်မင်တဲ့စိတ်က မရက်စက်ချင်ဘူး... မလှောင်ပြောင်ချင်ဘူး... အဲဒါနဲ့ နောက်ဆုံးမှာ အားလုံးတိုင်ပင်ပြီး မင်းကို ဘဝအမှန်ရအောင် လုပ်ဖို့ ဆုံးဖြတ်လိုက်ရတာ၊ မင်းကို အဲဒီလိုဖြစ်အောင် အဓိကတွန်းအားပေးခဲ့တာက မင်းကိုယ်တိုင်ပဲ... မင်းကိုယ်တိုင်ပဲ ယုကို ကိုယ့်ကိုယ်ကိုယ်လိမ်ထားတဲ့ မင်းကိုယ်တိုင်ပဲ..."

တင်းမာခက်ထန်သော တိကျပြတ်သားသော ရွှယ်၏စကားလုံးတွေက ငယုနှလုံးသားကို တစ်လုံးချင်းစီ ထိသည်။ ရွှယ်ပြောချလိုက်သည့်စကားလုံးတွေကို သူ တစ်ခွန်းမှ ပြန်မငြင်းနိုင်ခဲ့။


www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ မှန်တယ် ရွယ်... ဟုတ်တယ်... အဲဒီအတိုင်းပဲ ဖြစ်ရမယ်၊ ဒါဆိုရင် ကောင်းက ကိုယ့်ကို မိန်းကလေးဖြစ်အောင် လုပ်ပေးခဲ့တာဟာ ရွယ့်ကို ချစ်လို့ပေါ့... ရွယ့်ဆီက အဖြေကို လိုချင်လို့ သက်သက်ပေါ့ ဟုတ်လား ရွယ်..."

"ဒါဆို ရွယ်ကလည်း မေးမယ်... ယုကို မိန်းကလေးဘဝကို ပြန်ရောက်လာတာရဲ့ အဓိကတွန်းအားက ဘာလဲ..."

ငယု၏အိမ်ခန်းသည် တိတ်ဆိတ်၍ သွားသည်။

ငယုစိတ်ထဲမှာရော... ရွယ့်စိတ်ထဲမှာရော သူတို့ချင်းသိပြီး မှန်ကန်သောအဖြေ ကိုယ်စီရှိကြပါသည်။

အဲဒီအဖြေကို သူတို့ချင်းပဲ ကြားဖို့ လိုလိမ့်မည် ထင်သည်။

ချစ်ခြင်းမေတ္တာ၏ တရားကိုယ်သဘောမှာ နူးညံ့သိမ်မွေ့သောသဘော ရှိသည်။ အလွယ်တကူနေနိုင်ပြီး အလွယ်တကူ လျှို့ဝှက်သောသဘောလည်း ရှိသည်။ ချစ်ခြင်းသည် ရယူခြင်း၊ မေတ္တာ၊ ကရုဏာ၊ အကြင်နာ၊ စေတနာ၊ သံယောဇဉ်၊ ခင်မင်ရင်းနှီးခြင်း၊ အမှတ်တရ ပျော်ရွှင်ခြင်း... စသည့် ကောင်းသောတရားများအတွင်းတွင် နေတတ်သလို... ချစ်ခြင်းသည် အမုန်း၊ ဥပက္ခာ၊ ရက်စက်ခြင်း၊ စွန့်ခွာခြင်း၊ ဥပက္ခာပြုခြင်း၊ ရိုင်းစိုင်းခြင်း၊ ဆင်းရဲခြင်း၊ ရှုံးနိမ့်ခြင်း... စသည်တို့ထဲတွင်လည်း ပျော်မွေ့ နေထိုင်နိုင်ပါသည်။

ထို့ကြောင့် ချစ်ခြင်းသည် ဦးတည်ရာနှင့် ပုံသဏ္ဌာန် ခန့်မှန်းရခက်သော အဖြစ်တရားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လောကတွင် ချစ်ခြင်းဖြင့် နေထိုင်၍ မရသော ခံစားချက်ဟူ၍ မရှိသောကြောင့် ဖြစ်သည်။





သင့်မှာရှိသည့် သင်၏ချစ်ခြင်းကရော ဘယ်ခံစားချက်မှာ နေထိုင်နေသည် ဆိုတာကို သင် သိပါသလား...။

သင် တစ်ခါမှ မစဉ်းစားဖူးသေးသော ကိစ္စ ဆိုလျှင် စဉ်းစားကြည့်ရန် တိုက်တွန်းလိုပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ပြန်ဖွင့်ပေး... ပြန်ဖွင့်ပေး... အဲဒီ ချတာပဲကြည့်မယ်... ပြန်ဖွင့်ပေး... အဲဒါပဲ ကြည့်မယ်ဆို... ပြန်ဖွင့်ပေး... ပြန်ရစ်ပေး..."

"သားကလည်းကွာ... အဲဒါ တီဗီက လာတဲ့ဟာ... ဘယ်လိုလုပ် ပြန်ရစ်လို့ရမှာလဲ သားရဲ့..."

"မရဘူး... အဲဒီ ချတာပဲ ကြည့်ချင်တာ... အဲဒါပဲ ပြန်ဖွင့်ပေး..."

"သားကလည်း Jet Li ရဲ့ Hero ကြည့်ကွာ... ဟုတ်လား၊ လှံသမားနဲ့ ချတာလေ၊ ပြီးတော့ ရေနွေးကြမ်းပန်းကန်ကို ဓားနဲ့ ဖမ်းတာ..."

"ဟင့်အင်း... ခုနက ကလေးလေးတွေချတာပဲ ပြန်ရစ်ပေး..."

"ဟာ... မင်း မရစ်နဲ့ကွာ... သားရာ မရပါဘူး ဆိုနေမှပဲ..."

"ကဲ... အိမ်ရှေ့က သားအဖနှစ်ယောက် ဘာဖြစ်လို့ ဆူနေရတာလဲ၊





ကိုကလည်း မကြီးမငယ်နဲ့ကွာ သမီးကြည့်ချင်တာ အရင်ပြလိုက်ပါလား၊ သူကိုက ကလေးနဲ့ အပြိုင်ကြည့်ချင်နေတာ၊ ကလေး ခဏ စိတ်ကျေနပ်အောင် ပြလိုက်ပေါ့"

"ဟ... ဒီကောင်က တီဗီကလာတဲ့ အားကစားသတင်းထဲက ဝူရှူးကစားတာကို ပြန်ကြည့်မယ် ဆိုပြီး ရစ်ခိုင်းနေတာ... ဘယ်လိုလုပ်ရမှာလဲကွ..."

"မဟုတ်ဘူး မေမေ... သားက အဲဒါချတာပဲ ကြည့်ချင်တာ၊ ဖေဖေက မရဘူးတဲ့... သားက ချတာပဲ ကြည့်မှာ..."

"ဒေစီရေ... အဲဒီဘက်က ငပြာရည်ပုလင်းအဖုံးကလေး လှမ်းလိုက်စမ်းပါကွာ... ကိုယ်က သတိ သိပ်ကောင်းတာမဟုတ်ဘူး... အဖုံးကို ချက်ချင်းပြန်ဖုံးမှ... ခဏ ခဏအဖုံးမေ့လို့ တိုက်မိတော့ မှောက်တာနဲ့ ဆိတို့ ငပြာရည်တို့က သုံးရတယ်ကို မရှိဘူး..."

"ရွှယ်... ဘာဖြစ်လို့ မင်းသမီးကို သား... သားနဲ့ သုံးတာ ခွင့်ပြုနေတာလဲ... ရွှယ် မမှတ်သေးဘူးလား..."

"မသိပါဘူးကွာ... သူတို့သားအဖ သူတို့ဘာသာ ခေါ်နေပြောနေကြတာ... အလွမ်းပြေ နေမှာပေါ့၊ ရွှယ်ကလည်း ဒီနေ့ကျမှ အလုပ်ရှုပ်တဲ့ ပုဇွန်ငါးဆုပ်ကို လုပ်မိရက်သား ဖြစ်နေတယ်၊ အိမ်ကဟာက ပုဇွန်ပေါ်ချိန်ဆို ကန်စွန်းရွက်ချဉ်ရည်ဟင်းကလေးနဲ့ ပုဇွန်ဆီပြန်ကလေးနဲ့မှလေ..."

"ဟဲ့... နေစမ်းပါဦး... ယုကိုက နင့်ကို သူ့အိမ်ကို ခေါ်သွားပြီး တံခါးတွေပိတ်သွားတယ် မဟုတ်လား၊ ပြီးတော့... အိမ်ရှေ့က လူအုပ်ထဲက ကောင်းမင်းတစ်ယောက်တည်းကို ခေါ်ပြီး နင်တို့သုံးယောက် မျက်နှာချင်းဆိုင်ပြီး မေးတော့... ကောင်းမင်းက ဘယ်လိုဖြေတာလဲ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့… ဟဲ့… ဟဲ့… ထိုင်မချလိုက်နဲ့နော် နင့်အောက်မှာ ဆန်မှုန့်ထုပ်ကြီး ဆန်ကာအသေးလေး လှမ်းလိုက်စမ်းပါဦးဟာ…"

"ပြောစမ်းပါဟ… အဲဒီတော့ ကောင်းမင်းကို မေးရောဟာ… ရဲတွေရော… နင့်အမေတွေရော ငါတို့ရော အိမ်ရှေ့မှာ စောင့်နေရတာလေ..!"

"ဒေစီကလည်းဟာ… ပြီးခဲ့တာတွေကို တော်တော် ပြန်ပြောချင်နေတယ်၊ ကလေးပဲ တစ်ယောက်ရနေပြီဟာကို…"

"ငါတို့က ရှင်းမှ မရှင်းတာဟ… ပြောစမ်းပါဆို နင် အမှန်အတိုင်းပြောနော်…"

"အမလေး… အခုမှ လိမ်နေတော့ရော ဘာလုပ်မှာလဲ…"

"အဲဒါဆို ပြောဟာ…"

"မေမေ… သားကို အဲဒီ သိုင်းချတဲ့ ဆရာမဆီကို ဘယ်တော့ အပ်ပေးမှာလဲ မေမေ…"

"ဟော… နင့်အဖေကို သွားမေးကြည့်ဟော့… နင့်အဖေကို သွားမေး၊ အဲဒီသိုင်းဆရာမက နင့်ဖေဖေနဲ့ သိတာ၊ နင့်ဖေဖေပဲ စတာ… ဒီမှာ လာမရှုပ်နဲ့… သွား… သွား… အဲဒါ ယုကိုကို ပြောနေတာလေ…"

"ဖေဖေက သားကို မေမေ့ကို မေးဆိုလို့ မေမေရဲ့…"

"အဲဒါ နင့်အဖေရဲ့ဇာတ်ရှုပ်… နင့်အဖေဆီပဲ သွားမေး… သွား… ဒီမှာ စကားအကောင်းပြောနေတယ် လာမရှုပ်နဲ့… သွား…"

"စကား 'အကောင်း' ပြောတာက မေမေကြီးလည်း မဟုတ်ဘူး၊ ဖေဖေကြီးပြောတာ ကရော်… ကရော်…"

"သားရေ လာ… လာ… သား ဒီမှာ ဂျက်လီက ချတော့မှာ လာ…"





"ပြောစမ်းပါကွ… မိန်းကလေးဖြစ်အောင် ပြန်လုပ်ပေးတာ ဘာဖြစ်လို့လဲလို့ မေးရော…"

"အင်း… နင်ကလည်း တစ်မှောင့် ဒေစီရယ်… ဟိုကလေးကမှ အော်သုတ်လို့ ရသေးတယ်၊ မေးရောဟော့… မေးရော… မေးတော့ ကိုယ်တော်ချောက ငါးမိနစ်လောက် ခေါင်းငိုက်စိုက်ကြီးနဲ့ နေတော်မူသေးတာ…"

"နင်ကလည်းဟာ ကောင်းကောင်းပြောပါဟ… အဲဒီတော့…"

"မိန်းကလေးဖြစ်အောင် ပြောင်းပေးတာကတော့ အဖြေရဖို့ပါတဲ့… ဒါပေမဲ့ သူ မအောင်မြင်ခဲ့ပါဘူးတဲ့၊ ငယ ဘာဖြစ်လို့ မိန်းကလေးဖြစ်သွားတယ်… ဆိုတာ ငယကိုယ်တိုင် သိမှာပါ… တဲ့… အဲဒါပဲ ကျေနပ်ပြီလား…"

"ဟယ်… အဲဒါကို မင်းက ကောင်းကို လက်ထပ်လိုက်တယ်…"

"အေးလေ… ယုကိုကလည်း ဒါဆိုရင် သူကျေနပ်ပါတယ်… တဲ့… ပြောပြီး ထွက်သွားတယ်လေ၊ ပြီးတော့… အဲဒါ ငါ့ကို ချစ်တယ်လို့ ပြောတာပဲ မဟုတ်ဘူးလား"

"ဟယ်… ရှယ် နင့်ဟာကလည်းဟယ်…"

"ကဲ… အိမ်ရှေ့က သားအဖ ပုဇွန်ငါးဆုပ်ကြော်မယ်ဟော့… အညှော်ရှောင် ထွက်ကြတော့…"

■

နီကိုရဲ


www.burmeseclassic.com